# အချစ်တော်မောင်အောင်ဘော်

နှင့်

## ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)

ကြပ်ကလေး



စိတ်ကူးချိုချိုစာအုပ်

# ကြပ်ကလေး
# ဆင့်အချစ်တော်
# မောင်အောင်ဘော်
# နှင့်
## ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

ဗို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| ်င်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| ချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

ိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
ေဈးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

ာစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
ျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
ာစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချို

၃၉၀ . ၂

ကြပ်ကလေး
ဆင့်အချစ်တော်မောင်အောင်ဘော်နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ/
ကြပ်ကလေး။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။
စာမျက်နှာ ၂၃၂ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၃ စင်တီ
(၁)ဆင့်အချစ်တော်မောင်အောင်ဘော်နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ဆင့်အချစ်တော်မောင်အောင်ဘော်နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၇၀၀၇၀၇ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၁၁၀၁၇၀၉ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်း Mg Mg ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လ တွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

တန်ဖိုး - ၁၀၀၀ ကျပ်

## မာတိကာ


၁။ ဆင့်အချစ်တော် မောင်အောင်ဘော် ၁
၂။ တစ်ပိုင်းတစ်စ ၂၂
၃။ နန်းကြိုးကလေး ၄၄
၄။ ကြက်ဖလွှင်နှင့် ဖိုးဇီးကွက် ၆၆
၅။ အမေးသုံးထွေ၊ အဖြေ ခြောက်ရပ် ၉၀
၆။ မါးစကြာတွတ်နီ ၁၁၆
၇။ နတ်ပြက်ကလေး ဘုဘု ၁၃၉
၈။ သူငယ်ချင်းနှစ်ယောက် ၁၆၁
၉။ မီးခြစ်ဆန်သုံးချောင်း ၁၈၆
၁၀။ တစ်ခါတစ်လှည့် ၂၀၈



## ဆင့်အချစ်တော် မောင်အောင်ဘော်

မောင်အောင်ဘော်ကလေးသည် အသက်ဆယ်နှစ်အရွယ်သို့ ရောက်ခဲ့လေပြီ။

သို့သော် သူ့ဖခင်သစ်ခုတ်သွားရာသို့ တစ်ခါမျှ မလိုက်ပါခဲ့ရသေး။

ငါးနှစ်သားအရွယ်လောက်ကပင် သူသည် မိဘနှစ်ပါးစလုံးကို ပူဆာခဲ့သည်။

'ဖေဖေ တစ်တွားထုတ်တဲ့ချိ ယိုက်ချင်ဒယ်'

ဤသို့ပင် စကားမပြီကလာ ပြီကလာနှင့် တဖွဖွပူဆာခဲ့၏။

'ဟာ. . မင်း ငယ်သေးတယ်ကွ၊ ကြီးမှလိုက်'

သူ့ဖခင်က ဤသို့ဟန့်တားခဲ့၏။

'အောင်မယ်လေး. . မလိုက်ချင်ပါနဲ့သားရယ်၊ ကြောက်စရာကြီးကွဲ့' သူ့မိခင်ကလည်း တားမြစ်ခဲ့၏။

မောင်အောင်ဘော် ကလေးမှာ စိတ်မကျေမချမ်းနှင့်ပင် နေရင်းက အသက်ကြီးလာရ၏။

'ဖေဖေ သစ်ခုတ်သွားတဲ့ဆီကို ကျွန်တော် ဘာဖြစ်လို့မလိုက်



ရတာလဲ. . ဟင်'

သူက လေးလေးနက်နက် မေးသည်။ သို့သော် သူ့ဖခင်ကမူ ပေါ့ပေါ့ဆဆပင် ပြန်ဖြေ၏။

'အန္တရာယ်ရှိလို့ပေါ့သားရဲ့'

'အန္တရာယ်ဆိုတာ ဘာလဲ. . ဟင်'

'ဟယ် . . အို့ ဟိုဟာလေ၊ အန္တရာယ်ဆိုတာ မည်းမည်းကြီးကွ'

မောင်အောင်ဘော်ကလေးမှာ တွေသွားမိသည်။ သူ့ဖခင်ပြောပြသည်ကိုလည်း စိတ်ထဲ စွဲသွား၏။ ထို့ကြောင့်ပင် တစ်နေ့သ၌ သူမုံ့ဆာသဖြင့် သူ့မိခင်ကို ပူဆာခြင်းဖြစ်သည်။

'မေမေ. . အန္တရာယ်မုန့်ဝယ်စားချင်တယ်'

'ဘယ့်နှယ်. . ဘာပြောတယ်သားရဲ့'

'အန္တရာယ်မုန့် ဝယ်စားချင်တယ်'

'ကြံကြံဖန်ဖန်ကွယ်၊ အန္တရာယ်မုန့်ဆိုတာ မကြားဖူးပါဘူး'

မောင်အောင်ဘော်က သူ့မိခင်ကို လက်ဆွဲခေါ်သွားမှ သူစားချင်သည်မှာ ကောက်လှိုင်းတီမုန့်မှန်း သူ့မိခင်သိရသည်။ ကောက်လှိုင်းတီမုန့်ကလည်း မည်းမည်းကြီး၊ အန္တရာယ်ကလည်း (သူ့ဖခင်ပြောသည့်အတိုင်းဆိုလျှင်) မည်းမည်းကြီးဖြစ်လေရာ၊ မောင်အောင်ဘော်မှာ ကောက်လှိုင်းတီမုန့်ကို အန္တရာယ်မုန့်ဟု သူ့ဘာသာသူခေါ် လိုက်ခြင်းဖြစ်၏။

ဤကိစ္စတွင် သူ့မိခင်သည် ဖခင်အပေါ် မကျေနပ်သဖြင့် သစ်ခုတ်ရာမှ ပြန်လာသောအခါ သူ့မိခင်နှင့်ဖခင်တို့ အခြေအတင်ပြောကြတော့သည်။

'ရှင် ကလေးကို ဘာတွေပြောထားရတာလဲ'

'ဟ. . ငါ ဘာပြောရမှာလဲ။ နေ့တိုင်း ရေမှန်မှန်ချိုးပါ၊ တစ်ပတ်တခါ လက်သည်းညှပ်. .'

'ဒါတွေ ပြောတာမဟုတ်ပါဘူးတော့'

'ဟာ. ဟုတ်ပါတယ်တော့-အဲလေ. . ဟုတ်ပါတယ်ကွ၊ ငါ ဒါတွေကို ပြောတာပဲ'

'အို. . ကျွန်မပြောတာ ဒါတွေကို ပြောတာမဟုတ်ဘူး'

'အေးလေ. . ဒါတွေကို မင်းပြောတာမဟုတ်ပါဘူး၊ ငါပြောတာပါကွ'

'ဟောတော့. . ရှုပ်ကုန်ပြီ'

'မရှုပ်ပါဘူး၊ ရှင်းနေသားပဲ'

'ပြောရင်းဆိုရင်းတောင် ထပ်ရှုပ်ကုန်ပြီ'

'အစကတည်းက မရှုပ်ပါဘူးဆိုတာ၊ ဘာတွေထပ်ပြီး ရှုပ်ရဦးမှာလဲဟ. .'

'ကဲ. . ကျွန်မမေးတာဖြေစမ်းပါ။ အန္တရာယ်ဆိုတာ မည်းမည်းကြီးလို့ ရှင်က ဘာဖြစ်လို့ကလေးကိုပြောခဲ့ရတာလဲ'

'ဟာ. ဒါကတော့ ကလေးကို နားလည်အောင် ဥပမာတစ်ခုနဲ့ ပြောရတာ'

'မည်းမည်းကြီးက ဘာဖြစ်လို့ အန္တရာယ်ဖြစ်ရမှာလဲ'

'ဟ. . တို့တောထဲသွားယင် ဂူပေါက်ကြီးတွေဟာ မည်းမှောင်နေတာ။ ဒီထဲက မြွေတွေလည်းထွက်တတ်တယ်။ တခြား သားရဲတိရစ္ဆာန်တွေလည်း ထွက်တတ်တယ်။ ဒါကြောင့် ငါက အန္တရာယ်ဆိုတာ မဲမဲကြီးလို့ ပြောတာ'

'ကြဲကြဲဖန်ဖန်တော်၊ အန္တရာယ်ဆိုတာ ချွန်ချွန်ကြီးရှင့်၊ ချွန်ချွန်



ကြီး။ မယုံရင် ရှင့်ဗိုက်ကို ဓားဦးနဲ့ထိုးကြည့်ပါလား'

'ဒါက မင်းက ကပ်တာ၊ အန္တရာယ်ဆိုတာ မဲမဲကြီးပါကွာ'

'မဟုတ်ပါဘူး၊ ချွန်ချွန်ကြီးပါတော့. .'

သူတို့လင်မယား စကားများနေချိန်တွင် ရွာသူကြီးက လမ်းဖြတ်လျှောက်သွား၏။ ထိုရွာသူကြီးကို မြင်လျှင် မိခင်က စစ်ကူတောင်း၏။

'သူကြီးမင်း . . ဒီကို ခဏကြွခဲ့ပါအုံး'

ရွာသူကြီးလည်း သူတို့အနားသို့ ရောက်လာလေသည်။

'ဘာကိစ္စငါ့ကို ခေါ်တာလဲ'

'အော်. . ဒီမှာ ကျွန်မတို့ ပြဿနာပေါ်နေလို့ပါ၊ သူက အန္တရာယ်ဆိုတာ မည်းမည်းကြီးတဲ့။ ကျွန်မက အန္တရာယ်ဆိုတာ ချွန်ချွန်ကြီးလို့ပြောတယ်။ ကျွန်မပြောတာ မှန်တာပေါ့နော်. . သူကြီးမင်း၊ ဗိုက်ကို ဓားဦးတို့၊ ဝါးချွန်တို့နဲ့ထိုးယင် သေတတ်တာပဲဟာ'

ဖခင်ကလည်း မခံနိုင်၍ ဝင်ပြောသည်။

'ကျွန်တော် ပြောတာမှန်တာပေါ့ သူကြီးမင်းရဲ့၊ ရေတွင်းဟောင်းကြီးထဲ ခုန်ချကြည့်ပါလား. . ဆန့်ငင် ဆန့်ငင်ဖြစ်သွားမှာပေါ့၊ ဒါကြောင့် မဲမှောင်နေတဲ့နေရာတွေမှာ အန္တရာယ်ရှိနိုင်တာပေါ့'

သူတို့စကားကြားသောအခါ သူကြီးမင်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သည်။

'ဟား. . ဟား. . ဟား. . တယ်လဲမိုက်လုံးကြီးတဲ့လင်မယားပါဘဲလား တကို၊ ဟား. . ဟား တစ်ယောက်ကလည်း အန္တရာယ်ဆိုတာ မဲမဲကြီးတဲ့၊ ဟီး. . ဟီး တစ်ယောက်ကတော့လည်း အန္တရာယ်ဆို

တာ ချွန်ချွန်ကြီးတဲ့ . . ဟီး. . ဟီး၊ တောက်. . တော်တော်မိုက်ကြပါလား. . နော်'

'ကျွန်တော်တို့ပြောတာ မဟုတ်ဘူးလားခင်ဗျာ'

'ထွတ်. . ဘယ်ကဟုတ်ရမှာလဲ၊ မသေမချင်းမှတ်ထား၊ အန္တရာယ်ဆိုတာ ပူစပ်ပူလောင်နဲ့ကွ၊ မယုံရင် မင်းတို့ မီးခဲတွေပေါ် လှိမ့်ပြီး အိပ်ကြည့်ကြပေါ့ကွာ'

ပြောပြောဆိုဆိုနှင့် သူကြီးလည်း ထွက်သွားတော့သည်။

မောင်အောင်ဘော်မှာ အန္တရာယ်ဆိုသည်မှာ ဘာရယ်လို့တော့ တိတိကျကျ မသိရချေ။ ကြောက်စရာကောင်းသော အရာတစ်ခု အဖြစ်နှင့်သာ နားလည်ပြီးကျေနပ်ခဲ့ရသည်။

ယခု အသက်ဆယ်နှစ်အရွယ်သို့ ရောက်သောအခါတွင်ကား သူ့ဖခင်က သူ့ကို တောသို့ခေါ်သွားလောက်ပြီဟု ယူဆ၍ လိုက်ခွင့် ပေးတော့သည်။

မောင်အောင်ဘော်ကား အလွန်ပျော်ရွှင်ရတော့၏။ သူ့မိခင် ထုပ်ပေးလိုက်သော စားမြိန်စာထုပ်ကလေးကို ဆွဲကာ သူ့ဖခင်တို့နှင့် အတူ တောသို့ထွက်ခဲ့လေသည်။

သူ့ဖခင်သည် တောသို့သွား၍ သစ်ခုတ်ရာတွင် တစ်ဦးတည်း သွားသည်မဟုတ်။ ရွာမှ အခြားသစ်ခုတ်သမားဆယ်ဦးခန့်နှင့် စုပေါင်းသွားခြင်းဖြစ်လေသည်။

တောထဲသို့ရောက်၍ သူ့ဖခင်နှင့်အဖော်များက သစ်ခုတ်နေချိန်တွင် မောင်အောင်ဘော်သည် တစ်ဦးတည်း ပြေးလွှားလှည့်ပတ် ကစားရသည်မှာ လွန်စွာမှ ပျော်ရွှင်ရပါသည်။

တစ်ယောက်တည်း သီချင်းအော်ဆိုပြီး တစ်ယောက်တည်းပင်



ကွေးနေအောင်ကရသည်မှာလည်း မောမှပင် ရပ်လိုက်ရ၏။

သို့သော် . . သူကြာကြာ မပျော်လိုက်ရပါ။

တဝုန်းဝုန်း တဗိုင်းဗိုင်းအသံ ဆူညံလာတော့သည်။

မောင်အောင်ဘော်၏ဖခင်သည်လည်းကောင်း၊ အဖော်များ သည် လည်းကောင်း ခြေဦးတည့်ရာသို့ ပြေးလွှားကုန်ကြလေရာ မောင်အောင်ဘော်ကလေးတစ်ယောက်သာလျှင် ယောင်ပေ ယောင်ပေနှင့် ကျန်ရစ်ခဲ့လေ၏။

ဆင်အုပ်ကြီးပြေးလာခြင်းဖြစ်သည်။

ဆင်များကိုမြင်သည်နှင့်တစ်ပြိုင်နက် မောင်အောင်ဘော်သည် ကြောက်လန့်စွာပြေးမည်ကြံ၏။ သို့သော် သူပြေး၍မရချေ။ သူပြေး မည်ဟုခြေဦးလှည့်လိုက်တိုင်း သူ့ရှေ့တွင် ဆင်ကြီးတစ်ကောင် ရောက်လျက်ရှိတော့သည်။ သည်ဘက်လှည့်လိုက်ပြန်လျှင် သည် ဘက်တွင်ဆင်၊ ဟိုဘက်လှည့်လိုက်ပြန်လျှင် ဟိုဘက်တွင်ဆင်နှင့် ဖြစ်နေရာက ဆင်တို့သည် သူ့ကို ပတ်ချာလည် ဝိုင်းမိနေပြီဖြစ်ပေ၏။

မောင်အော်ဘော်သည် ဘာမျှမတတ်နိုင်သဖြင့် အလယ်တွင် ငုတ်တုတ်ကလေးထိုင်ချလိုက်ပြီး ဆင်တွေကို ငေးကြည့်နေမိတော့၏။

ဆင်အုပ်ကြီးကား ဘာမပြောညာမပြောနှင့် သူ့ကို ပတ်ချာ လည်လှည့်ပြီး ကခုန်ကြလေ၏။

'တောနက်ထဲမှာ ယောင်ချာချာ၊ အောင်ဘော်ကလေးတစ် ယောက်ပါ၊ မြေပေါ်မှာကွဲ့ ထိုင်ငုတ်တုတ်၊ ဟုတ်ဟုတ်. . ဟုတ် ဟုတ်. . ဟုတ်'

ဤသို့ သီချင်းဆို၍ ကခုန်ကြလေသည်။

မောင်အောင်ဘော်သည် တဖြည်းဖြည်းနှင့် ကြောက်စိတ်တွေပြေကာ စိတ်ထဲတွင် မခံချင်သလို ဖြစ်ပြီးသီချင်းတစ်ပုဒ်ကို ပြန်ဆိုလိုက်သည်။

'ဆင်ကြီးတွေက ချာချာလယ်၊ ရယ်စရာကြီးကွယ်၊ ကိုယ်ထည်ကြီးသလောက် မျက်ပေါက်သေး၊ ပေးပေး . . ပေးပေး . . ပေး'

ဤသို့ သူက သီချင်းပြန်ဆိုလိုက်သောအခါ ဆင်ကြီးများသည် ရုတ်တရက် ကခုန်နေကြခြင်းကို ရပ်တန့်ပစ်လိုက်ကြ၏။ ထို့နောက် တစ်ကောင်၏မျက်နှာကို တစ်ကောင်ကြည့်လိုက်ကြသည်။

ခဏကြာသော် ဆင်ရှင်ဘုရင်ကြီးနှင့် ဆင်မိဖုရားတို့သည် အုပ်ထဲမှထွက်၍ မောင်အောင်ဘော့်နားသို့ကပ်လာကြ၏။

'မင်းဟာ တော်တော်အံ့ဩစရာကောင်းတဲ့လူလေးပဲ'

'မင်းက ဆင်တွေရဲ့စကားတတ်တယ်နော်'

'ဗျာ . . ကျွန်တော်ပြောနေတာ လူစကားပဲ၊ ခင်ဗျားက လူစကားတတ်တာ ရယ်စရာပဲ'

'ဟေ့ကောင် . . ငါ ဆင်စကားပြောနေတာကွ'

'ဟေ့ ဆင် ကျွန်တော် လူစကားပြောနေတာဗျ'

အမှန်မှာ သူတို့နှစ်ယောက်စလုံး မလွဲကြပါ။ ဆင်ကြီးကလည်း ဆင်စကားပြောသည်။ မောင်အောင်ဘော်ကလည်း လူစကားပြောသည်။ ထူးဆန်းစွာပင် ဆင်က ဆင်စကားပြောသည်ကို မောင်အောင်ဘော်က လူလို နားလည်၍၊ မောင်အောင်ဘော်က လူစကားပြောသည်ကို ဆင်ကြီးတွေက ဆင်လိုနားလည်နေခြင်းသာ ဖြစ်ပေ၏။



'ဟေ့ကောင်လေး၊ မင်း ငါ့ကို ကောင်းကောင်းစကားပြောပါကွ၊ ငါဟာ ဆင်ဘုရင်ကွ'

'ရှင်ဘုရင်လို့ပြောပါဗျ၊ စကားလည်းမပီဘူး၊ ဆင်ဘုရင်တဲ့'

'ဟ . . ဆင်တို့ရဲ့ဘုရင် . . ဆင်ဘုရင်ကွ'

'ဒါဆိုယင်လည်း ဆင်ရှင်ဘုရင်လို့ ပြောပါဗျာ'

'အေး . . ဟုတ်တယ်၊ ရှင်ဆင်ဘုရင်၊ ဟာ . . ရင်ရှင်အဆင် . . ဟုတ်သေးပါဘူး၊ ဆင်ရင်ဘရှင်၊ ဟယ် . . သွားရော တော်ပါပြီကွာ၊ ငါ့အကြောင်း မပြောတော့ဘူး၊ ငါ့လျှာတွေ စိတ်ညစ်တယ်။ ဒါထက် မင်းပြောတာကို ငါတို့နားလည်ပါတယ်။ ငါတို့ပြောတာကို မင်းလည်း နားလည်တယ်ဆိုတော့ တော်တော်ထူးဆန်းတာပဲ၊ မင်းနဲ့ ငါတို့ ဆင်တွေဟာ နီးစပ်ဟာမှုရှိတယ်၊ မင်းဟာ အယင်ဘဝက ဆင်ဖြစ်ဖူးတယ်ထင်တယ်'

'ဒါကတော့ ကျွန်တော်လည်းမသိဘူး၊ အရင်ဘဝကို အသာထားလို့ ဟိုးတစ်နေ့က ကျွန်တော့်ထွေကလေးကိုတောင် ကျွန်တော် ဘယ်ထားမိမှန်း မသိပါဘူးဗျာ၊ ကျွန်တော်က မှတ်ဉာဏ်မကောင်းဘူးဗျ'

'ဟုတ်ပါတယ်၊ တို့ဆင်တွေလည်း မှတ်ဉာဏ်သိပ်မကောင်းကြပါဘူးကွာ၊ မင်းကို တို့ချစ်တယ်-မင်းကကော'

'ကျွန်တော်ကလဲဆင်ဆိုတာ ခုမှ မြင်ဖူးပေမယ့် ချစ်ပါတယ်'

'ဒါပေမယ့် မင်း တို့ကို တွေ့ခါစက ထွက်ပြေးမလို့လုပ်ပါသေးတယ်လေ'

'ဒါက ကြောက်လို့ခင်ဗျာ၊ မုန်းလို့မဟုတ်ပါဘူး'

'ခုကော . . ကြောက်သေးသလား'

'နည်းနည်းတော့ ကြောက်သေးတာပဲ'

ဆင်ရှင်ဘုရင်ကြီးက မိဖုရားကြီးဘက်သို့ချာခနဲလှည့်၍ ပြောလိုက်သည်။

'အောင်မယ် သူက ကြောက်တုန်းဆိုပဲ'

'ကြုံကြုံဖန်ဖန်တော်၊ လူကောင်ကလေးမြင်လျက်နဲ့ ရှင်က ဘာအရူးထပြီး ကျောက်တုံးလို့ပြောရတာလဲ၊ ဘာလဲ အလကားနေရင်း မုန်ယိုချင်ပြန်ပြီလား'

'ဘယ်က ဟုတ်ရမှာလဲ၊ မိဖုရားကြီးရဲ့. . သူကကြောက်လန့်နေတုံးပဲလို့ပြော'

များမကြာမီ ဆင်ရှင်ဘုရင်ကြီးသည် မောင်အောင်ဘော်ကို 'ဆင့်အချစ်တော်'ဟူသောဘွဲ့ကို ပေး၍ ဦးကင်းပေါ်တင်ကာ တောကို လှည့်ပတ်၍ပြသ၏။

မောင်အောင်ဘော်၏မိခင်မှာ ဖခင်ပြန်ပြေးလာသည့်အခါတွင် သားပါမလာ၍ အပူမီးတောက်လျက်ရှိပေ၏။ သို့သော် ဆင်အုပ်ကြီးကိုကြောက်၍ မည်သူမျှ တောသို့ တစ်ခေါက်ပြန်မသွားရဲကြချေ။

ထိုခဏ၌ ရွာထဲမှလူများ အုန်းအုန်းကျွက်ကျွက် ညံ၍ ပြေးလွှားကုန်ကြလေ၏။

'ဆင်အုပ်ကြီးလာတယ်ဟေ့၊ ဆင်အုပ်ကြီး'

ဤသည်ကို သူကြီးမင်းက မကျေမနပ်နှင့်အော်ပြောလိုက်သည်။

'ဆင်အုပ်ကြီးဆိုတာ ဆင်ထိန်းပေါ့၊ ဆင်တွေကို အုပ်ချုပ်ရတာ၊ ဘုရင့်ဆင်အုပ်တော်ကြီးလာတာ ဘာဖြစ်လို့ထွက်ပြေး. . ပြေး. .



တယ်. . နင့်ဘိုးအေဆင်တွေပါလားဟေ့'

ပြောရင်း ဆိုရင်းက ဆင်တွေရောက်လာရာ သူကြီးမင်းမှာ ကောင်းပင်မဆုံးဘဲထ၍ အူယားဖားယားပြေးရသဖြင့် တောင်ရှည်ပုဆိုးကြီးမှာ ကြမ်းနှင့်ငြိပြီး အားလုံးကျန်ရစ်ခဲ့တော့သည်။

သို့သော် ဆင်ဦးကင်းပေါ်မှ မောင်အောင်ဘော်က အော်၍ပြော၏။

'မကြောက်ကြပါနဲ့၊ ကျွန်တော့်ကို ပြန်လာပို့တာပါ'

တကြော်ကြော်နှင့်အော်လွှန်းမက အော်လွှန်းမှ လူတို့သည်မရဲတရဲနှင့်ပြန်၍ စုရုံးလာကြ၏။

ဆင်ကြီးသည် မောင်အောင်ဘော်ကို နှာမောင်းဖြင့်ယူ၍ မြေကြီးပေါ်သို့ချပေးပြီး နှုတ်ဆက်ကာ ဆင်များပြန်သွားကြလေ၏။

ဤတွင်မှ လူတို့သည် မောင်အောင်ဘော်နားသို့ စုရုံးလာကြပြီး ဝိုင်းဝန်းမေးမြန်းကြသည်။ မောင်အောင်ဘော်က အကျိုးအကြောင်းကို ရေလည်စွာရှင်းပြသောအခါ များစွာအံ့သြကြလေ၏။

ထိုကြားထဲတွင် တစ်မျိုးအံ့သြသူကား သူကြီးကတော်ပင်ဖြစ်၏။ သူကြီးကတော်သည် သူကြီးမင်းကို ကြည့်ပြီး အလန့်တကြား ပြောသည်။

'အလိုတော်. . မောင်မင်းက ဘယ့်နှာဖြစ်ပြီး ဖန်ကို ပုဆိုးချုပ်ဝတ်ရသတုန်း'

လူအများက ရုတ်တရက်ဝိုင်းကြည့်လိုက်ရာသူကြီးမင်းမှာ ဖင်ကို လက်ဝါးလေးနှင့်အုပ်၍ ပြေးရလေတော့သည်။

ရက်များမကြာမီပင် ရွာသူကြီးသည် မောင်အောင်ဘော်၏မိဘများနှင့်တိုင်ပင်ပြီးလျှင် မိဘများ၏သဘောတူညီချက်အရ မောင်

အောင်ဘော်ကို ရှင်ဘုရင်ထံမှောက်သို့ ခေါ်ဆောင်သွားလေ၏။

ရှင်ဘုရင်၏ရှေ့တော်သို့ ရောက်သောအခါ ရွာသူကြီးက မောင်အောင်ဘော်သည် ဆင်များကို ကောင်းစွာထိန်းချုပ်ကြပ်မတ်ပေးနိုင်ကြောင်းနှင့် လျှောက်ထားလေသည်။

ထိုအခါတွင် ရှင်ဘုရင်ကြီးက 'ကောင်းပြီ. . ဆင်ပွဲတော်ရောက်လျှင် ငါသည် ဒီသူငယ်၏အစွမ်းကို ရှုစားတော်မူမည်'ဟု မိန့်တော်မူ၍ မောင်အောင်ဘော်ကို ဆင်ထိန်းကြီးဦးပုပ်ထံ၌ ကောင်းစွာပြုစုစောင့်ရှောက်ထားရန် ပြောကြားပြီး အပ်နှံလိုက်လေ၏။

ဆင်ထိန်းကြီးဦးပုပ်သည် နာမည်နှင့်လိုက်အောင် စိတ်ထားပုပ်သူဖြစ်၏။ သူတစ်ပါးကောင်းစားမည်ကို မနာလိုတတ်ချေ။ သူတစ်ပါးသည် မိမိထက်သာရန်ဝေးစွ၊ မိမိနှင့်တန်းတူရည်တူ ဖြစ်လာမည်ကိုပင် စိုးရိမ်၍ပိတ်ပင်တားဆီးတတ်သူဖြစ်ချေ၏။

ဆင်တင်းကုပ်သို့ရောက်လာသောအခါ ဦးပုပ်သည် မောင်အောင်ဘော်ကို မျက်နှာထားတင်းတင်းဖြင့် မေးမြန်းစစ်ဆေး၏။

'လူကဖြင့် လက်တောက်လောက်ရှိသေးတယ်၊ ဆင်တွေကိုအုပ်ချုပ်နိုင်သတဲ့၊ ထွီ-မင်းက ဆင်အကြောင်း ဘာနားလည်သလဲ'

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသကဲ့သို့ တစ်ဦးက မေတ္တာရှိမှ တစ်ဦးက ပြန်၍ မေတ္တာထားနိုင်၏။ ယခုကဲ့သို့ တစ်ဦးက အမြင်ကပ်သောအခါ တစ်ဦးကလည်း မြင်မြင်ချင်း ပြန်၍ အမြင်ကပ်တတ်လေသည်။

သို့ဖြစ်သောကြောင့် မောင်အောင်ဘော်ကလေးကလည်း ဦးပုပ်ကို မေတ္တာမရှိ၊ မခင်မင်နိုင်ဘဲ ရှိလေသည်။

'နားလည်တာပေါ့ဗျ၊ ဆင်ဆိုတာ ခြေထောက်လေးချောင်း၊



နားရွက်ကြီးက ကားကားကြီးနဲ့'

'အောင်မယ်. . ဒါတော့ နင်ပြောမှလားဟဲ့၊ နင်မပြောလည်း ငါသိပြီးသားဘဲ'

'ဒါဖြင့်လဲ ဘာဖြစ်လို့ မေးနေသေးသလဲ'

'ဒါလောက်တောင်လေကျယ်တဲ့ကောင်လေးတော့ သိရောပေါ့ကွာ။ လာခဲ့. . နင့်အစွမ်းကို ငါစမ်းကြည့်မယ်'

ဦးပုပ်သည် ဆင်တင်းကုပ်ထဲမှ ဆင်ကြီးတစ်ကောင်ကို ထုတ်လိုက်ပြီးလျှင် မောင်အောင်ဘော်ကို ချွန်းမပေးဘဲ ဆင်ကြီးကို စီးနင်းပြခိုင်း၏။

မောင်အောင်ဘော်အဖို့ကမူ လွယ်လွယ်ကူကူပင် ဖြစ်သည်။

ဆင်ကြီးနားကပ်၍ 'သူငယ်ချင်း ကျွန်တော် သူငယ်ချင်းအပေါ်တက်စီးချင်တယ်' ဟု ပြောလိုက်သည်တွင် ဆင်ကြီးမှာ ဒူးထောက်ပေးလိုက်လေသည်။

ဦးပုပ်ကြီး မျက်လုံးပြူးသွားလေ၏။

မောင်အောင်ဘော်က ဆင်ကြီးပေါ်တက်လိုက်၍ 'ကိုင်း. . ကွင်းတစ်ပတ်ရှောက်လှည့်လိုက်ပါဦး'ဟုပြောလိုက်ရာ ချွန်းနှင့်ပေါက်စရာလုံးဝမလိုဘဲ ဆင်ကြီးသည် မောင်အောင်ဘော်၏ဩဇာကို နာခံလေတော့သည်။

ဦးပုပ်ကြီးသည် မျက်လုံးထပ်ပြူးသွားရာ'ဖောင်'ကနဲမျက်လုံးတစ်ဖက်ပေါက်ထွက်သွား၍ ဆေးဆရာထံပြေးရလေ၏။ ဆေးဆရာက လတ်လတ်ဆတ်ဆတ်ဖြစ်၍ ပေါက်ထွက်သွားသောမျက်လုံးကို ပြန်ကောက်၍ ပြန်လည်တပ်ဆင်ပေးရသည်။ ဆေးကုရသည်မှာ နှစ်ပတ်ခန့်ကြာ၏။ မျက်လုံးကို ကမန်းကတန်းကောက်၍

ပြန်တပ်ရသည်ဖြစ်သောကြောင့် သဲများ ဖုန်များပါသွားရာ ဦးပုပ်မျက်တောင်ခပ်တိုင်း ကျလစ်ကျလစ်နှင့်မြည်နေလေသည်။

မောင်အောင်ဘော်၏စွမ်းရည်ကို သိရသောအခါ ဦးပုပ်ကြီးသည် ကြီးစွာသော စိတ်မချမ်းသာခြင်း ဖြစ်ရလေ၏။

'ဒီကောင်လေးဟာ တော်တော်စွမ်းတာဘဲ၊ ချွန်းမကိုင်ဘဲနဲ့တောင် ဆင်တွေကိုထိန်းကျောင်းနိုင်တယ်၊ ဒါကိုရှင်ဘုရင်ကြီးသိသွားရင် ငါ့ကိုအလုပ်ဖြုတ်ပြီး ငါ့နေရာမှာ ဒင်းကို ခန့်တော့မှာပဲ'

ဤကဲ့သို့တွေး၍ ဦးပုပ်သည် မောင်အောင်ဘော်ကလေးအပေါ်တွင် များစွာမကျေမနပ်လည်းဖြစ်သည်။ မနာလိုခြင်းလည်းဖြစ်သည်။

'ဟေ့. . မောင်အောင်ဘော်၊ မင်းက ဆင်တွေကို သိပ်ချစ်သလား'

'သိပ်ချစ်တာပေါ့ဗျ'

'ဒါလောက်တောင်ချစ်ရင် ဆင်ချေးကျုံးတဲ့အလုပ်လုပ်ကွာ၊ မင်းက ဆင်တွေကိုချစ်တာပဲ၊ မရွံ့ထိုက်ဖူးပေါ့ကွ'

ဤသို့ဖြင့် မောင်အောင်ဘော်မှာ ဆင်ချေးကျုံးသည့်အလုပ်ကိုပင် လုပ်ရသည်။ ဆင်များကို မထိန်းကျောင်းရချေ။

မောင်အောင်ဘော်ကား ဆင်များကိုချစ်သူပီပီ ဆင်ချေးကိုမရွံ့ပါ။ သို့သော် သူကလည်းချစ်၊ သူ့ကိုလည်းချစ်သော ဆင်များနှင့်တွေ့ဆုံရောနှောမနေရခြင်းအတွက် စိတ်မကောင်းဖြစ်ရလေသည်။

ဤသို့ဖြင့် ဆင်ပွဲတော်ကြီးကျင်းပသောနေ့ရက်သို့ ရောက်လာ



လေသည်။

မြို့အပြင်ဘက်ရှိ ကွင်းပြင်ကြီးပတ်ပတ်လည်တွင် အရောင်စုံခြယ်သထားသော အလံတံခွန်တို့သည် လေကြောတွင် တလူလူလွင့်မျောနေကြ၏။ တက်ကြွမြူးတူးဖွယ်သော ဆိုင်းသံများသည်လည်း လူတို့၏စိတ်ကို ထိုနေရာသို့မလာဘဲမနေနိုင်အောင် တမြိုင်မြိုင်နှင့်သိမ့်ခါ၍ ခေါ်ငင်လျက်ရှိ၏။ မြို့တော်သူ မြို့တော်သားများပင်မက ရွာနီးချုပ်စပ်မှ လူအပေါင်းတို့သည်ပင် သောင်းသောင်းဖျဖျရောက်လာကြရာ၊ ကွင်းပြင်ကြီးမှာ ကြက်ပျံမကျ စည်ကားလျက်ရှိ၏၊ ဆိုင်းသံ လူသံများသည်လည်း ကျွက်ကျွက်ညံနေလေရာ ဝေးယံ့က သိကြားမင်းကပင် ငုံ့ကြည့်ရမတတ် ဖြစ်ရတော့သည်။

ဘုရင်ကိုယ်တော်တိုင် ရှုစားတော်မူမည့်ပွဲဖြစ်သဖြင့် လူအပေါင်းတို့သည်လည်း အိမ်လုံးကျွတ် လာရောက်ကြသည်။ ဆင်ထိန်းချုပ် ဦးပုပ်ကစ၍ သူ့လက်ထောက်များက ဆင်များကို အမျိုးမျိုးသွန်သင်ထားသမျှ ပြသမည့်ပွဲ ကြည့်ရမည်ကို စိတ်စော၍ ပျော်ရွှင်နေကြကုန်၏။

မောင်အောင်ဘော်လေးတစ်ယောက်ကား မပျော်ရွှင်နိုင်ချေ။ ဦးပုပ်သည် သူ့ကို ဆင်တင်းကုပ်ထဲမှ အခန်းလွတ်တစ်ခုထဲတွင် ခြေနှင့်လက်များကို ကြိုးဖြင့်တုပ်ကာ မြေကြီးပေါ်တွင် ပစ်ထားခဲ့ပြီး အပြင်မှ တံခါးကို မင်းတုပ်ချပိတ်ဆို့သွားခဲ့၏။

ဆင်ပွဲကြီးစတင်၍ ကျင်းပသောအခါ ရှင်ဘုရင်ကြီးက ဦးပုပ်ကို မေး၏။

'ဟဲ့. . မောင်ပုပ်၊ တလောကကောင်ကလေးကော'

'မှန်ပါ၊ ဆင်များနှင့်မပျော်ပိုက်၍ မနေ့ညကပင် တိတ်တဆိတ်

ထွက်ပြေးသွားကြောင်းဘုရား'

'အို. . မိုက်လှပါဘိ သူငယ်ရယ်'

ရှင်ဘုရင်ကြီးကတော့ ဒါပဲမိန့်ကြားပြီးပြပွဲကို စတင်ပြသရန် အမိန့်ပေးလိုက်၏။

ဆင်ထိန်းများသည်မိမိတို့၏ ဆင်များ၏ စွမ်းရည်ကို အမျိုးမျိုး ပြသသွားကြ၏။ အချို့ဆင်က နှာမောင်းမြှောက်၍ ခရာမှုတ်သလို အသံမျိုးလုပ်ပြ၏။ အချို့က သံစည်ကိုလှဲ၍ တက်ရပ်ပြ၏။ အချို့က ရှင်ဘုရင်ရှေ့တွင် ဒူးတုပ်၍ နှာမောင်းကို ဦးကင်းသို့ တင်ကာ ရှိခိုးပြ၏။

ဤသို့ဖြင့် ဆိုင်းတခြိမ့်ခြိမ့်နှင့် လူတို့သည် လက်ခုပ်သြဘာပေး ပြီး ပျော်ရွှင်စွာ ရှိကြလေသည်။

ဆိုင်းသံနှင့် လူသံတို့၏ ဆူညံစွာအားပေးသံသည် လေဟုန်ကိုစီး ၍ ဆင်တင်းကုပ်ကလေးထဲက မြေကြီးပေါ်တွင်လဲနေသော မောင် အောင်ဘော်ကလေး၏နားဝဆီသို့ ရောက်လာသည်။

မောင်အောင်ဘော်သည် သူချစ်လှသောဆင်များ၏ ပျော်ပွဲ စွမ်းရည်ပြပွဲကို သွားရောက်အားပေးလိုလှသည်။ သို့သော်ခြေနှင့် လက်ကို ကြိုးတုပ်ထားသဖြင့် မတ်တပ်ရပ်၍ပင်မရ။

'ကယ်ကြပါဦးဗျို့'

လူတွေကြားလိုကြားငြားအော်ကြည့်၏။ သို့သော် လူအားလုံးမှာ မြို့ပြင်က ကွင်းပြင်ကြီးဆီသို့ ရောက်နေကြပြီဖြစ်၍ ဆင်တင်းကုပ် နားမဆိုထားဘိမြို့ထဲတွင်ပင် တစ်ယောက်တစ်လေမျှ မရှိကြချေ။

သို့သော် မောင်အောင်ဘော်က ဤသို့အော်လိုက်သောအခါ ကပ်လျက်အခန်းထဲက ဖူး. . ရှဲ ဟူသော အသံနှင့်အတူ ဆင်တစ်



ကောင်၏အသံထွက်ပေါ်လာ၏။

'ဟ. . ဟိုဘက်ခန်းက ဘာဖြစ်နေသလဲ၊ နှာမောင်းထဲ ကြွက် ဝင်နေသလားကွ. ဟေ'

မောင်အောင်ဘော်မှာ ဝမ်းသာသွား၏။

'ခင်ဗျား ဘယ်သူလဲ'

'ငါ. . ဘော်ကြယ်ဆိုတဲ့ ဆင်ပဲ'

'ကျွန်တော်ကတော့ အောင်ဘော်ဆိုတဲ့လူဗျို့. . ။ ဘော်ဆိုတဲ့ စကားလုံးချင်းတော့ တူသားပဲ၊ ကျွန်တော့်ကို ကယ်စမ်းပါဗျာ'

'ဘယ်လို ကယ်ရမလဲ'

'ကျွန်တော့်ကို တုပ်နှောင်ထားတဲ့ကြိုးတွေကို ဖြေပေးစမ်းပါ'

'အေး. . ဖြေပေးမယ်၊ မင်းက အရင်ထလာပြီး ငါ့ကိုခတ်ထား တဲ့ထုံးတွေကို ဖြုတ်ပေးလေ'

'ဟာ. . ကျွန်တော်မှ ထလာလို့မရတာ'

တစ်ဖက်ခန်းမှ ဆင်ကြီးသည် ငြိမ်သွား၏

ထို့နောက် လှုပ်ရှားသံကြားရသည်။ ထုံးမှာ ဆင်ကြီး၏နောက် ခြေထောက်များကိုသာ ခတ်ထားသည်ဖြစ်သောကြောင့် ရှေ့မှ ခြေ များအားလပ်နေသည်ဖြစ်ရာ ရှေ့ခြေတစ်ဖက်ဖြင့် ထရံကို ဖောက် ချလိုက်၏။ ထိုထရံပေါက်မှ နှာမောင်းကိုသွင်း၍ မောင်အောင်ဘော် ၏ ကြိုးများကို ဖြေပေးဖြုတ်ပေး၏။

ဤသို့ဖြင့် မောင်အောင်ဘော်လွတ်မြောက်လာသောအခါ ဆင် ကြီး၏ ထုံးများကို ဖြုတ်ပေးသည်။

'ခင်ဗျားကော. . ဘာဖြစ်လို့ ပွဲမသွားတာလဲ'

'ဟာကွာ. . ပေပ်ကြီးက သိပ်ဝါကြွားတတ်တာ၊ ပွဲတော်ဆိုယင်

သူ့အစွမ်းပြချင်လွန်းလို့ တို့ကို ချွန်းနဲ့သိပ်ပေါက်တာကွ၊ ဒါနဲ့ ငါလည်း ခြေနာချင်ယောင်ဆောင်ပြီး ထော့နင်း ထော့နင်းလုပ်ပြလိုက်လို့ ငါ့ကို ချန်ထားခဲ့တာလေ'

'ဒါဖြင့် ခင်ဗျား ခြေမနာဘူးပေါ့'

'ဖွေး ဘာမှမဖြစ်ဖူး၊ နေကောင်းလိုက်သမှ ဒေါင်ဒေါင်မြည်နေတာပဲ ကိုယ့်လူရယ်'

'ဒါဖြင့် ကျွန်တော်နဲ့အတူတူ ပွဲကို သွားကြစို့လား'

'စိမ်လိုက်ကွ၊ မင်းကိုတော့ ငါ ချစ်တာကိုး'

ထိုအချိန်တွင် ပြပွဲ၌ ဦးပုပ်ပြသရမည့်အချိန်သို့ရောက်နေလေပြီ။ ဆင်ထိန်းချုပ်ကိုယ်တိုင် ပြသမည်ဖြစ်၍ ပရိသတ်များစွာ စိတ်ဝင်စားပြီး စူးစိုက်ကြည့်ကြ၏။

ဦးပုပ်သည် ပထမ ဆင်ကို ရှင်ဘုရင့်ရှေ့တွင် ဦးတိုက်ခိုင်း၏။ ထို့နောက် ရှေ့တွင် ကြိုးခုန်ခိုင်း၏။ လူတို့သည် များစွာသဘောကျကြ၏။ ဦးပုပ်ကား ဆင်ကို ခိုင်းတိုင်းခိုင်းတိုင်း ချွန်းဖြင့် နာနာပေါက်သည်။

နောက်တစ်ဖန် ဆင်ကို ချာလပတ်လှည့်ခိုင်း၏။ ပရိသတ်ကားတော်တော်ပင် သဘောကျလျက်ရှိတော့သည်။ နောက်ဆုံးအနေဖြင့် ဦးပုပ်က ဆင်ကိုနောက်ခြေတစ်ချောင်းတည်းပေါ်တွင် ရပ်ကာ ခြေသုံးချောင်းစလုံး မြေမှလွတ်အောင် မြှောက်ခိုင်း၏။ ဆင်က မလုပ်တော့ချေ။ ဦးပုပ်က ဒေါသထွက်၍ချွန်းဖြင့်ပေါက်လေ လုပ်ရာ ဆင်ကြီးမှာ နာလာသဖြင့် ဦးပုပ်ကို ရုတ်တရက် ခါချလိုက်၏။

ဒေါသဖြင့် သတိလွတ်သွားသော ဦးပုပ်မှာ ဂျွမ်းပြန်ကျသွားလေ၏။ ပရိသတ်မှာ 'ဟယ်'ခနဲ ဖြစ်၍ အသက်ပင် မရှူနိုင်ကြတော့ချေ။



ဆင်ကြီးသည် မြေကြီးပေါ်တွင် လိမ့်သွားသောဦးပုပ်နားသို့ ခပ်သုတ်သုတ်သွား၏။ ထို့နောက် ဦးပုပ်ကို နင်းချေရန် ရှေ့ခြေတစ်ဖက်ကို မြှောက်လိုက်သည်။ ဦးပုပ်မှာ လက်ထဲကချွန်း လွင့်စင်သွားပြီဖြစ်၍ ဘာမျှမတတ်နိုင်ဘဲ လက်တစ်ဖက်မြှောက်၍ မျက်နှာကိုအုပ်ထားလိုက်၏။ ဒေါသပြင်းစွာ ထွက်နေသောဆင်ကြီးသည် ခြေထောက်ကို အရှိန်ပြင်းစွာဖြင့် ဖိချရန် ကြံလိုက်သည်။

'ဘော်ကြယ်ရေ. . ခပ်မြန်မြန်လုပ်ပါဗျ'

မောင်အောင်ဘော်၏တိုက်တွန်းသံနှင့်အတူ ဆင်ကြီးတစ်ကောင်သည် ပြပွဲကွင်းထဲသို့ အရှိန်ပြင်းစွာဖြင့် ပြေးဝင်လာလေရာ လူအပေါင်းတို့သည် မျက်တောင်မခတ်နိုင်ဘဲ ဝိုင်းဝန်းကြည့်နေမိကြတော့သည်။

'ဟာ. . ဘော်ကြယ်ရေ ရပ်ပါဦး. . . ဟိုမှာ. . ဟိုမှာ'

ဦးပုပ်ကို နင်းတော့မည်ပြုနေသောဆင်ကြီးနားသို့ ရောက်သောအခါ မောင်အောင်ဘော်က ပြောလိုက်သဖြင့် ဘော်ကြယ်က ရပ်တန့်ပေးလိုက်လေသည်။

မောင်အောင်ဘော်သည် ဦးပုပ်၏ဆင်ကြီးဆီသို့လှမ်း၍ အော်ပြောလိုက်၏။

'ဟာ-မလုပ်ပါနဲ့ဗျာ၊ သနားပါတယ်၊ မသတ်ပါနဲ့၊ မသတ်ပါနဲ့၊ ကျွန်တော့်စကား နားထောင်စမ်းပါဗျာ'

ဆင်ကြီးသည် အသံလာရာသို့လှည့်ကြည့်လိုက်၏။ မောင်အောင်ဘော်ကို မြင်သောအခါ ဦးပုပ်ကို မနင်းတော့ဘဲ ချာခနဲလှည့်၍ မောင်အောင်ဘော်ဆီသို့ပြေးလာလေသည်။

'ဟေ့. . ဘော်ကြယ်၊ ငါ့အပေါ်လဲ တစ်လှည့်ပေးစီးပါဦးကွာ'

ဆင်ကြီးက ပြောပြောဆိုဆိုနှင့် မောင်အောင်ဘော်ကို ဘော်ကြယ်ပေါ်မှာ နှာမောင်းဖြင့်ပွေ့ချီယူပြီး သူ့ကျောပေါ်တင်ပေး၏။ ထို့နောက် ရှင်ဘုရင်၏ ရှေ့တော်မှောက်သို့ သွားကာ ဒူးရပ်ပေးသည်။

ရှင်ဘုရင်ကြီးသည် ဆင်ပေါ်မှာ မောင်အောင်ဘော်ကို မြင်သောအခါ ချက်ချင်းမှတ်မိလေ၏။

'ဟင်. . မင်းဟာ ဟိုတုန်းက ငါ့ရှေ့တော်ဝင်တဲ့ကောင်လေးပဲ၊ ဒါနဲ့ မောင်ပုပ်က ပြောတော့ မင်းထွက်ပြေးပြီဆို'

မောင်အောင်ဘော်က အကြောင်းစုံလျှောက်တင်လိုက်သောအခါ ရှင်ဘုရင်ကြီးသည် အမျက်ပြင်းစွာထွက်၍ ဦးပုပ်ကို ဖမ်းဆီးချုပ်နှောင်ရန်အမိန့်ပေးပြီး ပြပွဲကို မောင်အောင်ဘော်အား ကြပ်မတ်စေ၍ ဆက်လက်ပြသစေ၏။

မောင်အောင်ဘော်က ချွန်းမကိုင်ဘဲ စေခိုင်း၍ ဆင်များစွာတို့သည် ကြည်ကြည်ဖြူဖြူလုပ်ကိုင်ပြသကြ၏။ ဘော်ကြယ်ဆိုလျှင် ပို၍ပင် အသုံးတော်ခံသည်။ နှာမောင်းဖြင့် ထီးတစ်လက်ကို ကိုင်ကာ ဦးရွှေမိုးအကကို ကပြရာ ပရိသတ်မှာ တဝါးဝါးနှင့် များစွာသဘောကျကြ၏။

ပြပွဲကြီးပြီးသွားသောအခါ ရှင်ဘုရင်ကြီးသည် မောင်အောင်ဘော်ကို ဆုလာဘ်များစွာချီးမြှင့်၍ ဆင်ထိန်းချုပ်ရာထူးကို ပေးအပ်၏။ လက်ဦးတွင် ဦးပုပ်ကို သတ်မည်ပြုရာ မောင်အောင်ဘော်၏ တောင်းပန်ချက်ကြောင့် အသက်ချမ်းသာပေးပြီး တိုင်းတစ်ပါးသို့ နှင်လိုက်လေသည်။



မောင်အောင်ဘော်သည် မိဖများကို ခေါ်ယူကျွေးမွေးစောင့်ရှောက်ပြီး ဆင်များနှင့်ပျော်ရွှင်စွာ နေလေတော့သည်။

ကလေးတို့ ရွှင်လန်းကြပါစေ။

❑



## တစ်ပိုင်းတစ်စ

ရန်သူတို့သည် မြို့တွင်းသို့ပင် ဝင်ရောက်ခဲ့လေပြီ။

ထို့ကြောင့် မိဖုရားကြီးမြနန္ဒာသည် သားတော်၏အထိန်းတော် ဖြစ်သူ ဦးဝါလကို ဤသို့ ပြောကြားလိုက်၏။

'အထိန်းတော်ကြီး ဦးဝါလ၊ အခြေကတော့ဖြင့် ဆိုးပြီ၊ ဒီတော့ သားတော်လေး သုဇလကို တစ်ပါတည်းခေါ်ဆောင်သွားပြီး ရှပ်ဖျောက်၍နေပါတော့'

အထိန်းတော်ကြီး ဦးဝါလမှာ မျက်ရည်အသွယ်သွယ်ကျ၍ မိဖုရားကြီးကို ရှိခိုးပြီးသော် သူထိန်းကျောင်းရသည့် ဘုရင့်သားတော် သုဇလကို ခေါ်ဆောင်၍ နန်းတော်ထဲမှ လူမသိအောင် တိတ်တဆိတ်ထွက်ပြေးတိမ်းရှောင်သွားလေ၏။ ထိုအခါတွင် သုဇလမှာ ဆယ်နှစ်သားခန့်ရှိပေပြီ။

ရန်သူစစ်သားတို့သည် စစ်အောင်နိုင်သွားသောအခါ ဘုရင်ကြီးကိုသုတ်သင်ပြီးလျှင် မြနန္ဒာမိဖုရားကြီးကိုကား ဖမ်းဆီးခေါ်ဆောင်သွားကြလေ၏။ မိဖုရားကြီးတွင် ပဋိသန္ဓေသုံးလသားသည် ပါရှိသွားလေသည်။

ဦးဝါလသည် ရှာငယ်တစ်ခုတွင် ဆင်းရဲသားအသွင်ဆောင်၍ သုဇလကို မွေးမြူလာခဲ့လေရာ သုဇလသည် ၁၆ နှစ်သားအရွယ်သို့ ရောက်ရှိလာလေ၏။

ထိုအခါတွင် သူအလွန်စိတ်ဝင်စားလျက်ရှိသော ကိစ္စတစ်ခုကို ပြုရန် ဦးဝါလထံတွင် ခွင့်ပန်လေ၏။

'ဘဘကြီး. . ကျွန်တော် ရွာထိပ်ကတွင်းကြီးထဲ ဆင်းပါရစေ'

ဤအတိုင်းပင် ဦးဝါလထံတွင် သူသည် ယခင်က အကြိမ်ကြိမ် ခွင့်ပန်ခဲ့ဖူး၏။ သို့သော် ဦးဝါလမှာ အန္တရာယ်ရှိသည်ထင်၍ ထိုတွင်းကြီးထဲသို့ မဆင်းရန် အကြိမ်ကြိမ်ဖျက်ခဲ့၏။ သို့သော် တောင်းပန်လွန်းမက တောင်းပန်လွန်းသည်တွင် အသက်ဆယ့်ခြောက်နှစ်ပြည့်ပြီးသော် ဆင်းခွင့်ပြုပါမည်ဟု လိုက်လျောခဲ့ရသည်။ ထို့ကြောင့်ပင် ယခုကဲ့သို့ အသက်ဆယ့်ခြောက်နှစ်ရောက်သောအခါ သုဇလက ဦးဝါလထံတွင် ခွင့်ကို ထပ်မံ၍ ပန်ကြားခြင်းဖြစ်ပေ၏။

ဦးဝါလမှာ များစွာ စိတ်မကောင်းဖြစ်ပြီး ဤသို့ ပြန်ပြော၏။

'သုဇလရယ်. . ဘာဖြစ်လို့ ဆင်းချင်ရတာလဲကွယ်'

'တွင်းဝက. . ကျောက်စာအတိုင်း ချမ်းသာဖို့လမ်းစတွေ့နိုင်အောင်လို့ပါ ဘဘကြီးရယ်'

'ဒါက မသေမှဖြစ်မှာပါ။ သေရင်လည်း ကသျှောင်ဖြစ်မယ်ဆိုပေမယ့် သေပြီးမှဖြစ်ရတာ အလကားပေါ့'

'ကသျှောင်ဆိုတာ ဘာလဲဘဘကြီး သိလား'

'ကသျှောင်ဆိုတာ ယောင်ထုံးပေါ့ကွယ်၊ သေပြီးရင် သူများတွေရဲ့ယောင်ထုံးကဲ့သို့ အထွတ်အထိပ်ရောက်မယ်လို့ ဆိုလိုတာပေါ့ကွဲ့'



သုဇလသည် ပြုံး၍ ဦးခေါင်းကို ခါယမ်းလိုက်၏။

'ဘဘကြီး အဓိပ္ပာယ်မကောက်တတ်ပါဘူး။ ကျွန်တော် ကောက်...ပါတယ်၊ ဒါကြောင့် ကျွန်တော် မသေစေရပါဘူး. . သွားပါရစေ'

ဦးဝါလသည် သုဇလကို ငေးကြည့်လိုက်မိ၏။

သူတို့ပြောနေကြသော တွင်းကြီးသည် ရွာထိပ်တွင်ရှိ၏။ ထိုတွင်းကြီးထဲမှ မြွေကြီးများ မကြာခဏထွက်ထွက်လာ၍ လူတို့ ရိုက်သတ်ကြ၏။ သို့သော် မြွေကြီးများကား မကြာခဏပင် ထွက်လာစမြဲဖြစ်သည်။ ချမ်းသာချင်လွန်းသော လူတို့သည် မကြာခဏတွင်းထဲသို့ဆင်းကြ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ပြန်၍တက်လာနိုင်ခဲ့သည်မရှိချေ။

တွင်းထဲသို့ ဆင်းရန် အုတ်လှေကားသည် အသင့်ရှိ၏။ သို့သော် တွင်းကြီးမှာနက်လှသဖြင့် အောက်ပိုင်းကို မမြင်ရချေ။ ထို့ကြောင့် အုတ်လှေကားမှာ မည်သည့်နေရာတွင် အဆုံးသတ်မှန်း မည်သူမျှ မသိကြရ။ တွင်းထဲဆင်း၍ သိရသည်ဟုယူဆရသော သူများသည်လည်း ပြန်တက်လာနိုင်ခြင်းမရှိသဖြင့် ပြန်ပြောပြမည့်လူများမရှိချေ။ လူတစ်ယောက်ဆင်းသွားပြီးတိုင်း လူပြန်မလာ။ ရက်မကြာမီတွင် မြွေကြီးတစ်ကောင်သာ ထွက်ထွက်လာတတ်သဖြင့် ရွာသားများက ရိုက်ရိုက်သတ်ကြရ၏။ ထို့ကြောင့် ဤတွင်းထဲသို့ ဝင်ပုံသည့် ရွာသားမရှိတော့ချေ။ အခြားသောရပ်ရွာက လူများသာ လာရောက်ဝင်တတ်ကြလေသည်။

တွင်းကြီး၏အဝနားတွင် ကျောက်စာချပ်ကြီးတစ်ခုရှိ၏။ ထိုကျောက်ချပ်ပြားကြီးပေါ်တွင် အောက်ပါစာများ ရေးထားလေ

သည်။

ဤတွင်းထဲဝင်
ရောက်မသေလျှင်
ချမ်းသာခြင်းလမ်းသို့ တစ်ပိုင်း
ရောက်မည်။
ဤတွင်းထဲဝင်
ရောက်သေလျှင်၊
ကေသျှောင်ဖြစ်မည်။

ဤမျှသာ ရေးသားထားလေရာ၊ မသေလျှင် ချမ်းသာနိုင်သည် ထင်မိ၍ လူများဝင်ရောက်ကြခြင်းဖြစ်၏။ သို့သော် ယနေ့အထိ တစ်ယောက်မျှပြန်၍ ပေါ်မလာချေ။

ဦးဝါလသည်။ သုဗလကိုမေးလိုက်ပြန်သည်။

'ငါ့တူလေးက ဘာဖြစ်လို့ မသေဘူးလို့ ပြောနိုင်တာလဲ'

'ဒီလို ဘဘကြီးရဲ့၊ ကျောက်စာက စကားကို လူတွေနားမလည် ကြလို့ပါ။ လူတွေက ဤတွင်းထဲဝင် ရောက်မသေလျှင်. . လို့ ဖတ် ကြတာကိုး။ ဒီလိုမဟုတ်ဖူး ဘဘကြီးရဲ့။ သူ့စာဆိုလိုတာက-ဤတွင် ထဲဝင် နောက် အထဲရောက်တော့ ရောက်တော့- ရောက်မသေလျှ လို့ ပြောတာ ဖြစ်ရမယ်'

'ဘာလဲကွဲ. . ရောက်မသေလျှင်ဆိုတာ'

'ရောက်မသေလျှင်ဆိုတာ ရေမသောက်လျှင်လို့ ပြောတာပေ့'

ထိုအခါတွင် ဦးဝါလမှာ ငေးသွားရာကမျက်နှာကြည်လင်သွာ လေ၏။

'အေး. . ဟုတ်နိုင်တာပေါ့၊ သုဗလက ဉာဏ်ကောင်းတာကိုး



သောက်လျှင် ဟန်ကျမယ်၊ နေပါဦး. . ရောက်သေလျှင်-အဲ ရေသောက်လျှင် ကေသျှောင်ဖြစ်မှာက ဘာဖြစ်တာလဲ'

'ကေသျှောင်ဆိုတာက မျက်စိလှည့်စားထားတာ ဘဘကြီးရဲ့၊ ရှောင်ဆိုတာပဲ'

'ဆံပင်တွေကိုရှောင်ကြဉ်ရမယ်ပေါ့-ဟုတ်လား၊ ဘာဖြစ်လို့လဲ ထဲဝင်ရင် ချောင်းဆိုးမှာစိုးလို့လား'

'မဟုတ်ပါဘူး ဘဘကြီးရဲ့၊ ကေရှောင်ဆိုတာ ကောင်ရှေကို ပြောတာ အကောင်ရှည်ရှည်ကြီးဖြစ်တဲ့ မြွေဖြစ်လိမ့်မယ်လို့ ပြော တာပါ။ ဒါကြောင့် တွင်းထဲဆင်းပြီး သေကုန်တဲ့လူတွေ မြွေဖြစ် ပြီး ပြန်တက်လာကြတာပေါ့'

ဦးဝါလမှာ အံ့ဩပြီး သုဗလလေးကို ဖက်ရမ်းချီးကျူးလေ၏။

'အေး. . ဟုတ်မှာဘဲ၊တော်လိုက်တဲ့ ငါ့တူရယ်၊ ဒီလိုစဉ်းစား ဉာဏ် ကောင်းတဲ့လူဟာ လောကမှာ အလကားမဖြစ်နိုင်ပါဘူးလေ။ တွင်းထဲကို ဆင်းကြည့်ခွင့်ပေးပါပြီ။ ဒါပေမယ့် သောက်ရေအတွက် ရေဗူးကိုတော့ ဆောင်သွားပေတော့'

နောက်တစ်နေ့တွင် သုဗလကလေးသည် ဦးဝါလပေးလိုက် သည့် ရေဗူးကလေးကို လွယ်ကာ တွင်းထဲသို့ဆင်းလာခဲ့လေ၏။ လွယ်အိတ်ထဲတွင်လည်း ဓါးရှည်ကြီးတစ်ချောင်းကို ကိုင်ထား၏။

လှေကားထစ်များမှာ ရှည်လျားလွန်းသဖြင့် တော်တော်နှင့် ဆုံးနိုင်ချေ။ အောက်ပိုင်းရောက်လေလေ မှောင်လာလေဖြစ်သ ဖြင့် သုဗလသည် နံရံကိုစမ်း၍ တထစ်ချင်းဆင်းနေရ၏။ အောက် ရောက်သောအခါ လှေကားမှာကွေ့သွားလေသည်။

များမကြာမီပင် ရှေ့၌ အလင်းရောင်ထွက်နေသော အခန်းလို

လို အရာတစ်ခုကို မြင်ရလေရာ ထိုနေရာသို့ရောက်သောအခါ လှေကားထစ်များမှာ ကုန်ဆုံးသွားလေတော့သည်။

သုဇလသည် ထိုအလင်းရောင်ထွက်နေသော အခန်းဆီသို့ လျှောက်သွား၏။ အခန်းဝသို့ရောက်သည်နှင့်တစ်ပြိုင်နက် အတွင်းမှ သာယာသောအသံတစ်ခု ထွက်ပေါ်လာလေသည်။

'လာပါ. . မောင်လေး၊မောင်လေးလို အာဇာနည်သူရဲကောင်းကို မမက ဆီးကြိုနေပါတယ်ကွယ်'

အခန်းထဲတွင် မည်သည့်နေရာကလာမှန်းမသိသောအလင်းရောင်ဖြင့် လင်းထိန်နေ၏။ အခန်း၏တစ်နေရာတွင် ကျောက်စားပွဲတစ်ခုနှင့် ကျောက်ကုလားထိုင်ပေါ်တွင် အလွန်လှပသောမိန်းမပျိုလေးတစ်ယောက်သည် ထိုင်နေ၏။ ထိုမိန်မပျိုကပင် သုဇလကို ချိုသာစွာပြောလိုက်ခြင်းဖြစ်သည်။

သို့သော် သုဇလသည် ထိုမိန်းမပျိုကို မယုံကြည်ချေ။

'လာပါ မောင်လေး၊ မောင်လေးကို မမက ကျောက်စက်ရေနဲ့ ကြိုဆိုနေပါတယ်'

မိန်းမပျိုသည် ကျောက်စားပွဲပေါ်မှ ကျောက်ခွက်ကိုပြ၍ပြော၏။ သို့သော် သုဇလက မိန်းမပျိုကို ခပ်တည်တည်ပင်ကြည့်ရင်း ခပ်မာမာပြောသည်၊

'ကျွန်တော့်မှာ သောက်ရေပါပါတယ်'

'အို. . ဒီက ကျောက်စက်ရေဟာ. . အပေါ်က ရေတွေနဲ့မတူပါဘူးကွဲ့၊ သိပ်ပြီး အေးမြကြည်လင်တယ်။ လာကြည့်ပါဦး၊ သူ့ကို သောက်လိုက်ရင် ဉာဏ်တွေကောင်းပြီး ကမ္ဘာမှာရှိတဲ့ ပညာတွေအားလုံးကို တတ်လာရော၊ ပညာဆိုတာ ချမ်းသာခြင်းကို သွားတဲ့



လမ်းမဟုတ်လား. . မောင်လေး'

'အို. . ကျွန်တော် မသောက်ဘူး၊ ကျွန်တော့်မှာ ရေဗူးရှိပါတယ်လို့ဆိုနေမှပဲ'

မိန်းမပျိုသည် ရယ်လိုက်လေ၏။

"အော် . . . မောင်လေးက ရေဘူးနဲ့မှ သောက်တတ်တယ်ထင်ပါရဲ့။ ကဲပါလေ. . . ဒါဖြင့် မမက ရေကိုလှယ်ပေးပါ့မယ်"

မိန်းမပျိုသည် သုဇလထံသို့ ထ၍ကပ်လာလေရာ သုဇလသည် လက်ထဲမှ ဓားဦးဖြင့်ထိုးချိန်လိုက်သည်တွင် မိန်းမပျိုမှာတွန့်ခနဲဖြစ်သွားလေ၏။

'အို. . မောင်လေးကလည်း မမတို့လို အင်အားပျော့ပျောင်းတဲ့မိန်းမသားကို ဓားကြီးနဲ့အချိန်ပါနဲ့လေ. . '

'ဗျာ. အင်အားပျော့ပျောင်းတဲ့လူက ဒီတွင်းကြီးထဲမှာ တစ်ယောက်တည်း ဘာလာလုပ်နေမှာလဲဗျ၊ စကားမရှည်ပါနဲ့ဗျာ. . တွင်းဝကကျောက်စာမှာပါတဲ့ ချမ်းသာခြင်းလမ်းကို တစ်ပိုင်းရောက်မယ်ဆိုတာဘာလဲပြော'

မိန်းမပျို၏မျက်နှာမှာ ချက်ချင်းပင်တင်းမာသွားလေ၏။

'အော်. . မင်းက လူစွာလေးပါလား၊ ကိုင်း. . ကြောက်ချေပါလေရော့ကွာ. . ဟား. . ဟား. . ဟား'

မိန်းမပျိုမှာ ချက်ချင်းပင် အလွန်အရုပ်ဆိုးသော မိန်းမကြီးတစ်ဦးဖြစ်သွားပြီး သုဇလကို စိုက်ကြည့်နေလေ၏။

'ကြောက်တယ်ဆိုတာ ကျွန်တော် နားမလည်ဘူးဗျ၊ ခင်ဗျားဒီးကြီးယားတားတော့ လုပ်မယ်မကြံနဲ့၊ ဟောဒီဓားနဲ့ နုတ်နုတ်စဉ်းပြီး ခွေးစာကျွေးပစ်လိုက်မယ်၊ ဘာလဲ တကယ်မလုပ်ဘူးထင်သ

လား. . ကဲလေ. .'

ပြောပြောဆိုဆိုနှင့်သုဗလသည် ဓားဦးနှင့် လှမ်း၍ တဆတ်ဆတ်နှင့်ထိုးလိုက်ရာ မိန်းမရုပ်ဆိုးကြီးမှာ 'အလယ်လယ်. . အလယ်လယ်'နှင့်အော်၍ ခါးကို ဟိုဘက်ရှောင်ရ၊ သည်ဘက်ရှောင်ရနှင့် လုပ်နေရသဖြင့် အမဲခြောက်ကိုမီးဖုတ်သလို တွန့်လိမ်တွန့်လိမ်နှင့် ဖြစ်နေလေ၏။

သို့သော် သုဗလသည် အထိုးမရပ်သေးဘဲ ဆက်လက်၍ပင် ဟိုထိုး သည်ထိုးနှင့်လုပ်နေလေရာ အရုပ်ဆိုးမကြီးမှာ . .

'အောင်မယ်လေး၊ ခါးတွေနာတယ်တော့. . ခါးတွေနာသဟဲ့' ဟုပင် မြည်တမ်းမိလေ၏။

ထိုအခါ သုဗလသည် ခြေထောက်များဆီသို့ ဓားဦးကိုချကာ ဟိုဘက်ထိုး သည်ဘက်ထိုးနှင့် လုပ်ပြန်လေရာ အရုပ်ဆိုးမကြီးမှာ သံပူပြားပေါ်၌ ပစ်တင်ထားသော မျောက်မကြီးကဲ့သို့ ခုန်ဆွခုန်ဆွနှင့်ဖြစ်နေပြန်လေ၏။

'ဟဲ့. . ဟဲ့. . အမယ်လေး၊ နင့်ဓားကြီးက ငါ့ကို ထိတော့မှာပဲ။ မလုပ်ပါနဲ့၊ကြောက်ပါပြီတော့. . ကြောက်ပါပြီ။ တစ်ပိုင်းကို ပေးပါတော့မယ်၊ တစ်ပိုင်းကို ပေးပါတော့မယ်'

ထိုအခါမှ သုဗလသည် ဓားနှင့်ဟိုထိုးသည်ထိုးလုပ်ခြင်းကို ရပ်လိုက်လေ၏။ အရုပ်ဆိုးမကြီးလည်း အခန်းတစ်ခုတွင်းသို့ဝင်ကာ ကျောက်ပြားလေးတစ်ချပ်ကိုယူလာပြီး သုဗလကို ပေး၏။

'ကဲ-အာဇာနည်လေး၊ အိမ်ကိုမြန်မြန်ပြေးပေတော့၊ နောက်ကို လှည့်မကြည့်နဲ့'

သုဗလကလေးသည် ကျောက်ပြားကိုယူကာ လှေကားကို ပြေး



ဆင်းခဲ့လေရာမကြာမီတွင်ပင် အပြင်သို့ရောက်လာလေသည်။ မနီးဝေးတွင် စိတ်ပူ၍လှုံ့ကြီးတစ်ချောင်းနှင့်လာကြိုနေသော ဦးဝါလကို တွေ့ရလေရာ သုဗလက ပြေး၍ ဦးဝါလ၏လက်ကိုဆွဲကိုင်ကာ အိမ်ဆီသို့ ဆက်ပြေးလေသည်။

ထိုခဏတွင်ပင် ပေါက်ကွဲသံကြီးပေါ်လာပြီးလျှင် တွင်းကြီးသည် ပိတ်သွားလေတော့၏။ တွင်းဝမှ ကျောက်စာချပ်ကြီးမှာလည်း တွင်းထဲသို့ကျပြီး မြုပ်သွားလေတော့သည်။

အိမ်သို့ရောက်သောအခါ သုဗလနှင့် ဦးဝါလတို့သည် ကျောက်ပြားလေးကို စစ်ဆေးကြည့်ရှုကြ၏။ ကျောက်ပြားလေးမှာ အလယ်ခေါင်ဆီမှ ချိုးဖဲ့ထားသကဲ့သို့ဖြစ်နေပြီး တစ်ဖက်တွင် အောက်ပါစာများ တစ်ပိုင်းတစ ပါရှိလေသည်။

တောက်တီး

ရှောက်မဲ့

တန်ဆောင်

ခါးခါး

ဤမျှသာပါလေသည်။ တစ်ဝက်က ပဲ့နေ၏။ မူလက စာကြောင်းလေးကြောင်း ရေးထားပုံရသည်။ တစ်ဖန် ကျောက်ပြားလေး၏ကျောဘက်သို့ ကြည့်သောအခါ 'မရဏဂူကိုသွား ရွှေငွေကျောက်သံပတ္တမြား'ဟုရေးထား၏။ ထိုစာကြောင်းကား ကျောက်ပြားကို ဖဲ့ပြီးမှ ရေးထားသကဲ့သို့ တစ်ကြောင်းအပြည့် ကန့်လန့်ရေးထားလျက်ရှိသည်။

ဦးဝါလက စိတ်ပူတ်သွား၏။

'ဘာမှလဲနားမလည်ပါလားဟေ့'

သုဗလကမူ ပြုံးလိုက်သည်။

'တွင်းဝက စာက ချမ်းသာခြင်းလမ်းသို့ တစ်ပိုင်းရောက်မည်လို့ ပြောထားသားဘဲ ဘဘကြီးရဲ့၊ ဒီတော့ ကျန်တဲ့အပိုင်းက မရဏဂူကျရင် တွေ့မယ်ထင်တာပဲ'

'မရဏဂူကို မင်းသွားမယ်ပေါ့'

'သွားရမှာပေါ့. . ဘဘကြီးရဲ့၊ လုပ်ငန်းတစ်ခုကို စမိပြီ၊ မျှော်လင့်ချက်လည်း ရှိမယ်ဆိုရင် ဆုံးအောင်လုပ်ရှာပေါ့'

'အဲဒီ မရဏဂူဆိုတာက ဘယ်မှာလဲ'

'မသိဘူးလေ၊ မေးစမ်းသွားရမှာပေါ့ ဘဘကြီးရယ်'

"ဟင်း ငါသေလိုက်ချင်တာပဲနော်- သေမှာကြောက်လို့သာ"

* * *

သုဗလနှင့်ဦးဝါလတို့မှာ လမ်းခရီးတွင် လိုအပ်မည်ထင်သည်များကို ယူငင်ပြီး အထုပ်အပိုးကိုယ်စီနှင့် ခရီးထွက်ခဲ့ကြလေ၏။

တစ်မြို့ဝင် တစ်ရွာထွက်နှင့် ခရီးအတော်ပင် ပေါက်ရောက်ခဲ့ကြသော်လည်း မရဏဂူရှိရာအရပ်ကို မေး၍မရချေ။ သို့သော် မလျှော့သောလုံ့လဖြင့် ဆက်လက်၍ ခရီးထွက်ခဲ့ကြရာ တစ်နေ့တွင် တောအုပ်ကြီးတစ်ခုတည်းသို့ ရောက်လာကြလေ၏။

တောအုပ်ကြီးထဲတွင် လမ်းစရှာမတွေ့သဖြင့် တဝဲလည်လည်နှင့်ရှိနေစဉ် တစ်နေရာသို့ ရောက်သောအခါ လူသွားလမ်းကလေးတစ်ခုကို စုံနေအောင်တွေ့ရ၏။ လမ်းထိပ်တွင် တိုင်တစ်တိုင် စိုက်ထူထားပြီး တိုင်ထိပ်နား၌ ပျဉ်ပြားတစ်ချပ် ကပ်ထား၏။ ပျဉ်ပြားပေါ်တွင် အောက်ပါစာများ ရှိလေသည်။



**အခက်အခဲကို မကြောက်လျှင် လာခဲ့လော့**

'တို့တော့ ကြောက်သဟ'

ဦးဝါလက ပြောပြောဆိုဆိုနှင့် ကွေ့သွားရန် ကြံလိုက်၏။ သို့သော် သုဗလက မကျေနပ်ချေ။

'အို. . ဘဘကြီးကလည်း ဘဝဆိုတာ အခက်အခဲနဲ့ တွေ့ရတတ်တာချည်းပေါ့၊ အခက်အခဲကို ကျော်လွှန်နိုင်မှ အထွတ်အထိပ်ကို ရောက်နိုင်တာ၊ ဘဘကြီးကြောက်ရင် ဒီမှာနေခဲ့၊ ကျွန်တော်သွားစုံစမ်းပြီး ပြန်လာခဲ့မယ်'

'အောင်မယ်. . ဘာရမလဲ၊ ငါတစ်ယောက်တည်း ဒီတောကြီးထဲမှာ မနေဝံ့ပေါင်၊ မင်းနဲ့ပဲ လိုက်ခဲ့မှာပါ'

သူတို့နှစ်ယောက်သည် လမ်းကလေးအတိုင်းလာခဲ့ကြရာ တစ်နေရာရောက်သောအခါ ချောင်းကြီးက ကန့်လန့်ဖြတ်စီးဆင်းနေသည်ကို တွေ့ရလေ၏။ ထိုအခါ ဦးဝါလက အော်ရယ်လိုက်သည်။

'အောင်မယ်. . ဒါများ အခက်အခဲတဲ့၊ ဝါလတို့က ဒါမျိုးတော့ ရယ်သဟ. . ရယ်သဟ. . ဝါးဟားဟား'

ပြောပြောဆိုဆို ရယ်မောရင်း ဦးဝါလသည် ခါးတောင်လေးမြောင်လှအောင် ကျိုက်ကာ ရေကူးတော့မည့်ပုံမျိုးနှင့် ချောင်းကမ်းစပ်သို့ ပြေးဆင်းသွားလေ၏။ သူကမ်းစပ်နားရောက်သည်နှင့် တစ်ပြိုင်နက် မိချောင်းလေးငါးကောင်တို့သည် သူတို့ဆီသို့ဦးတည်ကာ တဝုန်းဝုန်းနှင့်ကူးလာသည်ကိုမြင်လေသော် ဦးဝါလသည်ချာခနဲလှည့်၍ ပြန်ပြေးလာလေ၏။

'အမယ်. . ဝါလတို့က ဒါမျိုးတော့ ကြောက်သဟ. . . ကြောက်သဟ'

ထိုအခါ သုဗလက ရယ်မောလိုက်လေ၏။

'ဘဘကြီးကလည်း မစူးစမ်းဘဲနဲ့ အရမ်းလုပ်ချင်တာကိုး၊ ကဲပါလေ. . ဆေးအတွက် လိုရမယ်ရဆိုပြီး ဘဘကြီးထည့်ခဲ့တဲ့ နနွင်းမှုန့်တွေနဲ့ပက်ပေါ့'

ထိုအခါမှ သတိရကာ ဦးဝါလသည် သူ့အထုပ်အပိုးထဲက နနွင်းမှုန့်များကို ထုတ်ကာ မိချောင်းများကို ပက်လေရာ မိချောင်းတို့သည် ရေထဲသို့ ငုပ်လျှိုးထွက်ပြေးကုန်ကြလေ၏။

ထိုအခါတွင်မှ နှစ်ယောက်သားသည် ချောင်းကိုကူးခပ်ကျော်ဖြတ်ခဲ့ကြပြီး လမ်းကလေးအတိုင်း ဆက်လျှောက်ခဲ့၏။

တစ်နေရာသို့ ရောက်သောအခါ သစ်ပင်များအကြားမှ လေးငါးကောင်မျှရှိသည့် မျောက်ဝံကြီးများသည်ကုန်းကွကုန်းကွနှင့်ထွက်လာကြလေ၏။

'ဟယ်. . ဒီတစ်ခါတော့ အခက်အခဲက မျောက်ဝံပုံသဏ္ဍာန်မျိုးနဲ့လာသပေ့ါ၊ ဘယ့်နှယ်လုပ်မလဲ၊ နနွင်းမှုန့်လည်း ကုန်ပြီ၊ ငှက်ပျောသီးတွေနဲ့ပေါက်မလား'

'အို. . ဘဘကြီးကလည်း ငှက်ပျောသီးနဲ့ပေါက်ရင် ဒီကောင်တွေက ကောက်စားမှာပေါ့။ ငှက်ပျောသီးလည်း ကုန်ရော ဘဘကြီးကို ဝင်ဆွဲမှာပေါ့'

'ဟင်. . မင်းကိုတော့ ဘာဖြစ်လို့ ချန်ထားသလဲ'

'ကျွန်တော့်လည်းဆွဲကြမှာပါ'

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ. . တစ်ခါဖြင့် ခက်ပြီ. . မင်းဆတ်ဆော့တာ၊ အဲဒါ. . မင်းဆတ်ဆော့တာ၊ သေတာတောင် ကောင်းကောင်းမသေရဘဲ မျောက်ကိုက်လို့သေတဲ့မသာလေးတွေ ဖြစ်တော့



မှာဘဲ'

'အို. . ဘဘကြီးလည်း ညည်းမနေပါနဲ့လေ၊ အကျႌမြန်မြန်ချွတ်'

'ဘာလုပ်ဖို့လဲ၊ မသာဖြစ်ရင် အဆင်သင့်ဖြစ်အောင် အကျႌကိုနောက်ပြန်ဝတ်ထားရမှာလား'

'မဟုတ်ပါဘူးလေ၊ မြန်မြန်ချွတ်၊ အဲ-ဟုတ်ပြီ၊ နောက်ပြီး ကျွန်တော့်လို လိုက်လုပ်'

သုဗလသည် အကျႌကိုချွတ်၍ တောင်ရှည်ပုဆိုးကို ခါးတောင်းချိုက်ကာ အစရှည်ရှည်ကို အမြီးကဲ့သို့ချ၏။ ကို့နောက် ခုန်ဆွခုန်ဆွလုပ်သည်။ ပြီးတော့ ပါးစပ်က 'ကွိကွိ ကွကွ ခွီးခွီး'နှင့် အော်ကာ သစ်ကိုင်းများကို ခုန်ဆွဲ၍ တွဲလောင်းခိုလွဲနေလေ၏။

ဦးဝါလမှာလည်း ဘုမသိ ဘမသိနှင့် သုဗလလို လိုက်လုပ်ကာ သစ်ကိုင်းတွေကို ကားယားကားယားနှင့်ခိုဆွဲပြီး ပါးစပ်ကလည်း 'ဘကွိတည်းတကွိ-ဟယ်-တကွတည်းကွ၊ ခွီးခွီးလဟ'နှင့် ရမ်းအော်နေလေတော့၏။

မျောက်ဝံကြီးများသည် သူတို့နှင့် မနီးမဝေးအထိ ကပ်လာပြီးသော် သူတို့ကိုလည်း မျောက်တွေထင်သွားပြီး တခြားသို့ ထွက်သွားကြလေ၏။ ထိုအခါတွင်မှ သူတို့နှစ်ယောက်သည် ခရီးကို ဆက်ကြပြန်ပေသည်။

'အမယ်လေး-ဒီအရွယ်ကြီးကျမှ ကိုးရိုးကားယားလုပ်ရတာ ဘယ်ပြီး ခါးနာလှပါကလား ကရို'

သုဗလကမူ ဦးဝါလညည်းသမျှ ရယ်မောရလေသည်။

'အေး. . မင်းက ရယ်နေ၊ မင်းကြီးတော်ကြီးနဲ့ တွေ့မှာပေါ့'

ဦးဝါလက စိတ်တိုတို၍ ငေါ့ခြင်းဖြစ်သော်လည်း တကယ်ပင်

လားဟု ထင်ရသည်။ အဘယ့်ကြောင့်ဆိုသော် လမ်းဆုံးသည့်အခါတွင် သူတို့သည် အိမ်တစ်ဆောင်တွေ့၍ ထိုအိမ်တွင် အညီအစ်မလေးဖော်နေကြသည်ကို တွေ့ရသောကြောင့်ပင်ဖြစ်သည်။

'ကျွန်တော့် ကြီးဒေါ်က လေးယောက်တောင်ပါလား'

'ကဲပါ. . မဟုတ်တာတွေမပြောနဲ့တော့၊ သွားစကားပြောချည်'

သုဗလသည် ညီအစ်မလေးဖော်ထံသွားရောက်၍ စကားပြောရ၏။

'အဒေါ်တို့က ဘာဖြစ်လို့ အခက်အခဲတွေ မကြောက်တဲ့လူကို ခေါ်ရတာလဲ'

'အို. . မရဏဂူကို သွားချင်ရင် ဒါလောက်တော့ အခက်အခဲကို ကျော်နိုင်ရမှာပေါ့။ ဒါတောင်မှ ကံစပ်ဖို့လူတစ်ယောက်ကို ရှာရဦးမယ်'

'အဒေါ်တို့က မရဂူသွားတဲ့လမ်းကို သိသလား'

'သိတယ်လေ၊ ဒါပေမယ့် အဒေါ်တို့ချည်းမဖြစ်ဖူး၊ ဒါက တစ်ပိုင်းဘဲရှိသေးတာ၊ တစ်စက လိုသေးတယ်၊ တစ်ပိုင်းနဲ့တစ်စ ပေါင်းမှ တစ်ခုလုံးရမှာ'

ထိုအခါ ဦးဝါလက ဝင်ပြောလိုက်သည်။

'ဒါဖြင့် တို့သွားလို့မရဘူးပေါ့'

'သွားလို့ရပါတယ်၊ ကျွန်မတို့လည်း လိုက်ခဲ့မယ်၊ ဟိုရောက်မှ တစ်စကို ရှာကြတာပေါ့'

'ဒါထက် နင်တို့က ဘယ်သူတွေလဲ'

'ကျွန်မနာမည်က မယ်တောက်တဲ့ပါ၊ ကျွန်မကိုမွေးတုန်းက တောက်တဲ့တွေစုပြုံလာကြလို့၊ ဟောဒီ ညီမက မစံအောင်တဲ့။ သူ့ ပြီး တော့ ကျွန်မတို့မိဘတွေ စံထားလောက်အောင် အောင်မြင်ကြလို့ပဲ။ ဟောဒီညီမအငယ်က မိန္ဒွေသွားတဲ့။ သူက မွေးကတည်းက ရွှေသွားတစ် ချောင်းပါလာတယ်၊ ဟောဒီ ညီမအထွေးဆုံးက အလှဆုံးပေါ့၊ ဒါကြောင့် သူ့နာမည်က ခင်ရှုပါတဲ့'

ဦးဝါလမှာ သူတို့၏နာမည်များကို မှတ်မိအောင် ကျက်ရလေသည်။

ရက်များမကြာမီပင် သုဗလ၊ ဦးဝါလနှင့် ညီအစ်မလေးဖော်တို့သည် မရဏဂူသို့ ထွက်ခဲ့ကြလေ၏။

* * *

မင်းသားကလေး သုဇာသည် နောက်လိုက်အနည်းငယ်နှင့် ဘောကစားထွက်လာခဲ့လေသည်။

အပြန်တွင် ကျေးရွာကလေးတစ်ခုနားသို့ ရောက်လာသောအခါ လူလေးယောက်တို့သည် တစ်စုံတစ်ခုကို စုပြုံ၍ဝိုင်းလုနေကြလေရာ သူတို့ထံမှအသံများစွာသည် အမျိုးမျိုး ထွက်ပေါ်နေလေတော့သည်။

"ဟေ့ကောင်တွေ၊ ဒါ ငါဖို့ကွ၊ အာရှိရှို-ခြေမကို တက်နင်းထားဘယ်တယ်၊ တက်နင်းထားတယ်"

"ဖယ်ကြကွ၊ ငါ့ဖို့ သိကြားမင်းက ချပေးတာ၊ ဟယ်-နင့်ကြီးဒေါ်မှဘဲ၊ဘာဖြစ်လို့ ပုဆိုးစကို နင်းထားရတာလဲကွ. . ဒီမှာ ကုန်းကုန်းကြီးဖြစ်နေပြီ"

"ဟေ့. . ဖယ်ကြလဟာ၊ ဒါငါ့ဖို့ကွ၊ ဟဲ့. . ဟဲ့ ငါယောင်ကြီးက ဘယ်ကောင့်ခြေထောက်မှာ ပတ်နေသလဲဟေ-ငါ့ခေါင်းကြီး တော့

လန်လန်ဖြစ်နေပြီလဟဲ့"

"ဖယ်ဆိုဖယ်နော်၊ ဒါ ငါဖို့ကွ၊ အာ-အာ. . တယ်ခွေးသားက ငါ့နားရွက်ကို ဆွဲဆုပ်ထားရတာလဲဟ၊ နားရင်းတွေ နားအုံတွေ မူ ထူနေပြီကွ"

မင်းသားလေးသုဓဇသည် သူတို့နားသို့ လျှင်မြန်စွာချဉ်းကပ်လိုက်ပြီးလျှင် မြင်းကိုဇက်သတ်လိုက်၏။

"ဟေ့. . အားလုံး ရပ်ကြစမ်း၊ ဒါက ဘာဖြစ်တာလဲ"

လူလေးယောက် ချက်ချင်းပင်ရပ်လိုက်ကြ၍ မင်းသားလေးမှန်းသိသောအခါ ရှိခိုးကြပြီးလျှင် တစ်ယောက်ကလျှောက်တင်လေ၏။

"ကျွန်တော်မျိုးတို့လေးယောက် လမ်းလျှောက်ကြတုန်း ကောင်းကင်က ဝင်းခနဲလက်ပြီး ဟောဒီမှာတစ်စတစ်ပိုင်းကို ရအောင်ရှာ" ဆိုတဲ့ အော်သံနဲ့အတူ ဖုတ်ခနဲကျလာတာပဲဘုရား"

"ဘာကျလာတာလဲ"

"ဟောဒါပါပဲဘုရား"

သူပေးတာကို မင်းသားလေးက လှမ်းယူလိုက်သည်။ တစ်ဝက်ကနေ ချိုးဖဲ့ထားသလိုဖြစ်နေသည့် ကျောက်ပြားကလေးဖြစ်ပြီး တစ်ဖက်တွင် အောက်ပါစာများရေးထား၏။

တောက်တဲ့။

စံအောင်။

ရွှေသွား။

ရှုပါ။

စာများမှာ လေးကြောင်းရှိပြီး အရှေ့ပိုင်းများမှာ ပဲ့သွားသည့်အထဲသို့ပါသွားပုံရလေသည်။



ကျောဖက်တွင်ကား 'မရဏဂူကိုသွား၊ ရွှေငွေကျောက်သံပတ္တ...များ'ဟူ၍ ရေးသားပါရှိလေ၏။

"ကဲ. . မောင်မင်းတို့ နာမည်ကို လျှောက်တင်ကြစမ်း"

"မှန်ပါ၊ ကျွန်တော်မျိုးတို့က သူငယ်ချင်းတွေပါ၊ ကျွန်တော်မျိုး...ရဲ့ နာမည်က ငတောက်တီးပါဘုရား၊ ကျွန်တော်မျိုးငါးနှစ်သား...အရွယ်က ခုနစ်ရက်လောက်ဟာ တောက်ခတ်ယင်ရွာဆိပ်က စည်...ကြီးက အလိုလိုတီးလို့ ငတောက်တီးလို့ ခေါ်ပါတယ်ဘုရား။ သူက...မောင်ရှောက်မဲ့ပါတဲ့ဘုရား၊ ရှောက်သီးမှည့်ကိုကြိုက်တတ်လွန်းလို့...ဟာ. . သူကတော့ ကိုတန်ဆောင်ပါတဲ့ဘုရား၊ တန်ဆောင်မုန်းလ...မှာ မွေးလို့ပါဘုရား။ သူကတော့ ဦးခါးခါးပါတဲ့ဘုရား၊ သူ့ကိုမွေး...န်းက ငှက်က 'တက်တက်တူးခါးခါး' လို့လာအော်လို့ပါတဲ့ဘုရား"

မင်းသားလေးသည် ခေတ္တမျှစဉ်းစားလိုက်ပြီးလျှင် နောက်လိုက်တို့ကို ဤသို့ မှာကြားလိုက်၏။

"ကိုင်း ငါဟာ ဒီလူတွေနဲ့အတူ မရဏဂူကိုသွားမယ်၊ မယ်တော်...ကေရီမိဖုရားကြီးကို မောင်မင်းတို့ စိတ်မပူအောင် ကြည့်ပြီး လျှောက်တင်လိုက်ကြပေတော့"

ထိုအခါ နောက်လိုက်တို့လည်း နန်းတော်သို့ ပြန်ကုန်ကြလေ၏။ ...မင်းသားလေးသည် ငတောက်တီးတို့ဖက်သို့လှည့်၍ 'ကျွန်ုပ်ပါ မရ...ဏဂူသို့သွားမည်၊ သဘောတူကြရဲ့လား' ဟုမေးရာ 'ဘုန်းရှင်ကံရှင်...က ဦးဆောင်လျှင် ပိုကောင်းမှာမို့ သဘောတူပါတယ်'ဟု လျှောက်ကြသဖြင့် လမ်းခရီးကို မေးစမ်းရင်း မရဏဂူရှိရာသို့ မှန်းဆ၍ ထွက်လာခဲ့ကြလေ၏။

* * *

သုဗလတို့နှင့် မင်းသားလေးသုဇေတို့သည် မရဏဂူရှိရာ တောင်ထိပ်သို့ ပြိုင်တူရောက်လာကြလေသည်။

ဂူပေါက်ကြီးမှာ လူနှစ်ရပ်ခန့်မြင့်၍လူလေးဦး တစ်ဆန့်ဒိပ်စာ မျှကျယ်ဝန်းသည်။ သို့သော် ဂူတံခါးမှာ ကျောက်ပြားတံခါးရွက်ကြီး နှစ်ချပ်ဖြင့်ကျကျနန တိတိကျကျ ပိတ်နေလေသည်။

သုဗလက အော်ပြောလိုက်သည်။

"ဟေ့. . ရှေ့က ဘယ်သူတွေလဲ"

"ဘယ်သူတွေရမလဲ၊ မင်းသား သုဇေဆိုတာ ငါပဲ"

"မကြားဖူးပါဘူး၊ မင်းသားရော မင်းသက်ရော လာမရှုပ်နဲ့၊ ဒီဂူဟာ တို့များပိုင်တယ်"

"အောင်မယ်. . . ဘာဆိုင်လို့လဲ၊ ဆင်းရဲသားက လူပါးဝလို့"

ပြောပြောဆိုဆိုနှင့် သုဇေသည် ဓားကိုဆွဲထုတ်လိုက်၏။ သုဗလကလည်း မခံချင်သဖြင့် ဓားကိုဆွဲထုတ်လိုက်၏။

"မင်းသားကကျုပ်ထက်ငယ်ပါတယ်လေ. . မပြိုင်ချင်စမ်း ပါနဲ့"

"ဘာလဲ . . ကြောက်ရင်လည်း ကြောက်တယ်ပြောပေါ့"

ပြောပြောဆိုဆိုနှင့်မင်းသားလေးသုဇေက စတင်၍ ခုတ်တော့ ၏။ သုဗလကမူ ကာကွယ်ရုံကာကွယ်ရင်း မင်းသားလေးအမောကို စောင့်သည်။

ထိုခဏတွင် အထူးအဆန်းတို့သည် ဖြစ်ကုန်လေ၏။

မင်းသားလေးသုဇေဘက်မှ ယောကျ်ားများနှင့် သုဗလဖက်မှ မိန်းမများသည် သံလိုက်များကဲ့သို့ တစ်ယောက်ဆီသို့ တစ်ယောက် ဘေးတိုက်ကြီးတွေ ပြေးကပ်မိကြကာ ဂျိမ်းဂျိမ်းနှင့် ပခုံးတွေဘေး တိုက်ခွါမရအောင် ကပ်ကုန်ကြလေရာ ဂူပေါက်သို့ မျက်နှာလှည့်



...နှစ်ယောက်တွဲ၊ နှစ်ယောက်တွဲ လေးတန်းဖြစ်သွားကြလေ၏။ ...ထံမှ အသံဗလံများလည်း ဆူညံစွာထွက်ပေါ်လာကြလေသည်။

"ဟဲ့-ကောင်မတွေ ဖယ်လေ၊ ဘာလာကပ်တာလဲ"

"အောင်မယ်. . နင်တို့က လာကပ်တာအကောင်တွေရဲ့"

"ဖယ်စမ်းလဟာ"

"ဖယ်စမ်းလေတော်"

"ဟင်-ခွာလို့မရဘူးတော့"

သုဓေနှင့် သုဗလတို့လည်း ဓားခုတ်ခြင်းကို ရပ်လိုက်ကာ သူတို့ ...နောက်ဖက်မှ ကြည့်လိုက်ကြလေ၏။ ထို့နောက် သုဗလက သူ့ ...ည့်မတွေကို တစ်ယောက်စီနာမည်ခေါ်သလို သုဓေကလည်း ...ဘပည့်တွေနာမည်ကိုခေါ်ရာ တစ်လှည့်စီဖြစ်ပြီး အောက်ပါအ ...င်း အသံထွက်ပေါ်လာလေ၏။

"တောက်တီး"

"တောက်တဲ့"

"ရှောက်မဲ့"

"စံအောင်"

"တန်ဆောင်"

"ရွှေသွား"

"ခါးခါး"

"ရွှပါ"

ထိုအခါ သုဗလနှင့် သုဓေတို့မှာ အံ့အားသင့်၍ ကိုယ့်ကျောက် ...ပြားလေးများကို ကိုယ်ပြန်ထုတ်၍ကြည့်မိကြလေသည်။ တစ် ယောက်ကခေါ်လိုက်သောနာမည်များမှာ တစ်ယောက်၏ထံမှ

ကျောက်ပြားပေါ်တွင် အားလုံးရှိနေကြသောကြောင့်ပင်ဖြစ်၏။

သို့ဖြစ်လေရာ သူတို့နှစ်ယောက်မှာ ရန်မဖြစ်ကြတော့ဘဲ ကျောက်ပြားချင်းဆက်ကြည့်လိုက်၏။ ကျောက်ပြားလေးနှစ်ချပ်မှာ အလယ်ကစ၍ တစ်သားတည်းဖြစ်ကာ ကျောက်ပြားတစ်ချပ်တည်း ဖြစ်သွားတော့သည်။ ထိုကျောက်ပြားပေါ်မှ စာတန်းများလည်း လေးတန်း ပြည့်ပြည့်စုံစုံ ဖြစ်ပေါ်လာကြလေ၏။

တောက်တီး တောက်တဲ့။

ရှောက်မဲ့ စံအောင်။

တန်ဆောင် ရွှေသွား။

ခါးခါး ရှုပါ။

သို့သော် ဘာအဓိပ္ပာယ်မှ ကောက်၍မရသဖြင့် စိတ်ရှုပ်သွားကြရ၏။ သုဗလကား ညဏ်ကောင်းသူပီပီ လေးနက်စွာစူးစိုက်ကြည့်၍ စဉ်းစားနေရာက ရုတ်တရက် ဝမ်းသာသွားလေ၏။

"မင်းသား. . မင်းသား. . စာကြောင်းတွေရဲ့ ထိပ်စာလုံးတွေကို ဆက်ဖတ်ပြီးတော့ နောက်ဆုံးစာလုံးတွေကို ဆက်ဖတ်"

သုဇေက သူပြောသည့်အတိုင်းလိုက်ဖတ်ကြည့်၏။

"တောက်ရှောက်တန်ခါး တဲ့အောင်သွားပါ၊ ဘာတဲ့တုန်း"

"စာလုံးပေါင်းတွေကို နည်းနည်းပြင်ကြည့်ပေါ့၊ ပြင်ကြည့်လိုက်ရင် တောက်လျှောက်တံခါး တည့်အောင်သွားပါ-ဆိုတာ ဖြစ်လိမ့်မယ်"

ထို့နောက် သုဗလသည် နှစ်ယောက်တွဲဖြစ်နေသောသူများ၏ ပခုံးချင်းထိစပ်နေသောအလယ်နေရာနှင့် ကျောက်တံခါးရှက်နှစ်ခု ထိစပ်နေသောအကြားနှင့်တည့်အောင်ချိန်၍ ချီတက်လျှောက်သွား



...နေရာ သူတို့တံခါးနားရောက်သည်နှင့်တစ်ပြိုင်နက် ကျောက်တံခါး ...ရှက်ကြီးများမှာ အလိုလို ပွင့်သွားလေတော့သည်။

ကျောက်ဂူထဲတွင်ကား များစွာသောရွှေငွေကျောက်သံပတ္တမြား ...ရှိကြလေသည်။ သူတို့သည် အနီးအနားရွာများမှ လူညီးများဖြင့် ...ဆောင်ယူပြီး သုဗလတို့ကိုမင်းသားလေးက တိုင်းပြည်သို့ဖိတ် ...ခေါ်ခဲ့၏။

နန်းတော်သို့ရောက်သောအခါတွင် စိတ်ပူလျက်ရှိသော ကေရီ ...ကြီးသည် သားတော်လေးသုဇေပြန်လာ၍ ဝမ်းသာသွားရာက ...ဦးဝါလကိုမြင်သော် 'ဟဲ့. . ဝါလမဟုတ်လား'ဟု မေးတော်မူ၏။ ...တွင်မှ ဦးဝါလလည်း မိဖုရားကြီးမြနန္ဒာကို မှတ်မိသွားရလေ၏။

"အမယ်လေး. . မတွေ့လို့သေရ အသက်ရှိပါအုံးမလား- ဟာ ...ဘ်ပေါင်. . မသေလို့တွေ့ရ မေ့နိုင်ပါ့မလား သခင်မဖုရား"

မင်းသားလေးသုဇေမှာ နောင်တော်ရင်းကို ပြန်တွေ့ရသဖြင့် ...ဝမ်းသာပြီး နောင်တော်သုဗလကိုပင် ဘုရင်အဖြစ် ထား၏။ မယ် ...ဘော်သည်လည်း ဥပုသ်ဆောင်ဝင်ကာ ညီနောင်နှစ်ဖော်တို့ ပျော် ...ရွှင်နေသည်ကို ပီတိဖြစ်နေတော့သည်။

ဦးဝါလမှာလည်း မင်းသားလေးသုဇေတို့၏တိုင်းပြည်မှ အမျိုး ...ဘော်ကြီးမယ်သီဂီကို မျက်စေ့ကျ၍ လက်ထပ်သည်ကို အားကျမခံ ...တောက်တီးတို့တစ်သိုက်လည်း တောက်တဲ့တို့အသိုက်နှင့် အသီး ...လက်ထပ်ပွဲကြီးဆင်မြန်းကြလေသတည်း။

ကလေးတို့ ရွှင်လန်းကြပါစေ။

❑



# နန်းကြိုးကလေး

မုဆိုးမကြီး ဒေါ်မှုန်တွင် ရွှေစာဟုခေါ်တွင်သော သမီးငယ်လေးတစ်ဦး ရှိလေသည်။ ရွှေစာသည် ရက်ကန်းရက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း၏။ ရွှေစာလေးအရွယ်ရောက်လာသောအခါ သူ့ကိုကြိုက်နှစ်သက်၍ ပိုးပန်းကြသူများပြားသော်လည်း မိခင်ဖြစ်သူ ဒေါ်မှုန်က သဘောမတူ၍ မပေးစားချေ။

"အမေ.. တစ်နေ့က ကိုလှဘူးရယ်.. လယ်ထွန်သွားခါနီး သမီးကို မေတ္တာမျှတယ်လို့ပြောသွားတယ်လေ.."

"အောင်မယ်.. ဘာလုပ်ရမှာလဲ၊ လှဘူးက သွားခေါ်ကြီးပဲ"

"အော်... သူကြီးသား ကိုမြဟန်ကလည်း ဒီလိုပဲတဲ့"

"ဟယ်.. မြဟန်က မျက်ပြူးကြီးပဲဟဲ့"

"အောင်မယ်.. အမေရေ့၊ ပန်းပဲဖိုက ကိုသံခဲကလည်း.. တဲ့"

"ဟဲ့--သူက ထန်းရည်သမားဟဲ့၊ တစ်နေ့ကျရင် သံခဲက သံချေးတွေတက်လာမှာ.."

"ပန်းရံသမားလေး ကိုမောင်အေးက.."

"ဒို-ဒီကောင်က ညီအစ်ကိုမောင်နှမများလွန်းတယ်။ ဆယ့်
တစ်ယောက်တောင်ပဲ"

"ပန်းပုဆရာကြီး ဦးဒွေးဆီမှာ အလုပ်လုပ်တဲ့. ."

"ငပုတက်လား၊ တော်စမ်းပါအေ. . သူ့အရပ်က တစ်နေ့တခြား
ပုသွားတာ၊ ကြာရင်မြေမျိုသွားမှာတောင် ကြောက်ရသေးတယ်"

"ဒို-အမေ့ဟာက တစ်ယောက်လည်းမကောင်း၊ တစ်ယောက်
လည်း မကောင်းနဲ့. ."

"အေးလေး-ညည်းအကောင်တွေကလည်း အလကားကောင်
တွေဘဲ. . . ဟာ. ."

"ဒီလိုဆိုရင် သမီး ဒီတစ်သက်မှာ အိမ်ထောင်ပြုရပါအုံးမလား
လို့. ."

"အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေါ့ဟယ်. ."

"ဟင်. . နွားပိန်ကြီးတော့ မယူချင်ပေါင်၊ ဒီဘဝ လင်မရရင်
နေပါစေတော့၊ နွားပိန်တော့ ဘာလုပ်ဖို့လဲ. ."

"တယ်. . ဒီကောင်မ၊ ငါ ဖနောင့်နဲ့ပေါက်ရရင်လေ၊ အသက်
နံကြားခိုသွားရော့မယ်၊ သွားစမ်း. ."

ဤလိုနှင့်ပင် ရွှေစာ၏ရွှေ့ရေးမှာ မရေမရာဖြစ်ခဲ့ရ၏။ သို့
သော် ဒေါ်မှုန်ပြောသည့် 'အချိန်တန်လျှင် နွားပိန်ကန်လိမ့်မည်'
ဆိုသောစကားမှာ မဆိုးလှပါ။ အချိန်တန်တော့ တကယ်ပင်နွားပိန်
ကန်လာပါသည်။

ထို'နွားပိန်'သည်ကား တစ်ရပ်တစ်ရွာမှ ထင်းလှည်းဖြင့် ထင်း
လာရောင်းလေ့ရှိသူ မောင်ဒိုးပင်ဖြစ်တော့၏။ မောင်ဒိုးတွင် မိဘ
ဆွေမျိုးဟူ၍ မရှိတော့သော တစ်ကောင်ကြွက်ဖြစ်၏။ သူ့ရွာမှ



...န်းကြီးကျောင်းတွင် ကြီးပြင်းလာခဲ့ရပြီး ထင်းရောင်းသော အ
...ပ်ဖြင့် အသက်မွေးသူဖြစ်လေသည်။

သူ့ကျတော့ ဒေါ်မှုန်က မျက်စိကျ၏။

"ဟင်. . အမေ့လူရဲ့နာမည်ကလည်း ကိုဒိုးတဲ့"

"ကိုဒိုးတဲ့မဟုတ်ပါဘူး၊ ကိုဒိုးပါ. . ."

"အော်. . ကိုဒိုးပါတဲ့လား. ."

"ဟယ်. . မဟုတ်ပါဘူး၊ ကိုဒိုးတဲ့ ဒါလည်းမဟုတ်ပါဘူး၊ ကိုဒိုး
...၊ အို လွဲပြန်ပြီကွယ်၊ ကိုဒိုး. . တော်ပြီ ဒါပဲ. ."

"အဟီး. . သူ့နာမည်က ကိုဒိုးတော်ပြီဒါပဲဆိုတော့ တော်တော်
...ည်တာပဲ"

"မိရွှေစာ လျှာမရှည်နဲ့၊ ငဒိုးကို နင်ယူရမယ်၊ ဒါပဲ. ."

"ဟင်-သူ့အရပ်ကြီးက တစ်နေ့တခြား ရှည်ရှည်လာတော့ ကြာ
...း မိုးကို ခေါင်းနဲ့တိုက်မိတော့မှာပဲ"

"ဒါက သိကြားမင်းပူလိမ့်မယ်၊ နင့်အလုပ်မဟုတ်ဖူး"

"ရုပ်ကလည်း မလှဘူး"

"နင်ကကော ဘယ်လောက်ချောလို့တုန်းဟဲ့၊ အိုးနဲ့ဆန် တန်ရဲ့
... ."

"အမေက ဘာများ သဘောကျလို့တုန်း. . ."

"သူက ဘုန်းကြီးကျောင်းထွက်၊ ပညာရှိတယ်၊ ဒါမှ နင့်ကို
...ကောင်းကောင်းဆုံးမနိုင်မှာ၊ ညည်းဟာ တစ်ဦးတည်းသော သမီး၊
...ကြောင့် နဲ့ဆိုးဆိုးလွန်းလို့ ပညာနည်းတယ်"

ထို့ကြောင့် ရွှေစာသည် မောင်ဒိုးနှင့် လက်ထပ်ထိမ်းမြားလိုက်ရ
...သည်။

ဒိမ်ထောင်ကျပြီး၍ များမကြာမီပင် တစ်နေ့သောအခါ မောင်ဒိုးသည် ဇနီးဖြစ်သူ ရွှေစာအားခေါ်၍ သူ၏လက်ဝဲဘက်လက်မောင်းကပစ္စည်းလေးကို ပြ၏။ ထိုပစ္စည်းလေးသည်ကား လက်ဝ လက်မောင်းတွင်ပတ်နှောင်ထားသော သံနန်းကြိုးကလေးပင်ဖြစ်လေသည်။

"ဒါလေးနဲ့ ပတ်သက်လို့ နင် ဘာမှမသိချင်နဲ့၊ ပြီးတော့ ဘယ်အခါဖြစ်ဖြစ် ဒီကြိုးလေးကို မဖြတ်လိုက်နဲ့နော်. . "

"ဒီနန်းကြိုးကလေးကို ဖြတ်လိုက်ရင် ဘာဖြစ်မလဲ. . ဟင်"

ထိုအခါ မောင်ဒိုးသည် မျက်စိမျက်နှာပျက်သွားပြီး. .

"အို. . မမေးပါနဲ့၊ ဘာပဲဖြစ်ဖြစ် နင် ဒုက္ခမရောက်ချင်ယင် ဒီနန်းကြိုးလေးကို ငါ မသိတုန်း ဖြတ်မပစ်ရဘူး"

ထို့နောက် မောင်ဒိုးသည် တောသို့ထင်းခွေရန် သွားလေ၏။

"အမေ. . အမေ ကိုဒိုးရဲ့လက်ဝဲလက်မောင်းမှာ နန်းကြိုးကလေးပတ်ထားတယ်။ ဘယ်လောက်ကြာပြီလဲမသိဘူး. . ၊ အသားတွေတောင် ချို့ဝင်နေပြီ။

"ငါမြင်သားပဲ၊ ဒါ ဘာဖြစ်သလဲ"

"အဲဒါကို မဖြတ်ရဘူးတဲ့၊ ဖြတ်ရင်. . သူဘယ်လိုဖြစ်သွားမလဲ မသိဘူးနော်. . သေများသေသွားမလား"

"ဟယ်. . မဖြစ်နိုင်ပါဘူး၊ လူ့အသက်ဆိုတာ လူ့ကိုယ်ထဲမှာပဲ ရှိတော့မပေါ့၊ ဘာဖြစ်လို့ နန်းကြိုးထဲရောက်နေမှာလဲ"

"သူကပြောသေးတယ်၊ ဒါနဲ့ ပတ်သက်လို့ ဘာမှမသိချင်ပါနဲ့တဲ့"

"ဒါဖြင့်လည်း မသိချင်နဲ့ပေါ့ဟယ်၊ သူပြောတာ ရှင်းသားပဲ"

ဒေါ်မှုန်နှင့်ဆွေးနွေး၍ ဟန်မကျချေ။ ဒေါ်မှုန်က ဤကိစ္စကို



ခပ်အေးအေးပဲ ပြောပစ်လိုက်သည်။

ရွှေစာကား. . ထိုအချိန်မှစ၍ နန်းကြိုးကလေးအကြောင်းကို စိတ်ဝင်စားနေတော့သည်။ စားလည်း ထိုနန်းကြိုးလေး၊ အိပ်လည်း နန်းကြိုးကလေး၊ အလုပ်လုပ်လည်းနန်းကြိုးကလေး. . ။

တစ်ခါတွင် ရက်ကန်းရက်ရင်း အဖော်ဖြစ်သူ မဇံသီးကို ပြောပြ၏။ ရွှေစာ၏စကားကိုကြားသောအခါ မဇံသီးသည် မျက်လုံးပြူးသွား၏။

"ဟဲ့. . ရွှေစာ၊ ညည်းယောကျ်ားက လူစင်စစ်မှဟုတ်ရဲ့လားဟဲ့"

"ဟုတ်ပါတယ်ဟဲ့. . ဇံသီးရဲ့၊ သူ့မှာလည်း တို့လိုပဲ ခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်"

"ဟယ်. . ဒါပြောတာမဟုတ်ဘူး၊ ဘီလူးတွေ နဂါးတွေ လူယောင်ဆောင်ထားလားမှ မသိတာ"

"အို. . ဇံသီးရယ်၊ ဘီလူးတွေ နဂါးတွေက ဘုန်းကြီးကျောင်းမှာ ငယ်ငယ်ကလေးထဲက လာနေမယ်တဲ့လား . . "

"ဒါက သူပြောတာ နင့်တို့ သိကြရတာပဲဟာ၊ ဟုတ်ချင်မှဟုတ်မှာပေါ့"

"ကဲ. . ဘီလူးဖြစ်ဖြစ်၊ နဂါးဖြစ်ဖြစ်၊ ယက္ခကုမ္ဘာဏ်ပဲဖြစ်ဖြစ် ဒီနန်းကြိုးကလေးကို ဘာလုပ်ဖို့လက်မှာ ပတ်ထားရမှာလဲအေ့"

"မပြောတတ်ဖူးလေ၊ ဒါလေးပြတ်သွားရင် သူ့ဇာတိရုပ် ပြန်ပေါ်လာပြီး ဘီလူးဆိုလည်း ဘီလူးပြန်ဖြစ်၊ နဂါးဆိုလည်း နဂါးပြန်ဖြစ်သွားမလားမှမသိဘဲ၊ ကိုထောပတ်ကိုမေးကြည့်ပါလား၊ သူက ဗေဒင်လေး ဘာလေးလည်း တတ်တယ်"

ရွှေစာသည် တွေဝေသွားမိ၏။ ဤကိစ္စကို သူ့မိခင်ဒေါ်မှုန်ကို

ပြန်၍တိုင်ပင်၍မဖြစ်ချေ။ ဒေါ်မှုန်က နန်းကြီးကလေးကိစ္စကို မသိချင်ဘဲနေ၍ ဖြတ်တောက်ခြင်းကိစ္စကိုလည်း စိတ်မဝင်စားချေ။ ထို့ကြောင့်ပင် ရွှေစာသည် ဖံသီးကို အဖော်ပြု၍ ကိုထောပတ်နှင့် သွားရောက်တွေ့ဆုံလေသည်။ ရွှေစာတို့ပြောသမျှကို သိရသောအခါ ကိုထောပတ်သည် စိတ်ပါဝင်စားစွာ ပြန်၍ပြော၏။

"ဟာ. . သိပ်ဖြစ်နိုင်တာပေါ့၊ ဒီလူဟာ နဂါးရင်လည်းဖြစ်ရမယ်၊ ဘီလူးရင်လည်းဖြစ်ရမယ်၊ ညညကျ မအော်ဘူးလား"

"အော်တော့ မအော်ဘူး၊ တစ်ခါ တစ်ခါ ဟောက်တယ်"

"အိပ်ပျော်နေရင်ကော. . . တွန့်လိမ်မသွားတတ်ဖူးလား"

"တစ်ခါတစ်ခါတော့. . အင်းလို့ သံရှည်ကြီးဆွဲပြီး လက်ကြီးနှစ်ဖက်ကို အပေါ်ဆန့်ပြီး တွန့်လိမ်သွားတတ်တယ်။ ဒါအညောင်းဆန့်တာမဟုတ်ဖူးလား"

"ဟုတ်ချင်ဟုတ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ. . သူ့ရုပ်လက္ခဏာကို ကြည့်ပြီးမှ ပြောလို့ရမှာ၊ ဒူးခေါင်းမှာအကြေးခွံတွေလို သဏ္ဍာန်ပါရင် နဂါးပဲ။ မျက်လုံးဒေါင့်မှာ သွေးနီရောင်ပိုလျှမ်းရင် ဘီလူးပဲ။ ဒါဟာ လူတိုင်းကကြည့်တတ်တာမဟုတ်ဘူး၊ငါကိုယ်တိုင် လာကြည့်မှရမှာ"

ထို့နောက် များမကြာမီ မောင်ဒိုးထင်းတိုက်ရာမှ ပြန်ရောက်လာမည့်ရက်သို့ ရောက်ခဲ့လေ၏။ ဝီရိယကောင်းသော ထိုထောပတ်သည် ထိုနေ့ နေလယ်စောင်းအချိန်လောက်တွင် ရွှေစာတို့၏အိမ်သို့ မယောင်မလည်နှင့် ရောက်ခဲ့၏။ ဝင်းခြံဝမှ ယောင်ပေယောင်ပေနှင့်ခြံထဲသို့ ဝင်လာလေရာ သူ၏ယောင်ပေ ယောင်ပေလုပ်မှုကြောင့် မောင်ဒိုးမွေးထားသော အောင်နက်ခေါ် ခွေးကြီးသည်



ပြေးလာလေတော့၏။

"ဟယ်. . နင် ခွေးမသားစစ်စစ်ပဲ၊ ထွက်. . သွား၊ သွားလဟာ"

ကိုထောပတ်က လက်ကားယား ခြေကားယားနှင့် ခွေးကို အတင်းမောင်းထုတ်၏။ သူလွယ်ထားသော လွယ်အိတ်ကြီးကလည်း သူ့ကိုယ်လှုပ်ရမ်းသည်နှင့်အမျှ လွှဲလိုက်ရမ်းလိုက်ဖြစ်နေလေရာ အောင်နက်မှာ ပို၍ မျက်စိနောက်လာ၏။

ထို့ကြောင့် 'ဝူး. . ဝုတ်. . ဝုတ်'ဟု တစ်ချက်ဟောင်ကာ ကိုက်တော့မည်ကဲ့သို့ ဟိုး၍ဝင်လာလေ၏။ ဤတွင် ကိုထောပတ်မှာ ဘာမျှမတတ်နိုင်တော့ဘဲ နီးရာမာလကာပင်ပေါ် တက်ပြေးရတော့သည်။

မလကာပင်ကား-သိပ်မြင့်လှသည်မဟုတ်ချေ။ ထိပ်ဖျားမှာ လူတစ်ရပ်ခွဲစာရှိ၏။ ထို့ကြောင့် ကိုထောပတ်က သစ်ကိုင်းတစ်ကိုင်းပေါ် ဆောင့်ကြောင့်ထိုင်လိုက်ရာတွင် အကိုင်းမှာ အိ၍ ညွတ်ပဲ့ကြီးဖြစ်သွား၏။ ထိုအခါ အောက်က အောင်နက်သည် 'လူကိုမကိုက်ရသျှင် ကြုံရာကိုကိုက်မည်'ဟူသော သဘောဖြင့်တွဲရရွဲကျပြီး လွှဲရမ်းနေသော လွယ်အိတ်ကြီးကို ခုန်၍ဟပ်တော့၏။ လွယ်အိတ်၏အောက်စွန်းတစ်ခုကို စွဲစွဲမြဲမြဲဟပ်မိလေရာ အောင်နက်မြေကြီးပေါ်ပြန်ကျသောအခါ လွယ်အိတ်ကနေကိုင်၍ ဆွဲလိုက်သကဲ့သို့ ဖြစ်သွားသဖြင့် မာလကာကိုင်းကြီးမှာထပ်၍ညွတ်သွား၏။

ကိုထောပတ်မှာ ကြောက်ကြောက်လန့်လန့်နှင့် အပေါ်က အကိုင်းကို လက်နှက်ဖက်ဖြင့်ဆုပ်ကိုင်ကာ မတ်တပ်ရပ်ရန်ကြိုးစားပြီး အတင်းထ၏။ သူက အတင်းရပ်သဖြင့် လွယ်အိတ်ကြီးပါ မြင့်တက်လာလေရာ မလွှတ်တမ်းကိုက်ထားသော အောင်နက်မှာ ယက်

ကန့်ယက်ကန်နှင့် မြေကြီးပေါ်မှကြွ၍ တန်းလန်းကြီးပါလာသည်။

သို့သော် အောင်နက်၏ အလေးချိန်ကြောင့် ကိုထောပတ် နင်းထားသောမာလကာကိုင်းမှာ ပို၍အိပြီး အောင်နက်၏ခြေထောက်များ မြေနှင့်ပြန်ထိသွား၏။ လက်နှစ်ဖက်ကမူ လေထဲတွင်တန်းလန်းဖြစ်လျက် ပါးစပ်က ကိုက်ထားသေး၏။

တစ်ဖန် ကိုထောပတ်က မတ်တပ်ရပ်ရန်ကြိုးစားပြန်သည်။ ဤသို့ဖြင့် အောင်နက်မှာလည်း မြေကြီးပေါ်က ဇွေ့ခနဲမြောက်တက်သွားလိုက်၊ တစ်ဖန်ပြန်၍ ခြေထောက်မိလိုက်နှင့် ဖြစ်နေစဉ် အိပွဲ့ အိပွဲ့ဖြစ်နေသော မာလကာကိုင်းမှာ အရင်းနားက ဂျွတ်ခနဲ မြည်၍ ကျိုးကျလေတော့၏။

ကိုထောပတ်မှာလည်း မြေကြီးပေါ်သို့ ဖုတ်ခနဲပြုတ်ကျလေရာ၊ ဖုန်များမှာ ထောင်းခနဲထသွားသဖြင့် အောင်နက်သည်လန့်၍ လွယ်အိတ်ကို လွှတ်လိုက်သည်။ ပြီးတော့ နောက်သို့ အတင်းဆုတ်ပြေး၏။

တစ်ကိုယ်လုံးဖုံတွေပေနေသော ကိုထောပတ်သည် သူလဲကျနေစဉ် အောင်နက်က ဝင်ဆွဲမည်ကြောက်၍ ကပျာကယာမုဆိုးထိုင်ထိုင်လိုက်သည်။ သူ့ရုပ်နှင့်လုပ်ပုံကိုမြင်သော် အောင်နက်မှာ ပို၍ အလန့်တကြားဖြစ်သွားကာ အတင်းဟောင်လေတော့သည်။ သို့သော် အနားသို့ ချဉ်းကပ်ခြင်းတော့ မပြုချေ။

ခွေးဟောင်သံကြား၍ ဒေါ်မှုန်ထွက်လာပြီး အောင်နက်ကို မောင်းနှင်ထုတ်လိုက်မှ ကိုထောပတ်မှာ စိတ်အေးသွားပြီး မတ်တပ်ထလိုက်၏။ ထိုအခိုက်တွင် မောင်ဒိုးလည်း ရောက်လာလေတော့သည်။



"ကိုဒိုးဆိုတာ ခင်ဗျားလား"

"ဟုတ်ပါတယ်"

"ခင်ဗျားဟာ ကျွန်တော့်ကျေးဇူးရှင်ပဲ၊ ဒီတော့ ကျေးဇူးဆပ်ရမယ်"

"ကျွန်တော်က ဘာကျေးဇူးတွေများ ခင်ဗျားကိုပြုထားဖူးလို့လဲ"

"ခွေးရန်က တယ်တာလေ. .။ ခင်ဗျားသာ ခွေးကိုမောင်းထုတ်လိုက်ရင် ကျွန်တော့်အသက် သေချင်သေသွားနိုင်တယ်"

ထိုအခါ. . ဒေါ်မှုန်က ဝင်၍ပြော၏။

"ဟဲ့. . ခွေးမောင်းထုတ်တာက ငါပါလကွဲ့"

"ဟင်. . ဟုတ်လား၊ ဒါပေမယ့် ကျွန်တော်ကတော့ ဒီက ကိုဒိုးရဲ့ ကျေးဇူးဆပ်ရမှာပဲလေ. .၊ သူကဒီအိမ်မှာ ဦးစီးဦးဆောင် ပြုနေတာကိုး"

"ကျွန်တော့်ကို ဘယ်လိုကျေးဇူးဆပ်မှာလဲ"

"ကျုပ်က ဝေဒင်ဆရာလေ"

"ဝေဒင်ဆရာကလည်း ညစ်ပတ်လှချည်လား၊ ကျွန်တော်က အမှူးမှတ်လို့"

"အို. . ဒါက ခွေးရန်ကြောင့် မာလကာပင်ပေါ်တက်ပြေးတာ မာလကာကိုင်းကျိုးကျလို့ပါ၊ ကျုပ်ကျေးဇူးဆပ်မှာက ခင်ဗျားကို ဝေဒင်အလကားဟောပေးမယ် . ."

"ဟာ . . ကျွန်တော် ဝါသနာမပါဘူး. ."

မောင်ဒိုးက အိမ်ထဲသို့ဝင်သွားလေ၏။ ကိုထောပတ်က ဒွတ်ပင် ဝါသနာမပါပေမယ့် ကျွန်တော်ကတော့ အတင်းဟောရမှာပဲ'ဟု ပြော၍ နောက်က လိုက်ဝင်လာလေသည်။

အိမ်ထဲသို့ရောက်သောအခါ မောင်ဖိုးသည် မောမောနှင့် ဖျာ ပေါ်တွင်လဲလျောင်းနေလေသည်။ ကိုထောပတ်ကား မျက်နှာချိ မသွေးကာ မောင်ဖိုး၏အနားသို့ လာရောက်ထိုင်၏။

ခဏကြာအောင်တော့ သူစောင့်ပါသေးသည်။ သို့သော် ဤသို့ ထိုင်စောင့်နေ၍တော့ မောင်ဖိုး၏ဒူးခေါင်းကို မြင်ရမည်မဟုတ်ဟု တွေးမိသည်။

"ကိုဖိုး-လာဗျာ၊ ခြင်းခတ်ရအောင်. ."

"ကျွန်တော်. . မခတ်ချင်ဘူး၊ အမောဖြေနေတယ်"

"ခါးတောင်းကျိုက်ပါဗျ. ."

"အော်-မခတ်ချင်ပါဘူးဆိုနေ"

"အို. . ဘာပဲဖြစ်ဖြစ်လေ"

ကိုထောပတ်သည် ပြောပြောဆိုဆိုနှင့် မောင်ဖိုး၏လုံချည်စကို အတင်းဆွဲ၍လှန်ရာ အေးအေးလူလူနေနေသော မောင်ဖိုးမှာ မအေးလူနိုင်တော့ဘဲ ထိုးထိုးထွန့်ထွန့်ဖြစ်သွားရပြီး ရုန်းရင်း ကန် ရင်းနှင့် လုံချည်စကို ဆွဲ၍ဖိရလေ၏။

"ဟ. . ဘယ်လိုတုန်းဗျ၊ ဘာကြောင့် ပုဆိုးဆွဲလှန်ရတာလဲ၊ ကျုပ် ဒေါသဖြစ်လာလိမ့်မယ်နော်၊ ဟေ့လူ. . ဘာလဲဗျ"

ဆွဲရင်းလှန်ရင်း ကန်ရင်းနှင့်ပင် ကိုထောပတ်သည် မောင်ဖိုး ၏ ဒူးခေါင်းကို မြင်သွားလေ၏။

သို့သော် သူလိုငါလို ဒူးခေါင်းပင်ဖြစ်သည်။

"အော်. . ခင်ဗျားမှာလည်း ဒူးခေါင်းနဲ့ပဲကိုး. ."

"ဒူးခေါင်းနဲ့ပေါ့ဗျ၊ ဒူးခေါင်းမရှိရင် ကျွန်တော့်ခြေထောက်ကို ဘယ်လိုလုပ်ပြီး ကွေးလို့ရမှာလဲ၊ ခင်ဗျား စိတ်မှကောင်းရဲ့လား"



"ဟဲဟဲ. . ပြီးတော့ မျက်လုံး"

"ဘာဗျ. ."

"အော်. . ခင်ဗျားဟာ မျက်လုံးမျက်ခုံး တော်တော်လှတယ်လို့ ပြောတာပါ. ."

"ကျွန်တော် မြှောက်ပင့်ပြောတာ မကြိုက်ပါဘူး. ."

မောင်ဖိုးသည် မျက်လုံးများကိုပြန်ပိတ်၍ မှိန်းနေပြန်၏။ ကို ထောပတ်သည် ခဏတော့ စောင့်သေး၏။ သို့သော် ဤသို့ထိုင် စောင့်နေခြင်းဖြင့် အကျိုးမထူး။ ဒူးခေါင်းတုန်းကလိုပင် အတင်း လုပ်မှ ရတော့မည်ဟု ကြံမိသည်။

"အောင်မယ်. . အပေါ်ကထုတ်မှာ တောက်တဲ့ကြီးပါလား"

"အော်သံ မကြားပါဘူးဗျာ"

"အလို-ဟိုပင့်ကူက ရွှေရောင်လေးပါလား. ."

"နေရောင်နေပြောက်ကြောင့် ခင်ဗျား မျက်စိမှားတာပါ"

မောင်ဖိုးက မျက်လုံးများကို မဖွင့်ဘဲ စိတ်ကူးဖြင့် ပြန်ပြောနေ သည်။

"ကဲကွာ-ကဲကွာ . ."

ကိုထောပတ်သည် မစောင့်နိုင်တော့ဘဲ မောင်ဖိုး၏မျက်လုံး များကို အတင်းဖြဲကြည့်လေတော့ရာ စောစောကလိုပင် မောင်ဖိုးမှာ ရုန်းရကန်ရပြန်လေ၏။

"ဟေ့လူ-ဘာလဲဗျ၊ သွား. ."

မောင်ဖိုး၏မျက်စိများကို ကိုထောပတ်မြင်သွားပါပြီ၊ သို့သော် ဘာမျှမထူးခြားချေ။

"အော်. . ခင်ဗျားကလည်း မျက်စိတွေနဲ့ပဲကိုး"

"ဘာလဲဗျ-မျက်စိမပါရအောင် ကျုပ်က အကန်းလားဗျ၊ အကန်းဆို ဘယ့်နှယ် ထင်းတိုက်နိုင်မှာလဲ၊ သွားဗျာ-သွား"

ထိုအခိုက်တွင် မလှမ်းမကမ်းမှထိုင်၍ အကဲခတ်နေသော ဒေါ်မှုန်သည် မနေနိုင်တော့ဘဲ ထလာလေတော့၏။

"ဟဲ့-ဗေဒင်ဆရာ၊ အခုပြန်ချင်ပြန်၊ မပြန်ရင် မောင်ရင့်ကို ကျုပ်ခုံဖိနပ်နဲ့ လာဘ်တင်မိလိမ့်မယ်. ."

"အော် ဟုတ်ကဲ့၊ ဒီလိုဆိုတော့လဲပြန်ရမှာပေါ့. ."

"ဘယ့်နှယ်တော်၊ ကျေးဇူးဆပ်မယ်ဆိုလို့ ဘယ်လိုဆပ်မလဲမှတ်တယ်။ ပုဆိုးဆွဲလှန်လား လှန်ရဲ့၊ မျက်လုံးတွေ နှိုက်လားနှိုက်ရဲ့၊ ဒူးခေါင်းနဲ့၊ မျက်လုံးနဲ့၊ ဗေဒင်နဲ့ဘာဆိုင်သလဲ၊ ကျေးဇူးဆပ်တာနဲ့ ပိုပြီး ဘာဆိုင်လဲ၊ တယ်လေ-ပြောရင်းက ရိုက်ချင်လာပြီ. ."

ကိုယောပတ် ခပ်သုတ်သုတ်ထွက်သွား၍ ဒေါ်မှုန်၏လက်ကို မတွေ့လိုက်ရတော့ချေ။ ရွှေစာ ပြန်ရောက်လာသောအခါ ဒေါ်မှုန်ပြောပြ၍ အကြောင်းစုံသိရသော်လည်း သူ့အနေဖြင့် ဘာမျှပြန်မပြောဘဲနေလိုက်သည်။

နောက်များမကြာမီ ရွှေစာနှင့် မဖံသီးတို့ စကားစပ်မိပြန်လေသည်။

"ဟဲ့ရွှေစာ-အရှေ့ပိုင်းက ဘုန်းကြီးကျောင်းမှာသိုက်ဆရာကြီး တစ်ယောက် ရောက်နေတယ်တဲ့တော့"

"အဲဒါ ငါနဲ့ဘာဆိုင်သတုန်း ဖံသီးရဲ့"

"အော်. . ညည်းယောက်ျားအကြောင်း ပြောကြည့်ပေါ့၊ သူက သိုက်ထဲကလာသလားမှမသိတာ၊ ဒါကြောင့် ဒီနန်းကြိုးကလေးကို ဖြတ်လိုက်ရင် သူဟာ သိုက်ထဲကို ပြန်သွားရမယ်ထင်တယ်. ."



မဖံသီးပြောသောစကားများထဲတွင် စိုးရိမ်မကင်းစရာတွေ ပါနေသည်။ တွေးရင်း တွေးရင်းပင် ထိုသိုက်ဆရာကြီးသည် တန်ခိုး အပြည့်အဝနှင့် သူနှင့်သူ့ယောက်ျား၏ဘေးဒုက္ခကို ကယ်တင်သောသူကြီးပမာ ထင်မြင်လာသည်။

ဤသို့ဖြင့် ရွှေစာသည် မဖံသီးနှင့်အတူ သိုက်ဆရာကြီးဆရာပွန်း၏ရှေ့မှောက်တွင် ရောက်နေကြရလေ၏။

"အဲ. . နင်တို့ပြောတဲ့အတိုင်းဆိုရင် သေချာပါပြီလေ၊ ဒီသူငယ် သိုက်ထဲကလာတဲ့ ဥစ္စာစောင့်ဝင်စားတဲ့လူပဲ၊ ငါနဲ့အချိန်မီတွေ့သာပေါ့၊ မတွေ့များမတွေ့ရင်တော့လား ဒုက္ခပဲ. . ဒုက္ခပဲ၊ ကောင်းပြီ-ငါက နင့်ယောက်ျားကို မြင်ဖူးအောင်ကြည့်ထားမယ်၊ ကျန် ငါ့တာဝန်သာ ထားပေတော့"

ရွှေစာတို့လည်း ပြန်လာခဲ့ကြလေ၏။ သိုက်ဆရာကြီးဆရာပွန်းသည် မောင်ဒိုးမသိအောင် တိတ်တဆိတ်ကြည့်ထား၏။

ရက်များမကြာမီ မောင်ဒိုးသည် ထင်းတိုက်ရန် လှည်းကလေးနှင့်ရွာထဲမှ ထွက်လာခဲ့လေ၏။ တောစပ်သို့အရောက်တွင်ပင် သိုက်ဆရာကြီးနှင့်တပည့်နှစ်ယောက်တို့သည် မောင်ဒိုးကို ဝိုင်းဖမ်းကြလေ၏။

မောင်ဒိုးသည် ဘုမသိ၊ ဘမသိနှင့် အဖမ်းခံရသဖြင့် အတင်း ရုန်းကန်ပါသော်လည်း သုံးယောက်နှင့်တစ်ယောက်ဖြစ်သဖြင့် အဖမ်းခံရတော့သည်။ ဆရာပွန်းတို့လူသိုက်သည် တောထဲရှိတစ်နေရာတွင်ရှိသော သစ်ပင်ကြီး၌ မောင်ဒိုးကိုကြိုးများဖြင့်ချည်နှောင်ကြလေတော့၏။

ထို့နောက် ဆရာပွန်းသည် မောင်ဒိုး၏လက်တစ်ဖက်ကို သူ့

ဆေးကြိမ်လုံးနှင့်ထိုးပြ၏။

"ဟေ့ကောင်၊ မှန်မှန်ပြော၊ ဒါ ဘာလဲ. ."

"ဒါ. . နှန်းကြိုးကလေးပေါ့"

"မင်းမှန်မှန်မပြောဘူးလား"

"မှန်မှန်ပြောတာပဲဗျ၊ ဒါ နန်းကြိုးကလေးပဲ၊ ဘာလဲ. . ခင်ဗျ
က ဒါကို ပိုက်ဆံကြိုးမှတ်နေလို့လား"

"တယ်. . ငါရိုက်လိုက်ရ၊ ပြောစမ်း. . မင်းဟာ ဥစ္စာစော
မဟုတ်ဖူးလား"

"မဟုတ်ဘူး"

"ကဲ. . လိမ်အုံးကွာ၊ လိမ်အုံးကွာ"

ဆရာပွန်းက လက်ထဲက ကြိမ်လုံးကြီးနှင့် လွှဲ၍လွှဲ၍ နှစ်ချ
သုံးချက်ခန့်ရိုက်လေ၏။

"ဟေ့လူကြီး. . နာတယ်ဗျ၊ဘာဖြစ်လို့ကျုပ်ကို ရိုက်နေရတာလဲ

"မင်း မှန်မှန်မပြောလို့ ရိုက်တာကွ. ."

"ကျုပ်ပြောတာတွေဟာ အမှန်ကြီးပဲ. ."

"ဘာမှန်ရမှာလဲ၊ မင်းဟာ ဥစ္စာစောင့်မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ကဲ. . မဟုတ်အုံးနဲ့ကွာ. . မဟုတ်အုံးနဲ့ကွာ. ."

"အို. . ဘယ်လိုလဲဗျ၊ သောက်ရမ်းပဲရိုက်နေရသလား၊ ခင်ဗျ
ဟာ ကျုပ်ရဲ့အဖေလည်းမဟုတ်၊ ဆရာလည်းမဟုတ်ဘဲနဲ့၊ ဘာလု
နင်းကန်ရိုက်နေရတာလဲ။ သတ္တိရှိရင် ကျုပ်ကို ကြိုးဖြေပေးလေ
ကောင်းကောင်းကြီးခင်ဗျားကို နားရင်းရိုက်ပစ်လိုက်မယ်. ."

"မင်း စကားတွေတော့ အများကြီးပြောတတ်သလားကွ၊ ငါ



တော့ မဖြေဘူးလား၊ မဖြေမချင်း မင်းကို ငါရိုက်နေရမှာဘဲ၊
ရမှာက ငါ့တာဝန်၊ ဖြေရမှာက မင်းရဲ့တာဝန်ပဲ. . ကဲလေ"

မောင်ဗိုးသည် ဆရာပွန်း၏စကားများကို တွေပြီး နားထောင်
လေ၏။ သူ့စိတ်ထဲတွင် ဘာလုပ်ရကောင်းမည်လဲဟု အကြံယူနေ
သည်။ မောင်ဗိုးငြိမ်၍တွေဝေစဉ်းစားနေသည်ကိုမြင်သော် ဆရာ
ပွန်းက မောင်ဗိုးသည် ဝန်ခံ၍ မိမိ၏အလိုသို့လိုက်တော့မည်ဟုထင်
မ်းသာလာ၏။

"ပြောစမ်းငါ့လူရယ်၊ ဘာဖြစ်လို့ အသားကို အနာခံချင်ရတာ
ဒါဟာ ရိုးရိုးကြိမ်လုံးမဟုတ်ဖူးကွ၊ ဆေးကြိမ်လုံးပဲ"

"အော်. . ခင်ဗျားတို့က ဆေးသုတ်ရင် ကြိမ်လုံးနဲ့သုတ်သလား"

"ဟဲဟဲ. . မင်းက ရယ်စရာပြောတာကိုး၊ ကဲပါကွာ-ငါမေး
ဖြေမယ်မဟုတ်လား. . ဟင်"

"ဖြေမယ်. . ခင်ဗျားက ဘယ်သူလဲ. ."

"ဆရာပွန်းဆိုတာပေါ့ကွ"

"ဘာလုပ်စားတုန်း"

"ဥစ္စာသိုက်တူးတဲ့. . သိုက်ဆရာလေကွ"

"ခင်ဗျားမှာ မိန်းမတွေ၊ သားသမီးတွေ မရှိဘူးလား"

မရှိဘူးကွ၊ ငါက ပညာနောက်ပဲ လိုက်နေတာ"

"သိုက်ကို ရှာလို့မတွေ့ရင် ခင်ဗျား ဘယ်လိုလုပ်ထမင်းရှာစား
"

"ဒါကတော့ ငါ့တပည့်တွေက ကျွေးတာပေါ့၊ အောင်မယ်. .
မသား. . နင်က ညာတာပါတောနဲ့ ငါ့ကိုချည်းမေးနေတာကိုး၊
က မေးရမှာကွ"

"မေးပါလေ၊ ဒါထက် ခင်ဗျားအသက်. . ဘယ်လောက်ရှိပြီလဲ"

"ငါးဆယ့်ကိုးနှစ်-တယ်. . တော်ပြီ"

"တော်ရင်လည်း ကျုပ်ကို ကြိုးဖြည်လွှတ်လေ"

"အောင်မယ်. . ဘာရမလဲ၊ နင် တော်တော် လူလည်ကျတဲ့ကောင်၊ ကိုင်းပါ ငါမေးတာ ဖြေလဟဲ့. ."

"ဒါဖြင့်လဲ မေးလဟဲ့"

"မင်းဟာ ဉစ္စာစောင့်မဟုတ်ဖူးလား"

"ဟုတ်တယ်"

မောင်ဒိုးက ဤသို့ဖြေလိုက်ရာ ဆရာပွန်းသည် ကျေနပ်သွားသလို လက်ဝါးကြီးနှစ်ဖက်ကို အားရပါးရပွတ်လိုက်လေ၏။ ထိုအခါ ကြိမ်လုံးကြီးလွတ်ကျသွားသဖြင့် ကပျာကယာပြန်ကောက်လိုက်ရာ မှည့်ပျော်နေသော ရဲယိုသီးကိုချော်၍ကိုင်မိလေ၏။ ထိုအခါ ကျန်သောလက်တစ်ဖက်ဖြင့် ကြိမ်လုံးကိုကောက်လိုက်ပြီး ရဲယိုသီးကိုင်မိသောလက်ကို နမ်းကြည့်သည်။ နံသဖြင့် မျက်နှာကြီးရှုံ့သွား၏။

"တယ်နံ့ပါလား"

"နံ့မှာပေါ့-သစ်သီးပုပ်ကြီးကိုး"

"ဟေ့. . ဒါက မင်းကို ငါမေးတာမဟုတ်သေးဘူး၊ ကဲ-မေးခွန်းဆက်မေးမယ်၊ မင်းဟာ ဉစ္စာစောင့်နော်. ."

"ဟုတ်တယ်"

"ဟာ. . ကောင်းပါပြီ၊ မင်းရဲ့သိုက်နန်းကို ငါတို့ကို လိုက်ပြမလား"

မောင်ဒိုးက ခေါင်းကိုညိတ်ပြ၏။ သို့ဖြစ်လေရာ ဆရာပွန်းနှင့်တပည့်နှစ်ယောက်သည်များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားကြပြီးလျှင် မောင်ဒိုးကိုကြိုးဖြည်ပေး၍ သိုက်နန်းဆီသို့ ခေါ်သွားစေ၏။



မောင်ဒိုးသည် ထင်းခုတ်သမားပီပီ ဤတောကြီး၏အကြောင်းကို ကောင်းစွာသိသူဖြစ်လေရာ ဆရာပွန်းတို့ကို တစ်နေရာသို့ခေါ်သွားလေ၏။ ထိုနေရာမှ လူတစ်ရပ်စာလောက်နက်သည့်တွင်းကြီးဖြစ်၏။ တွင်းဝမှာ ငါးပေခန့်ကျယ်ဝန်းသည်၊ ထိုတွင်းဝမှနေ၍ ငုံ့ကြည့်လျှင် အောက်တွင် မဲမှောင်နေ၍ ဘာကိုမျှမမြင်ရ။ စင်စစ်သော်ကား အောက်တွင် ရေသည် ခါးလောက်ရှိ၍ သစ်ရွက်ဆွေး၊ သစ်ရွက်ပုပ်၊ သစ်သီးပုပ်၊ တိရစ္ဆာန်အသေကောင်ပုပ်များ ရှိသည်။

မောင်ဒိုးသည် တွင်းဝနားသို့ ရောက်သောအခါ တွင်းထဲသို့တစ်ချက်ငုံ့ကြည့်လိုက်ပြီးလျှင် လက်ညှိုးနှင့်တွင်းထဲသို့ တငေါက်ငေါက်ထိုးလိုက်၏။

ထိုအခါတွင် သိုက်တွင်းမှ ပစ္စည်းများကို လိုချင်သည့်လောဘဇောတက်လျက်ရှိသော ဆရာပွန်းနှင့်တပည့်နှစ်ယောက်တို့သည်လည်း တွင်း၏နှုတ်ခမ်းဝသို့လာရောက်၍ရပ်ကာ ဘာမသိ ညာမသိနှင့် တွင်းထဲသို့ ငုံ့ကြည့်မိကြလေတော့သည်။

ထိုအခါတွင်မှ မောင်ဒိုးသည် နှုတ်မှ 'ကဲ. ငမိုက်သားတွေ သွားကြရော့ကွာ. . သွားကြရော့ကွာ'ဟု ပြောပြောဆိုဆိုနှင့် သုံးယောက်သားကို တစ်ယောက်ပြီးတစ်ယောက် ဖင်ကိုကန်၍ချလိုက်လေရာ ဆရာပွန်းနှင့်တပည့်နှစ်ယောက်တို့မှာ 'အား. . အား'ဟုအော်၍ ခြေကားယား လက်ကားယားနှင့် တွင်းထဲသို့ ဂွမ်းပျံကျကုန်ကြလေတော့သည်။

မောင်ဒိုးသည် ပြုံးရယ်ရွှင်ပျစွာနှင့်အိမ်သို့ ပြန်လာခဲ့ပြီး တစ်ရေးတမော အိပ်နေလေတော့၏။

တွင်းထဲက ဆရာပွန်းနှင့်တပည့်နှစ်ယောက်သည် ပထမတော့ ရေအနက်ကြီးဟုထင်မှတ်၍ တဗွမ်းဗွမ်းနှင့်ကူးသေး၏။ သူတို့ကူးသည်တွင်မှ အပုပ်နံ့မှာ ပို၍ပို၍ပင်ထောင်းခနဲ ထောင်းခနဲထလာသဖြင့် သူတို့၏မျက်နှာကြီးများမှာ ကြည့်မကောင်း ရှုမကောင်းအောင်ပင် ရှုံ့မဲ့နေကြလေသည်။ ပြီးမှ ရေသည် ခါးလောက်သာ နက်မှန်းသိသွားကြ၍ မတ်တပ်ရပ်လိုက်ကြသည်။ တောနက်ကြီးထဲမှ တွင်းထဲရှိရေသည် အလွန်တရာမှ အေးမြလှသည်ဖြစ်၍ ခဏမျှစိမ်လိုက်ရုံကလေးဖြင့် တခိုက်ခိုက်ချမ်းလာကြရတော့သည်။ ပုပ်စော်ကာနံ၊ ချမ်းလည်းချမ်းမို့ တပည့်တစ်ယောက်သည် မျက်နှာကြီးမဲ့၍ ဆရာ့အား စကားပြောလိုက်သည်။

"ဆ-ဆရာ. . ဂတ်ဂတ်. . ဒီ-ဒီလိုပဲ. . ဂတ်ဂတ်. . ဂတ် ရေစိမ် နေနေ-ရရင်. . အင်-အင်-မကြာခင်. . အင်အင်ဂတ်. . သေသေကြလိမ့်-မ-မယ်. . မယ်. . ဂတ်ဂတ်-ထထင်. . တယ်-ဂတ်ဂတ်"

"အအေး. . ငငါ. . လလဲ. . ဂတ်ဂတ်. . ဂတ်ဂတ်ဂေ. . ဂတ်ဂတ် ဓါဓါ. . ဂတ်. . ဝဲ-ဝဲ. . ဂိုက်ဂိုက်"

"ဟာ. . ဂတ်ဂတ်-ဆဆ-ရာ-ရာ ဂတ်ဂတ်ပြောပြော. . ဂတ်ဂတ်တာတွေ ဂဂတ်-ကျကျနော်-ဂတ်ဂတ်. . ဘာမှ နနား မမလယ် . . ဂတ်ဘူး-ဂတ်ဂတ်"

ထိုအခိုက်တွင် သူကြီးနှင့်ရွာသားဆယ်ယောက်ခန့်တို့သည် တုတ်များ၊ ဓားရှည်းကိုင်ကာ တွင်းကြီးနားသို့ရောက်လာကြ၏။ ခြေသံများနှင့်စကားသံတွေကို ကြားရသောအခါ တွင်းထဲမှဆရာပွန်းတို့လူစုသည် အားတက်ကာ ကုန်းအော်ကြလေ၏။



"တကယ်-ဂဂတ်-ဂတ်တတော်. . ဂတ်ဂတ်"

သူတို့၏အော်သံကိုကြားသောအခါ ရွာသားတစ်ယောက်က အံ့သြသွားကာ သူကြီးကို ပြောလိုက်၏။

"သူကြီး. . ဟိုတွင်းထဲမှာ ဘဲတွေကျနေတယ်ထင်တယ်၊ တဂတ်ဂတ်နဲ့. . "

"ဟ. . လူသံပါကွ၊ ငါတို့လိုက်နေတဲ့သူခိုးတွေထင်တယ်၊ အသာနေ. . "

သူကြီးသည် တွင်းနားသို့မသွားဘဲ နွယ်ကြိုးရှည်ကြီးများကို အဝေးက လှမ်းပစ်ချပေးပြီး သူတို့ကမူ ခြုံများနောက်တွင် ပုန်းနေသည်။

နွယ်ကြိုး၏တစ်ဖက်စများကို သစ်ပင်တွင်ချည်ထားသဖြင့် ဆရာပွန်းနှင့်တပည့်နှစ်ယောက်မှာလွယ်ကူစွာပင် တွင်းပေါ်သို့ တက်ရောက်လာကြလေ၏။ သူတို့တစ်ကိုယ်လုံးမှာ ညစ်ပတ်ပေရေနေလေသည်။ ဆရာပွန်း၏ နဖူးတွင် သစ်ရွက်ပျော့ပျော့အဖပ်ကြီးသည် အပြားလိုက်ကပ်နေ၏။ ဂုတ်ပိုးတွင် မျှော့ကြီးတွယ်နေ၏။ တပည့်တစ်ယောက်၏ထိပ်ပေါ်တွင် ကြွက်သေကောင်လေးပါလာ၏။ အခြားတပည့်တစ်ယောက်၏ ယောင်ထုံးတွင် သရက်သီးပုပ်ကြီးပါလာလေသည်။

အပေါ်ရောက်သောအခါ သူတို့သည်လူတစ်ယောက်မှ မတွေ့သဖြင့် ဆရာပွန်းက တပည့်တွေကို လှည့်၍ကြွားလိုက်သည်။

"လက်စသတ်တော့ ငါ့အစောင့်တွေက လာကယ်တာကိုးကွ၊ ကဲ-သွားကြစို့"

ထိုအခိုက်တွင် သူကြီးနှင့်ရွာသားများထွက်ပေါ်လာ၍ သူတို့ကို

ဖမ်းဆီးထုထောင်းကြလေ၏။ ထိုအခါ တပည့်တစ်ယောက်က နာလွန်း၍ အော်ရှာသည်။

"ဆရာရေ-ဆရာ့အစောင့်တွေကိုပြောပါဦး၊ ချလှချည်လား ဆရာရေ့. . လုပ်ပါအုံးဗျို့၊ သေတော့မယ်. ."

"ဟဲ့ကောင်ရဲ့-ငါ့ကိုပါ ငါ့အစောင့်တွေက ချသကွာ၊ အီးအီး"

ထိုနောက်မှ သူကြီးက သေသေချာချာကြည့်လိုက်ကာ-

"ဟကောင်တွေ. . နေကြပါအုံးနေကြပါအုံး၊ ဒီလူတွေဟာ ဟို-အရှေ့ပိုင်းက ဘုန်းကြီးကျောင်းမှတည်းတဲ့ ဆရာဆိုတာမဟုတ်လား ဟဲ့"ဟုပြောလိုက်မှ ရွာသားများက ရပ်လိုက်လေသည်။

"ဟုတ်ပါတယ် သူကြီးရယ်. .၊ ကျုပ် ဆရာပါ"

"ဆရာကလည်း ပုပ်စော်နံလှချည်လား"

"အင်း သိုက်ကိုမနိုင်လို့ ခံလိုက်ရတာပါဗျာ"

"ကျွန်တော်တို့ သူခိုးလိုက်ဖမ်းနေကြတာပါ၊ ကဲ-လူမှားတာ သည်းခံပါဆရာရယ်၊ ကျွန်တော်တို့ သူခိုးဆက်လိုက် လိုက်အုံးမယ်"

ဆရာပွန်းနှင့် တပည့်များကား လွန်စွာမှရှက်သွားကြသည်ဖြစ်သောကြောင့် အရှေ့ပိုင်းဘုန်းကြီးကျောင်းတွင် ကျန်ရစ်ခဲ့သော ပစ္စည်းပစ္စယကလေးများကိုပင် မယူတော့ဘဲ ထိုတောထဲမှနေ၍ အခြားသောအရပ်ဒေသသို့ ထွက်သွားကြလေတော့သည်။ ဤတစ်သက်တွင်တော့ ဤရွာသို့သူတို့ပြန်မလာတော့ပါဟု အဓိဋ္ဌာန်ပြု သွားကြသည်ဆို၏။

ဒေါ်မှုန်သည် သရက်ကင်းကျေးရွာမှ ပြန်ရောက်လာသောအခါတွင်ကား အိမ်တွင် သမီးဖြစ်သူရွှေစာသည် တရှုံ့ရှုံ့နှင့်ငိုနေသည်ကို တွေ့ရသဖြင့် အထိတ်တလန့်ဖြစ်သွားရသည်။



"ဟဲ့. . သမီး ဘာဖြစ်တာလဲ"

"ကိုဖိုးပေါ့"

"မောင်ဖိုး ဘာဖြစ်သလဲ"

"ကျွန်မက သူအိပ်ပျော်နေတုန်း သူ့လက်မောင်းကနန်းကြိုး ...လေးကို ဖြတ်ပစ်လိုက်တယ်လေ၊ အီး. . အီး"

"ဟင်-ဟုတ်လား၊ ဖြတ်ပစ်လိုက်တော့ ဘာဖြစ်သလဲ"

"ဖြတ်ပစ်လိုက်တော့ ပြတ်သွားတာပေါ့ အမေရဲ့"

"တယ် ဒီကောင်မလေးဟာ. . မောင်ဖိုးကော ဘယ်မလဲ"

"သူ့သူငယ်ချင်း ကိုဖိုးထိန်ဆီ သွားလည်တာပေါ့"

"ငါ့ကို ရှင်းအောင် ပြောစမ်းပါဟဲ့"

"သူ အိပ်ရာကနိုးတော့ ကျွန်မက နန်းကြိုးလေးကို ဖြတ်ပစ်တာ ... သိရော၊ ဒီကြိုးဟာ ဘာကြိုးမှမဟုတ်ဖူး၊ ငါတမင်ပတ်ထားတာ၊ ...ကို စပ်စုတတ်တဲ့ ရောဂါကိုပျောက်အောင် ကုမလို့ တမင်လုပ် ...တာ. . တဲ့၊ ပြီးတော့ စပ်စုအုံးဟဲ့. . စပ်စုအုံးဟဲ့ ဆိုပြီးကျွန်မ ...နှိုက်ပြီး သွားလည်တော့တာပဲ. . အင်း. . အင်း"

ဒေါ်မှုန်သည် သမီးကိုကြည့်၍ မျက်ရည်များထွက်အောင်ပင် ...အော်၍ ရယ်လိုက်မိလေတော့သည်။

"ကောင်းသဟဲ့၊ ကောင်းသဟဲ့ စပ်စုချင်အုံး၊ စပ်စုတော့ ဘာဖြစ် ...လဲ. . လင်ထောင်းခံရတာပေါ့တော့. . လင်ထောင်းခံရတာပေါ့. . ... . ဟဲ. . ဟဲ. . ဟဲ. . အား. . ဟား. . ဟား"

❑



# ကြက်ဖလွှင်နှင့် ဗိုးဗီးကွက်

တရံရောအခါတွင် တောအုပ်ကြီးတစ်ခုထဲ၌ ကြက်ဖကြီး တစ်ကောင်နှင့် ကြက်မတစ်အုပ်တို့ နေထိုင်ကြလေသည်။

ယင်းကြက်ဖကြီးကား မွေးလာသောကလေးများသည် မိန်းကလေးများဖြစ်လျှင်. . "ဟဲ. . ဟဲ. . ဟဲ"နှင့် ကြည်ကြည်ဖြူဖြူထား သော်လည်း ယောကျ်ားကလေးများဖြစ်လျှင်ကား ရက်ရက်စက်စက် သတ်ပစ်တတ်၏။

သူ့တွင် ဇနီးသည်အများကြီးရှိသော်လည်း အချစ်ဆုံးဇနီးသည် ကား "ခင်ကတော်"ပင်ဖြစ်ပေ၏။ သို့သော် ထိုဇနီးသည်က အုသမျှ ကို့မှာလည်း အထီးကလေးတွေချည်းပေါက်လာကြရာ၊ ကြက်ဖကြီး ၏ သုတ်သင်ခြင်းကို ခံရသည်ချည်းဖြစ်လေသည်။

တစ်နေ့သောအခါတွင် ဒေါ်ခင်ကတော်က လင်တော်မောင်ကို "ရှင်ဟာ တော်တော်သဝန်ကြောင်လှတယ်တော်. . တော်"ဟု ပြောလိုက်၏။

အပြစ်တင်ခြင်းကို မခံလိုတတ်သော ကြက်ဖကြီးက ရှုံ့ရှုံ့ရဲ့ရဲ့ ဖြင်၍ မြေကြီးကို ဟိုယက်သည်ယက်နှင့်ပြုလုပ်လိုက်သည်။

"ငါက ဘာသဝန်ကြောင်လို့လဲကွ၊ ဟွတ်. . ဟွတ် ကတောက်"

"တခြားကလာတဲ့ကြက်ထီးဆိုလည်း လက်မခံ၊ ကိုယ့်အုပ်ထဲက ကြက်ထီးဆိုလည်းချမ်းသာမပေးနဲ့ ရှင် တော်တော့်ကို တော်တော် ဆိုးတယ်တော်တော်. . "

"ကတောက်-ဒါ ဘာဆိုင်သလဲကွ"

"တစ်တော တစ်ကြက်ဖပဲ တွန်ရမယ်ဆိုတဲ့ ကြက်မိရိုးဖလာ စည်းကမ်းရှိတယ်မဟုတ်လား. . ကတောက်. . . အောက်အီအီး အွတ်. . "

"ရှေးအစဉ်အလာဆိုပေမယ့်လည်း မကောင်းရင်တော့ ပြင်ရ မှာပေါ့တော့။ ရှင်လုပ်ပုံက ကြာရင်ကြက်မျိုးရိုးပြုတ်တော့မပေါ့။ လူမှာအမျိုး၊ကြက်မှာအရိုးဆိုတယ်မဟုတ်လား။ ကြက်များမှာလည်း မျိုးရိုးဆိုတာ အရေးကြီးတယ်။ ရှင်လိုတိုက်ရည်ခိုက်ရည်ကောင်းတဲ့ နောင်လာနောင်သားတွေ မျိုးပြုတ်ကုန်တော့မှာပေါ့ တော်. . တော် တော်. . "

"ကတောက်. . ဒါ ယောကျ်ားအလုပ်ကွ. . မင်းလာပြီး လျှာ မရှည်နဲ့. . အောက်အီအီးအွတ်. . ဟွတ်ဟွတ်"

"တော်ပါတော်. . တော်တော်. . ကတောက်"

"ဘာလဲ မင်းက ငါ့ကို ရန်လုပ်ချင်တယ်ပေါ့လေ။ ခြေထောက် ကအတက်နဲ့ခတ်လိုက်ရ ကျောကော့ ကော့. . ကော့-ကော့သွား မဟဲ့. . ဟွတ်ဟွတ်"

ဤသို့ဖြင့် ကြက်ဖကြီးနှင့် ဒေါ်ခင်ကတော်တို့ စကားများကြ လေရာ၊ ဒေါ်ခင်ကတော်မှာ စိတ်ဆိုးသဖြင့် အခြားတောအုပ်တစ် ခုရှိ ကြက်အုပ်သို့သွားရောက်နေထိုင်လေ၏။ သို့သော် ကြက်ဖကြီး



မှာ ဒေါ်ခင်ကတော်ကို များစွာချစ်ခင်သဖြင့် အချိန်ကြာမြင့်လာ သော် လွမ်းဆွတ်လှသည်ဖြစ်ရကား ကြက်မတစ်ကောင်ကိုလွှတ်၍ တောင်းပန်ပြန်ခေါ်သည်။

ဒေါ်ခင်ကတော်ကား ပြန်၍လာပါ၏။ သို့သော် သူ့တွင် ကိုယ် ဝန်အရင့်အမာပါ၍လာသည်။ သို့ဖြစ်လေရာ. . ဥကို အုရမည့်အ ရေးအတွက် ရတက်မအေးဖြစ်နေရ၏။ နေ့စဉ်ပင် အမကလေး ပေါက်လာပါစေဟု ဆုတောင်းရသည်။

သို့သော် သူ့ဆုတောင်းမှာမပြည့်ရှာပါ။ သူ့ဥမှာ တစ်လုံးတည်း ဖြစ်၍ ထိုဥမှ ပေါက်ဖွားလာသော ကြက်ကလေးမှာ ကြက်ထီးလေး ပင် ဖြစ်နေတော့သည်။ ထို့ကြောင့် ဒေါ်ခင်ကတော်သည် ကြက်ဖ ကြီးကို အသိမပေးဘဲ တောထဲတစ်နေရာရှိ သစ်ပင်ကြီးတစ်ပင်၏ နက်လှသော ပင်စည်အခေါင်းကြီးထဲတွင်ထားလေသည်။ ထိုခေါင်း ၏ အပေါက်ဝမှာ သစ်ကိုင်းကြီးနှစ်ခုခွနေသောနေရာဖြစ်၍ ဘေး ကင်း၏။ ထို့နောက် သူသည် စပါးစေ့များ၊ ကျောက်ခဲလေးများ ပသည့် ကြက်အစာများကို သယ်ယူလာ၍ သစ်ခေါင်းထဲတွင် ထား ပေး၏။ ကြက်ကလေးမှာ အနည်းငယ်ကြီးပြင်းလာသောအခါ ည ဘက်တွင်မှ သစ်ခေါင်းမှထွက်ကာ သစ်ပင်ပေါ် စမ်းစမ်း စမ်းစမ်း နှင့် လမ်းလျှောက်ရ၏။

ဒေါ်ခင်ကတော်မှာမူ ခပ်ဝေးဝေးက သစ်ပင်တွင် ကြက်ဖကြီး နှင်[illegible]ဘူအိပ်ရသည်ဖြစ်သောကြောင့် ကြက်ကလေးကို အကျိုးအ ကြောင်းဥသံ့ပြောပြထား၏။ ကြက်ကလေးမှာ မိခင်၏စကားကို [illegible]ထောင်ပြီး ပထွေးရန်မှလွတ်စေရန်နေ့ဘက်တွင် အပြင်သို့လုံး [illegible]မထွက်ချေ။ သို့သော်လည်း အရွယ်ကလေး တော်တော်ကြီးသော

အခါ ဘယ်လိုပင် အောင့်အည်း၍နေပါသော်လည်း မအောင့်နိုင်တော့သဖြင့် နေ့ဘက်တွင်ပင် တောအုပ်ထဲသို့ လှည့်လည်သွားလာရင်း အစာရှာဖွေစားသောက်လေသည်။

သို့ဖြစ်လေရာ တစ်နေရာသို့ရောက်သောအခါ ပထွေးဖြစ်သူ ကြက်ဖကြီးနှင့်သွားတွေ့လေတော့၏။

ကြက်ဖကြီးမှာ ကြက်ထီးလေးကိုမြင်သည်နှင့်တစ်ပြိုင်နက် ဒေါသတွေ ထွက်လာလေတော့၏။

"အောက် အီးအီး. . အွတ်. . အွတ်. . ဘယ်ကောင် ဗိုလ်လဲကွ- ဟွတ်. . ဟွတ်"

ကြက်ဖကလေးက ရင်ထဲတွင်ဖိုသွားပြီး "အကျိုးနည်းပါပ တော-တော"ဟု အော်၍ပြေးသည်။ သို့သော် ကြက်ဖကြီးသည် ခြေလှမ်းကျဲကြီးများနှင့်ပြေးလိုက်လာပြီး အမောက်ကိုဆိတ်သည်။ ခြေထောက်မှအတက်ဖြင့် မျက်နှာကို ခုတ်သည်။ ကြက်ဖကလေးခမျာ သွေးရဲရဲ သံရဲရဲဖြင့်အလူးအလိှမ့်ခံနေရရှာတော့၏။

"ကော့-ကော့ကော့နေပါပြီ ခင်ဗျ၊ ကြောက် အောက်အောက် ကြောက်ပါသဗျ၊ အစ်. . အစ်. . အစ်. . အဟွတ်ဟွတ်-လွှတ်လွှတ် လွှတ်-ပါတော့ဗျာ"

ထိုခဏတွင် ဒေါ်ခင်ကတော်မှာ ပြေး၍လာပြီး ကြက်ဖကြီးရှေ့မှရပ်၍ ကန့်လန့်ကန့်လန့်လုပ်ရာ ကြက်ဖကြီးမျက်ခြေပြတ်သွားပြီး ကြက်ကလေးမှာ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

ကြက်ဖကြီးကား အသေမသတ်ရသဖြင့် ဒေါသထွက်ကုန်၏။

"ခင် ကတော်-ကတောက်-တောက်. . မင်းကြောင့် ရန်သူ လွတ်သွားပြီ"



"တော်. . တော်ဘာဖြစ်နေတာလဲတော့၊ ခုနကဟာ ကြက်ထီး ...တ်ဘူးရှင့်- ကြက်မကအထီးစိတ်ပေါက်နေတဲ့ ကြက်ယောကျ်ား ...ကြီးတော့. . ရယ်စရာကောင်းလိုက်တာတော့တော့ ဟော့ .... . ကတော့. . တော့ -တော့. ."

"မင်း ငါ့ကို ဘာလာညာနေတာလဲကွ၊ ကြက်ထီးမှ ကြက်ထီး ...စ်၊ သူ့ခေါင်းမှာ အမောက်ကြီးနဲ့ပဲ"

ဒေါ်ခင်ကတော်သည် ကြက်ဖကြီးကို ကိုယ်လုံးဖြင့်တိုးလိုက်၍ ...လိုက်ပြီးမှ . . .

"ဟော်. . ဟော်. . ဟော်. . ရယ်စရာပါလား၊ အဲဒါဟာ ဒီကြက် ... ထင်းခုတ်လာတဲ့လူတွေ ပစ်ထားခဲ့တဲ့ ဟင်းကျန်တွေကို သွား ... ကောက်စားတာတော့-တော့. . ."

"ဒါနဲ့ ခေါင်းပေါ်ကအမောက်နဲ့ ဘာဆိုင်သလဲကွ-ကတောက်"

"အော်-ဟော်ဟော်. . တော်ကလည်း တော်တော်. . တော် ...ားမှတ်တယ်၊ ညံ့သေးတာကိုး. . ထမင်းလုံးတွေရှောက်ကောက် ...တော့ ဟင်းထဲကငြုပ်သီးဖတ်ကြီးက သူ့ထိပ်မှာကပ်နေတာ ...တော့. . တော့"

ကြက်ဖကြီး ဇဝေဇဝါဖြစ်သွားသည်။

"ဟေ. . အစ်အစ်၊ ဟုတ်သေးဘူးထင်တယ်၊ ငါဆိတ်တော့ အမောက်က ပြုတ်ထွက်မလာဘူးကွ"

"အော်-ဟော်ဟော် လူတွေစားတဲ့ဟင်းထဲမှာ ကော်ရည်လိုကပ် ... ကပ်စေးနဲ့ဟာတွေ အများကြီးပါတတ်တယ်တော့. . ဟော့- ...တော့-ဒါတွေနဲ့ ကပ်ပြီးနေတာဖြစ်မှာပါ၊ ငြုပ်သီးဆိုတာ စပ်တယ်၊ ...တော့ ပါးစပ်ထဲမှာ စပ်ရှိန်းရှိန်းကလေး ဖြစ်မနေဘူးလား"

ကြက်ဖကြီးသည် လျှာကလေးကို တစ်ချက်နှစ်ချက် ပြူတစ်
တစ် လုပ်လိုက်ပြီးသော် . .

"အေး-အေး. . ကတောက်-ပူသလိုလိုတော့ အရှိသား၊ အော
အစ်အစ်အွတ်. . ဟွတ်. . ဟွတ်-ဟွတ်"

ဟု ကြက်ဖကြီးသည် ပြောရင်းက တစ်ဖန်သံသယတွေဝင်လာ
ပြန်လေ၏။

"ဟ. . သူ့ခြေထောက်မှာလည်း အတက်က ငါတို့လိုမျိုးဟ"

"အော်-တော့နှယ်. ခက်နေပါပြီကော၊ လူတွေဟာ ကျုပ်တို့လို
မာမာကျောကျော အစေ့အဆံတွေချည်း စားတာမဟုတ်ဘူး။ လူဆို
တာ ပါးစပ်စည်းကမ်းရှိတဲ့ သတ္တဝါမျိုးမဟုတ်ဖူးတော့၊ မာမာဆို
လည်း လာခဲ့ ဒီပါးစပ်ထဲကို၊ ပျော့ပျော့ဆိုလည်း လာခဲ့ ဒီပါးစပ်ထဲ
ကို၊ ပျဉ်းတွဲတွဲကြီးဆိုလည်း မျိုချတာပဲ၊ ကပ်စေးကပ်စေးနဲ့လည်း
မျိုချတာပဲ၊ အရည်လည်းမနေရ၊ အဖတ်လည်းမနေရ အကုန်စား
တယ်တော့။ ဒီတော့ သူတို့ထမင်းကျန်ဟင်းကျန်တွေထဲမှာ တို့စရာ
ခေါ်တဲ့ တုတ်ချောင်းတွေရော၊ စောစောကကျုပ်ပြောတဲ့ စေးပျော့
ပျော့တွေရော အစုံပါတယ်။ အခုနက ကြက်မက ဘာတွေ တက်
နင်းလာမိသလဲမှသမိတာ၊ ခြေသလုံးမှာ ကပ်ချင်တာတွေ ကပ်လာ
မှာပေါ့"

"အေးလေ-ဟုတ်ပါလိမ့်မယ်၊ နောက်တစ်ခါတွေ့ရင် ငါမြည်း
ကြည့်လိုက်အုံးမယ်"

"အောင်မယ်. . အရမ်းတွေသွားမလုပ်နဲ့တော့ လူတွေစားတဲ့
မဆလာတို့၊ ငြုပ်သီးတို့ဆိုတာ တစ်ကိုယ်လုံးပူတယ်ဆိုပဲတော့. .
ကတော့-တော့"



ဤသို့ဖြင့် ဒေါ်ခင်ကတော်သည် ကြက်ဖကြီးကို ဖြောင်းဖျရာ၌
အောင်မြင်သွား၏။ သို့သော် လစ်သည်နှင့်တစ်ပြိုင်နက် သားရှိရာ
သစ်ခေါင်းသို့ပြေးလာခဲ့သည်။

"သား-သား-သိပ်နာသွားသလား၊ သားက မေမေ့စကားမှ
းမထောင်ဘဲကိုး၊ သားက ငယ်သေးတယ် အားချင်းမတူသေးဘူး၊
ကြီးအောင်စောင့်အုံး"

"တော်တော်တော့ ကြောက်ပါပြီမေမေ၊ နောက်ကို မေမေ့
စကားကို နားထောင်ပါ့မယ်"

သို့သော် သူ့ခမျာ အစာရေစာ ဝဝလင်လင်စားရရှာသည်
မဟုတ်သောကြောင့် ဖွံ့ဖြိုးထွားကျိုင်းမှုမှာ လေးကန်နေပါသည်။

တစ်နေ့ နေ့လယ်ဘက်တွင် ကြက်ဖလေးသည် သစ်ခေါင်းထဲ
တွင် ရှိနေ၏။ ထိုအခိုက်တောထဲတွင် ဆေးမြစ်လာရှာသောလူနှစ်
ယောက်သည် ထိုသစ်ပင်ကြီးအောက်၌ လာထိုင်ကာ ထမင်းထုပ်
များကို ဖြည်၍စားကြမည်ပြုသည်။

"မင်း ထမင်းထုပ်ထဲမှာ ဘာဟင်းလဲကွ"

တစ်ယောက်က မေးလိုက်သည်။

"ကန်စွန်းရွက် ချဉ်ရေပေါ့ကွာ"

"ငါ့မှာကလည်း ငပိတ်ဖုတ်ပဲ၊ တို့များတော့ ဘယ်တော့မှ ချမ်း
သာမလဲမသိဘူးကွာ၊ ခုနေ ကြက်သားဟင်းလေးနဲ့ လွေးလိုက်ရရင်
ဘယ်လောက်ကောင်းလိုက်မလဲ"

လူသံတွေကြားသဖြင့် သစ်ခေါင်းထဲမှာ ကြက်ဖလေးသည် လှုပ်
လှုပ်ရွရွဖြစ်လာလေသည်။

"ကော့. . ကော့. . ကောက်-ကတောက်"

လူနှစ်ယောက်မှာ မျက်လုံးပြူးသွားကြလေ၏။

"ဟော့ကောင် ငါက ကြောက်တတ်တယ်ကွ၊ ဒီလို မနှောက်ပါနဲ့ကွ"

"ဟ. . ငါက ဘာနှောက်လို့လဲ"

"ငါက ကြက်သားဟင်းစားချင်တယ်ဆိုတော့ မင်းက ကြက်လိုအော်ရသလား"

"ဟေ. . အဲဒါ မင်းအော်တာမဟုတ်ဖူးလား"

"ငါက အော်ရအောင် စစ်တကောင်းလည်း မဟုတ်. . တညင်လည်းမဟုတ်"

နှစ်ယောက်သားပြန်ငြိမ်သွားကြပြီး ထမင်းစားကြရန် ပြင်ကြ၏။

"ကော့-ကော့. . ကောက်. . ကောက်. . ကတောက်"

တစ်ယောက်က မျက်လုံးပြူးကြီးနှင့် ပြောတော့သည်။

"ဘယ်လိုလဲကွ- မင်းပါးစပ်က ငြိမ်ငြိမ်မနေနိုင်ဘူးလား"

"ပါးစပ်ငြိမ်နေရင် ဘယ်လိုလုပ်ထမင်းစားမလဲကွ၊ မင်းပဲ နှုတ်ခမ်းကြီးစေ့ပြီး ထမင်းလုပ်ကို အတင်းသွတ်ကြည့်ပါဦး"

"ထမင်းစားတာတော့ စားပေါ့၊ ခုတော့ မင်းက ဘယ်တုန်းက ဥထဲကပေါက်လာတာမို့ ကတော်နေရတာလည်း"

"ဘာလဲကွ၊ ငါ ဘာမှမလုပ်ဖူး၊ မင်းဘာသာမင်းဘဲ ဥပေါက်နေ"

နှစ်ယောက်သားသည် ဒေါနှင့်မောနှင့် ထမင်းလုပ်ကိုသာ ပါးစပ်ထဲသို့ အတင်းသွတ်နေကြတော့သည်။

"ကော-ဧကာက်. . ကော့. . ကော့"

ဤတချီတွင်တော့ နှစ်ယောက်စလုံးကြားကြရ၏။ တစ်ယောက်



မျက်နှာကို တစ်ယောက်ကြည့်ကြသည်။ ပြီးတော့ လက်ထဲကထမင်းသပ်ကလေးတွေကိုချထားကာ ဆောင့်ကြောင့်ကလေးထိုင်၍ သစ်ပင်ကြီးကိုလက်အုပ်ချီကန်တော့ကြသည်။

"အရှင်ကြီးများခင်ဗျာ- အမှားအယွင်းရှိရင် သည်းခံတော်မူပါ"

သစ်ခေါင်းထဲက ကြက်ဖကလေးသည် လူစင်စစ်နှစ်ယောက်ကသူ့ကို ရှိသေစွာ ထိုင်ကန်တော့နေသည်ကိုလည်း မသိရှာပါ။ သတ္တဝါအထူးဆန်းဖြစ်သော လူတို့၏အသံကိုကြား၍ သူကလည်း အသံပြုနေခြင်းဖြစ်၏။

"ကော့-ကော့. . . ကတောက်၊ ကတောက်"

"အောင်မယ်လေးဗျ"

နှစ်ယောက်သာပြိုင်တူအော်လိုက်ကြ၏။ တစ်ယောက်မှာ အူသားဖားယား ထပြေးသွားပြီး သုံးလံကွာလောက်ရောက်သောအခါသူ့အဖော်ပါမလာသည်ကို သတိပြုမိသောကြောင့် ပြန်လှည့်ကြည့်သည်။

သူ့အဖော်မှာကား သစ်ပင်ရင်းတွင် ဖင်ထူးတောင်းကြီးထောင်ကာ ရှိနေ၏။ ထို့ကြောင့် ပထမလူမှာ ပြန်ပြေးလာရပြန်ပြီး အဖော်ကို ခါးကနေဆွဲ၍ထူသည်။

"ဟဲ့-ပလုတ်တုပ်နဲ့ ပိန်းကောမ အမယ်လေး. . တော် မူကယ်ကြပါ. . တော်မူကယ်ကြပါ"

ကြောက်လှသဖြင့် စကားတွေမှားယွင်းကုန်သည်။

"တယ်-ဒီကောင်ဟာ ကြောက်ရင်လည်း မြန်မြန်ထကွာ၊ ပြေးကြမယ်"

နှစ်ယောက်သား မတ်တပ်ရပ်လိုက်ကြ၏။ အသံများတိတ်သွား

လေပြီလားဟုမပြေးသေးဘဲ နားစွင့်ကြည့်ကြသေးသည်။

"ကော့. . ကော့. . ကတောက်-တောက်"

တစ်ကြိုးထဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးကြလေကုန်တော့၏။ ထိုသို့ မစူးစမ်းမဆင်ခြင်ဘဲ ရမ်း၍ကြောက်သော လူနှစ်ယောက် ပြေးသွားသောအခါတွင် ကြက်ဖလေးသည် သစ်ခေါင်းထဲမှ ထွက်လာပြီး သူတို့ထံမှကျန်ရစ်ခဲ့သော ထမင်းလုံးများကိုကောက်၍ စားရလေသည်။

သို့သော် သူ့ခမျာမှာ မိခင်၏သတိပေးမှုကြောင့် အပြင်တွင်ကြာကြာမနေဝံ့ရှာပါ။ ထမင်းလုံးများကို ဝအောင်စားပြီးသော် သစ်ခေါင်းထဲသို့ပြန်ဝင်၍ နေရရှာတော့သည်။

ထိုခဏတွင်ဇီးကွက်ကြီးတစ်ကောင်သည် ကျီးများလိုက်လံထိုးဆိတ်သည်ဖြစ်သောကြောင့် မမြင်မစမ်းနှင့် ဟိုပြေးသည်ပြေး ပြေးလာလေရာ သစ်ပင်ခွကြားသို့ရောက်လာလေသည်။ တောကျီးကန်းများကား ဇီးကွက်ကြီးကို သဲသဲမဲမဲ ဝိုင်းဝန်းထိုးဆိတ်ကြ၏။ သို့သော် ဇီးကွက်များမှာ နေ့ဘက်တွင် မျက်စိကောင်းစွာ မမြင်နိုင်ကြသည်ဖြစ်သောကြောင့် ငုံ့ခံနေရရှာသည်။

ထိုအဖြစ်အပျက်ကို သစ်ခေါင်းထဲမှာ ကြက်ဖကလေးက မော့ကြည့်၍ တွေ့ရသောအခါ. .

"ဗျို့-အပေါ်ကဆရာကြီး၊ ဒီအထဲကို ခုန်ချလိုက်ပါလားဗျ"ဟု အော်လိုက်သည်။ ဇီးကွက်ကြီးလည်း အတွင်းသို့ ခုန်ချလိုက်သဖြင့် ကျီးများ၏ဘေးရန်မှ ကင်ဝေးသွားရလေတော့၏။

သစ်ခေါင်း၏အတွင်းတွင် မည်းမှောင်နေသောကြောင့် ဇီးကွက်ကြီးသည် ကြက်ဖလေးကို ကောင်းစွာမြင်ရလေသည်။



"အောင်မယ်. . ကြက်ဖလေးပါလား၊ ကြဲ့ကြဲ့ဖန်ဖန်ကွာ၊ ကြက်

သစ်ခေါင်းထဲမှာ ဘာလာလုပ်နေရတာလဲ"

"အော်. . ခင်ဗျားကျွန်တော့်ကို မြင်တယ်နော်"

"ဟ-ဒါလောက်မှောင်နေတဲ့ဥစ္စာ မြင်ရောပေါ့ကွ၊ မင်းကတော့

လောက်မှောင်နေတာတောင် ငါ့ကို မမြင်ဖူးလား"

"အပေါ်မှာတုန်းကတော့ မြင်တယ်၊ ဒီအထဲကျတော့ မမြင်

ဘူး. . "

"အင်း. . မင့်မျက်စိလည်း ဆေးကုဖို့လိုတယ်ထင်တယ်၊ ပြောင်း

ဖြစ်နေတယ်၊ မှောင်ရင်မမြင်ဖူးဆိုပဲ။ တော်တော်ရယ်စရာ

ကောင်းတယ် ဟားဟားဟား"

"ဘာလဲဗျ၊ ခင်ဗျားကသာ ရယ်စရာကောင်းတာ၊ လင်းလင်း

ချင်းမှာမမြင်ဖူးတဲ့. . ပြီးတော့လည်း သူ့မျက်လုံးကြီးက ပြူးနေ

တယ်၊ ကဲ-ဒါတွေထားပါတော့ဗျာ. . ခင်ဗျားနာမည်က ဘာ

သလဲ"

"ငါ့နာမည်က ဖိုးဇီးကွက်လို့ခေါ်တယ်၊ မင်းနာမည်ကော"

ကြက်ဖလေးသည် တွေ၍သွားလေတော့သည်။

"ကျွန်တော့်ကို ကျွန်တော့်မေမေက နာမည်ပေးမထားသေးဘူး

သေမှာစိုးတယ်ထင်တယ်"

"ဟေ-အဆန်းပါလား၊ မင်းတို့ ကြက်တွေက နာမည်ပေးလိုက်

ဘစ်ချီတည်း ဆန့်ငင်ဆန့်ငင်ဖြစ်သွားရောလား"

"မဟုတ်ပါဘူးလေ၊ ကျွန်တော့်ပထွေးက ဒီတောမှာ သူကလွဲ

ကြက်ထီးမရှိရဘူးတဲ့၊ တွေ့ရင် အတင်းတိုက်ခိုက်သတ်ဖြတ်

ဘာပဲ၊ ဒါကြောင့် ကျွန်တော် ပုန်းလျှိုးကွယ်လျှိုး နေနေရတာ

ပါ။ ဒီတော့လည်း မေမေက နာမည်တွေ ဘာတွေပေးမထားနိုင်သေးဘူးပေါ့"

"ဟာ-ဖြစ်မှဖြစ်ရလေကွာ. .၊ သနားစရာပါပဲလား။ကဲပါလေ. မင်းက ပျိုရွယ်နုလွင်တဲ့ကြက်ဖကလေးဆိုတော့ ငါက ကြက်ဖလွင်လို့ခေါ်မယ်၊ ကြိုက်ပြီလား"

"ကောင်းပါပြီ၊ ခင်ဗျားက အသက်ကြီးတော့ ကျွန်တော်က ဖိုးဇီးကွက်လို့ ခေါ်ပါ့မယ် ကြိုက်သလား"

ဖိုးဇီးကွက်သည် ခေါင်းကြီးစောင်း၍ စဉ်းစားလိုက်၏။

"ဖိုးဇီးကွက်ဆိုတော့ နာမည်ကြီးက ရင့်ထော်သလားတော့ မှတ်ရတယ်၊ ငါ့ရုပ်နဲ့လိုက်ပါ့မလား၊ ငါက လှလှပပ၊ မျက်လုံးပြူးပြူးကလေး၊နှာတံပေါ်လေး- အေးလေ. . ရှိပါစေတော့၊ ဇီးကွက်မတွေက နာမည်ကိုမြင်တာမှမဟုတ်ဘဲ၊ ရုပ်ကိုပဲမြင်တာ၊ ရုပ်လှရင်ပြီးတာပေါ့။ ဒါပေမယ့် ငါ့ကိုခေါ်ရင် နေ့ဘက်မှာခေါ်၊ ညကို မခေါ်နဲ့သိလား"

"ဘာဖြစ်လို့တုန်းဗျ"

"မတော်-ငါ့နာမည်ခေါ်သံကိုဇီးကွက်မတွေ မြင်သွားမှာစိုးလို့"

"ကြံကြံဖန်ဖန်ဗျာ. . အသံကို မြင်ရတယ်လို့ မကြားဖူးပါဘူး"

"ဟာ. . အေး. . ငါလည်း မကြားဖူးပါဘူး။ နက်နက်နဲနဲတွေးဖန်များတော့ စိတ်ကူးတွေ မျက်စိလည်ကုန်တော့တာကိုး၊ ကဲ. . ဒါတွေထားပါတော့၊ မင်းကြည့်ရတာ ပိန်တယ်"

"ကြည့်ရတာ မှန်တယ်၊ ပြတ်သားတယ်။ ဒီလိုပဲရှိရမှာပေါ. . ဘယ့်နှယ် ကြည့်ရတာပိန်တယ်လို့။ စိတ်ကူးမျက်စိလည်ပြန်ပြီထင်တယ်"



"ဟ. ဒီတစ်ခါတော့ ငါ့စိတ်ကူးမျက်စိမလည်ဘူး၊ စင်းခနဲ-စင်းခနဲပဲ။ မင်းနားပေါက် မျက်စိလည်တာကွ။ မင်းတို့လိုနားရွက်မပါတဲ့ကောင်တွေဟာ. . တော်တော်လည်း နားကင်းမပါးသေးတာပဲ။ မင်းကို ငါကြည့်တော့ မင်းပိန်နေတာတွေ့ရတယ်-ဒါကိုပြောတာကွ၊ နားအပ်ပေါက်လောက်နဲ့ကောင်လေးရဲ့"

"အော်. . ဒါက ကျွန်တော် ပြောထားပြီပဲ၊ ပုန်းလျှိုးကွယ်လျှိုးလုပ်နေရတော့ အစာရေစာ မဝဖူးပေါ့ဗျာ"

"ကောင်းပြီ . . ငါ့တာဝန်ထားလိုက်"

ထို့နောက် ဇီးကွက်ကြီးက ညဥ့်ဘက်တွင် စပါးနှံများ စသည့် ကြက်ဖလွင်လေးစားတတ်သည့် အစာများကို သယ်ဆောင်လာပေး၏။ သို့ဖြစ်၍ ကြက်ဖလွင်လေးမှာ အစာရေစာ ဝဝလင်လင်စားသောက်ရတော့သည်။

ဤသို့ဖြင့် ကြက်ဖလေးမှာ လူပျိုပေါက်အရွယ် ဖြစ်လာလေတော့သည်။

တစ်ညသောအခါတွင် သန်းကောင်ယံသို့ရောက်လာသည်တွင် မလှမ်းမကမ်း သစ်ပင်ပေါ်တွင်အိပ်နေသော ကြက်ဖကြီးသည် ရုတ်တရက်ထ၍တောင်ပံများကို တဖျတ်ဖျတ်ရိုက်ခတ်လိုက်ပြီးလျှင်

"အောက်အစ်အီး. . . အွတ်၊ ဘယ်သူ့ဗိုလ်လဲ ဟွတ်. . ဟွတ်"

ဟူ၍ ကြွေးကြော်လိုက်လေ၏။

ထိုသို့ကြွေးကြော်သံကို ကြားရသောအခါတွင် ကြက်ဖလွင်ကလေးမှာ ခါတိုင်းနှင့်မတူဘဲ ဝမ်းထဲမှာ ကလိကလိနှင့်ဖြစ်လာကာ သူကလည်း အားကျမခံ သစ်ကိုင်းတစ်ခုပေါ်တက်၍ တောင်ပံများကို တဖျတ်ဖျတ်ခတ်လိုက်ပြီး ပြန်လည်ကြွေးကြော်လိုက်လေ၏။

"အောက်အစ်အီး. . အွတ်၊ ဗိုလ်တကာ့ခေါင်းမိုး ထွတ်-ဟွတ်ဟွတ်"

ကြက်ဖကြီးသည် မမျှော်လင့်ဘဲ မိမိနေလျက်ရှိသည့်တောအုပ်အတွင်းမှ တစ်ဦးသောကြက်ဖ၏အသံကို ကြားရသောအခါ အံ့ဩလည်းအံ့ဩ၏။ ဒေါသလည်းထွက်၏။

ဖိုးဇီးကွက်သည် ကြက်ဖလွှင်လေးကို ပစ်ကြိမ်းသည်။

"ဟေ့ကောင်-လူမိုက်၊ မင်း-ဒါဘာလုပ်တာလဲ"

"တွန်တာလေဗျာ. ."

"ဩ တွန်တာကိုး၊ မသိပါဘူးကွာ. . ငါက ကယ်ပါယူပါ အော်သလားလို့၊ မင်းတော်တော်မိုက်တယ်။ မင်းဟာ အားမပြည့်သေးဘူး၊ သူ့ကိုပြိုင်နိုင်အုံးမှာမဟုတ်ဘူးကွ၊ အချိန်စောင့်ပါအုံးလို့ ငါပြောထားတာကို ဘာကြောင့် နားမထောင်တာလဲ"

"သူက တွန်တာကိုးဗျ၊ သူတွန်ရင် ကျွန်တော်မနေနိုင်တော့ဘူး၊ ဝမ်းထဲက ကျလိ ကျလိနဲ့ဖြစ်လာတယ်"

"အဲဒါ. . မင်းအစားမှားလို့ ဝမ်းရစ်တာဖြစ်ပါလိမ့်မယ်"

"ဟာ. . မဟုတ်ပါဘူးဗျာ၊ ဒါ ကြက်တွေရဲ့အစဉ်အလာ ဇာတိစိတ်နဲ့တူပါတယ်"

"အောင်မယ်. . ကြီးကျယ်လိုက်တဲ့ကြက်နှယ်နော်၊ ဘာဖြစ်ဖြစ် ခုနေခါမှာ မင်းတွန်ရင် မင်းအမှားပဲ၊ မင်းရှိမှန်းသူသိသွားရင် မနက်လင်းတော့ လာရှာပြီး တိုက်ခိုက်လိမ့်မယ်။ မင်းအင်အားက သူ့ကို မနိုင်နိုင်သေးဘူးကွ"

ကြက်ဖကြီး၏သေးနားက ဒေါ်ခင်ကတော်မှာ တစ်နေ့ရာမှ တွန်သံသည် သူ့သားလေး၏ တွန်သံမှန်းရိပ်မိသဖြင့် စိတ်ပူသွားမိ



လေသည်။

"ကတောက်. . တောက်. . တောက်"

ကြက်ဖကြီး ဒေါပွနေမှန်းသိ၍ ဒေါ်ခင်ကတော်က 'ဘာဖြစ်နေတာလဲမောင်ရယ်. . ဘာဖြစ်လို့များ တယောက်တည်း ဒေါသထွက်နေရတာလဲ"ဟု မေးလိုက်သည်။

"မင်းမကြားဖူးလား"

"စောစောက ရှင်တွန်တဲ့အသံလား. . ကြားသားပဲ"

"ဘယ်က ဟုတ်ရမှာလဲကွ၊ ဟိုတစ်ဖက်က ပြန်တွန်သံကိုပြောတာ"

ဤတွင် ဒေါ်ခင်ကတော်က အံ့ဩဟန်ပြုလိုက်လေသည်။

"အယ်နှယ်. . တစ်ဖက်က ပြန်တွန်တယ်၊ ဟားဟား. . ဘယ်ကဟုတ်ရမှာလဲ၊ အဲဒါပဲ့တင်သံပြန်ရိုက်လာတဲ့ ရှင့်အသံပဲရှင့်၊ ရှင်ကလည်းတော်. . ကတော်. . ကတော်"

"အောင်မယ်. . မင်းဘာနားလည်လို့လဲ၊ ပဲ့တင်သံဆိုရင် ညတိုင်း ငါတွန်တဲ့အခါ ပြန်ရိုက်လာရမှာပေါ့"

"အော်. . ကတော် ဒီည နှင်းထူထပ်လို့ဖြစ်မှာပါ"

နှင်းထူထပ်ခြင်းနှင့်ပဲ့တင်ရိုက်သံ ဘာမျှမဆိုင်သော်လည်း ဒေါ်ခင်ကတော်က ကြက်ဖကြီးယုံကြည်အောင် လှည့်ပတ်ပြောခြင်းဖြစ်၏။ သို့သော် ကြက်ဖကြီးကား ကျေနပ်ခြင်းလုံးဝမရှိချေ။

"ကဲကွာ၊ ကတောက်. . တောက်၊ဒီတစ်ခါ ငါတွန်ကြည့်မယ်"

ဒေါ်ခင်ကတော်၏ရင်ထဲတွင် ဖိုသွားတော့သည်။ သားဖြစ်သူကို ပြေး၍ ပိတ်ပင်ရမှာလည်း မဖြစ်နိုင်။ အနားတွင် လင်တော်မောင်ရှိနေ၏။ ထို့ပြင် ညဘက်တွင် လမ်းသွားတတ်မည်မဟုတ်။

ထို့ကြောင့် မကြုံတတ်သဖြင့် မျက်ရည်များပင် ဝိုင်းလာပြီး သူ့ကုသိုလ်ပဲလေ. . ဟု ရင်ထဲက စိတ်မကောင်းဖြစ်နေရတော့သည်။

ကြက်ဖကြီးသည် ရင်ကိုကော့၍ တောင်ပံများကို ပြင်းစွာနှက်လိုက်၍ တော်တော်လေးဝေးအောင် ကြားနိုင်အောင် ကျယ်လောင်စွာ တွန်ကျူးလိုက်လေတော့သည်။

"အောက်. . အစ်အီး. . အွတ်၊ ဘယ်သူ့ဗိုလ်လည်း ဟွတ်ဟွတ်"

ဖိုးဇီးကွက်သည် မျက်လုံးကြီးများပြူး၍ အနားကကြက်ဖလွှင်ကလေးကို ချာခနဲလှည့်ကြည့်လိုက်၏။

ကြက်ဖလွှင်ကလေးကလည်း ဝမ်းထဲမှာ ကလိကလိဖြစ်လာမြန်တာ ရင်ကော့၍ တောင်ပံကို တဖျတ်ဖျတ်နှက်လိုက်သည်။ ပြီးတော့ အားရပါးရ တွန်ကြွေးလိုက်၏။ သို့သော် တစ်ပြိုင်နက်တည်းတွင်ပင် ဖိုးဇီးကွက်ကြီးကလည်း ပြိုင်တူပင်ကျယ်လောင်စွာ တစ်ကြွေးလိုက်ရာ သူတို့အသံနှစ်ခုမှာ ရောပြွမ်း၍ထွက်ပေါ်လာတော့သည်။

"အောက်အစ် ဇီး. . အီး. . အွတ်ကွတ်၊ဗိုလ်ဇီး တကော့ကွက်-ခေါင်မိုးဇီး ထွတ်ကွက်. . ကော့-ကတောက် ဇီးကွက်-ဇီးကွက်-ဇီးကွတ်-ဇီးကွက်"

ကြက်ဖလွှင်ကလေးတွန်၍ တစ်ဝက်တစ်ပျက်အရောက်တွင် ဖိုးဇီးကွက်သည် ခြေတစ်ဖက်ဖြင့် ကြက်ဖလေးကို ကန်ချလိုက်ပြီး သုကချည်း ဆက်တိုက်အော်ဟစ်လိုက်တော့၏။ ကြက်ဖလွှင်ကလေးမှာလည်း အမှတ်တမဲ့ဖြစ်သဖြင့် သစ်ခေါင်းထဲသို့ ဂျွမ်းပျံကျသွားတော့သည်။ ထိုအခါ ဖိုးဇီးကွက်သည်တောင်ပံကြီးများဖြန့်၍ သစ်ခေါင်းဝကို ပိတ်ဆို့ထားလိုက်တော့၏။



ဒေါ်ခင်ကတော်မှာ ရုတ်တရက်ပျော်ရွှင်သွားမိသည်။ သို့သော် ကြက်ဖကြီးကား မျက်မှောင်ကုပ်သွား၏။

"ဟ. . ဘယ်နှာတွေလဲကွ၊ ဒီကြက်စကားက ငါလဲ နားမလည်ပါလားကွ။ ဥဒါန်းကျူးနေသလိုလို၊ ဇီးပြားရောင်းနေသလိုလို၊ကြာခွက်ရောင်းနေသလိုလိုနဲ့. . တကယ်ဆိုပြန်တော့လည်း ငါတစ်လုံးမှ နားမလည်ဘူး"

ဒေါ်ခင်ကတော်ကမူ ဘာမျှပြန်မပြောဘဲ ငြိမ်နေလိုက်၏။

"ကိုင်း-နောက်ဆုံးတစ်ချီ ထပ်ပြီး စိန်ခေါ်လိုက်ဖုံးမကွာ၊ လာလေ့. . အောက်-အစ်အီး. . အွတ်၊ ဘယ်သူ့ဗိုလ်လဲ. . ၊ ဟွတ်ဟွတ်"

"ဇီးကွက်-ဇီးကွက်-ဇီးကွက်"

ကြက်ဖကြီးက "နိုင်ငံခြားသားတွေပါကွာ"ဟုပြောပြီး မျက်စိကြီးများကိုပြန်ပိတ်ကာအိပ်လိုက်တော့သည်။

သို့သော် ဖိုးဇီးကွက်၏တာဝန်ကား မသေးလှပါ။ ကြက်ဆိုသည့်သတ္တဝါမျိုးမှာ မကြာခဏတွန်တတ်ကြ၏။ နေ့ဘက်တွင်ရော ညဘက်တွင်ပါ တွန်တတ်ကြလေရာ ညဥ့်ငှက်ဖြစ်သော ဇီးကွက်အတွက် ညဘက်တွန်၍ အရေးမကြီး၊ နေ့ဘက်တွင်ပါ ကြက်ဖလွှင်ကလေးကို ချုပ်ထိန်းရသောအခါ လွန်စွာမှ အိပ်ပျက်ခြင်းဖြစ်ရ၏။

ထို့ကြောင့် သူ့အကြံအစည်တစ်ခုကို ပြုလုပ်သည်။

"ကဲ-မထူးတော့ပါဘူးကွာ၊ မင်း သူ့ကို အနိုင်ရအောင် တိုက်ပစ်လိုက်တော့"

ကြက်ဖလွှင်ကလေးမှာ အံ့အားသင့်သွား၏။

"နို့. . ခင်ဗျားကပဲ ကျွန်တော် အားနည်းသေးတယ်ဆို"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလိုလုပ်ကွ၊ ကြက်ဖကြီးက ညဘက်ဆိုရင် မမြင်မစမ်းဖြစ်ရောမဟုတ်လား၊ ဒီတော့ ညဘက်ကို ဝင်တိုက်"

"ဗျို့ . . ညဘက်မှာ သူတင်မကဘူး၊ ကျွန်တော်လည်း မမြင်ဘူးဗျ"

"ဟာ . . . ငါက မြင်တယ်လေ"

"ဟာ . . ဖိုးဇီးကွက်က တိုက်ပြီး ကျွန်တော်က အသာကလေးထိုင်အနိုင်ယူရမယ်ပေါ့၊ မကောင်းပါဘူး၊ ဒါဟာ ယောကျ်ားပီသတဲ့အလုပ်မှမဟုတ်တဲ"

"ဒီလိုမဟုတ်ပါဘူးကွ . .၊ ငါက သူ့နောက်နားကနေ နေပြီးအသံပေးမယ်၊ ဒီတော့ ငါ့အသံကြားရာကိုချိန်ပြီး မင်းက တိုက်ပေါ့ကွ"

"ဟာ-ဒီလိုဆိုရင်တော့လည်း ကောင်းသားပဲ"

"အော် . . ဒဲ့ဒိုးပြောတော့လည်း မင်းက ရိပ်မိလွယ်သားပဲ"

ထိုနေ့ညတွင်ပင် သူတို့တိုက်ပွဲဆင်ကြလေတော့၏။ ကြက်ဖကြီးက သစ်ကိုင်းပေါ်မှ တွန်ကျူးရန် ရင်ကိုကော့လိုက်စဉ် သူ့နောက်နားသို့ ဇီးကွက်ကြီးရောက်လာကာ လေထဲတွင်ပင်တောင်ပံတဖျတ်ဖျတ်ခတ်ရင်း 'ဇီးကွက်-ဇီးကွက်' ဟုအော်လိုက်လေ၏။

ကြက်ဖလွှင်ကလေးလည်း အသံကြားရာသို့မှန်း၍ တိုက်ခိုက်တော့ရာ ကြက်ဖကြီးမှာ "ဟဲ့ . . ဘယ့်နှာလဲ . . မှောင်ကြီးထဲမှာ တီးသလားကွ . . ဟွာ . . အလယ်လယ် . . နာတယ်ကွ" ဟုအော်ရင်းဟစ်ရင်း ရှုန်းရင်းဆန်ခတ်ပြုရင်းက မြေကြီးပေါ်သို့ ဖုတ်ခနဲကျသွားလေ၏။



သူ့နောက်သို့ ဖိုးဇီးကွက်က ထက်ကြပ်မကွာလိုက်ပါလာလေသည်။ ဖိုးဇီးကွက်၏အသံကိုသာ စောင့်နေသော ကြက်ဖလွှင်ကလေးကလည်း လျှပ်တပြက်တိုက်ခိုက်နိုင်၏။

"ဇီးကွက်-ဇီးကွက်"

"ခွပ် . . ခွပ် . . ဒေါက်-ခွပ်"

"ဟဲ့ကောင် ကြက်မသား-ငါ့ခေါင်းကို တီးရသလားကွ၊ လူမိုက်နင့်ပြောနေရတာနဲ့ ငနဲကြီးနေရာရွေ့သွားပြီ။ ဇီးကွက်-ဇီးကွက်။ ဒီဘက်လာလကွာ-ဇီးကွက်-ဟ-ဇီးကွက်-ဟယ်-ဇီးကွက်။ ဖို့ . . ဇီးကွက်၊ ဟုတ်ပြီ . . ဇီးကွက် . . ဆက်ဆော်၊ ဇီးကွက်-ဟမလေး မောလိုက်တာ"

ဖိုးဇီးကွက်နေရာပြသရွေ့ ကြက်ဖလွှင်ကလေးက လိုက်တိုက်၏။ ကြက်ဖလွှင်ကလေး တိုက်သရွေ့ ကြက်ဖကြီးခံနေရကာ ဟိုပြေးသည်ပြေးရမ်းသမ်းပြေးနေရ၏။ သူပြေးသရွေ့လည်း ဖိုးဇီးကွက်က ကြက်ဖလွှင်ကလေးကို ညွှန်ကြားပြောဆိုရင်းလိုက်နေရသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ကြက်ဖကြီးမှာ မခံမရပ်နိုင်ဖြစ်လာတော့သဖြင့်၊ မမြင်မစမ်းနှင့်ပင် တောအုပ်မှထွက်၍ ခြေဦးတည့်ရာပြေးလေတော့ရာ ဘယ်နေရာ ဘယ်ဌာနသို့ရောက်မှန်းမသိ။ နောင်တွင် ဤတောအုပ်သို့ပြန်လည်ရောက်လာခြင်းမရှိတော့ချေ။

ကြက်ဖလွှင်ကလေးမှာလည်း ထိုတောအုပ်တွင် ဗိုလ်ဖြစ်လာလေတော့၏။ ယခုအခါတွင် နေ့ဘက်တွင်ပင် လေ့ကျင့်ခြင်းပြုလုပ်နိုင်ပြီဖြစ်သောကြောင့် တိုက်ရည်ခိုက်ရည်မှာလည်း များစွာတက်လာ၏။ သူကား ကြက်ဖလေးတွေကို သတ်မပစ်ဘဲ စည်းလုံးညီညွတ်

စွာနှင့်တိုက်ခိုက်မှုကို သင်ကြားလေ့ကျင့်ပေးသည်။ အရာရာတွင် ဖိုးဇီးကွက်အား တိုင်ပင်လေ့ရှိ၏။

သို့ရာတွင် တစ်နေ့သောအခါ၌ ဖိုးဇီးကွက်က ဤသို့ပြောလာ၏။

"ကဲ. . ကြက်ဖလွှင်ရေ မင်းလည်း လူတစ်လုံး သူတစ်လုံးဖြစ်ပါပြီ၊ ဒီတော့ ငါ သွားတော့မယ်"

"ဟင်. . ဘယ်ကိုသွားမှာလဲ၊ ဒီမှာ တစ်သက်လုံးမနေဘူးလား"

"ဟာ. . ဇီးကွက်ဆိုတာ မျက်စိပြူးတယ်ကွ၊ ဒီလိုမျက်စိပြူးနေတာ ဘာလုပ်ဖို့လဲ၊ လောကကြီးတစ်ခုလုံးထဲက အရာရာကို ကြည့်နိုင်ဖို့ကွ၊ ဒါကြောင့် ငါလည်း ကမ္ဘာလှည့်တော့မယ်. ."

ကြက်ဖလွှင်ကလေးသည် မျက်ရည်ဝိုင်းလာလေတော့သည်။

"ဖိုးဇီးကွက်မရှိရင် ကျွန်တော် ဘယ်လိုနေလို့ဖြစ်မှာလဲဗျာ"

"အဲဒီလို သိမ်ဖျင်းတဲ့စကားတွေ မပြောနဲ့ကွ၊ သူများကို မှီခိုရတယ်ဆိုတာ ဘယ်တော့မှ မကောင်းဘူး၊ မလွှဲသာတဲ့အခါမှာ မှီခို၊ ပြီးတော့ ကိုယ့်ဒူးကိုယ့်ချွန်လုပ်နိုင်အောင် ကြိုးစားရမယ်၊ မင်းနဲ့ငါနဲ့ဟာ လာတုန်းကလည်း တခြားစီပဲ၊ သည်တော့ ပြန်တော့လည်း တခြားစီပဲဖြစ်ရမှာပေါ့ကွ"

ကြက်ဖလွှင်ကလေးမှာ မျက်ရည်များ စီးကျလာလေ၏။

"ဘားလို့မရရင်လည်း သွားတော့ပေါ့ဖိုးဇီးကွက်ရယ်၊ တစ်နေ့နေ့မှာ ကျွန်တော်က ကျေဇူးပြန်ဆပ်နိုင်ပါစေလို့ပဲ ဆုတောင်းနေရတော့မှာပေါ့"

"အေးပေါ့ကွာ၊ လောကကြီးမှာ ကြီးတယ်၊ ငယ်တယ်၊ အားကြီးတယ် အားပျော့တယ်မဟုတ်ဘူး၊ သူ့နေရာနဲ့သူတော့ ရှိတာပဲကွ၊



ဒီတော့ မင်းလည်း ငါ့ကိုကျေးဇူးဆပ်နိုင်တဲ့နေ့ဟာ ရောက်ကောင်းရောက်လာမှာပါကွာ။ တကယ်လို့ ငါ့ကိုမဆပ်နိုင်တောင်မှပဲ လောကကြီးထဲမှာ အားနည်းတဲ့သတ္တဝါတွေကို အစဉ်ကူညီပြီး သူတို့ဘက်က ရပ်တည်မယ်ဆိုရင် မင်းအပေါ် ငါပြုထားတဲ့ကျေးဇူးတွေ ကျေပါတယ်ကွာ . . ကြက်ဖလွှင်ရာ. . ကျေပါတယ်။ ကဲ. . ယောကျ်ားပီပီ စိတ်တင်းထား. . ငါသွားပြီ"

နေကလေးဝင်သွားသည်နှင့်တစ်ပြိုင်နက် ဖိုးဇီးကွက်မှာပြောပြောဆိုဆိုပင် ထ၍ပျံသွားလေတော့သည်။

ဤသို့ဖြင့် ရက်လတွေ ကြာညောင်းခဲ့၏။

အချိန်ကာလတွေ ကုန်လွန်ခဲ့သော်လည်း ကြက်ဖလွှင်ကလေးမှာ ဖိုးဇီးကွက်ကို တစ်နေ့မှ မမေ့နိုင်ပေ။ ထို့ကြောင့်ပင် ဖိုးဇီးကွက်ပြောခဲ့သလို အားနည်းသူတွေဘက်မှာ အစဉ်ရပ်တည်၍ ကူညီပေးခဲ့၏။ သူ့တွင်လည်း အင်အားတောင့်တင်းသော ကြက်ဖအုပ်ပင်တော်တော်ကြီးကြီး ရှိနေလေရာ အခြားတောအုပ်မှ ကြက်များလာရောက်တိုက်ခိုက်နိုင်ခြင်း မရှိတော့ချေ။

တစ်နေ့တွင်ဖြစ်သည်။

လေပြင်းမုန်တိုင်းသည် နေ့လယ်ဘက်မှစ၍ တိုက်ခတ်လေရာ ညနေစောင်းလောက်မှပင် ရပ်စဲသွားတော့၏။

ထိုခဏတွင် ကောင်းကင်ပြင်ဆီမှ တောကျီးကန်းတို့၏ဆူညံစွာအော်ဟစ်သံကိုကြားသဖြင့် ကြက်ဖလွှင်ကလေးက မော့ကြည့်လိုက်၏။ ကျီးကန်းများ ဆူညံစွာအော်ဟစ်ရင်း တစ်စုံတစ်ခုကို ဝိုင်း၍ထိုးနေကြ၏။

ချက်ချင်းပင် ကျီးအုပ်ကြားထဲမှ ဟိုတိုးသည်တိုးနှင့် ပျံနေသော

သတ္တဝါသည် ကြက်ဖလွှင်ကလေးတို့၏အနီးသို့ ဖုတ်ခနဲကျလာလေသည်။

"ဟယ်. . . ဖိုးဖီးကွက်ပါလား"

ကြက်ဖလွှင်ကလေးသည် ပြေး၍သွား၏။ သူ့နောက်က ကြက်ဖတပ်ကလည်း တစ်ပါတည်းလိုက်သွားလေသည်။ ကြက်ဖလွှင်ကား ဖုတ်လိုက်ဖုတ်လိုက်နှင့် မောနေသောဖိုးဖီးကွက်၏ ကိုယ်ခန္ဓာပေါ်မှ ခွ၍ ရပ်နေကာ အော်ဟစ်အမိန့်ပေးနေသည်။

"ဟေ့-ဗိုလ်တောက်၊ မင်းက လက်ဝဲဘက်တောင်ပံဖြန့်၊ ဗိုလ်တော်က လက်ယာဘက်ကနေရာယူ၊ ဗိုလ်အောက်တွေ ဗိုလ်အစ်တို့က သစ်ကိုင်းတွေပေါ်တက်ပြီး နေရာယူကြ၊ ကျီးတွေနဲ့ တိုက်ပွဲကြီးစတော့မယ်"

ကျီးကန်းများကလည်း ဖိုးဖီးကွက်ကို အငြိုးကြီးစွာနှင့် ပြေးဆင်း၍ ထိုးဆိတ်ကြလေရာ ကြက်ဖလွှင်၏ နှုတ်သီးချက်နှင့်မိသွားလေ၏။

"ဟာ. . အီလှချည့်ကလား-ဟေ့"

ကျီးတစ်ကောင်သည် လည်ပင်း၌အဆိတ်ခံရသဖြင့် စောင်းငန်း စောင်းငန်ဖြစ်သွားကာ နီးရာသစ်ပင်သို့ဝင်နားရန် အပြုလိုက်တွင် သစ်ကိုင်းပေါ်မှ တောက်ကြက်ဖဗိုလ်တစ်စုက ဆီးကြို ဆိတ်ပေါက်လိုက်ကြ၏။

"ဟရေရေ. . ခံရတယ်ဟေ့. . ပြေးကြ၊ ပြေးကြ"

ကျီးကန်းတစ်အုပ်သည်လည်း တအားအားနှင့်အော်၍ ဆုတ်ကြကုန်၏။ သို့သော်ဝေးဝေးမပြေးဘဲ အလွန်မြင့်သော သစ်ကိုင်းများပေါ်တွင်နားကာ အခဲမကျေသည့်အသွင်ဖြင့် ဆူညံစွာ အော်



ဟစ်၍ အချင်းချင်းတိုင်ပင်နေကြသည်။

သို့သော် နေမင်းကိုတော့ သူတို့အံတု၍မရပါ။ နေလုံးကြီးဝင်သွားသည်နှင့်တစ်ပြိုင်နက် တောကျီးကန်းတို့မှာ တစ်ကောင်မှ မနေဝံ့ကြတော့ဘဲ အလျှိုအလျှိုပျံပြေးကုန်ကြလေတော့သည်။

အိပ်တန်းတက်ရန် ပြင်ကြရသော ကြက်ဖလွှင်တို့သည်လည်း ဖိုးဖီးကွက်ကို ပိုင်းဝန်းပွေ့ယူသယ်ဆောင်ပြီး သစ်ကိုင်းခွဆုံပေါ်တွင် တင်၍ပြုစုကြ၏။

အလင်းပျောက်၍ ညသို့ရောက်သည်နှင့်တစ်ပြိုင်နက် ဖိုးဖီးကွက်သည် ငေါက်ခနဲထ၍ထိုင်လိုက်သည်။

"ဖီးကွက်-ဖီးကွက် သတ္တိရှိရင် ကျီးတွေ အကုန်ထွက်"ဟုကြွေးကြော်လိုက်လေ၏။

ကြက်ဖလွှင်ကလေးက ရယ်မော၍ ပြောလိုက်သည်။

"ပြေးကုန်ကြပါပြီဗျာ. . သတ္တိမရှိလို့ပြေးကုန်ကြပါပြီတဲ့။ ကဲ. . ဒီတစ်ခါတော့ ဖိုးဖီးကွက် ဘယ်မှ မသွားရတော့ဘူး. . ဒီမှာပဲ နေရမယ်. . ."

"ကောင်းပါပြီ ကျေးဇူးရှင်ကြီးရယ်. . လောကကြီးက ကျယ်သလောက် ကျီးကန်းတွေကလည်း များပေသကိုးကွ၊ ငါ ဒီမှာပဲ အေးအေးဆေးဆေးနေပါတော့မယ်ကွယ်"

ကလေးတို့ ရွှင်လန်းကြပါစေ။

❑



## အမေးသုံးထွေ၊ အဖြေ ခြောက်ရပ်

သူကြွယ်ကြီး ဦးဘဂေါ်သည် စိတ်ရှုပ်နေပါသည်။

အချိန်ရောက်လာပြီဖြစ်သဖြင့် သူသည် ခရီးထွက်ရပါတော့ ည်။ သင်္ဘောဖြင့်လွှင့်၍ ဝေးကွာလှသော တိုင်းပြည်များသို့ ထွက် ပါမည်။ ဤသို့သောခရီးမျိုးကို တစ်ခါတစ်ခါထွက်ရလျှင် သုံးလေး နှစ်ကြာတတ်သည်။

ယခင်က ဤသို့ပင် ကုန်ရောင်းကုန်ဝယ်ခရီးများထွက်ခဲ့ဖူး၏။ သို့သော် ဤသို့ စိတ်မညစ်ခဲ့။ စိတ်မရှုပ်ခဲ့ပါ။

ယခုတစ်ခါတော့ သမီးဖြစ်သူ ခေါ်ခေါ်ချင်အတွက် စိတ်ရှုပ်ရ ခြင်းဖြစ်ပါသည်။

မိခင်ဖြစ်သူမှာ သူ အသက်ငါးနှစ်အရွယ်ကပင် ဆုံးသွားသည် ဖြစ်သောကြောင့် အထိန်းအယများနှင့် ကြီးပြင်းခဲ့ရသူဖြစ်၏။

သူကြွယ်ကြီးဦးဘဂေါ်သည် ဤသမီးလေးအတွက် ရတက် မအေးနိုင်ဖြစ်နေရသည်။ အရွယ်ရောက်လာပြီဖြစ်သဖြင့် သင့်တော် သောသူတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားပေးချင်သည်။ သို့သော် ပီးပွားရေးအတွက် အချိန်ကာလကောင်းကြုံကြိုက်လာပြီဖြစ်၍ ခရီး

က ထွက်ရဦးမည်။ သူမရှိစဉ်အတွင်း သမီးလေး ခေါ်ခေါ်ချင်သည် မသင့်တော်သူနှင့် ချစ်ကြိုက်ပြီး အိမ်ထောင်ကျသွားမည်ကို စိုးရိမ်လှသည်။

စိတ်ရှုပ်ရှုပ်နှင့်စဉ်းစားရာမှ စိတ်ကူးတစ်ခုပေါက်လာ၏။ သူ့စိတ်ကူးထား အောက်ပါအတိုင်းဖြစ်သည်။

ဝိဇ္ဇာမယအတတ်ပညာဖြင့် ပြုလုပ်ထားသောသေတ္တာကြီး တစ်ခုထဲတွင် ရွှေငွေကျောက်သံပတ္တမြားတွေကို ထည့်ထားမည်။ ထိုသေတ္တာကြီးပေါ်တွင် မေးခွန်းသုံးခုကို ရေးသားထားမည်။ ထိုမေးခွန်းသုံးခု၏အဖြေမှန်ကို သေတ္တာ၏ရှေ့တွင် ရွတ်ဆိုဖြေကြားလိုက်လျှင် သေတ္တာကြီးသည် အလိုလိုပွင့်သွားရမည်။ အဖြေမှားနေလျှင်ကား သေတ္တာသည် မပွင့်ရ။ သေတ္တာကို ပွင့်အောင်ပြုနိုင်သူနှင့် သမီးသည် လက်ထပ်ရမည်ဖြစ်၏။

ဤသို့သောအကြံကိုရသည်နှင့် တစ်ပြိုင်နက် ဦးဘဂေါသည် အလွန်ပင်ဝမ်းမြောက်သွားမိတော့သည်။ ထိုကြောင့်ပင် ငွေဘယ်လောက်ကုန်ကုန် ထိုကဲ့သို့သော သေတ္တာကြီးတစ်ခုကို ပြုလုပ်စီမံမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။

ထိုသို့သေတ္တာကြီးမျိုးကို ပြုလုပ်နိုင်သူ မှော်ဆရာကြီးဦးဝါဇိတ်ထံ ထွက်လာခဲ့လေသည်။

"ဆရာကြီး. . နေကောင်းရဲ့လား"

"ဟာ. . နေကောင်းတာပေါ့၊ ခင်ဗျားက ကျုပ်ကို ဖျားနေလိမ့်မယ်လို့မျှော်လင့်နေလို့လား"

"ဟာ-မဟုတ်ပါဘူး၊ နေကောင်းမယ်လို့ပဲ မျှော်လင့်ပါတယ်။ ဆရာကြီးနေကောင်းနေမှ ကျွန်တော့်အလုပ်ဖြစ်မှာ"



"ကိုင်း-ဆိုစမ်းပါဦး"

"ဘယ်သီချင်းကိုလဲ"

"မဟုတ်ပါဘူးဗျ၊ ခင်ဗျားရဲ့ ကိစ္စကိုပြောစမ်းပါအုံးလို့ပြောတာ"

ထိုအခါတွင် သူကြွယ်ကြီးဦးဘဂေါသည် ဟန်လုပ်သည့်သဘောဖြင့် ရင်ကိုကော့လိုက်၏။ ဦးဝါဇိတ်ကမူ ဦးဘဂေါဟန်လုပ်သည်ကို သဘောမပေါက်သဖြင့် အလန့်တကြားနှင့် စကားပြောလိုက်သည်။

"ဟင်-နေရင်းထိုင်ရင်းက ဘယ်လိုဖြစ်သွားသလဲ၊ ရင်ထဲက လေအောင့်သလား"

"သိပါတယ်-ဒီမြို့မှာ ခင်ဗျားလည်းမျက်နှာကြီးတစ်ယောက်ပဲ၊ ကျုပ်သိတာပေါ့"

"သိရင် ကျွန်တော်ဘယ်သူဆိုတာ ပြောစမ်းပါ"

"ခင်ဗျားဟာ လက်သူကြွယ်ကြီးပဲ"

"ဟာ-ဘယ်က လက်သူကြွယ်ကြီးလည်း၊ သူကြွယ်ကြီးပါ. ."

"ဟုတ်တယ်၊ ကျုပ်စကားမှားသွားလို့။ ခင်ဗျားဟာ လကျယ်ကြီးပဲ၊ အဲလေ-သူကြွယ်ကြီးပဲ။ ဒီမြို့မှာ သူကြွယ်ကြီးဦးဘဂေါ-ဦးဘဂေါနဲ့ ဟိုးလေးတကျော်ကျော်ဖြစ်နေတာ ကျုပ်မသိဘဲနေပါ့မလား"

ဦးဘဂေါသည် သူကျော်ကြားသည်ဆို၍ များစွာကျေနပ်သွားပြီး နှစ်သက်စွာပင် ရယ်မောလိုက်၏။ သူသည် ခဏလေးရယ်ပြီး ရပ်လိုက်သည်။ ထို့နောက် ပြောရမည့်စကား ဆက်၍ပြောမည်။ ဆရာကြီးဦးဝါဇိတ်က ဤသို့တွက်ထား၏။ သို့သော် သူ့တွက်ကိန်းနှင့်လွဲစွာပင် သူကြွယ်ကြီးသည် တစိမ့်စိမ့်နှင့်အားရပါးရပင် အတောမသတ်အောင် ရယ်နေလေရာ ဦးဝါဇိတ်မှာ စိတ်တိုလာ

တော့သည်။

"ဘယ်လိုလဲဗျ-ကျုပ်ဆီလာပြီး ခင်ဗျားက ရယ်တတ်ကြောင်း ကြွားနေတာလား။ ကျုပ်လည်း လူညံ့မဟုတ်ပါဘူး။ ရယ်တတ်တယ်ဗျ၊ ရယ်တတ်တယ်၊ လာလေရော့. . ဟား-ဟား. . ဟား-"

"ဟိုး-ဟိုး-ဟိုး-ဟိုး"

"ဟီး-ဟီး-ဟီး-ဟီး"

"ဟွတ်-ဟွတ်-ဟွတ်-ဟွတ်"

"ဟော-ဟော-ဟော-ဟော"

"ဟေး-ဟေး-ဟေး-ဟေး"

"ဟစ်-ဟစ်-ဟစ်-ဟစ်"

ဆရာကြီးဦးဝါဇိတ်မှာ ရယ်ရင်းက ချောင်းတွေ ဆိုးလာလေတော့သည်။ ထိုအခါတွင်မှ သူကြွယ်ကြီးဦးဘဂေါသည် အရယ်ရပ်သွား၏။

"ဆရာကြီး-ဆရာကြီး-ရေနည်းနည်းသောက်လိုက်"

"အဟွတ်-ခင်ဗျား ကျုပ်ကို သက်သက်လာပြီး ချောင်းဆိုးသွေးပါဖြစ်အောင်လုပ်တယ်"

"မဟုတ်ပါဘူးဆရာကြီးရယ်၊ အထင်မလွဲပါနဲ့၊ ကျွန်တော်ဟာ သူကြွယ်မဟုတ်လား။ ဒီတော့ ပိုက်ဆံကြေးငွေအကုန်အကျခံနိုင်ပါတယ်"

"ခင်ဗျား ပိုက်ဆံတွေအကုန်ကျသွားတာ ခံနိုင်ပေမယ့် ကျုပ်ကတော့ တစ်ပြားမှအကျမခံနိုင်ဘူးနော်. . ပြန်ကောက်မှာပဲ"

"အို ဆရာကြီးက ဘာတွေပြောနေတာလဲ ခင်ဗျ၊ ကျွန်တော့်သမီးခေါ်ခေါ်ချင်က အရွယ်ရောက်လာပြီ. ."



"အဲဒါ ကျုပ်က ဘာလုပ်ပေးရမလဲ၊ အရွယ်မရောက်အောင် ပြန်ငယ်ပေးရမလား"

"မဟုတ်ပါဘူး၊ သူဟာ အရွယ်ရောက်လာတော့ အိမ်ထောင်ဖက်ရှာပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိလာပါတယ်"

ထိုအခါတွင် ဆရာကြီးဦးဝါဇိတ်မှာ တစ်မျိုးအတွေးပေါက်သွားလေ၏။

"ကေန္တ. . ဤသူကြွယ်ကြီးသည် သူ့သမီးနှင့် ငါ့ကိုပေးစားချင်တာပဲ"ဟု တွေးမိသွားသည်။ ထိုအခါ ဆရာကြီး၏မျက်နှာမှာ ပြုံးဖြီးဖြီးကြီးဖြစ်လာလေ၏။ ခေါ်ခေါ်ချင်သည် အလွန်လှပသော မိန်းကလေးဖြစ်သည်ကို သူသိထားသောကြောင့်တည်း။

"ဟဲ. . ဟဲ. . မငြင်းပါဘူး"

"မငြင်းရဘူးပေါ့၊ ငြင်းလို့ဘယ်ရပါ့မလဲ၊ ကျွန်တော်ဟာ ဖခင်တစ်ယောက်အနေနဲ့ တာဝန်ရှိတာကို ဘယ်သူက ငြင်းလို့ရမလဲ ခင်ဗျ"

"အို-ကျုပ်က မငြင်းဘူးဆိုတာက. . ဒါကိုပြောတာမဟုတ်ပါဘူးလေ. ."

"ဘယ်ဟာကို ပြောတာလဲ"

"ဟာ-ဟိုဟာပါ-ခင်ဗျားကိစ္စကို ကူညီဖို့မငြင်းပါဘူးပြောတာပါ"

"ဒါကလည်း ပိုက်ဆံပေးခိုင်းတာပဲ၊ အလကားခိုင်းတာမှမဟုတ်တာ၊ ငြင်းလို့ဖြစ်ပါ့မလား"

ဆရာကြီးဦးဝါဇိတ်မှာ သူထင်ထားသလိုမဟုတ်သဖြင့် ရှက်သွား၏။ သို့သော် မသိလိုက်မသိဘာသာလုပ်နေလိုက်သည်။ ထို

အခါ သူကြွယ်ကြီးက သူ၏စိတ်ကူးအကြံကို ဖွင့်ဟပြောကြားလေသည်။

သူကြွယ်ကြီးပြောပြသမျှကို နားထောင်ပြီးသောအခါတွင် ဦးဝါဇိတ်က သိလိုသည်ကို မေးလိုက်၏။

"သေတ္တာမှာရေးထားရမယ့် မေးခွန်းတွေက ဘာတွေလဲ"

"ပထမမေးခွန်းက ပျော့ရင်ဘာလဲ. . မာရင် ဘာလဲ"

"ဘာလဲ. ."

"အဲ-ဘာလဲပေါ့"

"မဟုတ်ပါဘူး ဘာလဲလို့ မေးတာပါ"

"ဟုတ်တယ်လေ. . ဘာလဲလို့မေးတာပဲပေါ့"

"မဟုတ်ပါဘူးလေ"

"ဟုတ်ပါတယ်လေ"

'ဟာ-ရှုပ်ကုန်ပြီ"

"ရှင်းရှင်းကလေးပါ၊ ပျော့ရင်ဘာလဲ၊ မာရင် ဘာလဲ၊ ဒါက ပထမ မေးခွန်း"

"ဆက်ပြောပါတော့ဗျာ"

"နောက်တစ်ခုက ပိန်လိုက်ဖောင်းလိုက်ဖြစ်ဖြစ်နေတာ ဘာလဲ"

"ဘာလဲ အဲ-ဆက်ပြောပါ"

"နောက်ဆုံးမေးခွန်းတစ်ခုက နှစ်ဂဏန်းက နှစ်ဆယ့်ကိုးကို ကပ်ပြီး အဆန်ခပ်တဲ့၊ အဲဒီမေးခွန်းတွေကို ရေးထားရမယ်"

ဆရာကြီးဦးဝါဇိတ်သည်ပင် ထိုမေးခွန်းများ၏အဖြေကို စဉ်းစား၍မရပါ။ ခဏတော့ စဉ်းစားနေသေး၏။ သို့သော် တကယ်ပင် စဉ်းစား၍မရပါ။



"အဖြေက ဘာလဲ"

"ဟာ-ဒါက ဘယ်ပြောလို့ဖြစ်မလဲ၊ အဖြေမှန်ရင် သေတ္တာပွင့်သွားရမယ်၊ အဲဒီလိုသေတ္တာပွင့်သွားအောင်လုပ်နိုင်သူကို သမီးက လက်ထပ်ရမယ်"

"ကောင်းပြီလေ. . ဒီလိုဆိုရင် သေတ္တာကို ကျုပ်လုပ်ထားပြီး သူကြွယ်ကြီးကို ခေါ်ခိုင်းလိုက်မယ်"

မှော်ဆရာကြီးဦးဝါဇိတ်သည် သုံးရက်ကြာသောအခါ သေတ္တာကို ပြုလုပ်ပြီးစီးသွားလေ၏။ ထိုအခါ သူကြွယ်ကြီးဦးဘဂေါ်ကို အခေါ် လွှတ်လိုက်သည်။ ဦးဘဂေါ်သည်လည်း ချက်ချင်းလိုက်လာလေ၏။

ဦးဝါဇိတ်သည် ရှေးဟောင်းပေစာများကို လှန်လှောကြည့်ရှုနေ၏။

"သူကြွယ်ကြီးထိုင်ပါ။ ဒီမှာ ကျွန်တော် မန္တာန်တစ်ခုရှာနေတယ်၊ ခင်ဗျားရဲ့သေတ္တာကို ဘီလူးစောင့်ခိုင်းမှဖြစ်မယ်၊ အဖြေမှန်ယင် ဘီလူးက သေတ္တာကို ဖွင့်ပေးရမှာကိုး၊ ဒါကြောင့် ဘီလူးခေါ်တဲ့ မန္တာန်ကို ရှာနေတယ်"

"အောင်မယ်လေး. . ဆရာကြီးရယ်၊ ဘီလူးခေါ်တာများ မန္တာန်တွေဘာတွေ ရှာရသေးတယ်လို့၊ ဟေ့. . သွားဖြဲကြီး လာလေ ဆိုရင် မရဘူးလား"

"ဟာ-ကြုံကြုံဖန်ဖန်၊ ဘယ်ရပါ့မလဲဗျ။ ဟော-တွေ့ပြီ၊ ကဲ-ခင်ဗျား သေတ္တာကို ကြိုက်ပြီလား"

"ကြိုက်ပါပြီ"

"ဒါဖြင့် ကျုပ်ဘီလူးကိုခေါ်ပြီး သေတ္တာကို အစောင့်ခိုင်းမယ်"

ဆရာကြီးဦးဝါဇိတ်သည် မန္တာန်ရွတ်၍ ဘီလူးကိုခေါ်ကာ သေတ္တာကိုစောင့်ရန်အမိန့်ပေးအပ်နှင်းလိုက်လေ၏။

သူကြွယ်ကြီးဦးဘဂေါလည်း ကျသင့်သောကြေးငွေပေးကာ သေတ္တာကြီးကို သူ့အိမ်သို့သယ်ယူသွားလေတော့သည်။

ရွာတစ်ရွာတွင် ကိုလုံးတူနှင့် မဆားပိုးဟူသော လင်မယား နှစ်ယောက်ရှိလေသည်။ ထိုလင်မယားသည် မောပေါင်နှင့်ပတ်သက်၍မကြာခဏပင် စကားများတတ်ကြ၏။ မောပေါင်သည် ကိုလုံးတူ၏သားဖြစ်သည်။ မောပေါင်လေးမွေးပြီးခါစကပင် မိခင်မှာ သေဆုံးခဲ့သည်။

ကိုလုံးတူသည် များမကြာမီပင် နောက်ထပ်အိမ်ထောင်ပြုခဲ့၏။ ထို့ကြောင့် ကိုလုံးတူ၏နောက်ဇနီးဖြစ်သူ မဆားပိုးသည် မောပေါင်၏ မိထွေးဖြစ်သည်။ မဆားပိုးမှာ မောပေါင်ကိုမကြင်နာချေ။ မိမိ၏ယောကျ်ားမှပါသောသားသမီးများကို ချစ်ခင်တတ်သော မိထွေးများရှိကြပါသည်။ သို့သော် မဆားပိုးမှာ ထိုကဲ့သို့သော မိထွေး မဟုတ်ချေ။

မဆားပိုးသည် မောပေါင်ကို ချစ်ခင်ကြင်နာခြင်းမရှိသည်ဖြစ်၍ စာပေကို ကောင်းစွာသင်ကြားပေးခြင်းမရှိ။ အိမ်အလုပ်များကိုသာလျှင်အလွန်အမင်းခိုင်းစေတတ်သည်။ ထို့ကြောင့် မောပေါင်သည် ဉာဏ်ကောင်းသောကလေးဖြစ်ခဲ့သော်လည်း စာပေအနေဖြင့်ကား သူများလိုမတတ်ရှာပါ။

ဤသို့ဖြင့် ဘဝကို ရုန်းကန်ရင်းနှင့်ပင် မောပေါင်သည် လူလားမြောက်လာခဲ့၏။ ကိုလုံးတူ၏ စီးပွားရေးမှာလည်း မကောင်းခဲ့လေရာ တစ်နေ့တခြား ငွေကြေးကျပ်တည်းလာသဖြင့် မဆားပိုးသည်



မောပေါင်ကို ငြိုငြင်လာလေတော့သည်။

ထိုအခါ ကိုလုံးတူတို့လင်မယား ရန်ပို၍ဖြစ်ကြလေ၏။

"ကိုလုံးတူ. . ရှင် ကျုပ်စကားကို နားမထောင်ဘူးလား"

"ဘယ်သူလဲ ရှင်ကြိုက်ဆိုတာ"

"ဟင်းနော်. . ကျုပ်ဒေါသတွေ ပိုထွက်လာမယ်၊ မောပေါင်ကို ဘယ်လိုနည်းနဲ့မှ အိမ်မှာမထားနိုင်ဘူး. . "

"ဒါဖြင့် ဘုန်းကြီးကျောင်းကို သွားပို့ရမလား"

"မဖြစ်ဘူး. . . မျက်စိအောက်မှာထားလို့ကိုမဖြစ်ဘူး၊ တွေ့နေရရင် သူနဲ့ပတ်သက်နေရအုံးမယ်"

"ဒီတော့ ငါဘာလုပ်မရလဲ"

"ရှင် သူ့ကိုနှင်ချရမယ်-ဒါပဲ"

"ဟာ. . ငါမနှင်ချရက်ဖူး၊ သူဟာ ငါ့သားပဲ"

ကိုလုံးတူက ဤသို့ပြောလိုက်သောအခါ မဆားပိုးသည် ဆတ်ဆတ်ခါဒေါသထွက်သွားလေ၏။

"ရှင်သားကို ရှင်ချစ်ရင် အစက ကျုပ်ကို ဘာလို့လက်ထပ်ခဲ့သေးသလဲ။ မလိုချင်ဘူး-မလိုချင်ဘူး"

"မလိုချင်ရင်လည်း မပေးပါဘူးလေ"

"ဒီမှာ ကိုလုံးတူ၊ ရှင် ဘာတွေလျှောက်ပြောနေသလဲ၊ မောပေါင် အိမ်ပေါ်ကဆင်းရင်ဆင်း၊ မဆင်းရင် ကျုပ်ဆင်းမယ်၊ ကိုင်း-ဘယ်လိုလဲ"

"သူက အိမ်ပေါ်ကို ဘာတက်လုပ်နေသလဲ"

"ရှင်နော်-ရူးသလိုလို-ပေါသလိုလိုလုပ်မနေနဲ့၊ သူ့ကို နှင်ချမလား၊ ကျုပ်ကို နှင်ချမလား. . "

"မင်းကို နှင်ချမှာပေါ့"

ကိုလုံးတူက လွတ်ခနဲပါးစပ်မှထွက်သွားရာ မဆားဝိုးသည် ချက်ချင်းပင် စိတ်လိုက်မာန်ပါလှေကားမှဆင်းသွားလေသည်။ ထိုအခါမှ ကိုလုံးတူမှာ ကပျာကယာအော်ခေါ်ရလေသည်။

"ဟဲ့. . ငါအလကားပြောတာပါ။ ပြန်လာပါတော့-ဆာလေးရယ်. . ဝိုးလေးရယ်။ ငါ့ကိုပစ်မထားပါနဲ့၊ ဆားဆားရဲ့၊ ဝိုးဝိုးရဲ့၊ သူတို့နှင်ချပါ့မယ်. . "

ကိုလုံးတူသည် အတင်းပင်အော်ဟစ်ခေါ်တော့မှ မဆားဝိုးသည် အိမ်ပေါ်သို့ပြန်၍တက်လာလေတော့သည်။

ဤသို့ဖြင့် မောပေါင်ကလေးသည် ဖခင်၏အိမ်ပေါ်မှ ဆင်းလာရလေ၏။

စာမတတ်ရှာသဖြင့် မောပေါင်သည် တစ်ခါတရံ အ သလိုနသလိုဖြစ်သည်။ သို့သော် သူသည် ဉာဏ်ကောင်းသဖြင့် သူ့ဉာဏ်ကလေးမှီသလောက်နှင့် စဉ်းစားတွေးခေါ်တတ်သူတစ်ယောက်ဖြစ်လေရာ တစ်ခါတရံတွင်ကား သူ၏အတွေးများမှာ ပညာရှိများပင် လိုက်၍မမှီတတ်ချေ။

မောပေါင်သည် အထုပ်ကလေးကို ဝါးလုံးဖြင့်လျှိုထမ်း၍ ခရီးကြမ်းထွက်လာခဲ့ရသည်။

မောမောပန်းပန်းနှင့်လျှောက်လာခဲ့ရာတွင် တစ်နေရာသို့ရောက်သောအခါ ကျားကြီးတစ်ကောင်ကို သွားတွေ့လေ၏။ ကျားကြီးမှာ သွားနာနေသဖြင့် ဝါးရုံရိပ်တွင် ငြိမ်သက်စွာလဲလျောင်းနေခိုက်ဖြစ်လေသည်။

မောပေါင်သည် ကျားကို မြင်ဖူးသူမဟုတ်။ ကြားရုံသာကြားဖူး



၏။ ထို့ကြောင့် ကျားကြီးကို နီးကပ်စွာမြင်ရသောအခါ အံ့အားသင့်စွာဖြင့် နှုတ်မှရွတ်မိသည်။

"ဟာ. . ဒီကြောင်ကြီးခြုံထားတဲ့ကတ္တီပါကော်ဇောကြီးက လှလှချည်လား. . အတော်ပဲ"

မောပေါင်သည် အထုပ်ကလေးကို ဘေးချ၍ အမောပြေစေရန် ကျားကြီး၏တင်ပါးပေါ်သို့ခေါင်းအုံး၍လှဲလိုက်၏။ ကျားကြီးသည် သွားနေနေရတဲ့အထဲ တစ်စုံတစ်ယောက်က သူ့တင်ပါးကိုလာဖိထားသဖြင့် ခေါင်းကိုလှည့်ကာ မာန်ဖီလိုက်၏။ သို့သော် သူ့သွားမှာ မခံမရပ်နိုင်လောက်အောင်ပင် ကိုက်ခဲလှသည်ဖြစ်သောကြောင့် မောပေါင်ကို ကိုက်ရန်တော့ မကြိုးစားချေ။ ခြိမ်းခြောက်လိုက်သည့်သဘောမျှသာ မာန်ဖီလိုက်ခြင်းဖြစ်လေ၏။

မောပေါင်သည် ဤသို့ ကျားကြီးက မာန်ဖီလိုက်သောအခါ အသာပင်ခေါင်းကိုငဲ့စောင်းကြည့်လိုက်၏။

"ဟ. ဘယ်လိုလဲကွ၊ သဝန်တိုလှချည်ကလား၊ ငါက မင်းစောင်ကို ယူမသွားပါဘူးကွ၊ မင်းကတ္တီပါစောင်ကြီးက လှလည်းလှ၊ ချောလဲချောမို့ ခဏလှဲနေတာပါကွာ. . "

ကျားကြီးသည် မောပေါင်ထမပြေးသေးသဖြင့် တစ်ချီထပ်၍လှည့်ကာ ခပ်ကျယ်ကျယ်လေးမာန်ဖီလိုက်ပြန်သည်။

"ဘယ်လိုလဲကွ. . မင်းက ကျယ်လှချည်ကလား၊ ဒါလောက်တောင်သဝန်တိုတာတော့ မကောင်းဘူးနော်၊ နောက်တစ်ချီထမာန်ရင်တော့ ငါ့ဝါးတုတ်နဲ့ကို နင့်ကိုဆော်ပြီမှတ်တော့. . "

မောပေါင်သည် တကယ်ပြောခြင်းဖြစ်၏။ ထို့ကြောင့်ပင် နေရင်းက လက်တစ်ဖက်က အထုပ်ကလေးကို ဖြုတ်၍ တုတ်ကိုကိုင်

ထားသည်။

ကျားကြီးသည်မောပေါင်၏ စကားကို နားမထောင်ချေ။ သူ့ဆန္ဒမှာ သွားနာနေသဖြင့် လူကိုတော့ မကိုက်ချင်။ သို့သော် ဤသို့ကတ်တီးကတ်တတ်ပေါင်ပေါ်လာအိပ်နေသည်ကိုတော့ မလိုလားရကား သူ့မျက်နှာကြီးကို မောပေါင်၏မျက်နှာနားသို့ အလွန်နီးကပ်အောင်ပြုလိုက်ပြီး မာန်ဖီလိုက်လေ၏။

"ဟယ်. . လန့်တယ်ကွ၊ ကဲကွာ. . နယ်ကျယ်ချင်အုံး. . "

မောပေါင်သည် ပြောပြောဆိုဆိုနှင့် ဝါးတုတ်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ ကျားကြီး၏မျက်နှာကို စောင့်ထိုးလိုက်လေတော့သည်။

သူက ဤသို့ထိုးလိုက်သောဝါးတုတ်သည် ကျားကြီး၏ပါးစောင်ပေါ်သို့ အရှိန်ပြင်းစွာကျရောက်သွားလေရကား ကျားကြီးသည် တစ်ချက်နာကျင်လှစွာနှင့် ဝုန်းခနဲခုန်၍ထလိုက်၏။

ထိုအခါ မောပေါင်၏ဦးခေါင်းမှာ မြေကြီးပေါ်သို့ ဒုန်းခနဲကျသွားရလေတော့သည်။

"ဟယ်. . မင်းလုပ်လိုက်မှဖြင့် သောက်ရမ်းချည်းပဲကိုးကွ"

မောပေါင်သည်လည်း လက်ထဲမှာတုတ်ကို ကိုင်ထားရင်းပင် ဝုန်းခနဲမြေကြီးပေါ်၌ ခုန်၍ရပ်လိုက်၏။

ကျားကြီးသည် တွေ၍ရပ်နေသည်။

မောပေါင်၏ တုတ်ဖြင့်ထိုးချက်ကြောင့် စောစောက နာနေသောသွားသည် ကျွတ်ထွက်သွားလေပြီ။ ကျွတ်လိုက်စဉ်က တစ်ချက်နာလိုက်ပြီးသော် ယခုအခါတွင် လုံးဝနာကျင်ခြင်းမရှိတော့သည့်အပြင် စောစောကနာနေခြင်းမျိုးလည်းမရှိတော့ချေ။

ထို့ကြောင့် ကျားကြီးသည် လွန်မင်းစွာဝမ်းမြောက်ရွှင်လန်း



သွားလေ၏။ မောပေါင်ကိုလည်း ကျေးဇူးရှင်တစ်ယောက်အနေဖြင့် ကြည်ညိုသွားလေတော့သည်။

"သူငယ်ချင်း-မင်းကို သိပ်ကျေးဇူးတင်တယ်"

"အော်. . ငါ့ခေါင်းက မြေကြီးပေါ်ကို ဒုန်းခနဲကျသွားတာ-မင်းက ကျေးဇူးတင်စရာ ဘာရှိသလဲကွ"

"အို. . ဒါကိုပြောတာမဟုတ်ဖူး၊ စောစောက ငါသွားနာနေတယ်။ မင်းလုပ်လိုက်လို့ သွားနာပျောက်သွားတာကို ကျေးဇူးတင်တာကို ပြောတာ။ မင်းဒီမှာ ခဏလေးစောင့်နေ-ငါ အခုပြန်လာခဲ့မယ်"

ကျားကြီးသည် နောက်ဂွမ်းပစ်၍ ထွက်သွားလေ၏။ မောပေါင်ကား ကျားကြီးသည် ဤသို့ဂွမ်းပစ်လိုက်သော်လည်း မြုံစောင်ကြီးကျမကျန်ရစ်ခဲ့သဖြင့် အံ့ဩနေမိသည်။

မကြာမီပင် ကျားကြီးသည် ဆတ်တစ်ကောင်ကို ဖမ်းဆီးသတ်ဖြတ်၍ကိုက်ချီလျက် ပြန်ရောက်လာလေ၏။

"ကိုင်း သူငယ်ချင်း၊ ဒီဆတ်ကြီးကို မင်းသယ်သွားပေတော့၊ ဒါ-ငါကျေးဇူးဆပ်တာပဲ"

"အော်. . မင်းက ဆတ်နဲ့ဆပ်တာပေါ့-ဟုတ်လား"

"ဘာလဲကွ"

"ဘာမှလဲမလဲဘူး၊ ဘာမှလဲ မကွဘူး၊ ဒါထက် မင့်လိုကြောင်တစ်ကောင်က ဒီလောက်ကြီးတဲ့ဆတ်ကိုဖမ်းနိုင်တာ ချီးကျူးစရာပဲနော်"

ကျားကြီးသည် သူ့ကိုကြောင်ဟုခေါ်သဖြင့် မခံချင်သလိုတော့ဖြစ်သွား၏။

"ကြောင်. . ကြောင်. . ဘာကြောင်လဲ"

"ဘာမှမကြောင်ပါဘူး"

"ဟိတ်-ငါကြောင်မဟုတ်ဖူး၊ ကျားကွ-ကျား-ကျား"

"ဂစ်"

မောပေါင်သည် ကျားဟုသိရသည်တွင် တက်သွားလေတော့၏။

ကျားကြီးသည် သူ့အမြီးကိုရေဆွတ်လိုက်၊ မောပေါင်၏မျက်နှာကို အမြီးနှင့်ပွတ်လိုက်လုပ်တော့မှ မောပေါင်ပြန်၍သတိရလာသည်။

"မကြောက်ပါနဲ့ကွ၊ မင်းဟာ ငါ့ကျေးဇူးရှင်ပဲ၊ ငါ ဘယ်တော့မှ မင်းကို အန္တရာယ်မပြုပါဘူးကွာ"

ကျားကြီးက နှစ်သိမ့်ပြောဆိုတော့မှ မောပေါင်သည် ကြောက်စိတ်တွေပြေသွားတော့၏။ ထို့နောက် သူသည် ဆတ်ကြီးကိုထမ်းကာ ခရီးဆက်ခဲ့၏။

သွားခါနီးတွင် ကျားကြီးက နှုတ်ဆက်သည်။

"သူငယ်ချင်း-ငါတော့ ကျေးငှက်တွေဆီကတစ်ဆင့် မင်းရဲ့ သတင်းကို နားထောင်နေမယ်၊ မင်းဟာ ငါနဲ့ ဝေးဝေးလည်း မရောက်ဖူးဆိုရင် အားတော့ ငါလာလည်ပါ့မယ်၊ ဒီတော့ ငါ့ကို မမေ့နဲ့နော်"

"မမေ့ပါဘူး သူငယ်ချင်းရာ၊ ငါ့ဘဝမှာ ပထမဆုံးတွေ့တဲ့ကျားကို ငါ ဘယ်တော့မှမမေ့ပါဘူးကွ၊ လာသာ လည်လှည့်ပါ၊ ခုတော့ ငါ့မှာ အိမ်ခြေယာခြေမရှိသေးဘူး သူငယ်ချင်း၊ ခုနေသာဆိုရင်တော့ မင်းဟာ တကောက်ကောက်လည်နေရမှာကွ"



"အေးပါ-ငါကလည်း မင်းအိမ်ခြေယာခြေနဲ့ဖြစ်မှ လာလည်မယ်လို့ပြောတာပါကွာ. ."

ဤသို့ဖြင့် မောပေါင်သည် ကျားကြီးထံမှ ဖဲကြဉ်ထွက်ခွာလာခဲ့သည်။

တောအုပ်ကိုလွန်သည်နှင့်တစ်ပြိုင်နက် မကြာမီပင် သူသည် သူကြွယ်ကြီးဦးဘဂေါ်တို့၏မြို့ကလေးသို့ ရောက်ခဲ့လေတော့သည်။

လမ်းတွင် ဆာတိုင်းဆတ်သားကိုပင် ကင်၍စားသောက်ခဲ့ရ၏။ သို့တိုင်အောင် သူ့တွင် ဆတ်သားများမှာ များစွာကျန်ရှိနေပေသေးသည်။

ထို့ကြောင့်ပင် ထိုမြို့ကလေး၏ဈေးသို့သွား၍ ကျန်ရှိနေသေးသော ဆတ်သားများကိုရောင်းချမည်ဟု စိတ်ကူးကာ ဈေးရှိရာသို့ ရှာဖွေသွားပြီးလျှင် သင့်တော်သောနေရာတွင် ထိုင်လိုက်လေတော့သည်။

"ဆတ်သားတွေနော်-ဆတ်သားတွေ၊ လတ်လတ်ဆတ်ဆတ်ရမယ်၊ လတ်ဆတ်တဲ့ဆတ်သားမို့ ကြွပ်ဆတ်ဆတ်ဖြစ်မနေဖူးဆိုတာ ခပ်ဆတ်ဆတ်ဘဲပြောမယ်၊ မယုံရင်လာကြည့်လှည့်ကြ၊ ကြွပ်ဆတ်ဆတ်မဖြစ်တဲ့ဆတ်သားကို မျက်စိနဲ့ဆတ်ဆတ် မြင်ကြရမယ်"

လူကြီးတစ်ယောက်သည် သူ့နားသို့ ရောက်ရှိလာလေသည်။

"မင်းအော်တာက ရှုပ်လှချည်လားကွ"

"မရှုပ်ပါဘူး"

"ငါ့နားနဲ့ဆတ်ဆတ်ကြားရသမျှ ဆတ်ဆတ်တွေချည်းပါပဲကလား"

"လတ်လတ်ဆတ်ဆတ်-ဆတ်သား ခင်ဗျ"

"ဒါလေးမေးတာနဲ့ မင်းက ငါ့ကို ခပ်ဆတ်ဆတ်မပြောပါနဲ့လေ၊ မင့်စိတ်ကလည်း ဆတ်လှချည်ကလားကွ"

မောပေါင်က ဘာမျှပြန်မပြောတော့ချေ။ လူကြီးသည် ဆတ်သားကို ကိုင်တွယ်ကြည့်ရှုရင်း သဘောကျနှစ်ခြိုက်သဖြင့် လိုချင်သလောက်ဝယ်ယူ၏။

"ဒါထက်-မင်းက တခြားကလာတယ်ထင်တယ်"

"ဟုတ်ပါတယ်နောင်ကြီး. . ကျွန်တော် ဒီမြို့ကို တစ်ခေါက်မှ မရောက်ဖူးပါဘူး၊ ဒါထက် ဒီမြို့မှာ ဘာများထူးထူးဆန်းဆန်းရှိပါသလဲ၊ရောက်တုန်းရောက်ခိုက် ကြည့်ရှုသွားရအောင်လို့ပါ"

ထိုအခါ လူကြီးသည် ရှေ့တွင်ထိုင်ချလိုက်၏။

"ဟာ-ထူးဆန်းတာရှိပြီလားကွ၊ မင်း ဘယ်မြို့ဘယ်ရွာမှာမှ မတွေ့ဖူးတာရှိတယ်လေ၊ ကြည့်သွား. . "

"ဟုတ်ကဲ့. . ပြောစမ်းပါအုံး"

"သူကြွယ်ကြီးဦးဘဂေါ်မှာ သမီးတစ်ယောက်ရှိတယ်ကွ"

"ဟာ. . ဒါ ဘာဆန်းသလဲ၊ ကျွန်တော်ရောက်ခဲ့ဖူးတဲ့ မြို့တစ်မြို့မှာနေတဲ့ သူကြွယ်ကြီးတစ်ယောက်မှာ သမီးချည်းပဲ ငါးယောက်တောင်ရှိသဗျနော်. . ငါးယောက်တောင်"

"ဘာလဲကွ. . ငါပြောတာဆုံးအောင်ပဲ နားထောင်ပါအုံး၊ သမီးရှိတာက ထူးဆန်းတယ်လို့ ပြောတာမဟုတ်ဘူး၊ သူကြွယ်ကြီးက မြှူမှုံပုံဟာ ထူးဆန်းတာကိုပြောမလို့ပါ၊ အဲ ငါ့စကား ဘယ်ရောက်သွားသလဲ"

"သူကြွယ်ကြီးပြုမူပုံ ထူးဆန်းတာကို ပြောမလို့ ရောက်နေပြီ"

"မဟုတ်ပါဘူးလေ၊ ဒီအရင်က ငါ့စကားကို ပြောတာပါ"



"အရင်ကပြောတာဆိုရင်. . ဟိုဟာလေ၊ မင်းအော်တာက ရှုပ်လှချည်လားကွ၊ အဲ အဲဒါအရင်ပြောတာ"

"နေစမ်းပါကွာ၊ ငါ့ဘာသာငါပဲ စဉ်းစားပါ့မယ်၊ အဲ. . သိပြီ သူကြွယ်ကြီးဦးဘဂေါ်မှာ သမီးခေါ်ခေါ်ချင်ဆိုတာရှိတယ်။ ပြီးတော့ သေတ္တာကြီးတစ်လုံးလည်း ရှိတယ်လေ"

"အဲဒီသေတ္တာကြီးကကော. . ဒီသူကြွယ်ကြီးမွေးထားတာပဲလား"

"လူက သေတ္တာကို ဘယ်လိုလုပ်မွေးမှာလဲကွ"

"မသိဘူးလေ ထူးဆန်းတာဆိုတာများလားလို့"

"မဟုတ်သေးပါဘူး၊ သေတ္တာကြီးက မှော်ပညာနဲ့လုပ်ထားတာ၊ ဒီသေတ္တာပေါ်မှာ မေးခွန်းသုံးခုမေးထားတယ်။ အဲဒါတွေရဲ့အဖြေမှန်ကိုပြောလိုက်ရင် သေတ္တာကြီးဟာ အလိုလိုပွင့်သွားမယ်၊ ပွင့်သွားရင် သေတ္တာထဲမှာရှိတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကို ယူပြီး သူကြွယ်ကြီးသမီးနဲ့လက်ထပ်ရမယ်တဲ့ကွ"

"ဒီမေးခွန်းတွေကို တစ်ယောက်မှ မဖြေနိုင်ဘူးလား"

"မဖြေနိုင်လို့ ရှိသေးတာပေါ့"

"သူကြွယ်ကြီးက ဘာလုပ်ဖို့များ ဒီလိုလုပ်ထားပါလိမ့်"

"သူက ခရီးထွက်နေတယ်လေ"

"ဒီလိုဆိုလည်း သမီးကို လင်မပေးစားနဲ့အုံးပေါ့"

"အော်. . ဒါကတော့ သီးချိန်တန် သီးရမယ်"

"သီးတာက အချိန် တန်တာနဲ့မဆိုင်ပါဘူး၊ ရေကို ကမန်းကတန်းသောက်လို့ သီးတာဖြစ်ပါလိမ့်မယ်"

လူကြီးသည် ဘာမျှမပြောတော့ဘဲ ဝယ်ထားသောဆတ်သား

များကို ယူ၍ထွက်ခွာသွားလေတော့၏။

မောပေါင်သည် ကျန်ရှိနေသေးသောဆတ်သားများကို ရောင်းချပြီး ရောင်းစရာကုန်သောအခါတွင်မှ ခေါ်ခေါ်ချင်ရှိရာသို့ မေးမြန်းစုံစမ်းပြီးရောက်လာခဲ့လေ၏။

သူက မေးခွန်းများကို ဖြေမည်ဆိုသဖြင့် ခေါ်ခေါ်ချင်သည် အိမ်တွင်ရှိသောလူများကိုလည်းကောင်း၊ အရပ်ထဲရှိလူကြီးသူမများကိုလည်းကောင်း ခေါ်၍ သက်သေပြုကာ ဖြေဆိုခွင့်ပေးလေသည်။

"ကဲ-ဖြေပါတော့ မောင်ကြီး"

"မေးခွန်းတွေကို ဖတ်ပြပါ"

"ဟင်. . မောင်ကြီးက စာမတတ်ဖူးလား"

"နည်းနည်းပါးပါးပဲတတ်တယ်၊ စာသိပ်မသွားဘူး"

"ဒါဖြင့် ဖြေနိုင်ပါ့မလား၊ ပညာရှိတွေတောင်ဖြေတာ မပွင့်လို့ လက်လျှော့သွားကြရတယ်ရှင့်"

"ကိစ္စမရှိပါဘူးလေ၊ ဖတ်သာပြပါ၊ ပညာဆိုတာ စာထဲမှာချည်း ရှိတာမဟုတ်ပါဘူး၊ အတွေ့အကြုံမှာလဲ ပညာရှိနိုင်ပါတယ်"

"စာကောင်းကောင်းမတတ်သူမဖြေရ"ဟု စည်းကမ်းချက်မရှိသဖြင့် ခေါ်ခေါ်ချင်လည်း မောပေါင်ကို ဖြေခွင့်ပြုလိုက်ရလေတော့သည်။

ခေါ်ခေါ်ချင်က တစ်ခွန်းဖတ်ပြလိုက်၏။

မောပေါင်က တစ်ခွန်းဖြေဆိုလိုက်၏။

ဤသို့ဖြင့် မေးခွန်းသုံးထွေတွင် အဖြေသုံးခုထွက်လာသောအခါ သေတ္တာကြီးသည် ဂျောင်းခနဲပွင့်သွားလေတော့သည်။ လူအများမှာလည်း အုတ်အော်သောင်းနင်း ဖြစ်သွားကြလေ၏။



သေတ္တာကြီးပွင့်သွားပြီဖြစ်သဖြင့် အထဲမှရွှေငွေကျောက်သံပတ္တမြားများနှင့်တကွ သူကြွယ်သမီးခေါ်ခေါ်ချင်ကို မောပေါင်သည် ရရှိလက်ထပ်လိုက်နိုင်လေတော့၏။

* * *

သူကြွယ်ကြီးဦးဘဂေါသည် အတော်ပင်ရှုံးရှုံးရှဲ့ရှဲ့ဖြစ်နေပါသည်။

သူပြန်ရောက်သည်နှင့်တစ်ပြိုင်နက် သမီးဖြစ်သူလက်ထပ်ပြီးကြောင်းကို တွေ့ရသည်။ သို့သော် လက်ထပ်သူမှာ သူမျှော်လင့်ထားသော ပညာရှိတစ်ယောက်တော့မဟုတ်။ ထို့ကြောင့် သူသည် ရှုံးရှုံးရှဲ့ရှဲ့နှင့်ဆရာကြီးဦးဝါဒိတ်နှင့်လာရောက်တွေ့ဆုံခြင်းဖြစ်ပေသည်။

"ဘယ်လိုလဲဗျ၊ ဆရာကြီးရဲ့. . ဆရာကြီးဘီလူး ဘယ်လိုဘီလူးလဲ"

"သွားဖြီးကြီးနဲ့ဘီလူးပဲပေါ့"

"မဟုတ်ပါဘူး၊ ဘာကြောင့်သေတ္တာကို ဖွင့်ပေးလိုက်ရတာလဲ"

"သူဖြေတာတွေမှန်နေလို့ပေါ့"

"မဖြစ်နိုင်ပါဘူး၊ သူ့မှာ ဒီလိုအဖြေမျိုးဖြေဖို့ ဉာဏ်မရှိနိုင်ပါဘူး"

"သူဘာတွေဖြေခဲ့သလဲ"

"မသိဘူး၊ လူလည်းမမှတ်မိတော့ဘူး၊ ဘေးလူတွေလည်း မမှတ်မိတော့ဘူး. . သေတ္တာပွင့်သွားတာနဲ့ သူတို့လည်း မေ့ပစ်လိုက်ကြတာပေါ့"

"ဟုတ်တာပေါ့. . အဖြေမှန်က ခင်ဗျားတစ်ယောက်တည်း သိတာပဲဟာ၊ ဘီလူးကလည်း သူ့ဉာဏ်နဲ့သူ စဉ်းစားပြီး မှန်လို့သာ ဖွင့်ပေးတာဖြစ်ရမှာပေါ့"

"ခေါ်စမ်းပါအုံးလေ ဆရာကြီးရဲ့ဘီလူးကို. . "

ဆရာကြီးဦးဝါဇိတ်သည် ပေစာကိုပြန်လှန်ရပြန်လေ၏။ ထို့နောက်မှ ဇွောန်ကို ရွတ်လိုက်၏။

ထုံးစံအတိုင်းပင် ဘီလူးသည် သွားဖြီးလျက်ပေါ်လာလေ၏။ ဦးဘဂေါက ဘီလူးကိုဒေါ်ကြီးမောကြီးနှင့်မေးလိုက်လေသည်။

"ပထမမေးခွန်းက ဘာလဲ"

"ပျော့ရင်ဘာလဲ. . မာရင်ဘာလဲတဲ့. . "

"ဟုတ်တယ်. . အဲဒါဟာ. . ပျော့ရင်ရေ. . မာရင်ရေခဲလို့ ဖြေခဲ့တယ်"

"သေရောကွာ"

"နို့ သူဖြေတာလည်း မှန်တာပဲလို့၊ ပျော့နေရင်ရေအတိုင်းပဲ ရှိတယ်၊ဟော. . မာသွားရင် ရေခဲပေါ့၊ ဘယ်လောက်သဘာဝကျသလဲ. . ဟီ-ဟိ"

'အောင်မယ်. . ရယ်နေ ရယ်နေ. ငါတော့ ရင်ကျိုးတော့မယ်၊ ကဲ-ထားပါအုံး၊ နောက်မေးခွန်းက ဘာလဲ"

"နောက်မေးခွန်းက ပိန်လိုက်ဖောင်းလိုက် ဖြစ်ဖြစ်နေတာ ဘာလဲ"

"ဟုတ်တယ်၊ အဲဒါက နဲ့သမားရဲ့ ပါးကို ပြောတာ"

"ဟောဗျ-သူက ဖိုးလမင်းတဲ့၊ လဆန်းရက်ကစပြီး ပိန်နေတဲ့ ဗိုက်ဟာ ရှစ်ရက်လည်းကျော်ရောတဖြည်းဖြည်း ဖောင်းဖောင်းလာ



လိုက်တာ လပြည့်ကျတော့ ဖောင်းကားနေတာပဲတဲ့။ နောက်ပြန် ပြီးပိန်သွားပြန်ရော။ ဒီလိုပဲ ပိန်လိုက်ဖောင်းလိုက်ဖြစ်ဖြစ်နေတာ ဖိုးလမင်းတဲ့၊ ကိုင်း ဘယ်လောက်သဘာဝကျသလဲ ဟီ-ဟိ"

သူကြွယ်ကြီးဦးဘဂေါသည် သူ့နဖူးကိုသူ လက်ဝါးနဲ့တဖျပ်ဖျပ် ရိုက်မိတော့သည်။

"ကဲပါလေ. . ဒါလဲ ထားပါအုံး၊ နောက်ဆုံးမေးခွန်းက ဘာလဲ"

"နောက်ဆုံးမေးခွန်းက နှစ်ဂဏန်းက နှစ်ဆယ့်ကိုးကိုကပ်၊ ပြီးတော့ အဆန်ခပ်-ဆိုတာပေါ့"

"ဟုတ်တယ်၊ ဒါက နှစ်နဲ့နှစ်ဆယ့်ကိုးကိုပေါင်း၊ သုံးဆယ်တစ် ရတယ်။ သုံးဆယ့်တစ်ဘုံကိုပြောတာ။ သုံးဆယ့်တစ်ဘုံမှာ ရှိသမျှ သတ္တဝါတွေရဲ့အဆံကို ခပ်ယူလိုက်မယ်ဆိုရင် ရုပ်နာမ်နှစ်ပါးပဲ ရတယ်လို့ ဆိုချင်တာပဲ၊ သူက ဘယ်လိုဖြေသလဲ။

ဘီလူးသည် ခဏတော့ စဉ်းစားလိုက်သေးသည်။ ပြီးတော့မှ မောပေါင်၏အဖြေကို သူပြန်၍သတိရလာလေ၏။

"အဲ-သိပြီ။ သူက အက္ခရာတွေထဲမှာ နှစ်ဂဏန်းကျတာ(ခ)တဲ့၊ နှစ်ဆယ့်ကိုးဂဏန်းကျတာ(ဝ)တဲ့။ (ခ)က(ဝ)ဆီကိုကပ်တော့ (ခဝ)ရ ဘယ်တဲ့။ ဆလိမ်ကို ဆန်ခတ်တော့ (ဆီ)ဖြစ်ကရောဆိုပဲ။ ကဲ ဘယ် လောက်ချွံသလဲ၊ အဲလေ ဘယ်လောက်သဘာဝကျသလဲ၊ ဟီဟိ"

ဘီလူးသည် ရယ်ရယ်မောမောနှင့်ပင် ကိုယ်ရောင်ပျောက် သွားလေတော့၏။

သူကြွယ်ကြီးဦးဘဂေါကား မကျေမနပ်ဖြစ်ဆဲပင်။

ဆရာကြီးဦးဝါဇိတ်ကလည်း ကြိုးစား၍ဖြောင်းဖျ၏။

"ဒါကတော့ သူ့အဖြေတွေကလည်း သဘာဝကျတာကိုး"

"လာပြန်ပြီလား"

"ဘယ်သူလဲ-ဘီလူးလား"

"မဟုတ်ပါဘူး၊ ဆရာကြီးကလည်း သဘာဝကျပြန်ပြီ၊ ကဲပါ-ဒီလောက်ညံ့တဲ့ဘီလူးကို မကျေနပ်ပါဘူး ဘီလူးမင်းကြီးကိုတိုင်ချင်တယ်၊ ဘီလူးမင်းကြီးကို ခေါ်ပေးစမ်းပါ"

ဆရာကြီးဦးဝါဇိတ်သည် ပေစာထုပ်ကြီးကို ပြန်လှန်ရပြန်လေ၏။

မန္တာန်ကိုတွေ့မှ ရွတ်ဖတ်လိုက်သည်။

ဝုန်းခနဲဝင် စောစောဘီလူးပင်ပေါ်လာလေ၏။ ဆရာကြီးဦးဝါဇိတ်မှာ မကျေနပ်သဖြင့် "မင်းကိုခေါ်တာမဟုတ်ဘူး"ဟု ပြောလိုက်ရာ ဘီလူးသည် ပျောက်ကွယ်သွားလေ၏။

ဦးဝါဇိတ်သည် မန္တာန်ကို ထပ်ရွတ်ပြန်၏။

ဝုန်းခနဲပင် စောစောကဘီလူးပေါ်လာပြန်လေသည်။

"ဘာလဲကွ၊ မင်းက ဘာလာလာလုပ်တာလဲ"

"ခင်ဗျားက တစ်ခေါ်တည်းခေါ်နေတာကိုးဗျ"

"ဟေ့-ငါက မင်းလိုဘီလူးညံ့ညံ့ကို ခေါ်တာမဟုတ်ဘူး၊ ဘီလူးမင်းကြီးကိုခေါ်နေတာကွ"

"အလို ခင်ဗျားလို ဆရာညံ့ညံ့ကခေါ်ရင် ဘီလူးမင်းကြီးက မလာဘူးဗျို့၊ ကျုပ်လို ဘီလူးညံ့ညံ့ပဲလာမယ်၊ ကိုင်း. . ဘယ်လောက်သဘာဝကျသလဲ ဟီ-ဟိ"

ဘီလူးသည်ပြန်လည်၍ပျောက်ကွယ်သွားတော့၏။

ဆရာကြီးဦးဝါဇိတ်သည် ထပ်ခေါ်ရန်မကြိုးစားတော့ဘဲ

"ကဗျာ-သူကြွယ်ကြီးရဲ့သမက်ကိုသာ ခေါ်ခိုင်းလိုက်စမ်းပါ၊ သူ



ကြွယ်ကြီးက သဘောမတူဖူးဆိုရင် ကျွန်တော်ဟာ သူရောက်ရောက်ချင်း ဆေးနဲ့လုပ်လိုက်မယ်၊ ဒီကောင် ဆန့်ငင် ဆန့်ငင်နဲ့သေရမှာပေါ့"

"လုပ်နိုင်ရင် လုပ်စမ်းပါဗျာ၊ ကျုပ်က သူနဲ့ သဘောမတူပါဘူး"

ဆရာကြီးဦးဝါဇိတ်သည် သူကြွယ်ကြီးကို မချိမချဉ်မျက်နှာနှင့်ကြည့်လိုက်လေသည်။

"ဒီမှာ ဦးဘဂေါ် ဒီကောင်မရှိရင် သမီးကို ကျုပ်နဲ့ပေးစားမလား"

ဦးဘဂေါ်သည် ခဏတော့ တွေသွားသေး၏။ သို့သော် စဉ်းစားပြီး သဘောတူလိုက်လေသည်။

"ဒီကောင်နဲ့စာရင် ဆရာကြီးနဲ့သဘောတူပါတယ်"

"ဒါဖြင့် ခုချက်ချင်း အခေါ်လွှတ်လိုက်ပါ"

သူကြွယ်ကြီးသည် နောက်လိုက်တစ်ယောက်ကိုစေခိုင်းလိုက်၏။

မောပေါင်သည် အလုပ်ကိုကြိုးစား၏။ စာပေ သိပ်မတတ်သော်လည်း ဆင်ခြင်ဉာဏ်ရှိသူဖြစ်၍ အသုံးကျပါသည်။ ထို့ပြင် သဘောလည်းကောင်းသူဖြစ်၏။ ထို့ကြောင့်ပင် ခေါ်ခေါ်ချင်သည် မောပေါင်ကို နှစ်သက်နေသည်။

သူကြွယ်ကြီးစေလွှတ်လိုက်သူရောက်လာသဖြင့် မောပေါင်မှာ သူကြွယ်ကြီးနှင့်ဦးဝါဇိတ်တို့၏အကြံကိုမရိပ်မိဘဲလိုက်သွားရန်ပြင်လေ၏။

"ခေါ်ခေါ်လေးရေ-မောင်ကြီးကို ဖေဖေခေါ်ခိုင်းလို့ သွားလိုက်ဦးမယ်နော်"

"ကောင်းပါပြီမောင်ကြီး"

မောပေါင်သည်လည်း ထွက်လာခဲ့လေ၏။ သို့သော် အိမ်မြင် ရောက်၍မှသုံးလေးလှမ်းလှမ်းရသေးသည်။ ဘေးနားကလူသည် 'အောင်မယ်လေးဗျ'ဟုအော်၍ ထွက်ပြေးသွားလေ၏။

မောပေါင်သည်လည်း ထိတ်ခနဲဖြစ်သွားကာ မော့ကြည့်လိုက်သည်တွင် ရှေ့တူရူမှ သူ့ထံသို့လာနေသောကျားကြီးကို တွေ့ရလေ၏။

"သူငယ်ချင်း ငါ့ကိုမှတ်မိသေးသလား"

"ဟာ-မှတ်မိတာပေါ့၊ ဟောဒါ ငါ့အိမ်ပဲ၊ ဝင်နေနှင့်"

"မင်းက ဘယ်သွားမလို့လဲကွ"

"ငါ့ယောက္ခမကြီးက ခေါ်လို့တဲ့ကွာ"

"ငါပါလိုက်ခဲ့ပါ့မယ်ကွာ၊ ကဲ ငါ့ကျောပေါ်တက်"

ဦးဘဂေါ်နှင့် ဦးဝါဇိတ်တို့သည် မောပေါင်၏အလာကို စောင့်နေကြရင်းက မောပေါင်ကို မြင်လိုက်ရည်တွင်ဦးဝါဇိတ်သည် "ဟာ ဒီကောင် လူမဟုတ်ဘူးဗျို့၊ နတ်-နတ်. . စီးတော်ကျားနဲ့ကို လာနေတော့တာပဲ၊ ကျုပ်မနိုင်ဘူး ပြေးတော့မယ်"

ပြောပြောဆိုဆိုနှင့် ဦးဝါဇိတ်သည် ထိုမြို့မှ ရာသက်ပန်ထွက်ပြေးသွားလေတော့၏။ ဦးဘဂေါ်မှာလည်း သမက်ဖြစ်သူကို ကျေနပ်ခွင့်လွှတ်ပါရန် အထပ်ထပ်တောင်းပန်လေတော့ရာ မောပေါင်မှာလည်း ဘာမသိညာမသိနှင့်ပင် ကျေနပ်ခွင့်လွှတ်လိုက်ရပေသည်။

ဤသို့ဖြင့် မောပေါင်သည် ဦးဝါဇိတ်၏ပစ္စည်းများကိုလည်း ရလိုက်၏။ အိမ်သို့ပြန်ပြီး မိတ်ဆွေကျားကြီးကို လက်ခံထားခိုက်တွင် အထူးအဆန်းကြည့်လိုသူများက ပိုက်ဆံပေး၍ ကျားကြီးကို လာလာကြည့်ကြသဖြင့် ဝင်ငွေအတော်ကောင်းလိုက်၏။

နောက်ဆုံးတွင် ကျားကြီးသည် တောသို့ပြန်တော့မည်ဖြစ်၍



"ကဲ-သူငယ်ချင်း ကျားဆိုတာ တောကိုပဲပြန်ရမယ်ကွဲ့၊ ကဲ-ဘယ်လောက်သဘာဝကျသလဲ"ဟုပြောလိုက်ရာ ဦးဘဂေါ်သည် ဖျင်းခနဲကြက်သီးတွေထသွ..းလေတော့သည်။

❑



## မိုးစကြာတွတ်နီ

တွတ်နီသည် နှမဖြစ်သူ ခင်မူရာနှင့်မိခင်ကြီးကို ယာအလုပ်ဖြင့်လုပ်ကိုင်ကျွေးမွေးခဲ့သည်။ ယခုအခါတွတ်နီသည် အသက်ဆယ့်ကိုးနှစ်သို့ ရောက်လာ၍နှမဖြစ်သူ ခင်မူရာသည် အသက် ဆယ့်ခြောက်နှစ်သို့ရောက်လာခဲ့ပြီဖြစ်၏။

သို့သော် မကြာမြင့်မီပင် မိခင်ကြီးမှာ သေဆုံးလေရကား၊ တွတ်နီတို့ မောင်နှမသည် ဇာတိရပ်မြေကျေးရွာကလေးကို စွန့်ပစ်ခဲ့ကြပြီး မင်းမှုထမ်းအလုပ်ကလေးရလိုရငြား သဖန်းပိုမြို့ကြီးသို့ တက်ခဲ့ကြလေသည်။

တွတ်နီတို့သည် ဤမြို့ကြီးသို့ တစ်ခါမှမရောက်ဖူးကြချေ။ သူတို့နေထိုင်သောကျေးရွာနှင့် ထိုမြို့ကြီးမှာ မိုင်ပေါင်းသုံးဆယ်ခန့် ကွာဝေးသည်။

တိုင်းပြည်ကြီးတစ်ပြည်လုံးကို 'မဟာဓမ္မရာဇာ'မင်းကြီးက အုပ်စိုးသည်မှန်သော်လည်း သဖန်းပိုမြို့မှာကား နယ်စားကြီးဗလကျော်ခေါင် နေထိုင်စိုးမိုးလျက်ရှိပေသည်။

မောင်နှမနှစ်ယောက်မှာ ဆာလောင်နေသည်နှင့်အညီ ပထမဆုံးတွေ့သော မုန့်ဟင်းခါးဆိုင်တွင် ဝင်ရောက်စားသောက်ကြတော့၏။

တစ်ခုထူးခြားသည်မှာ မုန့်စားသူများသည် မကြာခဏပင် သနားသလိုအမူအရာနှင့် သူတို့မောင်နှမကို ကြည့်ကြည့်နေကြခြင်းပင်ဖြစ်၏။

ဟိုလူကကြည့်၊ ဒီလူကကြည့်နှင့်လုပ်နေသဖြင့် တွတ်နီနှင့် ခင်မူရာတို့မှာ မုန့်ကိုပင် ကောင်းကောင်းမစားတတ်အောင်ပင် ရှိတော့သည်။

"ဟောဗျ. . သွားရောကရို"

တွတ်နီက လွှတ်ခနဲပြောလိုက်သဖြင့် အားလုံးက သူ့ကိုဝိုင်းကြည့်ကြပြန်သည်။ ခင်မူရာကလည်း ကြည့်လိုက်၏။

"ဘာဖြစ်သလဲကိုကို"

"ဟာ. . ငန်ပြာရည်ထည့်မလို့ဟာ ငြုတ်သီးမှုန့်တွေထပ်ပြီး ထည့်မိတာကိုး၊ နေပလေ့စေ. . ဒါလောင်တောင်ဖြစ်လှတာ စားကို စားပစ်လိုက်ဦးမယ်. . ကိုင်း. . ကြည့်ကြဦးကွာ. . ကြည့်ကြဦးကွာ"

တွတ်နီသည် လူတွေ ဝိုင်းဝိုင်းကြည့်သဖြင့် မိမိမှားယွင်းရသည့် အဖြစ်ကို အရွဲ့တိုက်၍ ငြုတ်သီးမှုန့်များဖြင့် နီရဲနေသော မုန့်ဟင်းခါးကို တစ်ဖွန်းပြီးတစ်ဖွန်း နင်းကန်စားပစ်လိုက်တော့သည်။

"ဟယ်-စပ်တော့လည်း ငါပဲခံရပါကလား. . ဟာ၊ အားပါး. . ရှူးရှဲ. . ရှူးရှဲ- ဥုး. . စပ်သဟေ့"

"ကိုကိုကလည်း . . ဒေါ်ချည်းပဲ၊ အသစ်တစ်ပန်းကန်ထပ်ပြီး မှာစားမှပေါ့ ကိုကိုရဲ့"



ထိုခဏတွင် တစ်နေရာမှ အရုပ်ဆိုးဆိုးမိန်းမတစ်ယောက်သည် သူတို့နားသို့ ချဉ်းကပ်လာသည်။

"မောင်ကြီးတို့က ဒီသဖန်းပျို့မြို့ကို တစ်ခါမှမရောက်ဖူးဘူးထင်တယ်"

တွတ်နီသည် အသံလာရာသို့ မော့ကြည့်လိုက်၏။

"အောင်မယ်လေးဗျ"

ထိုမိန်းမသည် အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်လောက်သာ ရှိမည်မှန်သော်လည်း တော်တော်အရုပ်ဆိုး၏။ ဆံပင်များမှာ ဘယ်တော့မှမလျှော်သလို ညစ်ထပ်ကျပ်ခဲကြီးဖြစ်နေသည်။ သွားတွေလည်းခေါနေ၏။ ပါးတွင်လည်း ဓားခုတ်ရာကြီးလိုလို အနာရွတ်ကြီးနှင့်ဖြစ်သည်။ အသားတွေကလည်း မည်းမှောင်နေ၏။ ထို့ကြောင့် တွတ်နီလန့်အော်မိခြင်းဖြစ်ပါသည်။

သူအော်လိုက်မှ ထိုမိန်းမသည် ပြုံးလိုက်ပြန်သည်။

"အောင်မယ်လေးဗျ"

သွားခေါကြီးတွေထပ်၍ ပေါ်လာသဖြင့် တွတ်နီက တစ်ကြိမ်ထပ်ပြီးအော်မိပြန်သည်။ ထိုအခါတွင် ခင်မူရာက အားနာသလိုဖြစ်သွားကာ ကြားကဝင်ပြောသည်။

"အို. . ကိုကိုကလည်း ဘာဖြစ်နေတာလဲ၊ ဒါထက် အခုနအမကြီးပြောတာမှန်ပါတယ်၊ ကျွန်မတို့ဟာ ဒီမြို့ကြီးကို တစ်ခါမှ မရောက်ဖူးသေးပါဘူးရှင်"

"ဘာတော်သလဲ"

"မောင်နှမပါရှင်"

"အော်. . ကျွတ်. . ကျွတ်. . ကျွတ်"

အရုပ်ဆိုးမသည် သနားသလိုစုတ်သပ်လိုက်၏။ ဤသို့စုတ်သပ်ခြင်းကို တွတ်နီက ကျေနပ်ပုံမရပါ။

"ဘာလဲဗျ. . မောင်နှမဖြစ်တာသနားစရာလား. . . ဘယ်လိုလဲဗျ"

အရုပ်ဆိုးမသည် ရယ်လိုက်မိသည်။

တွတ်နီကား နွတ်ခမ်းကြီးကို ကိုက်၍ မြေကြီးပေါ်စိုက်ကြည့်နေတော့သည်။ အကယ်၍ ဤမိန်းမမျက်နှာကို ဆက်ကြည့်နေလျှင် သူသည် သွေးတွေဆုတ်၍ ငုတ်တုတ်ကအသက်ပျောက်သွားမှာကို ကြောက်ရွံ့သောကြောင့်ဖြစ်ပါသည်။

"ဒီမိန်းကလေးချောချောဟာ ဒီမြို့ကိုလာဖို့ မကောင်းဘူးလေ၊ မောင်ကြီးတို့တော့ ဝမ်းနည်းစရာတွေ့တာမှာပဲလို့ တွေးပြီး သနားတာပါ"

"ဟုတ်ပါတယ်၊ ကျုပ်တို့ကလည်း ဒီမြို့မလာချင်ပါဘူး၊ နတ်ပြည်ခြောက်ထပ်ကို သွားနေချင်တာ၊ ဘယ်လမ်းက သွားရမယ်မှန်းမသိလို့"

အရုပ်ဆိုးမသည် ထပ်၍ပြုံးပြန်သည်။ ထို့နောက် ဘာမျှထပ်မပြောတော့ဘဲ သူစားသောမုန့်ဖိုးကို ပေးချေပြီးထွက်သွားလေတော့၏။

ခင်မူရာမှ တွေတွေကလေးဖြစ်နေရာက မုန့်ဟင်းခါးသည်အဒေါ်ကြီးကို တီးခေါက်ကြည့်လိုက်၏။

"အရီး. . သူဘာတွေပြောသွားတာလဲ၊ ဒီမြို့မှာ ရုပ်လှတဲ့မိန်းကလေးတွေအတွက် အန္တရာယ်ရှိလို့လားဟင်. . အရီး"

ထိုအခါ မုန့်ဟင်းခါးသည်အဒေါ်ကြီးသည် ကြောက်ရွံ့ဟန်နှင့်



ဘီးတိုးပြန်ဖြေသည်။

"ဆိုပါတော့ကွယ်၊ ဒီကနယ်စားကြီးဗလကျော်ခေါင်က ရုပ်လှသူမှန်သမျှကို ကောက်ယူတာပဲ"

ဤသို့ပြောစကားကိုကြားလိုက်ရသည်တွင် တွတ်နီသည် ထိတ်ခနဲဖြစ်သွားပြီး နှမဖြစ်သူ ခင်မူရာ၏လက်ကိုဆွဲ၍ 'ဟင်. . ဒါဖြင့်သွားကြမှပဲ'ဟုပြောပြီး မတ်တပ်ရပ်လိုက်ည်။

သို့သော် . . သူတို့နောက်ကျသွားလေပြီ။

သူတို့ကို မနီးမဝေးမှမြင်မိသောဗလကျော်ခေါင်၏ စစ်သားလေးငါးယောက်သည် သူတို့ဆီသို့လျှောက်လာကြပြီဖြစ်၏။

သူတို့ထဲက တစ်ယောက်က ပြောသည်။

"အလို. . မိုးကျနတ်မယ်က ဘယ်ကိုများ ကြွမလို့ပါလဲ"

ခင်မူရာမှာ ကြောက်လွန်းသဖြင့် ကိုယ်တဆတ်ဆတ်တုန်ကာခေါင်းကို ငုံ့ထားသည်။ တွတ်နီကသာ ပြန်ဖြေရ၏။

"ဒါ. . မိုးကျနတ်မယ်မဟုတ်ပါဘူးဗျာ၊ ကျုပ်နှမ ခင်မူရာပါ"

စစ်သားသည် တွတ်နီကိုဂရုမစိုက်ချေ။ ခင်မူရာကိုသာ ကြည့်၍စကားပြော၏။

"မိုးကျနတ်မယ်ဆိုတာ လမ်းမလျှောက်သင့်ပါဘူး၊ ဝေါယာဉ်နဲ့သာ ကြွမြန်းသင့်ပါတယ်လေ၊ ဒီလိုလှတဲ့မိန်းကလေးမျိုးကို မင်းကြီးဗလကျော်ခေါင်က အစဉ်ဖိတ်ခေါ်နေတာမို့ မင်းကြီးရဲ့စံအိမ်ကိုကြွမြန်းဖို့လိုက်ခဲ့ပါတော့ သခင်မ"

"ဒီမှာဗျ-ဒါဟာ ကျုပ်နှမခင်မူရာပါ။ နောင်ကြီးတို့က နတ်ဝင်သည်တွေလား"

ထိုအခိုက်တွင်ပင် ကျန်လူတို့သည် ခင်မူရာကိုလက်များမှ ဖမ်း

ဆီးခေါ်ကြသည်။ တွတ်နီမှာ နမဖြစ်သူကြောင့် စိတ်ထိခိုက်ပြီး အနားမှစစ်သားကို ဇက်ပိုးပိတ်ရိုက်လိုက်ရာ ဆောင်းထားသော မောက်တိုကြီးလွင့်သွားလေ၏။ ထိုစစ်သားမှာ တွတ်နီကိုဘာမှ ပြန် မလုပ်အားသေးဘဲ လမ်းကြောင်းပေါ်တွင် လွင့်စင်သွားသော မောက်တိုကြီးကို ကုန်းကုန်း-ကုန်းကုန်းနှင့်ပြေးကောက်နေရလေ၏။

ထိုအခိုက်တွင်ပင် အခြားသောစစ်သားများက တွတ်နီကိုဖါ ခမ်းဆီးပြီးခေါ် ဆောင်လာကြလေတော့သည်။

ထိုအချိန်မတိုင်မီက နယ်စားကြီးဗလကျော်ခေါင်သည် သူ၏စံ အိမ်အထပ်ခိုးပေါ်၌ ခေါင်းရင်းဘက်တွင် ငြည့်သည်တစ်ယောက် ကို လက်ခံစကားပြောနေ၏။

"အောင်မယ်. . ဗိုလ်ဝက်က ဝီရိယရှိသားပဲ၊ ချက်ချင်းကို ရောက်လာတာပဲကိုး၊ ဒါမျိုးမှကြိုက်တာ"

ဗိုလ်ဝက်သည် အကျီအတွင်းဘက်သို့ လက်နှိုက်၍ 'ဒီစာချွန် တော်ပို့လိုက်တော့ ချက်ချင်းပြေးလာရတော့တာပေါ့'ဟု ပြောရင်း စာချွန်တော်လေးကို ထုတ်၍ကမ်းလိုက်၏။

စာချွန်တော်ကား. . .

ငယ်ကျွန်ဗိုလ်ဝက် သိစေရန်မှာ ကျွန်ုပ်သည် ဆရာကြီးရွှေခါး ဇော်ကို သုတ်သင်ရန် သန္နိဋ္ဌာန်ချပြီးပြီ၊ ဘုရားကိုးဆူပွဲနေ့တွင် သုတ်သင်ရမည်ဖြစ်၍ အကြံအစည်ပြုရန် အမြန်လာရောက် လော့"

နယ်စားတော်မင်း

ဗလကျော်ခေါင်

ဤစာမှာ သူကိုယ်တိုင်ရေးသည့်စာဖြစ်သောကြောင့် ဗလ



ကျော်ခေါင်သည် တစ်ချက်မျှသာကြည့်လိုက်ကာ အနားက ကလပ် ကလေးပေါ် တင်ထားလိုက်သည်။

ဗိုလ်ဝက်က 'ဘုရားကိုးဆူပွဲက ဘယ်တော့ကျင်းပမှာလဲ မင်း ကြီး'ဟု မေးလိုက်လေသည်။

"ငါးရက်လိုပါသေးတယ် ဗိုလ်ဝက်ရယ်၊ အဲဒီနေ့ကိုရွေးရတာက ဘုရားကိုးဆူပွဲဆိုတော့ ဆရာကြီးက လက်နက်ပါလာမှာမဟုတ်ဘူး၊ နောက်ပြီး ဗိုလ်ဝက်က ရပ်ဝေးရောက်နေတော့ သူနဲ့လည်းသိပ် ခင်တော့ ရန်စလို့ကောင်းတယ်။ ဗိုလ်ဝက်နဲ့ရန်အဖြစ်မှာ ငါတို့ မင်းချင်းတွေတွေက ဝိုင်းပြီး သုတ်သင်မယ်၊ ပြီးတော့ အသင့် ဆောင်ထားတဲ့သေရည်တွေနဲ့ ဆရာကြီးကိုလောင်းမယ်၊ နောက် တိုင်းသူပြည်သားတွေကို ဆရာကြီးဟာ သိက္ခာမရှိ အရက်တွေမူး ပြီး ရန်ဖြစ်ရင်းကွယ်လွန်ရတယ်လို့ ပြောပြရုံပေါ့၊ ဟား. . ဟား. . ဟား၊ မကောင်းဘူးလား ငါ့အကြံ"

"ကောင်းလှပါပေတယ်မင်းကြီး၊ အနို့. . ဒါထက် ဘာဖြစ်လို့ မင်းကြီးဟာ ကိုယ့်ရဲ့ဓားသိုင်းဆရာကြီးကို သုတ်သင်ချင်ရတာလဲ"

"ဟာ. . သူရှိနေသရွေ့ ငါဟာ ဒီနယ်မှာ ဓားရေးအတော်ဆုံး ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ့်နယ်မှာ ကိုယ်ကြောက်ရတဲ့လူရှိနေရင် မကောင်းဖူးလေ"

ထိုအခိုက်တွင် ဝင်ပေါက်ဝဆီမှ ဆူဆူညံညံသံတွေ ထွက်ပေါ် လာ၏။ အထပ်ခိုးပေါ်မှ ဗလကျော်ခေါင်က လှမ်းကြည့်လိုက်သော အခါ သူ၏ငယ်သားအချို့သည် ယောက်ျားတစ်ဦးနှင့် မိန်းကလေး တစ်ဦးကို ခေါ်ငင်လာကြသည်ကို တွေ့ရသည်။

"ဘဲ-လာ. . ဗိုလ်ဝက်၊ ကြင်ယာတော်လောင်းအသစ်နဲ့တူ

တယ်"

နယ်စားကြီးဗလကျော်ခေါင်သည် ခြေရင်းဘက်ရှိ လှေကားမှဆင်းသွားရာ ဗိုလ်ဝက်လည်း လိုက်ပါသွားသည်။ နယ်စားကြီးမှာသူ့အိမ်တွင် သူနေစဉ်ဖြစ်၍ ဓားမပါချေ။ ဗိုလ်ဝက်သည်သာ ဓားလွယ်ကြီးကားယားကားယားနှင့်ဖြစ်၏။

"ဟဲ့. . လွှတ်လိုက်ကြပါဦး. . ဒါက ဘယ်သူလဲ"

ခင်မှုရာက ခေါင်းကိုငုံ့ကာထားသဖြင့် ဘေးနားက နယ်စားကြီး၏လူက ဓားပြားနှင့်တို့လိုက်ရင်း "ဟဲ့. . မင်းကြီးကို ပြန်ပြီးလျှောက်တင်လေ"ဟု သတိပေးလိုက်၏။

"ကျွန်တော်မျိုးမ. . ခင်မှုရာပါဘုရား"

"အိမ်. . နာမည်ကလည်းလှ၊ လူလည်းလှပါကလား၊ မြင်မြင်ချင်ပဲ မေတ္တာရှိမိတာပဲ၊ အနားက ဘာတော်သလဲ"

"အစ်ကိုပါဘုရား"

"နာမည်ကဘယ်သူတုန်းဟဲ့"

"တွတ်နီပါဘုရား"

"အေး-ကောင်းပြီ၊ တွတ်နီကို စားတော်မှူးခန့်မယ်၊ ဒီကငါ့နှမကတော့ နယ်စားကတော်ပေါ့ကွယ် ဟုတ်လား"

ခင်မှုရာ၏မျက်နှာမှာ နီမြန်းသွားသည်။

"သည်းခံပါနယ်စားကြီး၊ ကျွန်တော်မဟာ နယ်စားမင်းကို ဖခင်လိုပဲ မေတ္တာမျိုးကိုသာ ထားနိုင်ပါတယ်ဘုရား"

ဗလကျော်ခေါင်၏မျက်နှာမှာ ရှုံ့မဲ့သွားသဖြင့် နှုတ်ခမ်းမွေးအဖျားနှစ်ခုမှာ ထောင်ထောင်၍တက်သွားကြသည်။ ထိုအဖြစ်ကိုငေးကြည့်နေသော တွတ်နီပင်ယောင်၍ နှာခေါင်းကိုရှုံ့မိသည်။



ပြီးတော့မှ သူက စကားဝင်ပြောလိုက်၏။

"ဟာ-အပူလည်းမရှာပါနဲ့၊ ညလည်း မလာပါနဲ့နယ်စားမင်း၊ ကျွန်တော်မျိုးလည်း စားဖိုမှူးမလုပ်ချင်၊ ကဲ-နှမလည်း မဆက်ချင်ဘူး၊ ကဲ-ငါ့နှမ ပြန်ကြစို့"

ပြောပြောဆိုဆိုနှင့် တွတ်နီသည် ခင်မှုရာ၏လက်ကိုဆွဲ၍ ပြန်လှည့်မည်ပြုရာ အနားမှ မင်းချင်းတစ်ယောက်က တွတ်နီ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။ တွတ်နီမှာ ကြမ်းပေါ် သို့ပက်လက်ကြီးလန်ကျသွားလေ၏။

ထိုအခိုက်တွင် ခင်မှုရာက "မင်းကြီးဘုရား၊ ကျွန်တော်မျိုးမလျှောက်ထားပါရစေဦး"ဟုဆိုကာ လက်အုပ်ကလေးချီ၍ ဗလကျော်ခေါင်နားသို့ ရို့ရို့ကလေးချည်းကပ်သွားလေသည်။

ဗလကျော်ခေါင်ကား ရယ်ပြုံးပြီးလက်ကြီးပိုက်ကာ ရင်ကော့၍ရပ်နေလိုက်သည်။ ခင်မှုရာသည် အနားသို့ရောက်သောအခါ နယ်စားကြီးနှင့် ယှဉ်၍ရပ်နေသော ဗိုလ်ဝက်၏ဓားရှည်ကို ဇတ်ခနဲဆွဲယူလိုက်ရာ ဓားသည် ဓားအိမ်မှကျွတ်၍ ခင်မှုရာ၏လက်ထဲသို့ပါလာလေ၏။ ထို့နောက် ခင်မှုရာသည် ထိုဓားဖြင့်ဗလကျော်ခေါင်ကို လွှဲ၍ခုတ်လိုက်ရာ ဗလကျော်ခေါင်၏လက်ဝဲလက်တွင် ဓားထိသွားလေတော့သည်။

"တယ်-ဒီကောင်မ မောက်မာလှတယ်၊ သတ်ပစ်လိုက်ကြစမ်း"

ဗလကျော်ခေါင်က ဒင်္ဂါရာများကို လက်တစ်ဖက်နှင့်အုပ်ရင်း အမိန့်ပေးသည်။ ခင်မှုရာက နောက်တစ်ချက်ထပ်ခုတ်ရန် ဓားကိုမြှောက်လိုက်စဉ် မင်းချင်းတစ်ယောက်သည် သူ၏ဗိုက်ကို ဓားဖြင့်ထိုးလိုက်လေ၏။

"ကိုကိုရေ့ . . ပြေးတော့ . . ပြေးတော့"

ခင်မှုရာသည် တစ်ချက်သာအော်နိုင်ပြီး သွေးအိုင်ထဲတွင် လဲကျသေဆုံးသွားလေတော့သည်။

တွတ်နီသည် အထပ်ခိုးပေါ်သို့ တက်ရာလှေကားမှ ပြေးတက်သွားသည်။ ထိုအခါတွင် စောစောကကြက်သေသေနေသော ဗိုလ်ဝတ်သည် ခင်မှုရာ၏လက်မှ သန့်စားကိုသူပြန်ယူ၍ အထပ်ခိုး၏ခေါင်းရင်းဘက်နံရံကြွက်လျှောက်များကို နင်းတက်ခုန်လွှားကာ အထပ်ခိုးပေါ်သို့ ရောက်နှင့်လေသည်။

လှေကားထိပ်သို့ရောက်လာသောတွတ်နီသည် နောက်သို့ လှည့်ကြည့်လိုက်ရာ မင်းချင်းငါးဦး ခြောက်ဦးတို့ ဓားလွတ်များနှင့် လိုက်တက်လာကြသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် လှေကားထိပ်ရှိ ကြေးပန်းအိုးရှည်ကြီးကို လှေကားတစ်လျှောက် တွန်းလှိမ့်ချလိုက်ရာ မင်းချင်းတို့မှာ မရှောင်သာတော့ဘဲ ကြေးပန်းအိုးကြီးနှင့်အတူ ဒလိမ့်ခေါက်ကွေးကျကုန်ကြလေ၏။

တွတ်နီသည် ခေါင်းရင်းဘက်သို့ ပြေးရန်ကြည့်လိုက်ရာ ဓားကိုင်၍စောင့်နေနှင့်သော ဗိုလ်ဝတ်ကိုတွေ့ရလေ၏။ တွတ်နီ ဘာမှမတတ်နိုင်တော့ပါ။ နံရံတွင်အလှချိတ်ဆွဲထားသော ဓားကြက်ခြေမှ ဓားတစ်လက်ကို ဓားအိမ်မှဆွဲချွတ်၍ လက်နှစ်ဖက်နှင့် စုံကိုင်လိုက်သည်။

ဤတွင် ဗိုလ်ဝတ်က တွတ်နီသည် ဓားရေးပညာကို နားမလည်ကြောင်း သိသွားသဖြင့် ပြုံးရယ်မိတော့သည်။ ထိုအခိုက်တွင် တွတ်နီသည် ဓားကို လက်နှစ်ဖက်နှင့်စုံကိုင်ကာ ပြေး၍ထိုးရန်ဝင်လာ၏။ ဗိုလ်ဝတ်က လွယ်လွယ်ကူကူပင် ခြေတစ်လှမ်းတိမ်း၍ ရှောင်



ပေးလိုက်ရာ တွတ်နီသည် ပြတင်းပေါက်ဆီသို့အရှိန်လွတ်ထွက်သွားလေတော့သည်။

ပြတင်းပေါက်၏အောက်ဖက်ဘောင်သည် ကြမ်းပြင်မှတစ်ထွာသာသာကလေးခန့်သာမြင့်ပေရာ ရှေ့ဦးစွာတွတ်နီ၏ခြေလှမ်းသည် ကလပ်ကလေးကို ဝင်တိုက်လိုက်၏။ ကလပ်ပေါ်မှ စာချွန်တော်ကလေးသည် လွင့်၍ ပြတင်းမှကျသွားလေသည်။

တွတ်နီမှာကား ဓားကြီးကိုင်ရင်း ပြတင်းပေါက်မှကျော်၍ကျမသွားရန် ကိုယ်ကို ထိန်းနေရရာ ကုန်းကုန်းကြီးနှင့်လေကို ယက်ကန်ယက်ကန်ပြုနေလေ၏။ ထိုအခါတွင် ဗိုလ်ဝတ်သည် ရယ်စရာပြုသည့်အနေဖြင့် တွတ်နီ၏ဖင်ကို ကန်ချလိုက်ရာတွင် တွတ်နီမှာ ပြတင်းပေါက်မှ လွှားခနဲထိုးကျသွားလေတော့သည်။

သိုင်းဆရာကြီး ရွှေဓားဇော်ကား နယ်စားကြီး၏ဆရာဖြစ်သဖြင့် တံခါးမရှိ-ဓားမရှိ ဝင်ထွက်နိုင်သူဖြစ်၍ ဤတစ်ကြိမ်တွင် ကြံ့ရာဝင်ပေါက်မှ ဝင်လာပြီး အိမ်ဘေးမှ ဖြတ်လျှောက်လာ၏။

ပထမတွင် စာချွန်တော်လေးသည် သူ၏ယောင်ပေစူးကလေးပေါ်သို့ ဒေါက်ခနကျပြီး ဘေးသို့လွင့်လာသည်။ ဆရာကြီးသည် လွှားခနဲ သိုင်းကွက်ခုန်နင်း၍ ကြည့်လိုက်ရာ စာချွန်တော်ကလေးဖြစ်မှန်းသိရ၍ အသာကောက်ယူကြည့်လိုက်သည်။

ထိုအခါ မိမိကို ဗလကျော်ခေါင်က လုပ်ကြံမည်ဟုသိရသဖြင့် မျက်နှာပျက်သွားသည်။ ထိုအခိုက် အနားက ပန်းရုံပေါ်သို့တွတ်နီက ဝုန်းခနဲပစ်ကျလာရာ ဆရာကြီးမှာ လက်ထဲကစာချွန်တော်ကို လွှင့်ပစ်လိုက်ပြီး သိုင်းကွက်နင်း၍ လက်များကို ကာကွယ်ရန်ဆန့်ထုတ်လိုက်သည်။

ထိုအခိုက် ဘေးနားဆီသို့ 'ဝှီး. . ဒေါက်'ဟူသော အသံဖြင့် တစ်စုံတစ်ခုကျလာပြန်သဖြင့် ဆရာကြီးသည် ခုန်၍လှည့်ရပြန်၏။ မြေကြီးပေါ်တွင် စိုက်နေသော တွတ်နီ၏ဓားရှည်ကြီးကိုမြင်သော် ဆွဲနှုတ်ယူလိုက်ပြီး တွတ်နီဆီသို့ ဓားဦးကို ချိန်လိုက်သည်။

ပန်းချီပေါ်သို့ကျသဖြင့် ဘာမျှဒဏ်ရာအနာတရ မဖြစ်သော တွတ်နီသည် တဟျာတရာထလိုက်၏။ သူ့ကိုဓားဖြင့်ချိန်ထားသော ဆရာကြီးကိုမြင်သော် လက်အုပ်ကလေးချီလိုက်၏။

"ဘဘကြီး. . ကျွန်တော့်ကိုကယ်ပါ၊ဘဘကြီးကို ကြည့်ရတာ သဓာမိန့်ပုံရပါတယ်။ ကျွန်တော့်ကို ကယ်ပါ၊ နယ်စားကြီးရဲ့လူတွေ လိုက်သတ်နေပါတယ်"

"ဟင်-ဟုတ်လား၊ ကိုင်း-ဒါဖြင့် ငါနဲ့လိုက်ခဲ့"

ဆရာကြီးရွှေဓားဇော်သည် တွတ်နီကိုလက်ဆွဲ၍ တစ်ဖက်ကမ်း ပေါက်ဆီသို့သွားရန်ပြင်၏။ ထိုအခိုက် နောက်ဖက်က ခြေသံတွေ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဓားများနှင့် မင်းချင်းများကိုတွေ့ ရသည်။

သူမ၏မုတ်ဆိတ်ရှည်ကြီးမှာ ကြမ်းပေါ်သို့အလျားလိုက်နေ သည်။

ခဏအကြာတွင် မင်းချင်းသုံးဦးသည် ဝင်ရောက်လာပြီး မလှမ်းမကမ်းက ခုံဝိုင်းတွင် ဝင်ထိုင်ကြ၏။ ထို့နောက် သူတို့သည် ယာဂုသောက်ရင်း ဓားရေးနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ကြ သည်။

"တိုင်း. . ကြည့်ကြ၊ ကျုပ်လက်ငင်းပြမယ်"

ပြောပြောဆိုဆိုနှင့် မင်းချင်းတစ်ဦးသည် ရုတ်တရက်ထလာပြီး



ဓားကိုဆွဲထုတ်ကာ တွတ်နီနားတွင်ရပ်လိုက်သည်။ ထိုအခါတွင် သူသည် သတိမပြုမိဘဲ တွတ်နီ၏မုတ်ဆိတ်ကြီးကိုနင်းထားမိ၏။

"ဒီအဘိုးကြီးရဲ့ ခေါင်းပေါ်မှာ လက်စွမ်းပြမယ်"

ပြောပြောဆိုဆိုနှင့် သူသည် လက်ထဲမှဓားကို ဝှေ့ရမ်းလိုက် သောအခါတွင် တွတ်နီ၏ခေါင်းပေါ်မှ ယောင်ငုပ်စိကလေးသည် ရှိတ်ခနဲပါသွားလေ၏။

"ဟယ်. . သခွားသီးနဲ့ မုန့်ဆီကြော်"

မင်းချင်းများအားလုံးသည် ဝိုင်း၍ရယ်လိုက်ကြလေ၏။

တွတ်နီမှာ မခံချင်ဖြစ်လာကာ ကြမ်းပေါ်တွင်ချထားသော တောင်ဝှေးကို ဇတ်ခနဲကောက်၍ ဖြုန်းခနဲမတ်တပ်ရပ်လိုက်ရာ သူ့မေးစေ့ဆီမှ ဖျစ်ဟုမြည်သွားပြီး စပ်ဖျဉ်းဖျဉ်းဖြစ်သွားရတော့ ၏။

"အပါးပါး-ခံရသဟေ့"

တွတ်နီသည် အော်ရင်းက မတ်တတ်ရပ်မိ၏။ သူ၏မုတ်ဆိတ် ရှည်ကြီးကား မေးတွင်ကပ်ထားရာမှ ကျွတ်ကျန်ရစ်ခဲ့လေပြီ။

တွတ်နီကား အလိမ်တွေ ပေါ်ကုန်ပြီဖြစ်၍ လက်ထဲမှ တောင်ဝှေးဖြင့် အနီးကမင်းချင်း၏လက်ကောက်ဝတ်ကို ပိတ်ရိုက် ၍ ထွက်ပြေးလေသည်။ မင်းချင်းမှာလည်း ဓားလွတ်ကျကာ "အ လယ်လယ်. . "ဟုအော်ပြီး ခုန်ဆွခုန်ဆွဖြစ်သွားသည်။

ထို့နောက် မင်းချင်းတစ်ဦးက "သူလျှို. . သူလျှို"ဟုပြောကာ တွတ်နီ၏နောက်သို့ လိုက်ရန်ပြင်ကြ၏။

တွတ်နီသည်လည်း သူ၏မြင်းပေါ်လွှားခနဲခုန်တက်ကာ တောင်ဝှေးဖြင့် မြင်း၏တင်ပါးကိုရိုက်၍နှက်သည်။ မြင်းကလည်း

ပြေးရှာပါ၏။ သို့သော် ချည်ထားသောကြိုးကို မဖြုတ်မိဘဲ နှင်နေသဖြင့် မြင်းမှာတစ်နေရာထဲတွင် ပြေးနေသလိုဖြစ်ကာ ဖုန်များဖြင့် ကျုံးပက်သလိုဖြစ်နေရာ မင်းချင်းများမှာ ဝူးဝါးဝူးဝါးနှင့် ယက်ကန်ယက်ကန်ဖြစ်နေကြသည်။

ပြီးမှ မင်းချင်းတစ်ယောက်က "သဲမှုန်တွေကို ကြောက်စရာလား။ ကိုယ့်မြင်းတွေပေါ် ကိုယ်ခုန်တက်ကြပါတော့လား"ဟု ဟစ်အော်လိုက်၏။

တွတ်နီမှာ ချည်ထားသောကြိုးကို လုံးဝသတိမပြုမိဘဲ မြင်းကိုသာ နှင်းတန်ရိုက်နေလေရာ မြင်းခမျာမှာ နာလွန်း၍ ရှိသမျှအားနှင့်ကျုံး၍ ရုန်းကန်ပြေးသည်တွင် တန်းနှင့်တကွ တိုင်ကြီးပါကျွတ်၍ပါလေလေ၏။ ထိုမျှမက သစ်သားတန်းတွင်ချည်ထားသော မင်းချင်းတို့၏မြင်းသုံးကောင်ပါ ပါလာလေတော့၏။

ကိုယ့်မြင်းပေါ် ကိုယ်လွှားခနဲခုန်တက်လိုက်ကြသော မင်းချင်းတို့မှာ ဒုက္ခရောက်ကုန်ကြလေ၏။ ကုန်းနှီးရှိရမည့်နေရာတွင် လဟာပြင်သက်သက်သာရှိတော့သဖြင့် သူတို့၏ဖင်များမှာ ကုန်းနှီးကို မစမ်းမိဘဲ မြေကြီးပေါ်သို့သာ ဖုတ်-ဖုတ်-ဖုတ်နှင့်ဆောင့်ကျလာကြလေသည်။

"ဟယ်. . မြီးညှောက်ရိုးတော့ကျိုးတော့မှာဘဲ"

မင်းချင်းတို့သည် ဖင်ကိုပွတ်၍ ထလာကြကုန်၏။ လှမ်းကြည့်သောအခါ တွတ်နီမှာ နောက်က ချည်တိုင်အကျိုးကြီးနှင့်တကွ မြင်းသုံးကောင်ဖြင့်တန်းလန်းတန်းလန်းနှင့် နှင်သွားသည်ကို တွေ့ရသည်။

မကြာမီ သူတို့သည် ခရီးသည်အုပ်နှင့်တွေ့ရာ မြင်းသုံးစီးကို



အနိုင်အထက်ပြုမူ၍ လုယူခဲ့ကြပြီး မြင်းတစ်ယောက်တစ်ကောင်စီနှင့် တွတ်နီ၏နောက်သို့ တရကြမ်းလိုက်ကြတော့သည်။

တောအုပ်ထဲသို့ရောက်လာသောအခါ သစ်ပင်များထူထပ်ပြီး လမ်းဟူ၍မရှိတော့ပြီ။ သို့ဖြင့် ရှေ့ကပြေးသောတွတ်နီ၏မြင်းနောက်သို့ နောက်ကတိုင်ကျိုးတန်းကျိုးကြီးများသည်လည်းကောင်း၊ မြင်းလွတ်သုံးကောင်သည်လည်းကောင်း တဖြောင့်တည်းမလိုက်နိုင်တော့ဘဲ ဟိုရောက်သည်ရောက် ရောက်ကုန်ရာ သစ်ပင်ကြီးတစ်ပင်တွင် ကြိုးကာပတ်မိ၏။ ထိုအခါ တွတ်နီ၏မြင်းမှာ နောက်ကတုံ့၍ဆောင့်ဆွဲခြင်းခံလိုက်ရကာ ဇက်ခနဲပဒတ်ရပ်မိတော့သည်။ တွတ်နီမှာလည်း မြေကြီးပေါ်သို့ ဖုန်ခနဲပြုတ်ကျလာလေ၏။

သို့သော် နောက်ကမင်းချင်းများမီလာသောအခါ တွတ်နီမှာ လက်ထဲတွင်တောင်ဝှေးကို တုတ်ရှည်သဖွယ် လက်နှစ်ဖက်နှင့်ကိုင်၍ ရပ်နေပေပြီ။

ဤတွင် မင်းချင်းများလည်း မြင်းပေါ်မှဆင်းကာ ဓါးများကိုထုတ်၍ တွတ်နီဆီသို့ဝင်ရောက်ထိုးခုတ်ကြသည်။ တွတ်နီသည်လည်း လက်ထဲမှတုတ်ရှည်ဖြင့် ခုခံနေရာ သူ့တုတ်ဖျားတစ်ချက်သည် မင်းချင်းတစ်ယောက်၏လက်ကောက်ဝတ်ကို ပိတ်ရိုက်မိရာ ဓါးလွှတ်ကျသွား၏။ ထိုဓါးကိုပြန်ကောက်ရန်မင်းချင်းသည် ကုန်းလိုက်သောအခါ တွတ်နီက တင်ပါးကို ဝါးတုတ်ဖျားဖြင့် ဖိ၍ထိုးလိုက်သဖြင့် မြေကြီးပေါ်သို့ ဝမ်းလျားထိုးကြီးလဲကျသွားလေသည်။

ထိုအခိုက်တွင်လူတစ်ယောက်သည် ချုံငယ်တစ်ခုကို လွှားခနဲခုန်၍သူတို့နားသို့ ရောက်လာသည်။ မင်းချင်းများနှင့်တကွ တွတ်နီကပါ လှည့်ကြည့်မိ၏။

ထိုလူသည်မျက်နှာဖုံးစွပ်နှင့်ဖြစ်၏။ အသားလေးများကား ဖြူနုလေသည်။ မျက်နှာပေါက်ပုံပန်းမှာလည်း များစွာချောမောလှပပုံရ၏။ သူ၏လက်ထဲတွင် ဓါးရှည်ကို ကိုင်ထားသည်။

ထိုသူသည် တွတ်နီဘက်မှဝင်ရောက်ကူညီတိုက်ခိုက်ရာ မင်းချင်းများမှာ မနိုင်နိုင်ပြီကိုသိသဖြင့် ဆုတ်ခံခံပြီး မြင်းများပေါ်တက်ကာ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြလေတော့သည်။

"အဆွေတော်ကို သိပ်ကျေးဇူးတင်ပါတယ်၊ ဒါထက် အဆွေတော်ဟာ ဓားရေးကိုသာ အခုလို ပိုင်ပိုင်နိုင်နိုင် ခုတ်မပြရင် မိန်းမလျှာဖြစ်မယ်လို့ ထင်စရာပဲ"

သူစိမ်းကား ဘာမျှပြန်မပြောဘဲ ပြုံးပြပြီး တွတ်နီ၏မြင်းကို ဖြုတ်ယူစီးသွားသည်။

စောစောက ပါလာသောမြင်းလွတ်သုံးကောင်မှာလည်း ကြိုးများပြတ်တောက်ပြီး လွတ်ကုန်ပြီဖြစ်ရာ တွတ်နီမှာ ရိက္ခာထုပ်ကို ထမ်း၍ လမ်းလျှောက်ပြန်ခဲ့ရတော့သည်။

သို့သော် ဂူသို့ရောက်သောအခါ သူ့မြင်းမှာရောက်နေပေပြီ၊ ဆရာကြီးက မင်းသားနှင့်တူသူတစ်ဦးက လာရောက်ပြီးပြန်ပေးသွားကြောင်းပြောပြသည်။

တွတ်နီက ဖြစ်သမျှတွေကို ပြန်ပြောပြသောအခါ ခင်သူဇာထွင့်မှာ ရင်တမမနှင့် နားထောင်ရသည်။ "အို. . သူဇာကမောင်ကြီး ကြာနေကတည်းက ပူနေရတာ၊ မသေကောင်း မပျောက်တောင်းတော်. . ကယ်သူပေါ်ပေလို့သာပဲ"

မိမိအပေါ် စေတနာအထားကြီးထားရှာသော ခင်သူဇာထွတ်၏ အပေါ်တွင် တွတ်နီသည် ပို၍သံယောဇဉ်ကြီးသွားရတော့၏။



ဤသို့ဖြင့် ရက်တွေကုန်ကျွမ်းသွားခဲ့ရာ တစ်နှစ်တာကာလသို့ ရောက်ခဲ့ပေပြီ။

တွတ်နီသည်လည်း ဓားရေးတွင် များစွာတတ်ကျွမ်းလာပြီဖြစ်၍ ဆရာကြီးက 'ဓားစကြာတွတ်နီ'ဟုပင် ဘွဲ့ပေးထားသည်။

တစ်နေ့သောအခါတွင်ဖြစ်၏။

ဆရာကြီးသည် အပြင်မှ ပျားယီးပျာယာနှင့် ရောက်လာသည်။

"ကဲ. . အချိန်ကျပြီ၊ ငါ့အစီအစဉ်တွေအတိုင်းလုပ်ရမယ်၊ မင်းတို့နှစ်ယောက် မြို့ကိုသွားရမယ်၊ အခုကိစ္စက အန္တရာယ်များတဲ့ကိစ္စပဲ။ ဒါကြောင့် ငါတို့တစ်တွေ သေချင်သေသွားနိုင်တယ်၊ ငါလည်း စိတ်ချချင်တာနဲ့ မင်းတို့နှစ်ယောက်ကိုလက်ထပ်ပေးချင်တယ်၊ ငြင်းကြမလား"

ပထမတွင် တွတ်နီသည် အံ့အားသင့်နေ၏။ သို့သော် မိမိ၏ သဘောထားကို ဖြေကြားရမည်ဖြစ်သဖြင့် စကားပြန်ပြောရသည်။

"ဒီက သူဇာကသာ မငြင်းရင် ကျွန်တော်က လက်ထပ်ပါ့မယ် ဆရာကြီး၊ သူဇာ့အပေါ်မှာ ကျွန်တော် သံယောဇဉ်ဖြစ်နေပါပြီ။ သားရေပေါ်အိပ်၊ သာရေနားစားရာ ရောက်မှာမို့ ကျွန်တော်စောင့်စည်းနေခဲ့ခြင်းပါ။

တွတ်နီစကားကြောင့် ခင်သူဇာထွတ်မှာ များစွာဝမ်းမြောက်သွားရတော့၏။ ဆရာကြီးသည် သူတို့နှစ်ယောက်ကို လက်ထပ်ပေးပြီး ဆက်၍ပြောပြန်သည်။

"မင်းတို့နှစ်ယောက် မြို့ကိုသွားနှင့်ကြ။ မကြာခင် ငါနဲ့ ငါ့ရဲ့ အထူးမိတ်ဆွေတွေ လိုက်လာကြမယ်။ နယ်စားဗလကျော်ခေါင်ဟာ ခင်သူဇာထွတ်ကိုကောက်ရင်တော့ ငါတို့အကြံအောင်ပြီပဲ"

"အို. . သူက ချောချောလှလှမှ ကောက်တာမဟုတ်လား ဆရာကြီးရဲ့"

"ဟဲ့. . သမီး၊ ရုပ်ဖျက်ထားတာတွေ ဖယ်ရှားလိုက်တော့။ အချိန်ကျပါပြီ။ ဟိုတုန်းက ဗလကျော်ခေါင်ရန်ကို ကြောက်လို့ အပျိုဖော်ဝင်စကတည်းကရုပ်ဖျက်ခဲ့ရတာ"

ခင်သူဇာထွတ်သည် ပုံအတုနှင့်ဖုံးထားသော သွားများကို ချွတ်လိုက်သည်။ ဆေးရည်တစ်မျိုးဖြင့် တစ်ကိုယ်လုံးကို ပွတ်သပ်လိုက်သည်။

လှပဖြူဖွေးသော မူလရုပ်သဏ္ဌာန်သည် ပေါ်လွင်လာတော့၏။ တွတ်နီမှာ အံ့အားသင့်နေသည်။

"ဟာ. . ဒီဂူထဲရောက်မှတော့ နယ်စားကြီးရန်မှ မရှိတာ၊ ဘာကြောင့် မူလရုပ်မဖော်တာလဲ"

"ဒါကတော့ ကိုတွတ်နီရဲ့မေတ္တာစစ်ကို လိုချင်လို့ပါ"

"အော်-ဒီလိုကိုး၊ ဒါထက် ဟိုတစ်ခါက တောစပ်မှာမင်းချင်းတွေနဲ့ တိုက်တုန်းက ကူပြီးတိုက်ပေးတာ"

"ဟုတ်ပါတယ်၊ သူဇာပါပဲကိုတွတ်နီ။ သူဇာဟာ ကိုတွတ်နီမြို့ကိုသွားတိုင်း အဲဒီနေရာက လာလာပြီး ကြိုနေရပါတယ်။ စိတ်ပူလို့ပါ"

မှားမကြာမီပင် တွတ်နီနှင့် လှပသောခင်သူဇာတို့သည် မြို့ပေါ်သို့ ရောက်လာကြလေ၏။ သူတို့ ကြာကြာလမ်းမလျှောက်ရပါ။ ဗလကျော်ခေါင်ကို မျက်နှာလုပ်လိုကြသော မင်းချင်းတို့သည် သူတို့ကို ဖမ်း၍ ဗလကျော်ခေါင်ထံသို့ ခေါ်သွားလေ၏။

စပ်စုတတ်သော လူအချို့လည်း ဝင်းဝအထိ လိုက်ပါသွား၏။



ထိုအထဲတွင်အဘိုးအိုကြီးတစ်ယောက်နှင့် ထင်းစည်းများထမ်းထားသော လူသုံးဦးတို့လည်း ပါသွားကြသည်။

"အောင်မယ်-မယ်မင်းက နတ်သမီးလေးနဲ့တူပါလား၊ နာမည်က ဘာတဲ့တုန်း"

ဗလကျော်ခေါင်က မေးလိုက်၏။

"ကျွန်တော်မျိုးမကိုပြန်လွှတ်ရင် နာမည်ကို လျှောက်တင်ပါ့မယ်"

"အောင်မယ်-ငါ့လက်ထဲ ရောက်ရင် ဘယ်တော့ပြန်ရဖူးသလဲ၊ ဒါထက် ဒီကောင်ကကော. . ဟာ. . မင်းက တစ်ခါက ငါ့လက်ထဲက လွတ်သွားတဲ့ကောင်ပဲ။ ဒီကောင်ကိုသတ် ကောင်မလေးကို ငါကောက်မယ်"

ထိုအခိုက် တွတ်နီသည် အနားသို့ချဉ်းကပ်လာသော မင်းချင်းသုံးယောက်ထံမှ ဓားနှစ်လက်ကို လုလိုက်သည်။ ထို့နောက် ခင်သူဇာထွတ်ထံသို့ ဓားတစ်လက်ကိုပစ်ပေးလိုက်ပြီးသော် မင်းချင်းများကို ခုခံလေ၏။

ဗလကျော်ခေါင်သည် ဆရာကြီးရွှေဓားဖော် ထွက်ပြေးတိမ်းရှောင်သွားကတည်းက ဗိုလ်ဝက်ကို လက်စွဲထားသည်။ အနားတွင်ရှိသော ဗိုလ်ဝက်သည်လည်း တွတ်နီတို့တိုက်ခိုက်နေသည်ကို ကြည့်နေရာမှ မင်းချင်းများ အတုံးအရုံးလဲကျကုန်သည်ကို တွေ့ရသောအခါ သူကိုယ်တိုင် ဓားထုတ်၍ တွတ်နီနှင့် ရင်ဆိုင်လေ၏။

"ဘယ်လိုလည်း တောတွင်းသားကလေး၊ ခုမှ ဓားကလေး ဘာလေး ကိုင်တတ်လာပြီပဲကိုး"

တွတ်နီကတော့ ဘာမှပြန်မပြောချေ။ လက်ထဲမှဓားကိုဝှေ့လိုက်

၍ ကစားလေရာ ခါးမှာစကြာရဟတ်များလည်နေသလို တဝှီးဝှီး နှင့်ဖြစ်လာလေ၏။

"ခါးစကြာတွတ်နီကွနော်၊ ဗိုလ်ဝက်သော ဗိုလ်ကြက်သော နားမလည်ဘူး၊ ကျော်ခေါင်သော. . ကြောင်ခေါ်သော ခွေးခေါ် သော လာခဲ့ကွ"

ကြိမ်းမောင်းရင်းက တွတ်နီသည် ခါးရေးကို နိုင်နင်းစွာငင် လေတော့ရာ ကြောမိပင် ဗိုလ်ဝက်မှာ ဇက်ပြုတ်ရလေတော့သည်။

ဤတွင် ဗလကျော်ခေါင်က ခါးကို ဝှေ့ရမ်း၍အမိန့်ပေးလိုက် သည်။

"အားလုံး ဘာရပ်လုပ်နေတာလဲ၊ ဝင်ကြပါလား"

မင်းချင်းအားလုံး ခါးများဖြင့် ဝိုင်းဝန်းလာကြတော့သည်။ ဤလူများမှာ များလွန်းလှသဖြင့် တွတ်နီနှင့်ခင်သူဇာထွတ်တို့ နှစ် ယောက်တည်း နိုင်မည်မဟုတ်ပေ။

"အားလုံးရပ်လိုက်ကြ"

အပေါက်ဝမှအသံထွက်ပေါ် လာသဖြင့်လှည့်ကြည့်လိုက်ကြ သည်။

ဆရာကြီးရွှေခါးဇော်ဖြစ်၏။ ဆရာကြီးက ရပ်အမှန်ကိုပြသ ဖြင့် တံခါးစောင့်များက လွှတ်ပေးလိုက်ရာ ဆရာကြီးနှင့် ညှိသည် သုံးယောက်သည် ဝှက်ယူလာသော အဝတ်အစားများကို ပြန်လဲ၍ ရောက်လာကြခြင်းဖြစ်သည်။

ဗလကျော်ခေါင်က ဆရာကြီးနှင့်တကွ စစ်သည်သုံးဦးကို စက် ဆုပ်ရွာကြည့်လိုက်သည်။

"ဟေ့. . ငါ့အရေးအခင်းမှာ ဘယ်သူတွေဝင်ရှုပ်ကြရမှာလဲ"



ဤတွင် စစ်သည်တစ်ဦးကပြော၏။

"နယ်စားမင်းကြီးခင်ဗျား. . ကျွန်တော်မျိုးတို့ဟာ နန်း မတော်ကြီးက စေလွှတ်ထားတဲ့ အထူးအထောက်တော်တွေပါ။ ဟောဒီမှာ ကျွန်တော်မျိုးတို့ရဲ့တံဆိပ်တော် ရွှေပြားတွေပါ။ ကျွန် တော်မျိုးက ဗိုလ်မှူးသခ်ယာပါ၊ ဟောဒါက တပ်ပေါင်းဗိုလ် ဗိုလ် ဇေယျပါ၊ ဟိုဟာက သွေးသောက်ကြီးဗလမင်းထင်ပါ။ ကျွန်တော် မျိုးတို့ ဒီကို မထင်မရှားရောက်နေတာ ခုနစ်လလောက်ရှိပါပြီ။ နယ်စားမင်းရဲ့အကြောင်းတွေကို နန်းမတော်ကြီးက ဘုရင်မင်းမြတ် ကကြားလို့ အထူးထောက်လှမ်းခိုင်းခဲ့ပါတယ်။ ယခုတော့ လက်ပူး လက်ကြပ်မိပါပြီ။ အပြစ်ကျူးလွန်ကြောင်း ထင်ရှားရင် တစ်ပါး တည်း ဖမ်းဆီးခဲ့ဖို့ အမိန့်တော်စာချွန် ပါပါတယ်။

ဗိုလ်မှူးသခ်ယာသည် အကျီအတွင်းမှ စာချွန်တော်ကိုထုတ်၍ ကမ်းလင့်ပေးလိုက်သည်။

သို့သော် ဗလကျော်ခေါင်သည် လှမ်းမယူဘဲ-

"အို-မင်းတို့အဖမ်းတော့ ငါမခံပြီ"ဟုဆိုကာ သူ့ခါးနှင့်သူ ဝမ်း ဗိုက်ကိုထိုး၍ အဆုံးစီရင်သွားလေတော့၏။

ဤတွင် ဗိုလ်မှူးသခ်ယာက မိမိတို့နှင့်ဆက်သွယ်၍ အကူအညီ များစွာပေးခဲ့သော ဆရာကြီးရွှေခါးဇော်ကို ယာယီနယ်စားအဖြစ် ခန့်အပ်ခဲ့၍ နေပြည်တော်သို့ ပြန်သွားလေသည်။

မြို့သူမြို့သားများမှာ သိက္ခာသမာဓိရှိသော ဆရာကြီးကို ကြည် ညိုသည်ဖြစ်သည့်အလျောက် အားလုံးက ကျေနပ်ကြသည်။ သို့ဖြစ် ၍ နန်းမတော်မှ ဆရာကြီးရွှေခါးဇော်ကို ရာသက်ပန်နယ်စားအ ဖြစ် ချီးမြှင့်သောအမိန့်စာချွန်တော်သည် ရောက်ရှိလာလေတော့

သည်။

မိတ်ဆွေသင်္ဂဟ စုံစုံလင်လင်နှင့် ကျင်းပသော ဓားစကြာ တွတ်နီနှင့် ခင်သူဇာထွတ်တို့၏မင်္ဂလာလက်ထပ်ပွဲသည် အလွန်တရာပင် စည်ကားလှ၏။

နောက်များမကြာမီပင် ပွဲလမ်းတစ်ခုတွင် သူတို့ဇနီးမောင်နှံကို ထပ်၍ တွေ့ကြရပြန်သည်။

ထိုပွဲသည်ကား -တွတ်နီ၏ညီမငယ် ခင်မူရာအတွက် ရည်စူး၍ တည်ထားအပ်သော လွမ်းစေတီကလေး၏ ဘုရားပွဲတော်ပင်ဖြစ်ပါတော့၏။

❑



# နတ်ပြက်ကလေး ဘုဘု

တရံရောအခါ ဟိမဝန္တာတောင်တန်းကြီးအနီးတွင် ကေလာသဟုအမည်တွင်သော တောင်ကြီးတစ်လုံးရှိပေသည်။ ထိုတောင်ကြီးတွင် နတ်များစွာတို့ နေထိုင်ကြသည်ဖြစ်ရာ နတ်ပြက်ကလေးတစ်ဦးသည်လည်း အပါအဝင်ဖြစ်သည်။

ထိုနတ်ကလေးသည် မိမိပျော်ရွှင်မှုကိုသာ လွန်စွာအာရုံပြု၍ အခြားဘယ်သူတွေဘာဖြစ်ဖြစ် မိမိပျော်ရလျှင်ပြီးရောဟု သဘောထားသူဖြစ်၏။ သူတစ်ပါးကို များစွာနောက်ပြောင်ကျီစယ်တတ်သည်။ အပြောင်အပြက်တွေသာပြော၊ အပြောင်အပြက်တွေကိုသာ လုပ်လေ့ရှိသူဖြစ်သောကြောင့် သူ့ကို အခြားနတ်များက အမည်ကိုပင် မခေါ်တော့ဘဲ "နတ်ပြက်ကလေး"ဟုပင် ခေါ်ဝေါ်ပြောဆိုကြသည်၊ သို့ဖြစ်သောကြောင့် ယခုထက်တိုင်အောင်ပင် သူ၏အမည်ရင်းမှာ ဘယ်သူဘယ်ဝါဖြစ်သည်ဟု မည်သူမျှမသိကြတော့ချေ။

တစ်နေ့သ၌ သူ့မိခင်သည် သူ့ကိုခေါ်၍ ဤသို့ပြောကြား၏။

"ဟဲ့. . သား၊ နင်ကြီးပြင်းလာပြီ. . ဤသာနတ်မင်းကြီးဆီကို သွားလေ၊ အမှုတော်ထမ်းပြီး အစွမ်းသတ္တိထူးတွေ သွားတောင်းပါ



တော့လား"

သူတို့နတ်များတွင် ဓမ္မတာထုံးစံတစ်ခုရှိ၏။ ယင်းသည်ကား လူတို့တစ်တွေ နတ်ဖြစ်လာကြကတည်းက နတ်နှင့်ဆိုင်သော တန်ခိုးသတ္တိကလေးတွေ ပါရှိကြစမြဲဖြစ်၏။ ဥပမာအားဖြင့် လူများက မမြင်နိုင်ခြင်း၊ မိုးကောင်းကင်၌ ပျံသန်းနိုင်ခြင်း စသော တန်ခိုးများပင်ဖြစ်သည်။ သို့ရာတွင် နတ်အပေါင်းတို့ရှိကြစမြဲဖြစ်သည့် တန်ခိုးသတ္တိထက် ပို၍ထူးခြားသော သတ္တိထူးကလေးများကိုမူကား မိမိတို့လုပ်ဆောင်ချက်အလိုက် နတ်တစ်ပါးလျှင် သုံးခုကျစီ 'ဤသာ' အမည်ရှိသော နတ်မင်းကြီးထံတွင် တောင်းခံနိုင်၏။ ဤသာနတ်မင်းကြီးဆိုသည်မှာ သူတို့ကိုအုပ်ချုပ်သည့် နတ်ဘုရင်မင်းကြီးပင် ဖြစ်လေသည်။

သတ္တိထူးခေါ် ထူးခြားသောအစွမ်းကို တောင်းပုံမှာ ဤသာနတ်မင်းကြီးထံသွား၍ သူခိုင်းစေသမျှလုပ်ငန်းသုံးခုကို လုပ်ကိုင်ပေးရ၏။ ထိုလုပ်ငန်းများကိုကြည့်၍ နတ်မင်းကြီးက သတ္တိထူးများကို "ရစေ"ဟု ပေးဆောင်အပ်နှင်းလိုက်သည်။

ထို့ကြောင့် ရှိနှိုးတန်ခိုးအရာတွင် သူတို့နတ်များသည် အချင်းချင်းတူညီကြ၏။ သို့သော် သတ္တိထူးကလေးသုံးမျိုးတွင်ကား တစ်ယောက်လျှင် တစ်မျိုးစီဖြစ်နိုင်လေသည်။

နတ်ပြက်ကလေးသည် သူ့မိခင်ပြောသည့်အတိုင်းပင် ဤသာနတ်မင်းကြီးထံထွက်ခဲ့၏။ လမ်းတွင် ခါချဉ်ထုပ်ကြီးတစ်ခု ပြုတ်ကျနေသည်ကို တွေ့သောအခါ ဖက်ရွက်များဖြင့် အပေါ်ကထပ်ပတ်၍ ကိုင်လာခဲ့သည်။ တစ်နေရာတွင် သစ်ပင်ရင်း၌ အိပ်ပျော်နေသော နတ်ကြီးတစ်ဦးကိုတွေ့သည်။ နတ်ကြီးသည် သူ့မကိုဋ်ကိုချွတ်၍

ဘေးတွင်ချထား၏။ အသက်အရွယ်ကြီးရင့်သောနတ်ဖြစ်၍ သူ့မကိုင်မှာ ရှည်ရှည်ကြီးဖြစ်သည်။ နတ်ပြက်ကလေး၏မကိုင်မှာကား အချွန်ပိုင်းကို ဓားနှင့်လှီးဖြတ်ထားသကဲ့သို့ ပုပြတ်ပြတ်ကလေး ဖြစ်သည်။

နတ်ပြက်လေးသည် နတ်ကြီး၏မကိုင်ထဲတွင် ခါချဉ်ထုပ်ကို ထည့်လိုက်၏။ ထို့နောက် နတ်ကြီးကိုနှိုးလိုက်ရာ နတ်ကြီးမှာ ပြူးတူးပြဲတဲနှင့် နိုးလာတော့သည်။

"အောင်မယ်. . ဦးကြီးက ဒီမှာ လာအိပ်နေတာကိုး၊ ဦးကြီးရဲ့ ဗိမာန် မီးလောင်နေတယ်ဗျ"

နကိုကပင် အိပ်မောကျနေရာမှ လှုပ်နှိုးခြင်းခံရသဖြင့် ပြူးတူးပြဲတဲဖြစ်နေသောနတ်ကြီးမှာ သူနေထိုင်ရာ ဘုံဗိမာန်သည် မီးလောင်နေပါသည်ဆိုသဖြင့် အလန့်တကြားဖြစ်သွားကာ ကမန်းကတန်းပင် မကိုင်ကြီးကို ဖွတ်ခနဲကောက်စွပ်ချလိုက်ရာ အထဲက ခါချဉ်ထုပ်မှာ ဖောက်ခနဲပေါက်သွားလေတော့သည်။

ခါချဉ်များသည် ဒေါသကြီးစွာဖြင့် ထွက်လာကြပြီး နတ်ကြီး၏ ခေါင်းကို ပြင်းထန်စွာကိုက်ခဲကြလေတော့ရာ နတ်ကြီးမှာ တစ်နေရာတည်းတွင် ခုန်ဆွခုန်ဆွနှင့်ဖြစ်နေလေ၏။

ဤသည်ကိုကြည့်၍ နတ်ပြက်ကလေးက ဗိုက်နှိပ်၍ ရယ်မောပြီး

"ဟာ ဦးကြီးက,တာ သိပ်ကြည့်လို့ကောင်းတာပဲ၊ ပတ်ပေတို့ဗုံ . . ပတ်ပေတို့ဗုံ"

ဟု ပါးစပ်ဆိုင်းတီးပေးပြီး ထိုနေရာမှ ထွက်ပြေးလေတော့၏။ အကယ်၍ သူသည်သာ ထိုနေရာက ထွက်မပြေးလျှင် ဤပုံပြင်



ကလေးသည် ရှေ့သို့ ဆက်စရာရှိတော့မည်မဟုတ်၊ ကောလာသ တောင်တွင် နတ်ပြက်ကလေးလည်း ရှိတော့မည်မဟုတ်၊ နတ်မှုန့်ကလေးသာဖြစ်သွားပေတော့မည်။

နတ်ပြက်ကလေးသည် သူ့ခရီးကို သူဆက်ထွက်လာခဲ့၏။

တစ်နေရာသို့ရောက်သောအခါ သစ်ပင်တစ်ပင်ကိုမှီရပ်၍ သဘာဝအလှအပရှုခင်းကို စိတ်ပါဝင်စားစွာငေးမောကြည့်ရှုနေသော နတ်ကြီးတစ်ဦးကို တွေ့ရပြန်သည်။ အနားတွင်လည်း အိပ်မောကျနေသော ကျားကြီးတစ်ကောင်ကို တွေ့သည်။ ထိုအခါ နတ်ပြက်ကလေးသည် နတ်ကြီး၏တောင်ရှည်ပုဆိုးစနှင့်ကျားအမြီးကို ချည်နှောင်ပေးလိုက်၏။

အလှအပအာရုံထဲတွင် နစ်မျောနေသော နတ်ကြီးကလည်း ဘာကိုမျှသတိမထားမိ၊ ထိုနည်းတူစွာပင် အိပ်မောကျနေသော ကျားကြီးသည်လည်း ဘာကိုမျှ မသိချေ။

ထို့နောက် နတ်ပြက်ကလေးသည် တုတ်ခပ်ရှည်ရှည်တစ်ချောင်းကို ရှာဖွေကောက်ယူလာပြီး နတ်ကြီးထံ ချဉ်းကပ်လိုက်၏။

"ဘဘကြီး"

"ဟဲ့-ဖရွတ်-ဖရွတ်"

နတ်ပြက်ကလေးက ရုတ်တရက်ခေါ်လိုက်ရာ နတ်ကြီးမှာ ထိတ်လန့်သွားရလေသည်။

"လန့်သကွာ၊ ဘာပြောမလို့လဲကွ"

"ဘဘကြီး ဘာလုပ်နေတာလဲ"

"ငါလား-သဘာဝရှုခင်း အလှအပတွေကို အာရုံခံစားနေတာလေ"

“အဲ-ဟုတ်တာပေါ့၊ သဘာဝကြီးက တယ်လည်းလှတာပဲ၊ ကြည့်ပါအုံး၊ နုနယ်တဲ့သစ်ရွက်ကလေးတွေကဆိုရင် အစိမ်းရောင်လေးတွေ၊ ဟော ရင့်ရော်တဲ့သစ်ရွက်တွေကျတော့ အဝါရောင်၊ အနီရောင်၊ တောကြီးတစ်ခုလုံးဟာ မြရည်နဲ့ ပတ္တမြားရည်တွေကို အတန်အကန် သုတ်လိမ်းထားသလို လှတာပဲ၊ ဒါပေမယ့် . . .

“ဒါပေမယ့် ဘာဖြစ်သလဲ”

“ဟောဒီကျားကြီးက သက်သက်ရှုပ်နေတာပဲ၊ ကျားဆိုတာ ကြမ်းကြုတ်တယ်၊ ညှီစော်နံတယ်၊ သဘာဝရဲ့လှပသာယာမှုကို သုတ်ဆီးနေတာပဲ၊ သဘာဝရဲ့ငြိမ်းချမ်းသာယာမှုရဲ့ရန်သူပဲ၊ ဒီတော့”

“ဒီတော့ ဘာဖြစ်သလဲ”

“ဒီတော့ ကျားကြီးကို မောင်းထုတ်ပစ်လိုက်ပါလား၊ ရော့ တုတ်တံ”

“အေး. . ကောင်းတယ်”

နတ်ပြက်ကလေး၏ထောင်ချောက်တွင် နတ်ကြီးမိသွားလေပြီ၊ နတ်ကြီးသည် နတ်ပြက်ကလေးထံမှတုတ်ကို ယူကာ ကျားကြီး၏ တင်ပါးကို နှစ်ချက်သုံးချက်ခန့် ဖျန်းဖျန်းနှင့်ပိတ်ရိုက်လိုက်ရာ ကျားကြီးမှာ လွန်မင်းစွာ လန့်ဖျတ်သွားသဖြင့် မိုးကောင်းကင်ကြီးပြိုကျလာသည်ဟုပင် ထင်မှတ်ကာ ရှေ့ချိုပုတ်ကို လွှားခနဲခုန်ကျော်၍ ပြေးလေတော့သည်။

ကျားကြီးပြေးသည်နှင့်တစ်ပြိုင်နက် နတ်ကြီး၏ပုဆိုးစကြီးမှာလည်း ဆုပ်ဆွဲလိုက်သလို ဖြစ်ကာ တောင်ရှည်ပုဆိုးကြီးမှာ ပြေကျတော့မလောက်ဖြစ်လေရကား နတ်ကြီးမှာ ခါးဆီမှ ပုဆိုးစကို လက်ကြီးနှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ရ၏။



“ဟဲ့-ဟဲ့. . အလို. . ဘယ့်နှယ်”

သူမြည်တွန်နေဆဲမှာပင် ကျားကြီးမှာ မရပ်မနားပြေးလေရာ၊ နတ်ကြီးမှာ မတတ်သာတော့ဘဲ ပုဆိုးစအရင်းကို အုပ်ကိုင်းရင်းကပင် ကော့လန်ကော့လန်နှင့် ကျားကြီးနောက်သို့ ပြေးလိုက်သွားရလေတော့သည်။

နတ်ပြက်ကလေးသည် ပါးစပ်ကြီးပြဲအောင်ရယ်မောပြီး ထိုနေရာမှ ထွက်ခွာခဲ့လေ၏။ နောက်တစ်ပတ်လောက်တော့ ထိုနတ်ကြီးနှင့်မတွေ့အောင် ရှောင်နေမှဖြစ်မည်၊ သို့မဟုတ်ပါက ကောလာသတွင် နတ်ပြက်ကလေးရှိတော့မည်မဟုတ်၊ နတ်ပြားကလေးပဲ ရှိတော့မည်။

ဤသို့ဖြင့် သူသည် ခရီးကိုဆက်လာထွက်ခွါခဲ့ရာ များမကြာမီပင် ဤသာနတ်မင်းကြီးထံသို့ ရောက်လာခဲ့လေ၏။

“ဆိုစမ်း ကောင်ကလေး- သင်ဘာအလိုရှိသလဲ”

“ကျွန်တော်မျိုးသည်လည်း အချိန်တန်ပြီဖြစ်၍ သတ္တိထူးသုံးခုကို ပေးသနားတော်မူပါ”

ဤသာနတ်မင်းကြီးသည် ခေတ္တမျှစဉ်းစားနေ၏။ ထို့နောက် ဥယျာဉ်တော်ထဲဆီသို့ လက်ညှိုးညွှန်လိုက်သည်။ သူ့အာရုံကသာ ဥယျာဉ်တော်ဆီသို့ရောက်နေသည်။ သူ့လက်ညှိုးညွှန်ရာသို့လိုက်ကြည့်နေသော နတ်ပြက်ကလေးကမူကား လက်ညှိုးတည့်တည့် အနီးဆုံးတွင် နန်းတော်တိုင်ကြီးကိုသာ မြင်ရ၏။ ထို့ကြောင့် နတ်ပြက်ကလေးသည် ဘာမပြော ညာမပြောနှင့် နန်းတော်တိုင်ကြီးကို ဖက်၍တက်လေတော့သည်။

“ဟယ်. . အို. . ဘယ့်နှာတုန်း”

နတ်မင်းကြီးက ဟန့်လိုက်သလိုရှိ၍ နတ်ပြက်ကလေးသည် ပြန်၍ဆင်းလိုက်သည်။

"မသိဘူးလေဘုရား၊ အရှင်ဘုရားက တိုင်ကြီးကို လက်ညှိုးထိုးပြတော့ ကျွန်တော်မျိုးကို တက်ခိုင်းတယ်မှတ်လို့"

"ငါ့ဟာပြောမယ့်စကားကို စဉ်းစားနေတုန်း မင်းက အရမ်းဖက်တက်တာကိုး။ ငါပြောချင်တာက ဟိုဥယျာဉ်တော်ထဲကိုသွား၊ အဲဒီမှာ ငါ့သမီးတော်သုံးပါးရှိနေကြတယ်၊ သူတို့ခိုင်းတာတစ်ခုခုလုပ်ခဲ့၊ ပြန်လာလို့ သူတို့ကျေနပ်ရင်မင်းကို သတ္တိထူးချီးမြှင့်မယ်"

ထို့ကြောင့် နတ်ပြက်ကလေးသည် ဥယျာဉ်တော်ထဲဆီသို့ ထွက်ခဲ့၏။

ပထမဆုံးတွေ့ရသူကား နတ်မင်းကြီး၏သမီးတော် အငယ်ဆုံး ပဘာဒေဝီပင်ဖြစ်သည်။ သူသည် လက်ထဲတွင် မြေကြီးအနည်းငယ်နှင့်တကွဖြစ်သော ပန်းပင်တစ်ပင်ကို ကိုင်၍ 'ဒုက္ခပါပဲ. . ဒုက္ခပါပဲ'ဟု ညည်းတွားနေသည်။

"ဘာများဒုက္ခဖြစ်နေပါသလဲ သမီးတော်"

ပဘာဒေဝီသည်နတ်ပြက်ကလေးကို မော့ကြည့်လိုက်ပြီး ပြန်ဖြေသည်။

"သစ်ပင်ပြောင်းစိုက်မလို့ဟာ၊ နှုတ်ယူလာပြီးမှ ဒီမှာ တွင်းမတူးရသေးတာကို သတိပြုမိလို့ပါ"

"အို-ဒါက လွယ်ပါတယ်"

နတ်ပြက်ကလေးသည် ချက်ချင်းပင် တူရွင်းတစ်လက်ကိုယူ၍ တွင်းတူးပေးလိုက်၏။ ပဘာဒေဝီကလေးသည် များစွာရွှင်လန်းအားရသွားလေသည်။



တစ်နေရာသို့ရောက်သောအခါ နတ်ပြက်ကလေးသည် သမီးတော်အလတ်ဖြစ်သူ အာဘာဒေဝီနှင့် တွေ့ရပြန်၏။ သူသည် ကြံပျဉ်းကိုစားနေသည်ဖြစ်ရာ ပါးစပ်ကကြံပျဉ်ချောင်း၏တစ်ဖက်ကို ကိုက်ထားပြီး အခြားထိပ်ဖျားတစ်ဖက်ကို ကိုက်ထားပြီး အခြားထိပ်ဖျားတစ်ဖက်ကို လက်နှစ်ဖက်ဖြင့် စုံဆွဲကာ "အယ်. . အယ်"နှင့် အော်နေသည်။

"ဘာဖြစ်နေသလဲ သမီးတော်"

"ဒီကြံပျဉ်းကိုစားတာ ကိုက်ဖြတ်လို့မရတာနဲ့. ." .

အာဘာဒေဝီက စကားကို ပလုံးပထွေးနဲ့ ပြောရင်းပြန်ဖြေ၏။

"ဟာ-လွယ်ပါတယ်"

နတ်ပြက်ကလေးသည် သမီးတော်ကို "ကိုက်ထား. . မြဲမြဲ ကိုက်ထား"ဟုပြောပြီး ကြံပျဉ်း၏အဖျားကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်၍ မြေကြီးကို စုံကန်ကာ အတင်းဆွဲလိုက်သည်။

အစတွင် ကြံပျဉ်းသည် အနည်းငယ်ဆန့်လာသယောင်ယောင်ရှိသော်လည်း ခဏအကြာတွင် တောက်ခနဲ ပြတ်သွားလေရာ နတ်ပြက်ကလေးမှာ အရှိန်လွန်၍ မြေကြီးပေါ်သို့ ပက်လက်လန်ကျသည်။ သူ၏ခြေနှစ်ဖက်မှာ မိုးသို့ပင် ထောင်သွားလေ၏။ အာဘာဒေဝီကား ကြံပျဉ်းကိုကိုက်၍ရပြီဖြစ်သည်က တစ်ကြောင်း၊ နတ်ပြက် ကလေးလဲကျပုံကို မြင်ရ၍လည်းကောင်း၊ ရယ်မောမိလေတော့သည်။

နတ်ပြက်ကလေးသည် ဆက်၍ထွက်ခဲ့ရာ ဥယျာဉ်တော်၏ တစ်နေရာတွင် သမီးတော်အကြီးဆုံး ဩဘာဒေဝီနှင့် တွေ့ရလေသည်။ သူသည် ဦးခေါင်းကိုကုတ်၍ "စိတ်ညစ်လိုက်တာနော်" ဟု

ညည်းနေ၏။

"ဘာဖြစ်လို့ စိတ်ညစ်နေပါသလဲ သမီးတော်"

ဩဘာဒေဝီသည် နတ်ပြက်ကလေးကို မော့ကြည့်လိုက်သည်။

"ဆံပင်ဖြူတွေက ယားလွန်းလို့ ညည်းနေတာပါ"

"အလွယ်ကလေးပါလေ"

နတ်ပြက်ကလေးသည် ဇာဂနာတောင်းယူ၍ ဆံပင်ဖြူများကို နှုတ်ပစ်ပေးသည်။ ဩဘာဒေဝီကား များစွာရွှင်လန်းသွားလေ၏။

ဤသို့ဖြင့် နတ်ပြက်ကလေးသည် နတ်မင်းကြီးထံ ပြန်ရောက်သည်။ နတ်မင်းကြီးသည် သမီးတော်သုံးပါးကို ရှေ့တော်သို့ခေါ်စေ၏။

"ပဘာဒေဝီ-သူ့အပေါ် ဘာကြောင့်ကျေနပ်သလဲ"

"တွင်းတူးပေးလို့ပါ"

နတ်မင်းကြီးသည် နတ်ပြက်ကလေးဖက်သို့ လှည့်လိုက်၏။

"တွင်းမရှိသောနေရာမှာ တွင်းဖြစ်စေနိုင်သော တန်ခိုးကို ရစေ"

ထို့နောက် နတ်မင်းကြီးသည် အာဘာဒေဝီဘက်သို့ လှည့် ပြန်၏။

"အာဘာဒေဝီ-သူက ဘာလုပ်ပေးသလဲ"

"ကြံပျဉ်းကိုဆွဲပေးပါတယ်"

"ကောင်းပြီ၊ အရာဝတ္ထုကို ရှည်ပြီးဆန့်ထွက်အောင်လုပ်နိုင်သောသတ္တိထူးကိုရစေ"

နောက်ဆုံးအနေဖြင့် နတ်မင်းကြီးသည် သမီးတော်အကြီးဆုံးကို မေးမြန်းလိုက်သည်။



"ဩဘာဒေဝီ-သူက ဘာအမှုတွေကို ထမ်းဆောင်ပေးသလဲ"

"ဆံပင်ဖြူနှုတ်ပေးပါတယ်"

"ကောင်းပြီ၊ မြဲနေသောနေရာကို ကျွတ်ထွက်အောင်လုပ်နိုင်သော သတ္တိထူးကိုရစေ"

ဤသို့ဖြင့် နတ်ပြက်ကလေးသည် သတ္တိထူးကိုသုံးခုကို ရခဲ့ပြီဖြစ်သဖြင့် ဤသာနတ်မင်းကြီးကို ရှိခိုး၍ ပြန်ခဲ့၏။

ရက်အနည်းငယ် ကြာသွားလေပြီ။

နတ်ပြက်ကလေးသည် သူ၏သတ္တိထူးများကို တစ်ခါမျှမစမ်းသပ်ရသေးသဖြင့် ယနေ့တော့ စမ်းသပ်မည်ဟုကြံကာ နေအိမ်မှ ထွက်လာခဲ့သည်။

ကေလာသတောင်ခြေရင်းနှင့် အနီးဆုံးသောရွာကလေးတစ်ရွာဆီသို့ ရောက်ရှိခဲ့လေ၏။ နတ်ပြက်ကလေးမှာ ကိုယ်ရောင်ပြခြင်းမရှိသဖြင့် ရွာသူရွာသားများ သူ့ကို မမြင်နိုင်ကြချေ။

လှည်းတစ်စီးသည် ရွာတွင်းသို့ဝင်ရောက်လာသည်။ လှည်းသမားကြီးကိုလှကြီးသည် ထင်းတိုက်လာခြင်းဖြစ်သည်။

ထိုအခိုက်တွင် နတ်ပြက်ကလေးက ရွတ်ဆိုလိုက်သည်။

"လှည်းဘီးကြီးတွေ လိမ့်လို့နင်း၊ ညာဘက်အောက်မှာတွင်း"

သူက ဤသို့ ရွတ်လိုက်သည်နှင့်တစ်ပြိုင်နက် လှည်း၏လက်ျာဘက်ဘီးရှေ့နားတွင် တွင်းကြီးတစ်တွင်း ရုတ်တရက်ပေါ်လာသည်။ လှည်းကြီးကား တစ်ဖက်စောင်းနင်းဖြစ်ကာ ဘီးကျွတ်သွား၏။ လှည်းပေါ်က ထင်းအချို့နှင့်အတူ ကိုလှကြီးပါ ဂျမ်းပျံကျလာတော့သည်။

နတ်ပြက်ကလေးသည် သူ့ဗိုက်ကိုသူနှိပ်ကာ ရယ်မောလိုက်

သည့်ဖြစ်ခြင်း။ ဤသို့ရယ်မောနေသဖြင့် သတိလစ်ကာ ကိုယ်ထင်ပြပြီးသားဖြစ်သွားသည်။ ကိုလှကြီးကို ကူညီရန်ပြေးလာကြသော ရွာသားများသည် သူ့ကိုမြင်သော် စက်ဆုပ်ရွံရှာသောမျက်နှာများဖြင့် ကြည့်ကြသဖြင့် သူထွက်ပြေးခဲ့သည်။

ရွာထဲတစ်နေရာရောက်သောအခါ သားအမိနှစ်ယောက်ကို တွေ့ပြန်၏။ သမီးက မောင်းထောင်းနေသည်။ အမေက ဆန်ပြာနေသည်။ ထိုအခါ နတ်ပြက်ကလေးသည် ရပ်၍ တစ်စုံတစ်ခုကို နှုတ်မှ ရွတ်ဆိုလိုက်သည်။

"သောတကြီးမှာ ရှာရှာဖွေဖွေ. . ဟိုအဘွားကြီး နှာတံရှည်ရှည်"

ထိုခဏတွင် ဆန်ပြာနေသော အဘွားကြီး၏နှာခေါင်းမှာ တစ်လံလောက်ဆန့်ထွက်သွားလေရာ ဆုံဝတွင်နှာခေါင်းထိပ်အရောက်၊ သမီးက ကျည်ပွေ့ကိုအချနှင့် ထောင်းမိတော့သည်။

"ဟယ်. . သေပါပြီတော့"

ကျည်ပွေ့ကို ပြန်မလိုက်သောအခါ အဘွားကြီး၏နှာခေါင်းရှည် ထိပ်ဖျားကြီးမှာ ပြားနေတော့သည်။

ဤတွင် နတ်ပြက်ကလေးမှာ တစ်ချီတမောင်း ဗိုက်နှိပ်၍ရယ်ပြန်လေသဖြင့် အဘွားကြီးအော်သံကြောင့်ပြေးလာကြသောလူများသည် သူ့ကိုမြင်သွားကာ မုန်းတီးသောမျက်နှာများဖြင့် ကြည့်ကြပြန်သည်။

ထို့ကြောင့် သူပြေးခဲ့ရပြန်၏။

တစ်နေရာသို့ရောက်သောအခါ အိမ်တစ်အိမ်ရှေ့တွင် လက်ဖက်ရည်ကြမ်းဝိုင်းတစ်ဝိုင်းကို တွေ့ရပြန်၏။ ထိုဝိုင်းတွင် လူတစ်



ယောက်သည် အာဘောင်အာရင်းသန်သန်နှင့် တစ်စုံတစ်ခုသော အကြောင်းအရာကို ပြောပြနေသည်။

နတ်ပြက်ကလေးသည် အသာရပ်လိုက်၍ နှုတ်မှရွတ်လိုက်၏။

"သူ့ပါးစပ်က တရွတ်ရွတ်. ဟိုလူ့သွားတွေကျွတ်. ကျွတ်. . ကျွတ်"

ထိုသို့ရွတ်ဆိုလိုက်သည်တွင် စကားကို ကျယ်လောင်စွာပြောနေသောလူ၏ သွားများသည် ဖြုတ်ဖြုတ်နှင့်တစ်ချောင်းပြီးတစ်ချောင်း ကျွတ်ထွက်ကုန်လေတော့၏။

"ဟယ်-အို. ငါ့သွားတွေ ဘယ်ယိုဖြစ်ကုန်ဒလဲဟ"

မျက်ရည်ထွက်အောင်ပင် ဗိုက်နှိပ်၍ရယ်ပြန်သောကြောင့် နတ်ပြက်ကလေးကို လူတွေ တွေ့ကုန်ကြလေသည်။ တွေ့သည်နှင့်အမျှပင် မုန်းတီးကြသည်။ ထို့ကြောင့် နတ်ပြက်ကလေးသည် အိမ်သို့ပြန်ပြေးခဲ့သည်။

ဤသို့ဖြင့် လူများကို ဒုက္ခပေးပြီး ပျော်ရွှင်မှုကိုရှာသည်ဖြစ်ရာ သူတို့သည် နတ်ပြက်ကလေးကို မလိုမုန်းထားကြသည်။ နတ်အချင်းချင်းက လည်း မုန်းတီးလာကြသည်။

နတ်သော်လူသော ဘာမျှမရှောင်ပဲ နတ်ပြက်ကလေးသည် နောက်ပြောင်ဖန်များလတ်သော် နတ်များအားလုံးသည် သူ့ကိုမုန်းလာကြ၏။ ရွံကြောက်ကြီးဖြစ်လာကြ၏။ မကြာမီပင် နတ်အားလုံးရုံးကာ ဤသာနတ်မင်းကြီးကို သွားလျှောက်ကြလေတော့သည်။

"နတ်မင်းကြီးဘုရား. . နတ်မင်းကြီးဘုရား"

"ဘာတုန်းဟဲ့၊ ဘာဖြစ်လာကြတာလဲ"

"အရှင်ဘုရားတော့ ခြေလှမ်းမှားပြီ"

"ဟင်. . ဘာဖြစ်လို့လဲ၊ ငါ့နွားချေးတွေ နင်းမိပြီလား"

"နွားချေးထက်ပိုဆိုးတာပေါ့ဘုရား၊ နတ်ပြက်ကလေးကို သတ္တိထူးတွေပေးလိုက်တာ လူတွေရော နတ်တွေပါ ဒုက္ခရောက်ကုန်ကြပါပြီ"

ထို့နောက် နတ်တွေက အကျိုးအကြောင်းစုံလင်စွာ လျှောက်ထားကြရာ ဤသာနတ်မင်းကြီးသည် စိတ်ဆိုး၍ နတ်ပြက်ကလေးကို ဒဏ်ခတ်လေတော့သည်။

ဒဏ်ခတ်ခံရသောအချိန်တွင် နတ်ပြက်ကလေးမှာ ချောင်းတလေးတစ်ခုနံဘေးက ကျောက်တုံးကြီးပေါ်တွင် ထိုင်နေခိုက်ဖြစ်၏။ ကြည်လင်သောချောင်းကလေးထဲတွင် ရွှင်လန်းစွာကူးခတ်နေကြသော ငါးကလေးများကို အချို့ကို ဆန့်ထွက်အောင်လုပ်လိုက်၊ အချို့ကို ဆူးတောင်များကျွတ်ထွက်အောင်လုပ်လိုက်နှင့် လုပ်ကာ တဟားဟားရယ်မောနေသည်။

ထိုခဏတွင် သူ၏ကျောကုန်းတွင် ကြီးမားသောဘုကြီးတစ်ခုသည် ရုတ်တရက်ထွက်ပေါ်လာလေတော့သည်။ သူမှာ ခါးကြီးပင်ကုန်းသွားရသည်အထိ ဖြစ်ရ၏။

သူသည်မျက်လုံးပြူးသွားရတော့သည်။ စောစောက ပျော်ရွှင်မှုတွေ အားလုံးပျောက်ကွယ်ကုန်ကြလေပြီ။

ကမန်းကတန်း ကျောက်တုံးကြီးပေါ်က ခုန်ဆင်း၍ပြေးလာခဲ့၏။ လမ်းတွင် တွေ့သမျှနတ်များကို အကူအညီတောင်းရန် ခေါ်လိုက်တိုင်းအခေါ်ခံရသော နတ်သည် သူ့ကိုမြင်သည်နှင့်တစ်ပြိုင်နက် စကားပြောပင်မခံတော့ဘဲ အလန့်တကြားထွက်ပြေးကြ၏။ စစ်သက်လုံးကပင် ကောင်းကျိုးမပေးခဲ့သော နတ်ပြက်ကလေးဖြစ်



သဖြင့် သူတို့ကြောက်ကြ၏။

နတ်ပြက်ကလေးမှာ အခတော်ပင်ဒုက္ခရောက်နေသည်။ ကုန်းကုန်းကွကွကြီးနှင့် ဟိုပြေးရ သည်ပြေးရဖြစ်နေ၏။ တော်တော်ပင်တောင်းတောင်းပန်ပန်နှင့်ခေါ်ငင်၍ အချို့နတ်များသည် သူ့နားကိုချဉ်းကပ်လာပြန်သော်လည်း အကူအညီမရချေ။

ဘယ်နတ်မှ သူလို ကတ်သီးကပ်သပ် သတ္တိထူးမျိုးကို မတောင်းခံခဲ့မိကြ၊ ရလည်းမရခဲ့ကြချေ။ ကျောကဘုကြီးပျောက်စေဟု မည်သည့်နတ်ကမျှ လုပ်မပေးနိုင်။

ထိုနေ့မှစ၍ ကောလာသနတ်လောကတွင် နတ်ပြက်ကလေး၏အမည်မှာ 'ဘုဘု'ဟုဖြစ်လာတော့သည်။

'ဘုဘု' ဆိုလျှင် နတ်တိုင်းသိကြ၏။

နတ်ပြက်ကလေးမှာ မပျော်ရွှင်နိုင်တော့ချေ။ ဤတွင်မှ စိတ်ညစ်ခြင်း၏ဒဏ်ကို သိရှိလာတော့သည်။ ယခင့်ယခင်က မိမိသည် ကစ်ပါးသူတို့ကို စိတ်ညစ်အောင်ပြုပြီး ပျော်ရွှင်မှုရယူခဲ့ခြင်းမှာ မှားယွင်းလေစွဟူသော နောင်တတရားကိုလည်း ရလာတော့၏။

သို့သော် သူ၏ကျောမှဘုကြီးကား ပျောက်ကွယ်မသွားချေ။ ထို့ကြောင့်ပင်နောက်ဆုံး၌ နတ်ပြက်ကလေးသည် ကြံရာမရဖြစ်ကာ မိခင်ဖြစ်သူထံ ချဉ်းကပ်၍ အကူအညီကို တောင်းတော့သည်။

ဤတွင်မှ မိခင်ဖြစ်သူက မိမိဆုံးမစကားကို နားမထောင်၍ ယခုကဲ့သို့ဖြစ်ရကြောင်းနှင့် ယခုကိစ္စသည် ဤသာနတ်မင်းကြီး၏ဒဏ်ခတ်ခြင်းကြောင့် ဖြစ်ရသည်၊ ထို့ကြောင့် နတ်မင်းကြီးထံသို့ပင် သွား၍တောင်းပန်စေရန် ညွှန်ကြားလိုက်၏။

ဤသို့ဖြင့် နတ်ပြက်ကလေးဘုဘုသည် မျက်နှာမသာမယာနှင့်

ဤသာနတ်မင်းကြီး၏ရှေ့တော်မှောက်သို့ရောက်ခဲ့လေသည်။

"ဟဲ့-မင်းက ဘာတွေကိုကျောမှာပိုးပြီး လာခစားရတာလဲကွ"

"ဘာမျှပိုးလာခြင်းမဟုတ်ပါဘူး၊ အရှင်ဘုရားရဲ့ဒဏ်ခတ်ချက်ကြောင့် ကျောမှာဘုကြီးပေါက်လာရတာပါ၊ အဲဒါကို သနားသဖြင့် အပြစ်ဒဏ်မှလွတ်ဖို့ လာရောက်တောင်းပန်အသနားခံခြင်း ဖြစ်ပါတယ်ဘုရား"

"ကောင်းပြီ၊ မင်းသည် လူ့လောကသို့ချဉ်းကပ်ပြီး လူတွေရဲ့ ကောင်းကျိုးကို ဆောင်ကြဉ်းပါ၊ လူတွေက မင်းကိုလိုလားချစ်ခင်လာအောင် သွားလုပ်ပါအုံး"

နတ်မင်းကြီးက ဤသို့မိန့်ဆိုလိုက်သဖြင့် နတ်ပြက်ကလေးဘုဘုသည် နတ်မင်းကြီး၏နန်းတော်မှထွက်ခွါခဲ့ပြီး လူများနေထိုင်ကြသော ရွာကလေးဆီသို့ ထွက်လာခဲ့ရသည်။

ကိုယ်ထင်ပြ၍လာသည်ဖြစ်သောကြောင့် လူများက သူ့ကိုမြင်ကြတွေ့ကြသည်။ သို့သော် ကျောကုန်းကဘုကြီးဖြစ်သဖြင့် နောက်ပြောင်ဒုက္ခပေးတတ်သော နတ်ပြက်ကလေးအဖြစ် မမှတ်မိကြသောကြောင့် လူတွေကတော့ ထွက်မပြေးကြပါ။

ထို့ပြင် ထိုရွာကလူများသည် သူ့ကို အထူးဂရုမစိုက်နိုင်လောက်အောင်ပင် အခြားသောကိစ္စတစ်ရပ် ရှိနေပုံရ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့အားလုံးပင် မှိုင်တွေနေကြသောကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်လေရာ နတ်ပြက်ကလေးသည် လူအုပ်ထံသို့ ချဉ်းကပ်၍ မေးမြန်းလိုက်သည်။

"ဘယ်အကြောင်းများကြောင့် စိတ်ညစ်နေကြပါသလဲ ခင်ဗျာ"



ထိုအခါ လူတစ်ယောက်က လှည့်၍ပြန်ပြောသည်။

"ဟာ-ဒီတစ်ရွာလုံးက အားထားရတဲ့ရေကန်ကြီးခန်းသွားလို့ စိတ်ညစ်နေကြတယ်၊ ရာသီဥတုလည်း ဆိုးဝါးလို့ မိုးခေါင်ပြီး စပါးတွေတောင်ပျက်တော့မယ်"

ထိုအခါ နတ်ပြက်ကလေးသည် ခပ်တွေတွေကလေးဖြစ်သွား၏။ ထို့နောက် သူသည် ရေကန်ဟောင်းကြီးကို လက်ညှိုးထိုး၍ နှုတ်မှရွတ်ဆိုလိုက်၏။

"ရေတွေဆိုတာ-ဖောခြင်းသောခြင်း. . ဟောဒီမှာလေ တွင်း. . တွင်း. . တွင်း"

ထိုသို့ သူကရွတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကန်နေရာအလယ်တွင် ကြီးမားလှစွာသော တွင်းကြီးသည် ဖြစ်ပေါ်လာလေ၏၊ အလွန်လည်းနက်သည်။ ထိုသို့နက်ရှိုင်းလှသဖြင့် အထဲမှရေတို့သည် ပန်း၍ထွက်လာလေသည်။

ထိုအခါ လူတို့သည် များစွာပျော်ရွှင်သွားကြပြီး သောက်ရေသုံးရေခပ်ကြသည်။ လယ်ကွင်းများဆီသို့ မြောင်းသွယ်ကြသည်။ ဖျားပန်းခပ်မှုအလုပ်ရှုပ်သွားကြ၏။ ထိုအခိုက်တွင် နတ်ပြက်ကလေးသည် သူတို့ထံမှခွါ၍ ထွက်ခဲ့လေသည်။

တစ်နေရာရောက်သောအခါ ယာသမားတစ်စုကို တွေ့ရပြန်၏။ သူတို့သည်လည်း မှိုင်တွေချနေလေရာ သူတို့နားသို့ကပ်၍လာသော နတ်ပြက်ကလေးကိုပင် စိတ်မဝင်စားနိုင်ကြပါချေ။

"ဘာများစိတ်ညစ်စရာ တွေ့နေလို့လဲ"

ယာသမားတစ်ဦးသည် နတ်ပြက်ကလေးကို စိတ်ပျက်စွာကြည့်ရင်းက ပြန်၍ဖြေကြားလိုက်သည်။

"မပြောချင်ပါဘူး"

"ဟာ. . ပြောချင်ပါ၊ တဆိတ်ပြောချင်ပါ"

"အို. . ဘယ်လိုလဲဟ. . ပြောချင်လို့ပဲ မပြောချင်ဘူးလို့ စရတာ"

"အော်. . မသိပါဘူး၊ ကျုပ်က တကယ်ပဲ မပြောချင်ဘူးမှတ်လို့ တဲ. . ဆက်စမ်းပါအုန်း"

"ဘယ်ကြိုးကပြတ်သွားလို့လဲ'

"ဘာလဲဗျ၊ စကားကိုဆက်စမ်းပါအုံးလို့ပြောတာပါ"

"အော်-အင်း. . ကျုပ်တို့ အသီးအနှံတွေဗျာ၊ ရာသီဥတုဆိုးဝါးလို့ ကျိုလှိုကုန်တယ်၊ အစာရေစာတော့ မလောက်မင်ဖြစ်ကြတော့မှာပဲ"

ဤတွင် နတ်ပြက်ကလေးသည် သီးနှံခင်းများကို စိုက်ကြည့်လိုက်ပြီးသော် နှုတ်မှရေရွတ်လိုက်သည်။

"သနားစရာ့အသီးတွေ. . အခုတော့လည်း ရှည်ရှည်ရှည်"

သူက ဤသို့ရွတ်လိုက်သည်နှင့် တစ်ပြိုင်နက် အသီးအနှံများသည် ရှည်ထွက်၊ ဆန့်ထွက်ကုန်ကြတော့သည်။ ခရမ်းသီးဆိုလျှင် တတောင်လောက်ရှိ၏၊ ဗူးသီးမှာ တစ်လံလောက်စီရှိ၏။ ပဲလင်းမြွေသီးကား ဆိုဖွယ်ရာမရှိပြီ။

လူအများသည် လွန်စွာပျော်ရွှင်ကုန်ကြ၏။ အသီးအနှံများကို ဝမ်းသာအားရပြေး၍ ဆွတ်ကြလေတော့၏။ ထိုအခိုက်တွင် နတ်ပြက်ကလေးသည် သူတို့ထံမှ ထွက်လာခဲ့လေ၏။

တစ်နေရာသို့ ရောက်ခဲ့ပြန်သည်။ တောစပ်ကလေးတွင်ဖြစ်၏။ ဝါးရုံပင်အနားဝယ် လူတစ်အုပ်သည် ငုတ်တုတ်ထိုင်၍ မှိုင်နေ



ကြပြန်သည်။

"ဟောဗျ. . ခင်ဗျားတို့တွေကကော ဘာများစိတ်ညစ်စရာ ကြုံနေကြရတာလဲ"

လူတစ်ယောက်သည် ဦးခေါင်းပေါ်တွင်ပေါင်းထားသော အဝတ်ကိုဖြည်၍ မျက်နှာကိုသုတ်လိုက်ပြီး သူ့ကိုပြန်ဖြေကြားသည်။

"ဟာ. . မပြောချင်ပါဘူးဗျာ"

ဤစကားကိုကြားသောအခါ နတ်ပြက်ကလေးသည်ငြိမ်နေ၏။ ထိုအခါ ထိုလူကလည်း ငြိမ်နေ၏။ တော်တော်ကလေး ကြာသွားသောအခါ နတ်ပြက်ကလေး ဘုဘုမှာမအောင့်အည်းနိုင်တော့ချေ။

"ဘယ်လိုလဲဗျ. . ဆက်မပြောတော့ဘူးလား"

"အော-မပြောချင်ပါဘူးဆိုမှ"

"ဟာ-မလုပ်ပါနဲ့။ ကျွန်တော်ကူညီချင်ကူညီနိုင်မလားလို့ မေးတာပါဗျ၊ ပြောဖြစ်အောင်ပြောစမ်းပါ"

"ကဲ-ဒါလောက်တောင်းပန်မှတော့ ပြောရတော့မှာပေါ့လေ၊ တို့တစ်တွေက ရာသီဥတုမကောင်းလို့ အစာရေစာတွေပျက်စီးတာနဲ့ ကြုံရတယ်။ ဒီတော့ အစာမဝတော့ အားအင်တွေ ဆုတ်ယုတ်ကုန်ကြပြီ၊ အိမ်ဆောက်ဖို့ဝါးလာခုတ်ကြတာ၊ အားမရှိတာနဲ့ မနက်လင်းအားကြီးကလာတာ ခုချိန်အထိ ဝါးသုံးလုံးပဲရသေးတယ်။အဲဒါကို စိတ်ညစ်နေကြတာ"

ထိုအခါ နတ်ပြက်ကလေးသည် များပြားလှသော ဝါးရုံများကို ကြည့်လိုက်ပြီးသော် နှုတ်မှ ရွတ်ဆိုလိုက်သည်။

"ဝါးရုံတွေက အပြွတ်အပြွတ်. . ဒါတွေအားလုံး ကျွတ် ကျွတ် ကျွတ်"

ထိုခဏတွင် ဝါးရုံများသည် အရင်းမှနေ၍ ကျွတ်ထွက်လဲကျကုန်လေရာ လူများသည် ထကြပြီး ဝါးလုံးတွေကို သယ်ယူဖို့ရန် စီမံပြုလုပ်အလုပ်များကြတော့သည်။

နတ်ပြက်ကလေး အသာအယာပင် ထိုနေရာမှ ထွက်ခွါလာခဲ့လေသည်။ ထို့နောက် သူသည် ရွာထိပ်သစ်ပင်ရိပ်ကလေးရှိ ခုံတန်းကလေးပေါ်တွင် နွမ်းရိစွာထိုင်ချလိုက်လေ၏။ သူ့ကျောဘုကြီးကြောင့် ထိုင်ရသည်မှာပင် ကုန်းကုန်းကြီးဖြစ်နေ၏။

သူသည် ဆိတ်ငြိမ်စွာတွေးတောနေသည်။

လူတွေကား စိတ်ညစ်စရာရှိလျှင်သာ စိတ်ညစ်တတ်ကြသည်။ သူတို့ကို ပျော်ရွှင်မှုရအောင်ပြုလုပ်ပေးလိုက်လျှင်ကား အရာရာကို မေ့အောင်ပင် ပျော်ရွှင်ကြတော့သည်။ ပျော်ရွှင်အောင်လုပ်ပေးသူကိုကား ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍မျှ မမှတ်ကြပါတကား။

လူအများသည် မိမိတို့လိုရာကိုသာ ဝမ်းသာအားရရယူကြ၍ မိမိကိုလှည့်၍ပင်မကြည့်ကြတော့ချေ။ ယခု သူတို့တွေကားပျော်နေကြပြီ၊ သူတို့ကိုပျော်အောင်လုပ်ပေးခဲ့ပါလေသော မိမိမှာတော့ လျစ်လျူရှုခြင်းခံရပြီး ကိုယ့်ဒုက္ခနှင့်ကိုယ် ဤနေရာတွင် မပျော်နိုင်ဘဲ မှိုင်ပွဲဝင်နေရ၏။ နူတ်မှပင်ထုတ်၍ ညည်းမိသည်။

"အင်း. . ကောင်းတဲ့အလုပ်ဟာ ကောင်းကျိုးမပေးနိုင်ဘူးလားဟင်"

ထိုအခိုက်တွင်ပင် လူအုပ်ကြီးသည် သူ့နားသို့ရောက်လာကြ၏။

"ဟာ-ဘယ်ရောက်သွားတာလဲ၊ရှာလိုက်ရတာ. . ကိုယ့်လုပ်ငန်းတွေကိုယ်လုပ်ပြီးလို့ ဂုဏ်ပြုမလို့လိုက်ရှာတာ၊ ဒီမှာ ဘာလာထိုင်



လုပ်နေရတာလဲလို့"

ပြောပြောဆိုဆိုနှင့် စောစောက သူ့ကျေးဇူးပြုခဲ့သည့် လူများသည် သူ့ကို ဝိုင်းဝန်းချီပိုးခေါ်သွားကြသည်။ သူသည် လူနှစ်ယောက်၏ ပုခုံများကိုခွ၍ လိုက်သွားရသည်။ လမ်းဆုံတစ်ခုရောက်သောအခါ တစ်ဦးကတစ်ဖက်သို့သွား၍ ကျန်သောတစ်ဦးက အခြားတစ်ဖက်သို့သွားရန် ဟန်ပြင်လေရာ အပေါ်က နတ်ပြက်ကလေးမှာ ကားယားကြီးဖြစ်သွားရလေသည်။

"အို. . ပေါင်ပြဲလို့သေတော့မှာပေါ့ဗျ"

သူက ဤသို့အလန့်တကြားနှင့်အော်လိုက်မှ သူကြီးသည် ဝင်၍ ပြောရတော့သည်။

"ဟယ်. . ဟုတ်တာပေါ့ကွ၊ မင်းတို့က ဘုဘုကို ပေါင်နှစ်ခြမ်းဖြဲကြမလို့လား၊ မလုပ်ကြပါနဲ့ကွာ၊ ငါတို့ကျေးဇူးရှင်ကလေးပါ။ ကဲ. . အားလုံး ရွာထဲက မဏ္ဍာရုံကိုသွားကြ"

သူကြီးက ဤသို့အမိန့်ပေးလိုက်မှ အားလုံးတညီတညာတည်း မဏ္ဍာရုံဆီသို့သွားကြတော့သည်။ မဏ္ဍာရုံတွင်လည်း ရွာသူရွာသားများ စောင့်နေကြ၏။ သူတို့ရောက်သောအခါတွင် ဇာတ်တိုက်ထားသလို တညီတညာတည်း အော်ဟစ်ကြတော့သည်။

"နတ်ပြက်ကလေးဘုဘု သက်တော်ရာကျော်ရှည်ပါစေ"

ထို့နောက် သူတို့သည် နတ်ပြက်ကလေးကို နံ့သာရေများဖြင့် ပက်ဖျန်းကြလေသည်။ ပြီးသောအခါတွင်ကား စားသောက်ပွဲကြီးကျင်းပပြီး နတ်ပြက်ကလေးကို ချီးကျူးစကား၊ ကျေးဇူးတင်စကားများ ပြောကြ၏။

လူအများက ဤသို့နှစ်လိုချစ်ခင်ကြသည်တွင် ဂေလာသမှ

နတ်များသည် ဆူဆူညံညံအသံတွေကြား၍ ရောက်လာကြရာ နတ်များသည်လည်း အကြောင်းစုံသိရ၍ နတ်ပြက်ကလေးဘုဘုကို ချစ်သွားကြသည်။ အချို့နတ်များသည် နတ်မင်းကြီးထံ ပြန်ပြော၍ နတ်ပြက်ကလေးကို အပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးပါရန် စုပေါင်းတောင်းဆိုကြလေသည်။

နတ်ပြက်ကလေးသည် ရွာသားများအား ကျေးဇူးတင်စကားပြန်ကြားပြောဆိုရန် မတ်တပ်ရပ်လိုက်၏။ ကုန်းကုန်းကြီးရပ်လိုက်စဉ် ချုတ်ချွင်းပင် ကျောကကုန်းကြီးမှာ ပျောက်ကွယ်သွားလေတော့သည်။ နတ်မူလအတိုင်းဖြစ်သွား၍ နတ်ပြက်ကလေးသည်လည်း ရွာသားများကဲ့သို့ပင် ပျော်ရွှင်ရလေ၏။

သို့သော် သူ့အမည်ကား ယနေ့ထက်တိုင် "နတ်ပြက်ကလေးဘုဘု"ပင် ဖြစ်၍ နေပါတော့သည်။

ကလေးတို့ ရွှင်လန်းကြပါစေ။

❑



## သူငယ်ချင်းနှစ်ယောက်

"သုခဇီဝိတ"ရွာကလေးသည် လွန်စွာမှ သာယာအေးချမ်းသည်။ လူတိုင်းလိုလိုပင် လောဘကြီးခြင်း၊ဒေါသကြီးခြင်းမရှိ။ အသက်မွေးဝမ်းကြောင်းရခြင်းလည်း လွယ်ကူ၏။ နေရထိုင်ရသည်မှာလည်း အေးချမ်း၏။

သို့သော် တစ်နေ့သ၌ ကံကြမ္မာဆိုး၏ရှေ့တော်ပြေးသည် ရောက်ရှိလာခဲ့ချေသည်။ ဖြစ်ပုံကား ထို"သုခဇီဝိတ"ရွာကလေးဆီသို့ ရသေ့တစ်ယောက်နှင့် တပည့်ဖြစ်သူလူတစ်ယောက် ရောက်ရှိလာခဲ့ကြလေသည်။

ထူးဆန်းပေစွ၊ ရသေ့သူတော်ကောင်းရောက်သည်နှင့် အဘယ့်ကြောင့် ကံဆိုးရပါမည်နည်း။ ထိုရသေ့နှင့် တပည့်တို့သည် သူတော်စင် သူတော်ကောင်းသာဖြစ်ရိုးမှန်လျှင် ကံဆိုးခြင်းမဟုတ်၊ ကံကောင်းခြင်း၏ရှေ့တော်ပြေးသာဖြစ်ရပေမည်။ သို့ရာတွင် ယခုရောက်လာသည်ဆိုသော ရသေ့နှင့်တပည့်တို့မှာ အသွင်အပြင်ကသူတော်ကောင်းဖြစ်သော်လည်း စင်စစ်တွင် တော်လည်းမတော်၊ ကောင်းလည်းမကောင်းသောသူများသာလျှင် ဖြစ်နေသောကြောင့်



တည်း။

သူတို့သည် ရောက်ရှိလာသောနေ့တွင် ရွာပြင်တောစပ်ကလေးရှိ ဝါးရုံပင်ကြီးနားတွင် စခန်းချ၏။ ရသေ့က ထိုင်နေသည်။ အနားက တပည့်ဖြစ်သူက လက်အုပ်ကလေးချီ၍ ဝပ်တွားနေ၏။

အနားက ဖြတ်သွားကြသော ရွာသားများသည် သူတို့ကို တစေ့တစောင်း ကြည့်သူက ကြည့်သွား၏။ အချို့ကမူ ဝင်ရောက်ရှိခိုးသွားကြ၏။ ထိုခါတွင် ရသေ့သည် ဘာစကားမှမပြော၊ အနားက တပည့်ကလည်း တိတ်ဆိတ်စွာပင် လက်အုပ်ချီ၍ ခေါင်းငုံ့နေသောကြောင့် ဝင်ရောက်ဦးချသော ရွာသားများကလည်း အလျှိုအလျှိုထ၍ ပြန်ခဲ့ကြရလေသည်။

ညဥ့်ဘက်သို့ရောက်သောအခါ သူတို့၏ပြောစကားများကို လေ့လာကြည့်မည်ဆိုလျှင် . . .

"ဘယ်လိုလဲ ဆရာရသေ့ရဲ့ ဘာမှလည်းမစားရပါလား"

"ဟ. . ငထူး၊ ဒီလိုပဲ ဘဝမှာ သည်းခံရမှာပေါ့၊ တဖြည်းဖြည်းအယုံသွင်းပြီးမှ သူဌေးဖြစ်ကြရမှာကွ"

"ဒီနေ့တော့ သူဌေးမဖြစ်ဘဲ ခွေးဖြစ်နေပြီ"

ရသေ့သည် ငထူး၏စကားကြောင့် ယောင်ပြီး သျှမ်းညှောင့်ရိုးကိုသူ စမ်းကြည့်သည်။ ထိုနောက်မှ ရှက်ကိုးရှက်ကန်းနှင့်ပြန်ပြောသည်။

"ဟယ်. . အရူး၊ နင်က ခွေးဖြစ်ပြီဆိုလို့ ငါယောင်ပြီးတောင်စမ်းကြည့်မိတယ်၊ အမြီးလည်းမရှိပါဘူး"

"အောင်မယ်. . တချို့ဘုန်းကြီးကျောင်းက ခွေးတွေ အမြီးပြတ်နေတာ ရှိသားပဲ"

"တော်စမ်းပါ၊ ငါ ဖနောင့်နဲ့ထပေါက်မိတော့မယ်။ သည်းညည်းခံပြီးစောင့်ရမယ်ကွ၊ ဒီရွာကိုကြည့်ရတာ အေးချမ်းတယ်၊ ဒီတော့ လူတွေဟာ ချမ်းသာကြရမယ်၊ သူတို့ ကြည်ညိုရင် အရမ်းလှူကြမှာ၊ အင်း. . တို့တော့ ဟန်ကျအုံးတော့မှာပဲ၊ ဝမ်းသာလိုက်တာနော်၊ ဝမ်းသာလိုက်တာ. . "

"ထမင်းဆာလိုက်တာနော်. . ထမင်းဆာလိုက်တာ"

ဤသို့ပင် တပည့်ဖြစ်သူ ငထူးက သံယောင်လိုက်၍ ငေါ့လိုက်သောအခါ ဆရာရသေ့က တပည့်ကို နှစ်သိမ့်လိုက်သည်။

"တဲ. . လာပါကွာ၊ ဟောဒီ ငါ့လွယ်အိတ်ထဲမှာ ထမင်းခြောက်တွေကျန်ပါသေးတယ်၊ ဟို ခပ်လှမ်းလှမ်းက ချောင်းထဲကရေကို ဝါးကျည်တောက်နဲ့သွားခပ်ချေ"

သူတို့နှစ်ယောက်သည် ထမင်းခြောက်တစ်လုပ် စားလိုက်၊ ရေတစ်ကျိုက်သောက်လိုက်နှင့်လုပ်ရင်းက ငထူးက မကျေမနပ်နှင့် ပြန်ပြောသည်။

"လူတွေက လှူချင်စိတ်ပေါက်ပါ့မလား၊ ရသေ့က ပါးစပ်ကြီးပိတ်ထားတာကိုး၊ သူတို့စိတ်ထဲမှာ ဒီရသေ့ကြီးဟာ ငုတ်တုတ်က အသက်ပျောက်နေပါကလားလို့ ထင်သွားကြသလားမှမသိတာ"

"ဟ. . နင် ဘာနားလည်သလဲ၊ ဒါက ဒီရသေ့ဟာ သူများထက်ထူးခြားတယ်လို့ ထင်အောင်လုပ်ရတာ၊ ဒီလိုမလုပ်လို့ ငါက ဘာတွေ ပြောရမှာလဲ"

"ဟော့. . ဒကာတွေ၊ ဘာလာပြီး ငိုင်နေကြတာလဲ၊ လှူကြလေကွာ၊ တန်းကြလကွာ. . လို့ ပြောပါလား"

"ရမယ်-ရမယ်၊ အဲဒီလိုပြောမှ သူတို့က လက်သီးလက်မောင်းတွေ ထပြီးတန်းလို့ နင်ရော ငါရော ထွက်ပြေးကြရမှာ၊ မင်းအသာကြည့်နေပါ။ ထောင်ချောက်ဆိုတာ ငြိမ်ငြိမ်ကလေး နေနေရတာကွ၊ သားကောင်က သူ့ဘာသာသူ လျှောက်ပြီး ဝင်လာပါလိမ့်မယ်ကွာ၊ အချိန်ဆိုတာ စောင့်သင့်တဲ့အခါ စောင့်ရတယ်"



ရသေ့ဦးကဝိတွက်သည်မှာလည်း မမှားလှပါ။ ရက်များမကြာမီပင် ရိုးသားလှသောရွာသူရွာသားများသည် ကြည်ညိုလှူဒါန်းကြသည်နှင့် အစားအသောက်များ ပေါများလာ၏။ ဝါးရုံကြီး၏အောက်တွင် တဲကျောင်းကလေးဖြစ်လာ၏။

သို့သော် ညဥ့်ဘက်တွင် သူတို့နှစ်ယောက်တည်း ရှိသောအခါ၌ ပြောသောစကားများကို လေ့လာမည်ဆိုလျှင် သူတို့၏လောဘသည် အတောမသတ်သေးကြောင်း ထင်ရှားလှသည်။

"ဆရာရသေ့ရဲ့ ခုမှ စားလောက်ရုံရှိသေးတာ၊ ဒါတောင်မှ ဥပုသ်သည်သူတော်ကောင်းတွေဆိုပြီး မနက်တစ်နပ်စာတည်း လှူလှူနေကြလို့ ညနေစာအတွက် ချန်ချန်နေရတာနဲ့ တယ်မဝချင်လှဘူး"

ဤသို့ပင် တပည့်ငထူးက ပြောပါသည်။ ထိုအခါ ဆရာကဝိက

"လက်ဖက်ကောင်းစားချင်ရင် တောင်ပလောင်တောင်. . တောင်. . "

"ဟာ. . ဆရာကလည်း စကားပြောချင်လှဇာနဲ့ တလွဲတွေလျှောက်ပြောတာကိုး၊ စကားပုံက လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင် တောက် တက်တက်နှောင် ဒိုင်း"

"တော်စမ်းပါ၊ နင်ပြောမှ ပိုဆိုးသေးတယ်၊ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရမယ်လို့ စကားပုံရှိတယ်။

ဒါက ဘာလဲဆိုတော့ အခွင့်ကောင်းဆိုတာ ဖြည်းဖြည်းစောင့်ရမယ် လို့လည်း အဓိပ္ပာယ်ကောက်နိုင်တယ်။ မင်း ကြည့်နေ၊ မကြာခင် ငါ့အစွမ်းတွေ ပြမယ်ကွာ"

"ဟာ-ဆရာရသေ့အစွမ်းတွေပြရင် ကျုပ်လျှော်ပေးနေရမှာ ပေါ့။ အစားကို ကောင်းကောင်းမစားဘဲ၊ သစ်ခေါက်ဆိုးပေါ် ဖိတ်ကျအောင် စားရသလား. . "

"ဘာလဲကွ။ ဘာတွေလျှောက်ပြောနေတာလဲ. . အစွမ်းပြမယ်လို့ ပြောတာ။ သူတော်ကောင်းယောင်ဆောင်ရင် ပါဠိလေး ဘာလေး နည်းနည်းပါးပါးတော့ တတ်ရတယ်၊ အစွမ်းကို ပါဠိစကားနဲ့ ထာမလို့ ခေါ်တယ်"

"ကိုင်း. . ညောင်းပြီ၊ ဆရာကထမပြောရင် ကျုပ်တော့ ထမှာ ပဲ"

ရသေ့ဦးကပိသည် ရွာသားများ၏ရိုးသားမှုပေါ်တွင် အမြတ်ထုတ်ရာ၌ အလွန်ပင်တွက်ကိန်းကိုက်လှပါ၏။ မကြာမီပင် သူတို့နှစ်ယောက်သည် ကျောင်းသင်္ခမ်းနှင့် ဝါးရုံပတ်လည်တော်တော်ကျယ်ကျယ်နေရာကလေးကို ဝန်းရစ်၍ ချောင်းငယ်ကလေးတစ်ခု တူးသည်။ ထို့နောက် ထိုချောင်းငယ်လေးထဲသို့ ခပ်လှမ်းလှမ်း ချောင်းမှ ရေများကို ခပ်ထည့်သည်။ ထိုအခါတွင် သူတို့နေရာကလေးမှာ ကျွန်းငယ်ကလေးသဏ္ဌာန်ဖြစ်သွားသည်။ ထို့နောက် ချောင်းငယ်ထဲသို့ ရေမြွေဆိုးများကို ဖမ်း၍ထည့်ထားသည်။ တစ်ဖက်နှင့်တစ်ဖက် ကူးသောတံတားကို အရှင်ထား၍ သူတို့မလိုသောအချိန်တွင် တံတားကိုဖြုတ်ထားရာ လူများသည် သူတို့နားသို့ မရောက်နိုင်တော့ချေ။ သူတို့က လူတွေကို သူတို့ဆီကို လာစေလို



သောအခါတွင် တံတားကို ထိုးပေးထား၏။

"ဟေ့. . ငထူး၊ လောကမှာ ကလေးတွေဟာ ကြောက်စရာအကောင်းဆုံးကွ၊ တစ်ခါတစ်ခါ တို့လူကြီးတွေ မဟုတ်တာလုပ်ရင် ကလေးတွေက သိတတ်ကြတယ်၊ ဒါကြောင့် ရွာသားတွေကို ပြောထား၊ တို့ကို လာဖူးမျှော်ရင် ကလေးတွေကို ခေါ်မလာရဘူး၊ ပြီးတော့ ဒီနားတစ်ဝိုက်ကို ဘယ်ကလေးတွေမှ မလာရဘူးလို့ ပြောထား. . . "

ဤသို့ဖြင့် လပေါင်းအတန်ငယ်ကြာလာသောအခါ ရသေ့ဦးကပိက "ဝေဠုရာဇာ"ခေါ်သော ဝါးနတ်ပင့်ပွဲလုပ်မည်ဟုမိန့်ရာ ရွာသားတို့လာကြကုန်၏။ ထိုအချိန်တွင် တပည့်ငထူးမှာ စကြဝဠာတံတိုင်းတွင်ရေးထားသော ပညာများကို သွားရောက်ကူးယူနေသဖြင့် မရှိဟုဆိုသည်။

ရွာသားများသည် ဝါးရုံကြီးရှေ့တွင် စု၍ထိုင်ကြရ၏။ ရသေ့ကသာ ဝါးရုံနားတွင် ကပ်၍ထိုင်နေသည်။ မကြာမီ ရသေ့က ပြောလိုက်၏။

"အို-ဝေဠုရာဇာ မည်တွင်သာသည့် ဒေဝါခေါ် နတ်မင်းကြီး၊ ဒီ"သုခဇီဝိတ"ရွာကို ကောင်းကျိုးဖြစ်အောင် ကျွန်ုပ်သီလဖြင့် ထိန်းပေးသည်။ သင်က ကူညီပါ. . "

ဤသို့ နင်းကန်အော်၍ပြောလိုက်သည်။

ချက်ချင်းပင် ဝါးရုံကြီးဆီမှ အသံထွက်ပေါ်လာ၏။

"အဟမ်း. . အဟမ်း. . အဟမ်း"

ဤသို့ ဝါးရုံမှ ချောင်းဟန့်သံထွက်ပေါ်လာသောအခါ ရွာသားများသည် အလွန်အံ့ဩသွားကြ၏။ ဝါးရုံ၏အခြေကို ငုံ၍ကြည့်

ကြပါသော်လည်း ဝါးရုံ၏ခြေရင်းမှာ ရှင်းနေ၍ ဝါးပင်များကလွဲ၍ ဘာမှမတွေ့ရချေ။ ထိုအခိုက်တွင် ဝါးရုံမှ ဝေမ္ဗုရာဇာနတ်မင်းကြီး၏အသံသည် ထွက်ပေါ်လာခဲ့သည်။

"ကျွန်ုပ် ကူညီစောင့်ရှောက်နေသဖြင့် အကျိုးစီးပွား ဖြစ်ထွန်းနေပါသည် အရှင်ရသေ့၊ ယခုနှစ်စပါးတွေ ပို၍ထွက်သည်၊ သီးနှံများ ပို၍ဖြစ်ထွန်းရမည်၊ မယုံလျှင် စောင့်ကြည့်ကြလော. . ."

ဤရွာမှလူများသည် အလုပ်ကို ရိုးရိုးသားသား ကြိုးစားကြသည်ဖြစ်သောကြောင့် စင်စစ်တွင် ထိုနတ်ကြီးက မစောင့်ရှောက်ဘဲ ဝစ်ထားလျှင်လည်း စပါးနှံများပို၍ ဖြစ်ထွန်းထွက်ရှိမည်သာဖြစ်သည်။ သို့သော် ရိုးသားလှသော ရွာသားများသည် မိမိတို့၏ ဝီရိယကိုပင် နတ်မသည်ထင်ပြီး ဝါးရုံကိုဝိုင်း၍ ကန်တော့ကြ၏။

ထိုသို့ဖြစ်ပျက်နေခိုက်တွင် များစွာသောကလေးများသည် ရွာထဲတွင်ကစားနေကြသည်။ သို့သော် ဆယ်နှစ်ကျော်ကျော် အရွယ်ရှိသည့် သူငယ်ချင်းနှစ်ယောက်မှာ တစ်နေရာတည်းတွင် တိုင်ပင်နေကြသည်။ တစ်ယောက်မှာ "သတ္တိ"ဖြစ်၍ တစ်ယောက်မှာ "ထာမ" ဖြစ်သည်။ သတ္တိက ပြောလိုက်သည်။

"ဟေ့-ထာမ၊ ငါတော့ အဘတို့နောက် လိုက်ကြည့်ချင်တယ်ကွာ၊ ဝါးပင်နတ်ကြီး လာမယ်ဆိုပဲ၊ ဝါးရုံက စကားပြောမယ်တဲ့ကွ"

"ဟ-အဲဒီနားကို ကလေးတွေမလာရဘူးတဲ့၊ နတ်မကြိုက်ဖူးတဲ့ လာရင် ဒုက္ခတွေ့မယ်တဲ့၊ ငါ့အဘပြောထားတယ်"

"ငါ့အဘ်လည်း ဒီလိုပဲ ပြောတာပဲ။ ဒါပေမယ့် ငါစဉ်းစားကြည့်တယ်၊ တို့တစ်ခါမျှ မမြင်ဖူးတာကို မြင်ရမှာကွ၊ တိတ်တိတ်ကလေး



သွားကြည့်ရအောင်၊ တို့ တိတ်တိတ်ကလေးသွားကြည့်တာတောင် သိတယ်ဆိုရင်တော့ ဒါ နတ်အစစ်ဖြစ်မှပေါ့"

"ဘာလဲ. . မင်းက နတ်အစစ်မဟုတ်ဖူးလို့ ထင်နေလို့လား"

"တစ်ထစ်ချတော့ မပြောရဲဘူးပေါ့ကွာ၊ ဒါပေမယ့် မင်းစဉ်းစားကြည့်လေ. . တို့တစ်တွေဟာ ငယ်ငယ်လေးထဲက ဒီဝါးရုံပင်ကြီးနားမှာ ဆော့ခဲ့ကြတယ်၊ နွားကျောင်းခဲ့ကြတယ်။ နတ်ကမကြိုက်ရင် အဲဒီထဲက ဒုက္ခဖြစ်မှာပေါ့၊ အခု ဆရာရသေ့ကြီးရောက်မှ နတ်မကြိုက်တာတွေ၊ ဝါးရုံက စကားပြောတာတွေ ဖြစ်လာတာ စဉ်းစားစရာပေါ့ကွာ"

"ကဲ-ဒါဖြင့်လာ၊ သွားကြည့်ကြရအောင်. ."

သူငယ်ချင်းနှစ်ယောက်သည် ရွာပြင်သို့ထွက်၍ တောအုပ်ကလေးထဲသို့ ဝင်ခဲ့၏။ ထိုတောမှာ သူတို့ဆော့နေကျတောဖြစ်၍ ကျွမ်းကျင်စွာသွားနိုင်ကြ၏။ သို့ဖြင့် တောထဲသို့ တစ်ဖက်တစ်နေရာမှဝင်ကာ၊ တစ်နေရာတွင် ပြန်ထွက်လိုက်ကြသောအခါ ဆရာရသေ့ကြီး၏ ဝါးရုံပင်ကျွန်းကလေးကို မြင်နိုင်သောနေရာသို့ ရောက်ခဲ့ကြ၏။ သူတို့သည် ခြုံကွယ်တစ်ခုမှာ ချောင်းကြည့်နေကြပြီး ဝါးရုံပင်ကျွန်းမှ လူစုခွဲမည့်ပုံပေါက်လာသောအခါ ရွာသို့ဦးအောင် ပြန်ပြေးခဲ့ကြသည်။

မကြာမီပင် သူတို့၏လူကြီးမိဘများရွာသို့ ပြန်ရောက်လာကြသည်။ လူကြီးများ၏ အချင်းချင်းပြောနေကြသော စကားများအရ ဝါးရုံပင်ကျွန်းသို့ တစ်ပတ်တိတိ အသွားအလာမရှိ ပိတ်ထားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြာရှည်ခံမည့် စားသောက်ဖွယ်ရာများကို ယနေ့ပင် သွားရောက်လှူဒါန်းကြရမည်ဖြစ်ကြောင်းများကို သိရ

သည်။

ရွာမှလူများသည် ရိုးသားလှသဖြင့် ဝေဠုရာဇာနတ်မင်းကြီးကို ယုံကြည်ကြည်ညိုလာကြသည်။ မျှားမကြာမီ နတ်မင်းကြီးရုပ်ထုနှင့် နတ်ကွန်းဆောက်မည်ဆို၍ ရှိစုမဲ့စု ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကိုပင် နှောင်တွင်လှူဒါန်းရန် တိုင်ပင်နေကြသည်။

နောက်တစ်နေ့တွင် တပည့်ငထူးသည် ရွာထဲသို့ အလည်အပတ်ရောက်ခဲ့၏။ သူသည် ဆရာရသေ့၏ခြေနင်းပျံကိုစီး၍ ကြေဝဠာတံတိုင်းသို့ ရောက်ခဲ့ပုံ၊ ခက်ခဲလှသော အကွရာများကို ရှေးကူးရပုံများကို အကျယ်တဝင့်ပြောပြရာ ရွာသားများမှာ ပါးစပ်အဟောင်းသားနှင့် နားထောင်ကြရ၏။ မိမိသည် နက်ဖြန်တွင် ကြေဝဠာတံတိုင်းသို့ ပြန်၍သွားရဦးမည်ဖြစ်ကြောင်းလည်းပြောသည်။

ထိုအခိုက်တွင် သတ္တိမှာ မန်ကျည်းပင်တစ်ပင်ပေါ်တက်၍ မန်းကျည်းရွက်နုများကို ခူးနေသည်။ မန်ကျည်းပင်ရင်းက ကွပ်ပျစ်ပေါ်တွင် သူ၏အစ်မမိဖြူထိုင်နေသည်။ ထိုခဏတွင် ငထူးရောက်လာ၏။

"ဟင်. . ကလေးမ၊ မင်း နာမည် ဘာခေါ်သလဲ"

"မိဖြူလို့ ခေါ်ပါတယ် ဦးရှီး"

"နာမည်လည်းလှ၊ လူလည်းလှပါကလား ငါ့ကို မေတ္တာသက်ဝင်မှု မရှိဘူးလားဟင်၊ နင်ကသာ မေတ္တာသက်ဝင်ရင် မင်္ဂလာအခမ်းအနားကို ကြီးကြီးကျယ်ကျယ်လုပ်မယ်၊ နင့်အတွက် ရွှေငွေဝတ်စားတန်ဆာတွေလည်း ရစေမယ်"

"မတော်ပါဘူး ဦးရှီး၊ အသက်ချင်းက ကွာလှပါတယ်၊ ပြီးတော့



ဦးရှီးတို့လို သူတော်ကောင်းက ဒီစိတ်မျိုးမထားသင့်ဘူး"

"အောင်မယ်. . နင် တော်တော်စကားတတ်တယ်"

ပြောပြောဆိုဆိုနှင့် ငထူးသည် မိဖြူနားဖွတ်အတင်းကပ်လာလေရာ အပေါ်က သတ္တိက သီချင်းတစ်ပုဒ်ကောက်ဆိုလိုက်သည်။ ထိုအခါမှ ငထူးသည် သစ်ပင်ပေါ်မော့ကြည့်ပြီး သတ္တိရှိနေမှန်းသိသွားသဖြင့် ပါးစပ်ကြီးပြဲသွားကာ ကိုယ်ရှိန်သတ်လိုက်သည်။

"ကဲ-ငါသွားမယ်၊ ဒီအကြောင်း ဘယ်သူ့မှ မပြောနဲ့၊ ပြောရင်ငါက ဝေဠုရာဇာနတ်မင်းကြီးကို ဖမ်းစားခိုင်းမယ်"

ငထူးထွက်သွား၏။ မိဖြူမှာ နတ်မင်းကြီးကိုကြောက်၍ ဤအကြောင်းကို လူကြီးမိဘများကို ပြန်မပြောသည့်အပြင် မောင်ဖြစ်သူ သတ္တိကိုပါ လူကြီးတွေကိုပြန်၍ မပြောရန်စိုးရိမ်စိတ်ဖြင့် ပိတ်ပင်၏။

သတ္တိကလည်း လူကြီးတွေကိုပြန်မပြောပါ။ သို့သော် ရွာ၏တစ်နေရာတွင် သူငယ်ချင်းဖြစ်သူ ထာမကိုတော့ ပြန်၍ပြောပြ၏။

"အဲဒီတော့ သတ္တိ၊ မင်း ဘာလုပ်ချင်သလဲ"

"ငါစဉ်းစားကြည့်တော့၊ ဒီနတ်မင်းကြီးဆိုတာ သူတို့ခိုင်းဖတ်လောက် ဖြစ်နေပုံရတယ်၊ နောက်ပြီး မနေ့က ငါတို့သွားချောင်းတာလည်း သူတို့သိပုံမရဘူး၊ နတ်ဆိုတာ လိမ်နေပုံတော့ ရတယ်ကွာ"

"ဒါဖြင့် ဝါးရုံက ဘယ်လိုစကားပြောသလဲ၊ မနေ့က မင်းရော၊ ငါရော ကြားခဲ့ပြီမဟုတ်လား"

"အဲဒါကို ငါစုံစမ်းချင်တာ၊ မနေ့က စကားပြောရင်း နတ်ကချောင်းတစ်ချက်ဆိုးလိုက်တာ ငါ သတိထားမိတယ်"

"ဒါ ဘာဖြစ်လဲကွ၊ နတ်လည်းချောင်းဆိုးချင်ဆိုးမှာပေါ့၊ သူတို့က ကြံ့သကာသိပ်တင်သလားမှ မသိတာ"

"ထာမရယ်၊ မင်းလည်း တော်တော်ဖျင်းသေးတာပဲ၊ သူတစ်ပါးကို ရောဂါပျောက်အောင်လုပ်နိုင်တဲ့ နတ်က ကြံ့သကာစားပြီး ချောင်းဆိုးတယ်ဆိုတာ ဖြစ်ပါ့မလားကွ"

"ဒါဖြင့် ဘာဖြစ်တာလဲ၊ ဘာစားမိတယ်သာမသိတာ၊ နတ်ချောင်းဆိုးတာတော့ မင်းရောဂါရော ကြားတယ်မဟုတ်လား"

"အဲဒါကြောင့် ငါစုံစမ်းချင်တယ်ပြောတာပေါ့"

"ဘာကိုစုံစမ်းချင့်တာလဲ၊ နတ်က ဘာစားမိလို့ချောင်းဆိုးတယ်ဆိုတာကို စုံစမ်းချင်တာလား"

"မဟုတ်ပါဘူးကွာ၊ နတ်က ဝါးရုံပင်ကနေ ဘယ်လိုစကားပြောသလဲဆိုတာကို စုံစမ်းချင်တာပဲ"

"ကဲ. . ဒါဖြင့် သွားလေ၊ ငါလည်း လိုက်မှာပေါ့"

သူငယ်ချင်းနှစ်ယောက်မှာ တောတွင်းသို့ တစ်နေရာမှလှည့်၍ ဝင်ကြပြန်လေ၏။ ထို့နောက် တစ်နေရာမှထွက်ခဲ့ရာ ဝါးရုံပင်ကျွန်းနှင့် မလှမ်းမကမ်းသို့ ရောက်လာသည်။

အချိန်ကား ညနေစောင်းပြီဖြစ်၏။

ဆရာရသေ့နှင့် တပည့်ငထူးတို့သည် ဝါးရုံပင်ကြီး၏အနားတွင်ထိုင်စကားပြောနေကြသည်ဖြစ်ရာ လှမ်းကြည့်လိုက်လျှင် မြင်နိုင်သည်ဖြစ်၍ သတ္တိတို့သည် ခြုံတွေကို ကွယ်ရင်း သတိထားသွားလာနေကြရသည်။

တစ်နေရာသို့ ရောက်သောအခါ သတ္တိက ဝမ်းသာအားရပြောလိုက်သည်။



"ထာမ-ဒီမှာကြည့်စမ်း၊မြက်တွေပိနေတယ်၊ ဒါ လူခဏခဏသွားလို့"

သူတို့သည် ထိုလမ်းကြောင်းကို လိုက်ကြည့်ရာ ခြုံပုတ်တစ်ခုထဲသို့ ရောက်လာကြ၏။ ခြုံပုတ်ထဲတွင် အံဖုံတံခါးတစ်ခုကို တွေ့ကြရ၏။ တံခါးကိုဖွင့်ကြည့်ရာ အောက်သို့ဆင်းသောလိုက်ဂူကို တွေ့ကြရသည်။ ထာမကပြော၏။

"သတ္တိ. . ဒီလိုက်ဂူဟာ ရှေးကဟာ မဟုတ်ဘူးကွ၊ သိပ်မကြာခင်ကမှ တူးတာ"

"အေးပါကွာ၊ ဒီတော့ ဝင်ကြည့်ရင် ဘာမတွေ့နိုင်ပါဘူး"

နှစ်ယောက်သား မြေကြီးလှေကားထစ်များမှ ဆင်းသွားကြ၏။ အောက်တွင် လိုဏ်သည် ရှေ့သို့ဆက်သွားသည်ဖြစ်ရာ သူငယ်ချင်းနှစ်ယောက်လည်း ပြင်ညီလမ်းအတိုင်းလိုက်ခဲ့ကြ၏။ လမ်းအဆုံးတွင် တစ်ယောက်အိပ်စာ ဝါးကွပ်ပျစ်ကလေးတစ်ခုကို တွေ့ရသည်။ အပေါ်က ဝါးတစ်လုံးသည် တန်းလန်းထွက်နေ၏။ နေ့ခင်းကြောင်တောင်ဆိုလျှင် ထိုဝါးလုံးပေါက်မှ အလင်းရောင်အနည်းငယ်ဝင်ရောက်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထာမက ကွပ်ပျစ်ပေါ်ပက်လက်လှန်၍ ဝါးလုံးခေါင်းကို ချောင်းကြည့်ရာ မိုးကောင်းကင်ကို မြင်ရသောကြောင့် ဖြစ်သည်။ ဤတွင် ထာမသည် တစ်စုံတစ်ခုကို သိရှိသွားသလို ဝမ်းသာအားရ စကားပြောတော့မည်ပြုစဉ် သတ္တိက သူ့ပါးစပ်ကို ပိတ်လိုက်၏။ ထို့နောက် စကားမပြောရန် လက်ရိပ်ပြသည်။

အဘယ့်ကြောင့်ဆိုသော် ဉာဏ်ရှိသောသတ္တိသည် အားလုံးကို သဘောပေါက်သွားပြီဖြစ်သောကြောင့်တည်း။

ငထူးသည် စကြဝဠာတံတိုင်းသို့ သွားချင်ယောင်ဆောင်ကာ ဤဂူထဲတွင် ဝင်ပုန်းနေ၏။ အချိန်ကျလျှင် ဝါးကွပ်ပျစ်ပေါ် ပက်လက်လှန်အိပ်၍ ဝါးလုံးနှင့်ပါးစပ်ကိုတေ့သည်။ ထို့နောက် သူ စကားတွေပြော၏။ ထိုအခါ ဝါးလုံး၏တစ်ဖက်ပေါက်မှ အသံတွေ ထွက်လာသည်။ ဝါးလုံး၏ထိပ်နားတွင် အပေါ်တည့်တည့်က ဖြတ်ထား၍ အပေါက်ကြီးဖြစ်နေရုံမက ဘေးနားတွင်ပါ ဟိုဟိုသည်သည် အပေါက်ကလေးများဖောက်ထားပုံရသည်။ ထို့ကြောင့် အသံသည် ကျယ်ကျယ်လောင်လောင်ထွက်ပေါ်နိုင်၏။ ဝါးလုံးမှာ ဝါးရုံကြီး၏အလယ်တွင်ဖြစ်ရာ ရှူသားများအနေဖြင့် ဝါးပင်များနှင့် ရောနှောနေပေမည်။

သတ္တိက ထာမ၏ပါးစပ်ကို ပိတ်လိုက်ခြင်းကား ထာမက လွှတ်ခနဲစကားပြောလိုက်လျှင် ဝါးရုံပင်နားက ရသေ့ဆရာတပည့်တွေ ကြားနိုင်သည်ဖြစ်သောကြောင့် ပိတ်လိုက်ခြင်းဖြစ်၏။ လိုဏ်လမ်းသည် ကျွန်းကိုပတ်ရံထားသည့်ချောင်းငယ်ကလေးအောက်က ဖြတ်၍ဖောက်ထားရသောကြောင့် တော်တော်ကလေးရှည်၏။

ထိုအခိုက်တွင် ဝါးရုံပင်နားက ဆရာတပည့်တို့ ပြောနေကြသော အသံများသည် ဝါးလုံးခေါင်းမှတစ်ဆင့် လိုဏ်ဂူတွင်းသို့ ဝင်ရောက်လာလေတော့သည်။

"ငထူး၊ မင်းတော်တော်မိုက်မဲတာကိုးကွ၊ မိဖုရားကိုကြိုက်တာ ဘာလို့ သွားပြောရသလဲငါ လုပ်ပေးမှာပေါ့"

"အိုး. . ကိစ္စမရှိပါဘူး။ ကျုပ်က နတ်နဲ့ခြောက်ထားလို့ သူဘယ်သူ့ကိုမှ ပြန်ပြောမှာ မဟုတ်ပါဘူး။ ဒါထက် ဆရာက ဘယ်လိုလုပ်မှာလဲ"

"ဒီတစ်ပတ်က မင်းမြေတိုက်ထဲမှာချည်းနေရတာ သက်သာအောင် အပြင်ထွက်နေဖို့ လူတွေကိုပိတ်ထားတာ။ အဲဒါ ပြန်ဖွင့်တဲ့အခါကျတော့ ဝေဠုရာဇာနတ်က အမိန့်ပေးတယ်ဆိုပြီး မင်းနဲ့ မိဖုရားနဲ့ပေးစားရမယ်လို့ ပြောမှာပေါ့ကွာ"

"ဟာ-ဟုတ်လိုက်လေဆရာ၊ ပညာရှိလို့လည်း ဆရာ့နာမည် ကပိဖြစ်နေတာပေါ့နော်၊ ဟား. . ဟား. . ဟား"

ထိုအခါတွင် သူငယ်ချင်းနှစ်ယောက်သည် လိုဏ်ဂူထဲမှ ပြန်ထွက်ခဲ့ပြီး ရွာသို့ပြန်ကာ တစ်နေရာတွင်တိုင်ပင်ကြပြန်၏။ ထာမက ပြောသည်။

"ဟေ့-ဒီတစ်ခါနတ်မင်းကြီးကွရင် မင်းအစ်မမဖြူနဲ့ သူ့တပည့် ပေးစားဖို့လုပ်မှာပဲ၊ ဒီတော့ ဝါးလုံးခေါင်းထဲကို ဟိုအပင်က အသီးကြီးတွေဖက်နဲ့ထုပ်ပြီး ထည့်ထားရရင်မကောင်းဘူးလားဟေ. . သတ္တိ"

"အကောင်းဆုံးပေါ့ကွာ၊ ခုနစ်ရက်ပြည့်ခါနီးကျရင် ဂူထဲတစ်ခေါက် ဝင်ကြရအုန်းမှာပေါ့"

ဤနေရာတွင် "ဟိုအပင်ကြီး"၏အကြောင်းကို ဖော်ပြရှင်းလင်းရန် လိုအပ်လာပါသည်။

တစ်ခါက သူငယ်ချင်းနှစ်ယောက်သည် လျှောက်လည်ရင်းက တောတွင်းတစ်နေရာ၌ ထူးဆန်းသောသစ်ပင်ကြီးတစ်ပင်ကို တွေ့ခဲ့ကြ၏။ အပင်ကကြီးသော်လည်း အသီးကလေးများမှာ ပြောင်းဖူးစေ့လောက်သာရှိလေသည်။ မှည့်သောအသီးကလေးများသည် ညိုပုပ်ပုပ်အရောင်ရှိသော်လည်း မွှေးသောအနံ့ရှိ၏။ ထာမက စားကြည့်မည်ပြုသောအခါ သတ္တိက တောထဲကကိုယ်မသိသော အသီးအနှံများကို အရမ်းမစားသင့်ကြောင်း အရိပ်အခြည်ကြည့်

သင့်ကြောင်းနှင့်တားမြစ်ရ၏။

သို့သော်အချို့ငှက်ကလေးများသည် ထိုအသီးကို လာရောက်စားသောက်ကြသည်ကို တွေ့ရ၏။ ဟိုအခါမှ အန္တရာယ်မရှိတန်ရာဟု စဉ်းစားပြီး နှစ်ယောက်သားစားခဲ့ကြ၏။ ငှက်များသာ ဘာမှမဖြစ်သော်လည်း သူတို့နှစ်ယောက်မှာ အသီးကလေးနှစ်လုံးသုံးလုံးခန့်ဝါး၍ မျိုချလိုက်သည်နှင့်တစ်ပြိုင်နက် 'အော့. . အော့'နှင့် ကြို့ထိုးကြလေတော့သည်။ ထိုနေ့မှစ၍ သူတို့သည် ထိုအပင်ကြီးမှအသီးကို မစားကြတော့ချေ။ ကြို့ထိုးခြင်းက ထမင်းအိုးတစ်လုံးချက်လောက်သာ ကြာခဲ့၏။

ယခု သူတို့ပြောကြသော 'ဟိုအပင်ကြီး'သည်လည်း ထိုကြို့ထိုးပင်ကြီးကို ဆိုလိုခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် ခုနစ်ရက်စေ့၍ နတ်မင်းကြီးပင့်မည့်နေ့သို့ ရောက်လာသည်။ ငထူးမှာလည်း မိမိနှင့်မိဖြူကို နတ်ကြီး၏အမိန့်ဖြင့် ပေးစားရတော့မည်ကိုတွေး၍ ဝီရိယကောင်းစွာပင် ခပ်စောစောကတည်းက လိုဏ်ဂူထဲသို့ ရောက်နေ၏။

ရွာသားများလည်း စုံပေပြီ၊ ရသေ့ကြီးဦးကာဝိကလည်း နတ်ကိုပင့်လိုက်ပေပြီ။ သို့သော် ဝါးရုံက ဘာသံမျှထွက်မလာချေ။ ဦးကာဝိတပို့၍ ကျယ်သောအသံဖြင့် ထပ်မံအော်ပင်လိုက်သည်။

အမှန်မှာ ငထူး ပြန်ထူးနေသည်မှာ လိပ်ခေါင်းပင်ထွက်တော့မလား ထင်မှတ်ရသည်။ သို့သော် ဝါးလုံးခေါင်းထဲတွင်ဆို့နေ၍ အသံမထွက်ခြင်းဖြစ်၏။ သို့ဖြစ်၍ ငထူးသည် ဝါးလုံးခေါင်းထဲသို့ တုတ်ဖြင့်ထိုးလိုက်ရာ ဖက်ထုပ်ပေါက်၍ အသီးအချို့ကျလာ၏။ သို့သော် အချို့မှာ အထဲတွင်ပင် ညပ်ပြွတ်၍ကျန်နေသေးသည်။



ဆရာရသေ့ကြီး၏အသံမှာ ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ဝေဠုရာဇာ နတ်မင်းကြီး. . ကြွရောက်ချိန်တန်ပါပြီဗျား"

"အဟမ်း. . ဖရှူး. . အဟမ်း. . ပသွတ်"

ငထူးက လေကို နင်းကန်မှုတ်၍ အသီးကလေးများ နေရာရွေ့ကာ ပြုတ်ကျလာလေရာ အောက်က ပက်လက်လှန်နေသော ငထူး၏ပါးစပ်ထဲသို့ ဝင်ကုန်လေ၏။

မတတ်နိုင်ပါပြီ၊ ငထူးသည် မျိုချလိုက်ရတော့သည်။

"နတ်မင်းကြီး ရွာ၏ကောင်းကျိုးမင်္ဂလာအတွက် ဘာများပြုလုပ်ရန်ကျန်ပါသေးသလဲ မိန့်ကြားပါ"

"အဟမ်း. . ရွာရဲ့ကောင်းကျိုးအတွက်ဆိုရင် အော့. . မိဖြူဆိုတဲ့ အော့. . မိန်းကလေး. . အော့. . အော့. ."

လူတွေ အံ့သြကုန်၏။

"ဟယ်. . နတ်က ကြို့ထိုးနေတယ်ဟေ့"

ဆရာကာဝိသည် မျက်စိမျက်နှာပျက်ပျက်ဖြင့် ဝင်ရောက်ပြောရ၏။

"ဟာ-ဒီနေ့အနှောင့်အယှက်ရှိတယ်၊ နတ်ဆိုတာ အလကားနေ ကြို့မထိုးဘူး၊ အန္တရာယ်ရှိတာကို အရိပ်အမြွက်ပြချင်လို့ ကြို့ထိုးပြတာဖြစ်မယ်၊ ကိုင်း-နားလည်ပါပြီနတ်မင်းကြီး၊ ပြန်ကြွနိုင်ပါပြီ"

သူစကားပြောနေစဉ်တွင်ပင် ဝါးရုံမှ တအော့အော့-တကွိကွိနှင့် ကြို့ထိုးသံတွေ ထွက်ပေါ်နေသဖြင့် ရသေ့ကြီးက ဖြတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် မိဖြူကို ငထူးနှင့်ပေးစားရန်နတ်မင်းကြီး၏အမိန့်

သည် ထွက်ပေါ်မလာနိုင်ခဲ့တော့ချေ။

သို့သော် လူတွေပြန်သွားကြပြီးသည့်နောက်တွင် ဦးကဝိနှင့် ငထူးတို့ ခေါင်းချင်းရိုက်တိုင်ပင်နေကြရသည်။ သူတို့၏နေရာကို တစ်စုံတစ်ယောက် သိသွားပြီကတော့ သေချာပြီမဟုတ်လား။ ထို့ကြောင့်ပင် ထိုသူကို ထောင်ဖမ်းရန်ကြံစည်နေကြခြင်းဖြစ်လေ၏။

မကြာမီပင် နောက်နေ့နံနက်နေထွက်ပြီး တမင်းအိုးနှစ်လုံးချက်အချိန်လောက်တွင် နတ်ကြီးပင့်ဦးမည်ဟူသော ကြေညာချက်ထွက်ပေါ်လာလေသည်။

ဤတစ်ကြိမ်တွင် သတ္တိသည် မိုးမလင်းမီကပင် လိုဏ်ဂူထဲရောက်နေ၏။ ဂူဝအံဖုံးရှိသော ခြုံပုတ်နားတွင် ထာမက ထိုင်စောင့်နေ၏။ နေထွက်ခါနီးလောက်တွင် သူတို့ထင်သည့်အတိုင်း ငထူးပေါက်လာလေ၏။

ထာမသည် ငထူးမြင်သာအောင် ကိုယ်ရိပ်ကိုယ်ယောင်ပြရင်းခြုံဆီမှထွက်ပြေး၏။ ငထူးသည် သူ့နောက်သို့ စွတ်၍လိုက်သည်။ ထာမသည် ငထူးကို ဟိုလှည့်ပတ်ပြေး၊ သည်လှည့်ပတ်ပြေးနှင့် ရှောင်ပြေးပြေးနေ၏။ ငထူးသည် မောပန်းလှစွာဖြင့် လိုက်နေရသည်။ တစ်နေရာတွင် ငထူးသည် ထာမကို မျက်ခြည်ပြတ်၍ ချိုင့်ကြီးတစ်ခုဘေးတွင် ဟိုကြည့်သည်ကြည့်လုပ်နေခိုက် ပုန်းနေသောထာမက ပြေးထွက်လာ၍ ဖင်ကို တွန်းချလိုက်ရာ ငထူးမှာ 'ဟဲ့-ပလုပ်တုတ်ကြီးနဲ့ ပိန်းကောမ. . ' ဟု ယောင်အော်ရင်း ဒလိမ့်ခေါက်ကွေး ကျသွား၏။

သို့သော် ထာမသည် ငထူးကို ပစ်ပြေး၍မရနိုင်ပါ။ ငထူးကို အချိန်မကုန်မချင်း ဂူထဲသို့မရောက်အောင် တားဆီးထားရမည်



မဟုတ်ပါလော။

ထိုအခိုက်တွင်ပင် ဝါးရုံကျွန်း၌လည်း အဆန်းတွေဖြစ်၏။ ထိုနယ်ကို အုပ်ချုပ်သော မြို့စားအိုကြီးသည် နတ်ကြီးသတင်းကြား၍ ရုတ်တရက်ရောက်လာခြင်းဖြစ်သည်။ မြို့စားကြီးကိုယ်တိုင်ကြွရောက်လာ၍ ဆရာကဝိမှာ ဝမ်းသာပြီး ဘာအောင်ဘာရင်းသန်နေတော့သည်။

"ကိုင်း- ခပ်စောစောပဲ နတ်ပင့်တော့မယ်၊ ဝေဠုရာဇာနတ်ဒေဝါကြီးခင်ဗျား. . . ဘုန်းတော်ကြီးသော မြို့စားကြီးကိုယ်တိုင်လာရောက်ဖူးမျှော်နေပါတယ်၊ မြို့စားကြီးကို မွန်မြတ်သောဆုံးမဩဝါဒကို ပေးတော်မူပါ"

"တွင်းထဲမှ သတ္တိသည် ခပ်တည်တည်ပင် ပြန်ပြောလိုက်တော့၏။

"အလကားအလုပ်တွေဟေ့. . အလကားအလုပ်တွေ၊ တစ်နေ့ကျရင် သေကုန်ကြလိမ့်မယ်နော်. . "

သတ္တိကတော့ ငထူးတို့ဆရာတပည့်ကို ကြိမ်းခြင်းဖြစ်၏။ သို့သော် မြို့စားအိုကြီးမှာ ဝမ်းမြောက်စွာပင်ပြောလိုက်၏။

"ကောင်းလိုက်တဲ့ဩဝါဒဘဲ။ ကျုပ်လည်းမြို့စားအလုပ်ကို စိတ်ပျက်နေတာကြာပြီ၊ အလကားအလုပ်တွေ မလုပ်ချင်ပါဘူး၊ ဒီတော့မသေခင်တရားအားထုတ်နိုင်ဖို့ သားတော်ကို ရိုက်ရာလွှဲပေးမယ်စိတ်ကူးနေတာ ခုတော့ နတ်မင်းပြောတာနဲ့ အံကိုက်ဖြစ်နေတော့တာပဲ"

"မကောင်းမှုသည် ကံကောင်းနေခိုက်တွင် ဒုက္ခမပေးသေးဘဲရှိတတ်သည်ကို ဆရာကဝိတို့ မသိကြချေ။ သူတို့လုပ်တာ ဟုတ်လှပြီ

ဟုထင်နေကြ၏။ ထို့ကြောင့် ဆရာကဝိကို မြို့စားကြီးက အကျေနပ်ကြီး ကျေနပ်သွားလေပြီ။

တောတွင်းမှ ထာမသည် ဈေးရင်းခလုတ်တိုက်လဲသဖြင့် ငထူးက မိသွားပြီး ထာမနှင့် ဂူထဲကသတ္တိတို့ နှစ်ယောက်စလုံးကို ပါးစပ်တွင်အဝတ်များစည်း၊ လက်ခြေများ ကြိုးနှင့်တုပ်၍ ဂူထဲရှိ ဝါးကွပ်ပျစ်လေးဘေးနားတွင်ပင် ထားကာ ငထူးသည် ဆရာကဝိထံ ပြန်ရောက်လာခဲ့၏။

ညနေဘက်တွင် သတ္တိနှင့်ထာမတို့၏ မိဘများသည် ဆရာကဝိထံ ဟျာယီးဟျာယာဖြင့်ရောက်လာကြပြီး မိမိတို့၏သားများ ပျောက်ဆုံးနေသဖြင့် နတ်မင်းကြီးကို ပင့်ပေးပါဟုတောင်းပန်ကြသည်။ သူတို့နှင့်အတူ ရွာသူကြီးနှင့်ရွာသူရွာသားအချို့လည်း ပါလာကြသည်။

ဆရာကဝိက ခေါင်းညိတ်ပြသဖြင့် ငထူးခမျာ စကြာဝဠာတံတိုင်းသို့ ပြေးရပြန်လေ၏။

မကြာမီပင် နတ်ကြီး၏အသံမှာ ဝါးရုံကြီးထဲမှ ထွက်ပေါ်လာလေ၏။

"မင်းတို့၏ကလေးတွေဟာ ငါမကြိုက်တဲ့အလုပ်တွေ လုပ်တယ်၊ ဒီနားတစ်ဝိုက်ကို လာကြတယ်၊ ဒါကြောင့် ငါဝှက်ထားတယ်၊ ဒီကလေးနှစ်ယောက်ရဲ့ အပြုအမူကို ငါသိပ်စိတ်ဆိုးတယ်၊ ဒါကြောင့် ခုနစ်ရက်အတွင်း ဒီရွာကြီးမှာ လေမုန်းတိုင်းတွေကျမယ်၊ လျှော်တွေလှုပ်မယ်၊ ဒီရွာကြီး မုချပျက်စီးရမယ်"

နတ်ကြီး၏စကားကိုကြားရသောအခါ ရွာသူကြီးနှင့်တကွ သတ္တိနှင့်ထာမတို့၏ မိဘများသည် များစွာတုန်လှုပ်သွားကြတော့



သည်။ ထို့ကြောင့် သူတို့အမျိုးမျိုးတောင်းပန်ကြ၏။ သို့သော် နတ်ကြီးက ဤကလေးနှစ်ယောက်ကို ကားစင်တင်၍ ရွာသားများက သတ်မှ ကျေမည်ဟုပြောလေရာ နောက်ဆုံးတွင် တစ်ရွာလုံး၏အရေးဖြစ်သဖြင့် ကလေးများ၏မိဘများပင် စိတ်မကောင်းလှသည့်ကြားက သဘောတူရလေတော့သည်။

ထို့ကြောင့် နက်ဖြန်နံနက်တွင် ဝါးရုံပင်နားတွင် ကားစင်ဆောက်ကြရမည်။ နက်ဖြန်ညနေဘက်တွင် ရွာသားများရောက်လာကြလျှင် ကလေးနှစ်ယောက်ကို ကားစင်တင်ထားသည်ကို တွေ့ကြရမည်။ ထိုအခါတွင်ရွာသားများက တုတ်၊ဓားတို့ဖြင့် ဝိုင်း၍သတ်ကြရမည်။

ဤသို့ နတ်မင်းကြီးက စီစဉ်ပေးသည်။ မိုးသာလှသော ရွာသားများသည် စိတ်မကောင်းစွာဖြင့် ပြန်သွားကြ၏၊ ထိုညတွင် ဆရာကဝိနှင့်ငထူးတို့သည် လွန်စွာပျော်ရအင်နေကြ၏။

သတ္တိနှင့်ထာမတို့ကား ဂူထဲတွင် ချွေးပြန်နေကြ၏။ နက်ဖြန်ညနေတွင် သူတို့သေကြရတော့မည်ကိုသိ၏။

ထိုအခိုက်တွင် ထာမသည် ကိုယ်ကိုလှုံ့ချရင်း ကျဉ်းကျဉ်းကျပ်ကျပ်နေရာတွင် ဟိုလူးသည်လှိမ့်နှင့်လုပ်ရာ သူ၏ဇက်သည် သတ္တိ၏တင်ပါးနားက လက်များဆီသို့ ရောက်လာ၏။ သတ္တိကလည်း လက်ချင်းပူချည်ခြင်းခံရသည့်ကြားက ခဲခဲယဉ်းယဉ်းပင် ထာမ၏ပါးစပ်ကိုစည်းထားသော အဝတ်ထုံးကိုဖြည်ပေး၏။

နှစ်ယောက်သား တကုတ်ကုတ်နှင့် အလုပ်လုပ်ကြရာ မကြာမီပင် ထာမ၏ပါးစပ်ကို ပိတ်စည်းထားသော အဝတ်သည်ပြေသွားလေ၏။ ထိုအခါ ထာမသည် သတ္တိ၏လက်များဘက်သို့ ခေါင်းကို

လှုပ်ကာ သတ္တိ၏လက်ကိုချည်ထားသောကြိုးကြီးကို ပါးစပ်ဖြင့် ကြိတ်၍ ကိုက်ဖြတ်တော့သည်။

ကြိုးကားကြီးလှသည်။ သို့သော် ထာမ၏အစွမ်းသည်လည်း ကြီးမားပါ၏။ သူသည် မလျှော့သောဇွဲလုံ့လဖြင့် တတိတိကိုက်လိုက်၊ အနားယူလိုက်၊ တစ်ဖန်ပြန်ကိုက်ဖြတ်လိုက်နှင့် လုပ်နေသည်မှာ သွားများကြားမှ သွေးများပင်ယိုစီးကျလာသည်။

သို့သော်. . . အသက်ရှိနေသေးသရွေ့တော့ သေမင်းနှင့် စစ်ပြိုင်ရဦးမည်မဟုတ်ပါလော။

ထာမသည် ကြိုးစား၍ ကိုက်ဖြတ်နေလေရာ အရုဏ်တက်သို့ရောက်သောအခါတွင် ကြိုးသည် အမွှာမွှာဖြစ်၍ ပြတ်သွားလေတော့သည်။ ထာမလည်း ပက်လက်လှန်၍မှိန်းနေရတော့၏။

ကြိုးပြတ်သည်နှင့်တစ်ပြိုင်နက် လက်များလွတ်လပ်သွားသည်ဖြစ်ရာ သတ္တိသည် မိမိ၏ပါးစပ်မှ အဝတ်များနှင့် ခြေမှကြိုးများကို လျှင်မြန်စွာဖြည်၏။ ထို့နောက် ထာမ၏ခြေနှင့်လက်မှကြိုးများကို ဖြည်ပေးသည်။

ပြီးသောအခါ သတ္တိသည် တောကြီးထဲသို့သွား၍ သစ်သီးသစ်နှံများနှင့်ရေကိုသယ်ဆောင်လာခဲ့သည်။ နှစ်ယောက်သား မြေတိုက်ထဲတွင် ဗိုက်များကိုဖြည့်ရသည်။ ရေကိုသောက်သည်။ သို့ဖြင့် အားသစ်အင်သစ်ဝင်ကာ လန်းဆန်းလာခဲ့ရသည်။ ထို့နောက်တွင် သတ္တိသယ်ဆောင်လာခဲ့သော ဝါးခြမ်းလေးတစ်ခုစီကို ကိုယ်ဖြင့်ဖိ၍ ပါးစပ်များကို အဝတ်နှင့်ပြန်စည်းကာ လက်ရာမပျက် ခွေခွေကလေးတွေပြန်လုပ်နေကြလေ၏။

နောက်တစ်နေ့နံနက်တွင် ငထူးရောက်လာသောအခါ သူတို့



မှာ မနေ့ကထားခဲ့သည့်အတိုင်းဟု ထင်စရာဖြစ်နေ၏။ ငထူးမှာ ဝမ်းသာနေ၏။

“ဟဲ. . ဟဲ. . လူလည်ကျတဲ့ကောင်လေးတွေ၊ ဒီညနေတော့ ကလေးမသာတွေ ဖြစ်ကြပေတော့။ ဟားဟား ငွေတွေက ၈၀ ဘူးလို့များပြောကြမလား မသိဘူး”

သူပြောသောအသံများမှာ တစ်ချက်တစ်ချက် ကျယ်၍ ဝါးလုံးခေါင်းထဲမှထွက်ကာ ဝါးရုံးနားတွင် ကြားရတတ်သည်။ ထို့ကြောင့်ပင် လူအုပ်ကြီးလာသည်ကိုမြင်သော ဆရာကဝိက သတိလှမ်းပေးလိုက်၏။

“အဟမ်း. . သတိ၊ အလို ဘယ်သူတွေလာကြပါလိမ့်”

ဆရာကဝိ၏အသံကိုကြားရသောအခါ ငထူးသည် တိတ်သွား၍ ကွပ်ပျစ်ပေါ် ပက်လက်လှန်ချလိုက်၏။ ထို့နောက် အပြင်က အသံများကို နားစွင့်နေသည်။

ရောက်လာသူများက မြို့စားသစ်ကလေးဖြစ်၏။ မြို့စားအိုကြီးသည် နေ့ချင်းပင် အရိုက်အရာလွှဲသွားပြီးနတ်ကြီးကို သွားကန်တော့ရမည်ဟု မှာကြားကာ တောထွက်သွားပြီဖြစ်၏။ ယခု သားဖြစ်သူ မြို့စားသစ်ကလေးသည် ကိုယ်ရံတော်တပ်နှင့်အတူ နတ်မင်းကြီးထံ လာရောက်ဖူးမျှော်ခြင်းဖြစ်သည်။

“ဝေဠုရာဇာနတ်မင်းကြီး ဟောဒီမှာ ရွာသူရွာသားများနှင့်အတူ မြို့စားသစ်ကလေးပါ ကြွရောက်လာပါတယ်။ မင်္ဂလာစကားကို မြွက်ကြားတော်မူပါ”

“အဟမ်း. . အဟမ်း”

ငထူးက ချောင်းဟန့်ရုံရှိသေး၊ သတ္တိနှင့်ထာမတို့သည် ရှုတ်

တရက်ထကာ လက်ထဲမှ ဝါးခြမ်းပြားများဖြင့် ငထူးကိုလှိမ့်၍ရိုက်ကြလေတော့၏။ ထို့ကြောင့် ဝါးရုံဆီသို့ အာရုံဝင်စားစွာနှင့် အလေးအမြတ်ထားကာကြည့်နေသော မြို့စားသစ်ကလေးနှင့် ပရိသတ်မှာ မျက်လုံးတွေပြူးကုန်ကြလေတော့၏။

"အဟမ်း. . ဖျန်း။ ဟာ-ဆော်သဟ၊ ဖျန်း-ခွီးသားလေးတွေ၊ ဖျန်း. . နာတယ်ကွ၊ ဖျန်း. . ဟာ သေတော့မှာပေါ့ကွ၊ ဖျန်း. . ဖျန်း။ ကယ်တော်မူကြအုန်းဗျို့"

ထိုခဏတွင်ပင် သူငယ်ချင်းနှစ်ယောက်သည်လည်း ရိုက်နေရင်းကပင် ဝင်၍အော်ကြလေသည်။

"ကျွန်တော်က သတ္တိပါ"

"ကျွန်တော်က ထာမပါ"

"ကျွန်တော်တို့ မတရားဖမ်းထားပါတယ်"

"မြေတိုက်ထဲမှာ အပေါ်ကဖြိုချကြည့်ပါ"

"ဖျန်း-ဖျန်း. . သေတော့မှာပဲ၊ ဖျန်း. . တရိုက်ထဲရိုက်နေရသလား"

ထိုအခါတွင် ကိုယ်ရံတော်တပ်မှ စစ်သည်တို့သည် ပါလာသောတောထွင်းလက်နက်ကိရိယာများဖြင့် ဝါးရုံကို တူးဆွလေရာ ယောင်းလောင်းပေါက်ကြီးဖြစ်သွားတော့သည်။

မကောင်းမှုသည် ဒုက္ခပေးပြီဖြစ်လေရာ ဆရာကဝိနှင့် တပည့်ငထူးမှာ မြို့စားသစ်ကလေး၏ အကျဉ်းသားတွေ ဖြစ်ကုန်ကြလေတော့၏။ ယခင်က မြို့ရွာများကို လှျောက်၍လိမ်ညာနေကြသူများဖြစ်ကြောင်းများလည်း ပေါ်ပေါက်လာသည်။

မြေသာနာထဲတွင် ပါဝင်နေသော မိဖြူဆိုသူကိုလည်း တွေ့ရလေ



ရာ မြို့စားသစ်ကလေးက ကြင်ယာတော်လောင်းအဖြစ် တောက်ယူသွား၏။

ထို့ကြောင့် နောင်နှစ်များမကြာမီပင် သတ္တိနှင့်ထာမတို့ကို စစ်သည်တော်ကြီးများအဖြစ် တွေ့ကြရ၏။ တစ်နေ့တွင်ကား သူတို့သည် အောင်ပွဲရဗိုလ်မှူးကြီးများ ဖြစ်လာမည်ကား သေချာလှပါပေ၏။

ကလေးတို့ ရွှင်လန်းကြပါစေ။

❑



## မီးခြစ်ဆန်သုံးချောင်း

မောင်ရိုးသည် နာမည်နှင့်လိုက်အောင် ရိုးသားသည်။ သူသည် မင်းညီမင်းသား သူဌေးသူကြွယ်သားများကဲ့သို့ ငွေကြေးချမ်းသာ သူမဟုတ်၊ ထို့ကြောင့် ဒိသာပါမောက္ခဆရာကြီး ထံတွင် အခကြေးငွေကန်တော့ခြင်းမပြုနိုင်ဘဲ ငါးနှစ်တိတိကျွန်ခံ၍ ပညာကိုဆည်းပူးခဲ့ရ၏။ ရိုးသားလွန်းသဖြင့် ဆရာကြီးက သူ့ကို များစွာချစ်ခင်သည်။ သူသည် ယခုအခါတွင် အသက်နှစ်ဆယ်ရှိပြီဖြစ်သော်လည်း ဆရာကြီးက သူ့ကို ကလေးလိုပင်သဘောထားနေ၏။

ဆရာကြီးက သူ၏အရည်အသွေးကိုကြည့်၍ မင်းညီမင်းသားမဟုတ်သော်လည်း တိုက်ခိုက်မှုပညာရပ်များတွင် ထူးချွန်စွာတတ်ကျွမ်းသဖြင့် ထီးနန်းရထိုက်သူဟု သဘောပိုက်ကာ သူ့ကို 'မောင်ထီးရိုး'ဟု နာမည်ပြောင်း၍ခေါ်သည်။

တက္ကသိုလ်ဆရာကြီး၏ထုံးစံအတိုင်း ပညာပြည့်စုံလျှင် ကိုယ့်ထူးကိုယ်ချွန် ထွက်ခွါသွားကြရသည်ဖြစ်သောကြောင့် မောင်ထီးရိုးသည် ဆရာကြီးကိုကန်တော့၍ ထွက်ခွါခဲ့ရသည်။

မောင်ထီးရိုးတွင် မိဘများမရှိတော့ဘဲ တစ်ကောင်ကြွက်ဖြစ်သဖြင့် သူ့မွေးရပ်မြေသို့ မပြန်တော့ဘဲ ခြေဦးတည့်ရာထွက်ခဲ့သည်။ သူ၏ပုံပန်းသဏ္ဌာန် တန်ပန်အမူအရာနှင့် တွေးခေါ်ပုံတို့မှာ ရိုးသားလွန်းလှသဖြင့် သူ့အားစေးသိုင်းပညာ၊ တိုက်ခိုက်မှုပညာ တတ်ကျွမ်းလှသူဟု ညေသူတမျှမထင်ကြချေ။ ထိုမျှမကသေး ရဲစွမ်းသတ္တိနှင့်ပြည့်စုံလှသူဟုလည်း မထင်နိုင်ကြ၊ ရိုးရိုးကုပ်ကုပ်နှင့် အညွန့်ကျိုးနေသော တောတွင်းသားလေးပမာသာ ထင်ကြမြင်ကြသည်။

လမ်းခရီးတစ်လျှောက်လုံးတွင် သူလုပ်ကိုင်ခဲ့ရသော အလုပ်များမှာ အခကြေးငွေများစွာမရသော တောက်တိုမယ်ရအလုပ်ကြမ်းများဖြစ်သည်။ ဤသို့ဖြင့် မောင်ထီးရိုးမှာ တစ်ရွာဝင် တစ်ရွာထွက် တစ်မြို့တက် တစ်မြို့ကူးနှင့် ခရီးများဆန့်ခဲ့ရာ တစ်နေ့သ၌ သူသည် တဲပုတ်ကလေးတစ်ခုနားမှဖြတ်သွား၏။ ထိုတဲပုတ်ကလေးမှာ ထင်းရှူးတောကြီး၏အစတွင် ထီးထီးကလေး ဖြစ်နေသော တဲကလေးပင်တည်း။

ထိုအခိုက်တွင် မောင်ထီးရိုးသည် တဲငယ်လေးအတွင်းမှ "ဟင်း . . ဟင်း. . ဟင်း. . ဟင်း"နှင့် ညည်းသံများကြားရသဖြင့် ကမျာကယာ ဝင်သွားမိသည်။

အထဲတွင် ဆင်းရဲလှသောအဘွားကြီးတစ်ယောက်သည် ဖျာကြမ်းကလေးပေါ်တွင် စောင်စုတ်ကလေးခြုံ၍ တဟင်းဟင်း ညည်းနေသည်။

"အမေ. . အမေ. . ဟင်းဝယ်ပေးရမလားဟင်"

"ဘာဖြစ်လို့ ဟင်းဝယ်မှာလဲ"



"အခုနက အမေက ဟင်း-ဟင်းဆို၊ ဟင်းကိုတနေတာမဟုတ်ဘူးလား"

"အို. . အဖျားတက်နေတာပါကွဲ့"

"အော်. . အမေ ယောင်နေတာကိုး၊ ဒီမှာအမေရဲ့ အခု အမေလေ ကြမ်းပေါ်မှာအိပ်နေပါတယ်၊ ဘယ်သစ်ပင်အဖျားမှ တက်မနေပါဘူး"

"ဟင်. . တော်တော်ရိုးတဲ့သူငယ်ပါလား၊ အမေ နေမကောင်းဖြစ်နေတာ"

အဘွားကြီးက ထိုသို့ပြောလိုက်သောအခါတွင် မောင်ထီးရိုးသည် ခေါင်တိုက်ကိုဖက်၍ တက်တော့မည်ပြုသည်။

"မောင်ရင်. . ဘာလုပ်မလို့တိုင်ကို ဖက်တက်မှာလဲ"

"ခေါင်းမိုးတချို့ကို ဖျက်ပေးမယ်လေ"

"ဘာဖြစ်လို့လဲ"

"နေမကောင်းဘူးဆို၊ နေရောင်ကောင်းကောင်းဝင်အောင် ခေါင်ဖျက်ပေးမှာပေါ့"

အဘွားကြီးသည် လွန်စွာရယ်မောလိုက်သဖြင့် ချွေးများထွက်ကာ တော်တော်ပင်နေကောင်းလာတော့သည်။ ထိုအချိန်မှစ၍ မောင်ထီးရိုးကို သားအရင်းသဖွယ် ချစ်ခင်အားကိုးသည်။ မောင်ထီးရိုးကလည်းမိခင်ရင်းသဖွယ် ပြုစုစောင့်ရှောက်၏။ ယခင်က အဘွားကြီးသည် မီးခြစ်လုပ်ရောင်းသူဖြစ်သည်။ ထိုလုပ်ငန်းကိုပင် နှစ်သက်သည်ဆို၍ မောင်ထီးရိုးသည် ထင်းရှူးပင်များကို ခုတ်၍ ယမ်းသုတ်ကာ မီးခြစ်များလုပ်ပြီး မြို့ကြီးမြို့ငယ် ရွာနီးချုပ်စပ်များသို့ လှည့်လည်ရောင်းချ၍ အဘွားအိုကို လုပ်ကျွေးသည်။

စိတ်ချမ်းသာရပြီဖြစ်သော်လည်း အဘွားအိုမှာ စိတ်ချမ်းသာမှုကို ကြာရှည်မခံစားရရှာပါ။ အသက်အရွယ်ကြီးရင့်လာပြီဖြစ်၍ အကြီးအကျယ်ဖျားနာလာ၏။ ဤသို့ဖြင့် သေခါနီးဆဲဆဲတွင် မောင်ထီးရိုးကို အနားသို့ခေါ်ကာ ခေါင်းအုံးအောက်မှ ဖာကလေးတစ်ဖာကို ထုတ်ပေး၏။

"သား မောင်ထီးရိုး. . အထဲမှာ ဘာရှိသလဲ ဖွင့်ကြည့်စမ်း"

မောင်ထီးရိုးသည် မီးခြစ်ဖာလေးကို ဖွင့်ကြည့်လိုက်သည်။

"မီးခြစ်ဆံလေးသုံးချောင်းကို တွေ့ပါတယ်အမေ"

"အဲဒီ မီးခြစ်ဆံတွေက ဘယ်လိုထူးခြားမှုရှိသလဲ"

"တစ်ဆံက ရိုးရိုးယမ်းခေါင်းလို အမည်းရောင်ရှိပါတယ်၊ တစ်ဆံကတော့ ခေါင်းကလေးက ငွေရောင်၊ နောက်ဆုံးတစ်ဆံကတော့ ရွှေရောင်ခေါင်းကလေးနဲ့ အမေရဲ့"

"အေး. . အဲဒီမီးခြစ်ဆံသုံးချောင်းကို ကောင်းကောင်းသိမ်းထား၊ အမေသေရင် ငါ့သား ဒီမှာမနေနဲ့တော့၊ မြို့ကြီးရွာကြီးမှာသွားပြီးအလုပ်လုပ်ပါ။ ငါ့သားဟာ ရိုးသားသလောက် စိတ်ကောင်းရှိတဲ့လူမို့ တစ်နေ့မှာ မုချကြီးပွားရမှာပါ၊ ဒါကြောင့် ရွာသိမ်ရွာငယ်မှာမနေပါနဲ့ကွယ်၊ အမေမောတယ်. . ရေတစ်ခွက်ပေးပါအုံး"

မောင်ထီးရိုးက ရေခပ်ပေး၏။

"ကဲ. . မီးခြစ်ဆံလေးတွေအကြောင်း ပြောပြမယ်။ ရိုးရိုးမီးခြစ်ဆံလို ခေါင်းမည်းမည်းနဲ့မီးခြစ်ဆံက ပြူးတူးပြဲတဲ မှောင်ခေါင်းမည်းလို့ခေါ်တယ်။ သူ့ကိုခြစ်လိုက်ရင် အဲဒီအလင်းရောင်မှာ ခြစ်တဲ့လူရဲ့မျက်နှာဟာ အလွန်အရုပ်ဆိုးတဲ့ပုံပေါ်နေပါလိမ့်မယ်။ ငွေရောင်မီးခြစ်ဆံလေးကိုတော့ ပြိုးပြိုးပြက်ပြက်မောင်အရောင်ထွက်လို့



ခေါ်တယ်။ သူ့ကိုခြစ်လိုက်ရင် သူ့အလင်းရောင်မှာ ခြစ်တဲ့လူဟာ နတ်သားလေးလို အရောင်တဝင်းဝင်းထွက်နေတာကို ဘေးလူတွေ မြင်ကြရတယ်။ အဲ. . နောက်ဆုံးမီးခြစ်ဆံကိုတော့ ငါ့သားကိုယ်တိုင် မခြစ်လေနဲ့။ ရန်သူကို ခြစ်ခိုင်းရမယ်၊ သူက ရွှေရောင်ဦးခေါင်းလေး ရှိပေမယ့် အကျိုးကျေးဇူးက မကောင်းလှဘူး၊ သူ့နာမည်က ယောင်ယောင်ပေါင်ပေါင် မောင်ကြောင်တောင်လို့ ခေါ်တယ်၊ အရေးကြုံမှ အသုံးပြုပါ၊ သား. . သား. . "

အဘွားအိုသည် အသက်ထွက်သွားလေတော့သည်။ မောင်ထီးရိုးသည် အဘွားအိုကို ကန်တော့၍ ရိုသေစွာမြှုပ်နှံခဲ့ပြီးနောက် မီးခြစ်ဖာလေးကို သေချာစွာသိမ်းဆည်းကာ ထိုနေရာမှ ထွက်ခွာခဲ့လေတော့သည်။

ဤသို့ဖြင့် ခရီးဆန့်ခဲ့ပြန်ကာ မိလက္ခာဓိပတိဘုရင်ကြီးအုပ်ချုပ်သော ဘုရင့်မြို့တော်ကြီးဆီသို့ ရောက်လာခဲ့လေ၏။ မောင်ထီးရိုးသည် ထိုမြို့တွင် လှည့်လည်၍ အခြေအနေများကို အကဲခတ်သည်။ မြို့လယ်ခေါင်နားက ကုန်းမြင့်ကြီးတစ်ခုပေါ်တွင် လှပသော နန်းတော်ဘုံမြင့်ကြီးတစ်ဆောင်ကို တွေ့ရသည်။ ကုန်းကလေးခြေရင်းတွင်ရှိသော ဝင်းဝတံခါးမှာ ပိတ်ထား၏။ ထိုဝင်းဝနားတွင် စာရေးထားသောပျဉ်ချပ်ကြီးတစ်ခု ချိတ်ဆွဲထားသည်။

အများပြည်သူတို့ သိကြစေရန်မှာ ဤနန်းဆောင်ကြီးမှာ အသစ်ဆောက်လုပ်ထားသော နန်းတော်ကြီးဖြစ်သော်ငြားလည်း ဆောက်လုပ်ပြီးစီးသည့်နေ့မှစ၍ ယောသဘီလူး ဝင်ရောက်နေထိုင်သည်။ ထိုဘီလူးက ခြိမ်းခြောက်သည်ဖြစ်သောကြောင့် ဘုရင်မင်းမြတ်နှင့်တကွ မည်သူတစ်ဦးတစ်ယောက်မျှ

မနေနိုင်ကြ၊ ထိုဘီလူးကို မောင်းနှင်ထုတ်ပေးနိုင်သူကို ဘုရင်မင်းမြတ်ပိုင်ဆိုင်ရာ တစ်စုံတစ်ခုကို ခတောင်းဆိုလျှင် ဆုလာဘ်အဖြစ်ပေးသနားမည်။ ထိုဘီလူးကိုနှိမ်နင်းရန် ညဥ့်အိပ်လိုသူများသည် ဘုရင့်ရှေ့တော်သို့ဝင်၍ သော့ကိုလျှောက်ထားတောင်းခံနိုင်သည်။ မိမိအသက်ကို နှမြောသောသူဖြစ်ပါမူကား ဤအလုပ်ကို မကြိုးစားရန်သတိပေးလိုက်သည်။

အထက်ပါအတိုင်း ရေးထားသောပျဉ်ချပ်ကြီးပေါ်ရှိစာများကို ဖတ်ပြီးသောအခါ မောင်ထီးရိုးသည် ဘုရင်၏ရှေ့တော်သို့ဝင်ရန် စိတ်ပိုင်းဖြတ်လိုက်လေသည်။ သူသည် ဆုလာဘ်ကိုလိုချင်ခြင်းထက် မတရားနှောင့်ယှက်နေသော ယောသဘီလူးကို နှိမ်နင်းလိုခြင်းသာဖြစ်လေသည်။

ဤသို့ဖြင့် မောင်ထီးရိုးသည် နန်းတော်တံခါးစောင့်ထံ အကျိုးအကြောင်းပြောပြ၍ တံခါးစောင့်က ဘုရင့်ထံခေါ်သွားသည်။ ထိုကဲ့သို့ အသွားတွင် ဘုရင့်သမီးတော် မယ်သီမာသည် ဥယျာဉ်တော်ထဲမှနေ၍ မောင်ထီးရိုးကိုမြင်လိုက်ရာတွင် မေတ္တာသက်ဝင်ချစ်ခင်သွားလေသည်။

ဘုရင်ကြီးသည် မောင်ထီးရိုး၏ပုံပန်းသဏ္ဌာန်ကို မြင်သောအခါ စိတ်ပျက်သွား၍ မျက်နှာရှုံ့လိုက်သဖြင့် နှုတ်ခမ်းမွေးအစနှစ်ဖက်သည် ကော့ထောင်သွားသည်။ ရိုးသားသော မောင်ထီးရိုးသည် ဘုရင်ကြီးက သူ့ကိုမျက်နှာရှုံ့ပြသည်ကိုမြင်သောအခါ သူက ပြန်၍ရှုံ့ပြလိုက်၏။

"ဟဲ့. . ဇောာတွင်းသား၊ ငါကဲ့သို့ဘုရင်မင်းမြတ်ကို ဘာကြောင့်ရှုံ့ပြရသလဲ. . "



"အရှင်မင်းကြီးက ရှေ့ကလုပ်ပြ၍ ကျွန်တော်မျိုးကိုငါ့လိုလုပ်နိုင်သလားဟုမေးသည်ထင်၍ ပြန်၍လုပ်ခြင်းဖြစ်ပါတယ်"

"ဒီအတိုင်းဆိုရင် မင်းတော့ ဘီလူးစာဖြစ်တော့မှာပဲ. . "

"မဖြစ်ပါဘူးဘုရား. . ဘီးလူးနဲ့တွေ့ရင် ဒီထက်ရှုံ့ပြပါ့မယ်"

မိလက္ခာမိပတိဘုရင်ကြီးမှာ တော်တော်စိတ်ပျက်သွား၏။ စစ်သူကြီးမဟာဒိပ်ဖက်သို့လှည့်ကြည့်လိုက်သည်။

"စစ်သူကြီး မဟာဒိပ်၊ ဒီသူငယ်ကို ဘယ်လိုအကဲခတ်မိသလဲ"

"မှန်လှပါ. . ရှုံ့မဲ့နေပုံရကြောင်း အကဲခတ်မိပါတယ်"

"ဟယ်. . ငါမေးတာက တခြားပါ၊ ဒီသူငယ်ကို ဘီလူးနှိမ်နင်းခွင့်ပေးရရင် ကောင်းပါ့မလားလို့ မေးတာစစ်သူကြီးရဲ့"

"မှန်လှပါ. . ဘဝက ဘယ်လိုရေစက်မျိုးပါလာမှန်းမသိ၊ ဒီသူငယ်ကိုမြင်လျှင်မြင်ချင်း မုန်းတီးလှပါသောကြောင့် ဘီလူးကိုနှိမ်နင်းခွင့်ပေးလိုက်သင့်ကြောင်း လျှောက်တင်ပါတယ်"

"အော်. . သေပါစေတော့လို့ဆိုချင်သပ"

"မှန်လှပါဘုရား"

ဘုရင်ကြီးသည်မောင်ထီးရိုးဖက်လှည့်ကြည့်ပြန်၏။

"မောင်မင်း ဘယ်လိုသဘောရသလဲ. . "

"သဘောကို ဘယ်သူကမှလာမပေး၍ ဘယ်လိုမှမရပါဘုရား"

"အင်း. . မောင်မင်းလည်း စစ်သူကြီးလိုပါပဲကလား၊ တိုင်း-ကောင်းပြီ မြို့ဝန်ကြီးက ဒီသူငယ်ကို နန်းတော်ဆောင်သစ်သော့ကိုပေးစေဗျား"

မောင်ထီးရိုးသည် သော့ကိုရခဲ့ပြီးဖြစ်၍ ပြန်ထွက်လာခဲ့၏။ ဝင်းဝသို့မရောက်မီတွင် သမီးတော်မယ်သီမာသည် နောက်ဖေး

အပြေးကလေးရောက်လာ၏။

"မောင်တော်. . . မောင်တော်"

မောင်ထီးရိုးသည် ရပ်တန့်၍ လှည့်ကြည့်လိုက်၏။

"မောင်းတော့. . မောင်းတော့လို့ ဆိုပေမယ့် ဒီနားမှာလှည်းလဲ မရှိပါကလား"

မယ်သီမာသည် မောင်ထီးရိုးကို သနားစဖွယ်လူငယ်လေးအဖြစ် ထင်မြင်သွားလေတော့သည်။

"မောင်တော်ဟာ တော်တော်ရိုးတယ်နော်"

"ရိုးပါတယ်၊ နှမက ကျုပ်ကို သူခိုးမှတ်လို့လား"

"မောင်တော်. . နန်းဆောင်သစ်မှာ ညဥ့်မအိပ်ပါနဲ့လား"

"ညဥ့်မအိပ်ဘဲနေ့ဘက်မှာအိပ်ပြီး ညဥ့်ဘက်သော့ပြန်အပ်ရင် ဘီလူးနဲ့တွေ့ပါ့မလား နှမရယ်"

"အော်. . ဘီလူးနဲ့တွေ့မှာကိုပဲ စိုးလို့ပါ"

"အဲဒီ. . အော်. . ဘီလူးဆိုတာက ယောသဘီလူးနဲ့ ညီအစ်ကိုလား"

"ခက်ပါပြီကော. . ယောသဘီလူးကိုပဲပြောတာပါ၊ မောင်တော်အရင် လူဆယ့်ငါးဦးရှိပြီ၊ မိုးလင်းရင် သေနေတာပဲတွေ့ရတယ်၊ ဒါကြောင့် မောင်တော်သေမှာစိုးလို့ပါ"

"ဒီမှာ နှမငယ်၊ တိုက်ရင်း ခိုက်ရင်းသေရတာ ယောကျ်ားတစ်ယောက်အဖို့ သင့်လျော်ပါတယ်လေ"

"ဒါပေမယ့် သူက လူမဟုတ်ဖူး၊ ဘီလူးရှင့်. . ဘီလူး"

"ဘီလူးတော ဘာဖြစ်သလဲ၊ နေ့ဘက်မလာဘဲ၊ ညဥ့်ဘက်မှထွက်ပုံတာဆောက်ရင် သတ္တိမရှိတဲ့ကောင်မို့ပေါ့၊ သတ္တိမရှိတဲ့သူကို



သတ္တိရှိတဲ့သူက မှုရမှာလား နှမငယ်"

"ကဲ. . တားလို့မရလည်း သွားပေတော့ သူရဲကောင်းကြီးရယ်၊ နက်ဖြန်တော့ နှမပေပော် ငိုရတော့မယ်ထင်ပါရဲ့. ."

"ဘာဖြစ်လို့လဲ နှမငယ်. . မနက်ကျရင် အနာပြည်ဖောက်မှာလား နှမငယ်"

"သွားပါတော့လေ"

မယ်သီမာသည် ကွေ့၍ပြန်ပြေးသွားလေတော့သည်။ မောင်ထီးရိုးလည်း ဝင်းပေါက်မှထွက်ခဲ့ပြီး နန်းဆောင်သစ်သို့သွားကာ သင့်လျော်ရာအခန်းတစ်ခုထဲတွင် သူ့အထုပ်ကလေးချ၍ အသင့်ရှိသော ဖျာတစ်ချပ်ပေါ်တွင် လဲလျောင်းနေ၏။

ညနေဘက်တွင် ဘုရင်ကြီးထံမှ ပေးပို့သော ညစာအုပ်ကို ဝင်းဝတွင် ဆင်းယူစားသောက်ရ၏။

ဤသို့ဖြင့် မိုးချုပ်သွားသောအခါ မောင်ထီးရိုးသည် မှောင်ကြီးထဲတွင် နေနေ၏။ အိပ်ချင်လာပြီဖြစ်သောအခါ ဘုရားရှိခိုး၊ မိဘများကိုရှိခိုး၊ ဒိသာပါမောက္ခဆရာကြီးကိုရှိခိုး၊ အဘွားအိုကိုရှိခိုးကာ လှဲအိပ်လိုက်လေတော့သည်။

သန်းခေါင်ကျော်အချိန်သို့ ရောက်ခဲ့လေပြီ။

"ဝုန်း-ဝုန်း-ဝုန်း" ဟူသော အသံတို့နှင့်အတူ နန်းဆောင်ကြီးတစ်ခုလုံးသည် သိမ့်ခနဲ သိမ့်ခနဲဖြစ်လာသဖြင့် မောင်ထီးရိုးသည် အိပ်ရာမှနိုးကာ ထ၍ထိုင်လိုက်သည်။ သူ့အထုပ်ကလေးကို ထမ်းရာတွင် သုံးသော ဝါးတောင်ဝှေးလေးကိုနံဘေးတွင် အဆင်သင့်ချထားသည်။ ဝုန်းဝုန်းသံကား ဘီလူးကြီး၏ခြေသံဖြစ်၏။

ခြေသံသည် အခန်းဝတွင်ရပ်သွားသည်။ ထို့နောက် မိုးခြိမ်းသံ

ကဲ့သို့သောအသံကြီးသည် ထွက်ပေါ်လာတော့၏။

"အလို့. . လူသား၊ သေချင်လို့လား"

မောင်ထီးရိုးကလည်း အသံကိုသြသြကြီးလုပ်ကာ ပြန်ဖြေ၏။

'သေချင်လို့မဟုတ် သတ်ချင်လို့လဟ"

"အောင်မာ. . လူသားက ဘီလူးကို သတ်နိုင်တယ်လို့ ထုံးစံရှိသလား"

"ငါ့ကို လူသားဟု ဘာ့ကြောင့်ပြောသလဲ"

"ဟ. ငါလည်းပဲ ဘီးလူးလဟ. . ဘီလူး"

"ဟား. . ဟား. . ဟား. . ဟား"

"ဟီး. . ဟီး. . ဟီး. . ဟီး"

မောင်ထီးရိုးသည် ခပ်တည်တည်နှင့် ပြန်ရယ်ပြလိုက်ရာ ဘီလူးမှာ ထိတ်ခနဲဖြစ်သွား၍ ရယ်ခြင်းကို ရပ်ပစ်လိုက်၏။

"သတ္တိကတော့ တော်တော်ကောင်းပုံရတယ်"

"တော်တော်မဟုတ်ဖူး၊ သိပ်ကောင်းတယ်ကွ"

"ဘယ်လောက်ကောင်းသလဲ"

"မိုးလောက်ကြီးကောင်းတယ်"

"အလို့. ."

"အလယ်. ."

"မင်းက ဘီလူးသာဆိုတယ် သေးငယ်လှချည်ကလား"

"ဟ. . ဘီလူးပုမျိုးကွ၊ တို့ဘီလူးပုမျိုးဆိုတာ ဒီလိုပဲခပ်သေးသေးပဲ၊ လူကောင်သာသေးတာနော်. . သတ္တိက နင့်ထက်ကြီးတယ်"

"ဘီးလူးလောကမှာ သတ္တိက အရေးမကြီးဘူးကွ၊ အင်အားက အရေးကြီးတာ၊ မင်းလိုကောင်ပုလေးမှာ အင်အား ဘယ်လောက်ရှိမှာလဲ"



"အင်အား ဘယ်လောက်ရှိသလဲဆိုတာ သိချင်ရင် ငါးနားကပ်လာခဲ့၊ ငါ့လက်သန်းလေးရဲ့ ဒဏ်ကိုပဲ ခံကြည့်စမ်း"

"တယ်လေထွားပါကလား-ငပုရယ်. ."

ယောသဘီလူးသည် ပြင်းထန်သောခြေသံဖြင့် မောင်ထီးရိုးနားကပ်လာသည်။ မှောင်ထဲတွင် ရိုးတိုးရိပ်တိပ်မြင်ရသလောက်ဖြင့် ဘီလူးသည် သူနားတွင်မတ်တပ်လာရပ်ပြီကို မောင်ထီးရိုးသိသည်။ ထိုခဏတွင် တောင်ဝှေးကို ဇတ်ခနဲကောက်၍ ဘီလူး၏ညို့သကျည်းကို ဝှပ်ခနဲ ကန့်လန့်ဖြတ်၍ရိုက်ထည့်လိုက်လေ၏။

ဘီလူးမှာ ဇတ်ခနဲဖြေတစ်ဖက်မြောက်သွားပြီး ခြေတစ်ပေါင်ကျိုးနှင့် ခုန်ဆွခုန်ဆွဖြစ်ကာ ချာရပတ်လည်သွား၏။

"အာပါးပါး. . လက်သန်းက နာလှချည်လားကရို့"

ဘီလူးသည် မျက်ရည်များဝိုင်းကာ ညို့သကျည်းကိုတော်တော်ပွတ်နေရသည်။ အတော်ကလေးပွတ်မှ အနာသက်သာသွားပြီး "နင်မျက်နှာ ငါသေသေချာချာ ကြည့်ချင်တယ်"ဟုဆိုကာ ခါးကိုင်း၍ ငုံ့လိုက်သည်။

မောင်ထီးရိုးသည် မျက်နှာဆီသို့မှန်း၍ တောင်ဝှေးထိပ်နှင့် ဝိတ်ထိုးလိုက်ရာ နှာနုကို ထိုးမိပြန်လေသည်။

"အယ်. . အယ်. . . နာလှချည်လားကရို့၊ ဒါကတော့ ဘာနဲ့ဘယ်လိုလုပ်လိုက်ပြန်တာတုန်း"

ဘီလူးမှာ လှိမ့်ချည်းခံနေရသည်။ မျက်ရည်ပေါက်ပေါက်ကျ၍ နှာနုကိုလက်ဝါးဖြင့် ပွတ်နေရပြန်လေပြီ။

"ဒါကတော့ လက်ညှိုးလေးနဲ့တွန်းလိုက်တာလေ၊ မင်းက အရမ်း

ကာရောကုန်းလိုက်တော့ အရှိန်ပြင်းသွားရတာပါ၊ နာသွားသလား၊ ဦးဖွ. . ဦးဖွ. . ချေးတုံးမတ်တတ်ထ"

ယောသဘီလူးမှာ သူ့တစ်သက်တွင် တစ်ခါမျှမကြားဖူးသော ဘီလူးပုမျိုးဆိုသည်ကို သိပ်မြင်ဖူးချင်လှသည်။

"အသင့်ကို ကျုပ်ကြည့်ချင်တယ်၊ လူပုသလောက် ဆိုးလှတဲ့ဘီလူးမျိုးကိုတွေ့ရရင်ကျေနပ်ပါပြီ၊ အသင်တို့ဘီလူးမျိုးက ဘာမျိုးခေါ်သလဲ"

"မနသုတ်လို့ခေါ်တယ်၊ ဒါထက် မင်းက ငါ့ကို မြင်ပြီးလို့ဘီလူးမှန်းသိရင် ကတိတစ်ခုပေးရမယ်"

"ဘာကတိလဲ"

"ဒီဗိမာန်ကိုငါပိုင်တယ်၊ မင်းနောက်ကို ဘယ်တော့မှမလာတော့ပါဘူးလို့ ကတိပေးရမယ်"

"မျက်နှာကို မြင်ရပြီးရင် ကတိပေးပါတယ်၊ ကျုပ်နောက်ကို ဘယ်တော့မှ ဒီကိုမလာပါဘူး"

"ကောင်းပြီ မီးထွန်းပေးမယ်. . ကြည့်တော့"

မောင်ထီးရိုးသည် ပြူးတူးပြဲတဲမောင်ခေါင်းမဲ မီးခြစ်ဆံကလေးကို ထုတ်ကာခြစ်လိုက်၏။ ရှဲခနဲမြည်၍ အလင်းရောင်ပေါ်လာသည်။ အလင်းရောင်တွင် ယောသဘီလူးသည် မောင်ထီးရိုးကို သေသေချာချာကြည့်လိုက်၏။

ထိုမီးခြစ်ဆံလေး၏မီးရောင်တွင် မောင်ထီးရိုး၏မျက်လုံးကြီးများမှာ ဆန်ကျောလောက်ကြီး၏။ ပါးစပ်ကြီးမှာ လှည်းဒေါက်ကို ကန့်လန့်သွင်းလျှင် ဝင်လောက်အောင်ဟားကျယ်နေသည်။ ထိုအခြင်းအရာကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ယောသဘီလူး



မှာ 'အောင်မယ်လေးဗျ'ဟု ငယ်သံပါအောင်အော်ဟစ်ရင်း နောက်သို့ သုံးကြိမ်သုံးခါမျှခုန်၍ခုန်၍ ဆုတ်လိုက်ရာ နောက်ဆုံးအခေါက်တွင် တံခါးပေါက်အပေါ်ဘောင်နှင့် သူ့ငယ်ထိပ်တို့ နှက်မိကြလေတော့ရာ ဘီးလူး၏စိတ်တွင် မိုးကြိုးပစ်လိုက်သလို ခံစားရတော့၏။

ဤသို့ဖြင့် ယောသဘီလူးသည် ကြောက်လန့်ခြင်းပြင်းစွာနှင့် 'မနသုတ်ရေ နောက်ဒီကို ကျုပ်ဘယ်တော့မှ မလာတော့ပါဘူးခင်ဗျား၊ ချမ်းသာပေးပါ. . ချမ်းသာပေးပါ' ဟူ၍ ပါးစင်က အော်ဟစ်လျက် ဝေးနိုင်သမျှဝေးစွာသောအရပ်သို့ ထွက်ပြေးလေတော့၏။

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ဘုရင်ကြီးသည် မင်းချင်းများကိုစေလွှတ်၍ သတင်းနားထောင်စေ၏။ မင်းချင်းတို့သည် အထဲသို့မဝင်ရဲကြသဖြင့် ဝင်ပေါက်ဝတွင် သူဝင် ငါဝင်နှင့် ငြင်းခုံနေကြသည်။ ထိုခဏတွင် နောက်ဖေးပေါက်က လှည့်၍ ထွက်လာသော မောင်ထီးရိုးက သူတို့၏နောက်သို့ ရောက်လာကာ 'အဟမ်း' ဟု တစ်ချက်ချောင်းဟန့်လိုက်ရာ မင်းချင်းတို့မှာ 'ဟယ်. . ပလူ. . ပလူ. . ပလုတ်တုတ်တုတ်'ဟု အော်ချင်ရာတွေ အော်၍ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် အော်ပြေးကြလေ၏။

ဘုရင်ကြီးရှေ့သို့ရောက်သောအခါ သူတို့သည် မောပန်းလျက်ရှိကြသည်။

"ဟဲ့-ကောင်တွေ၊ မောကြီးပန်းကြီးနဲ့ ဘာဖြစ်လာကြတာတုံး"

"ပြေးလာခဲ့ကြပါတယ်ဘုရား"

"ဘာတွေ့လို့တုန်း"

ဤတွင် မင်းချင်းတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်

ကြည့်ကြကုန်၏။ စိတ်မရှည်သော မင်းကြီးက. .

“ဟဲ့. . မြန်မြန်လျှောက်တင်လဟဲ့၊ ဘာတွေ့လို့တုန်း”

“ဘာမှ မတွေ့ပါဘုရား”

“အို. . ဘာမှမတွေ့ဘဲပြေးလာကြရသလား၊ နင်တို့တော့ သတ်ပစ်ဖို့ကောင်းပြီ”

“မှန်ပါဘုရား၊ မှန်ပါဘုရား. . ဘာမှမတွေ့ပေမယ့် ကြားခဲ့တယ်ဘုရား. .”

“ဘာကိုများ ကြားခဲ့သလဲ”

၎င်းတွင် မင်းချင်းတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြပြန်၏။ သို့သော် ဘုရင်ကြီး စိတ်ဆိုးမည်စိုး၍ တစ်ယောက်က ကပျာကယာ လျှောက်တင်လိုက်သည်။

“ဖဟမ်းလို့ဆိုသလိုလို ကြားတယ်”

“ဒါက ဘာဖြစ်တာတဲ့လဲ”

“ဘီလူးစကားနဲ့ ဖမ်းလို့ပြောတာဖြစ်မှာပေါ့ဘုရား”

၎င်းတွင်မင်းချင်းတစ်ယောက်ကဖြတ်၍လျှောက်တင်ပြန်၏။

“ကျွန်တော်မျိုးကတော့ ဒီလိုမကြားဖူးဘုရား”

“နင်ကကော ဘယ်လိုကြားခဲ့သတုံး”

“အမ်း. . လို့ဆိုသလိုလိုပဲကြားခဲ့တယ်ဘုရား”

“ဘာအဓိပ္ပာယ်ပါလိမ့်”

“ဘီလူးစကားနဲ့ ငါနင့်ကို ပိတ်ရိုက်လိုက်ရ မျက်ခွက်ကြီးယောင်အမ်းအမ်းဖြစ်သွားမယ်လို့ ဆိုတာဖြစ်မှာပေါ့”

“ကြုံကြုံဖန်ဖန်လဟယ်”

ထိုအခိုက်တွင် မောင်ထီးရိုးသည် ရောက်လာပြီး ‘အဟမ်း’ဟု



ချောင်းဟန့်လိုက်ပြန်ရာ မင်းချင်းတို့သည် တစ်ပြိုင်နက် ဝုန်းခနဲ ကောက်၍ ထကြ၏။ သို့သော် အနားက စစ်သူကြီးနှင့်အမတ်များက ဖမ်းဆွဲထားကြရာ ခါးတောင်းကျိုက်များ ပြုတ်၍ ပုဆိုးတွေကျွတ်တော့မည်ကဲ့သို့ ဖြစ်သွားကြ၍ အားလုံးပြန်ထိုင်ကြ၏။

ထို့နောက် မောင်ထီးရိုးက ယောသဘီလူးရန် အေးပြီဖြစ်ကြောင်းနှင့် အကျိုးအကြောင်းလျှောက်တင်ရာ ဘုရင်ကြီးမှာ များစွာသဘောကျသွားသည်။

“ကိုင်း. . မောင်မင်း၊ ငါကိုယ်တော်မြတ် ပိုင်ရာထဲမှ လိုရာကို တောင်းလေတော့”

သို့သော် မောင်ထီးရိုးမှာ ဘာကိုတောင်းရမှန်း မသိချေ။ မူလကပင် ဆုလာဘ်ကို မျှော်ကိုးသည်မဟုတ်၍ ဘာတောင်းရမှန်း မသိခြင်းဖြစ်ပေ၏။

“နောက်မှ ဖြည်းဖြည်းစဉ်းစားပြီး တောင်းပါရစေဘုရား”

“ကောင်းပြီ နန်းဆောင်သစ်မှာ ပြန်နေလော့၊ ညချမ်းပိုင်းတွင် ငါလာခဲ့မည်၊ အဲဒီအချိန်မှာ တောင်းခံပါ. .”

ထို့နောက် မောင်ထီးရိုးသည် ပြန်ထွက်လာခဲ့ရာ ဝင်းဝသို့ မရောက်မီ နောက်ကပြေးလိုက်လာသော သမီးတော်မယ်သီမာနှင့် တွေ့ရပြန်၏။

“မောင်တော် မသေဘူးနော်”

“မသေလို့ ထလမ်းလျှောက်နေတာပေါ့၊ သေမှဖြင့် စန့်စန့်ကြီး တောင့်နေမှာပေါ့ နှမရယ်”

“နှမတော် သိပ်ဝမ်းသာတာပဲ”

“ဘာကိုဝမ်းသာတာလဲ၊ စန့်စန့်ကြီးတောင့်နေတာကိုလား”

"မောင်တော်နော် မကျီစားနဲ့၊ ဒါထက် မောင်တော် ဘာဆုကို တောင်းခဲ့သလဲ"

"ဘာမှမတောင်းခဲ့သေးဘူး၊ စဉ်းစားလို့ မရသေးတာနဲ့၊ ညချမ်းဖက် ဘုရင်မင်းမြတ်ကြွလာမှ တောင်းတော့မယ်၊ ဒါပေမယ့် ဘာတောင်းရမှန်းမသိဘူး"

"ခက်လိုက်ပါဘိမောင်တော်၊ အရှင်ဘုရားရဲ့သမီးတော် မယ်သီမာကိုပေးပါလို့ တောင်းပေါ့"

"မယ်သီမာဆိုတာ ဘယ်သူလဲ"

"နှမတော်ပေါ့. . မောင်တော်ရဲ့"

"ဘာလုပ်ဖို့ တောင်းရမှာလဲ"

"အော်. . ရိုးလိုက်ပါဘိ မောင်တော်၊ ကိုင်း-ကိုင်း ပြောင်ပြောင်ပဲပြောတော့မယ်၊ နှမတော်က မောင်တော်ကိုမြင်တဲ့နေ့ကစပြီး စားတော်ခေါ်လို့ မဝင်ဘူး"

"ခေါ်လို့မဝင်ရင် အတင်းဆွဲသွင်းပေါ့. . "

"ခက်နေပါပြီကော. . ထမင်းစားမဝင်တာ ပြောတာ၊ နှမတော်က မောင်တော်ကို မျှစ်ချဉ်အကုန်ချက်နေပြီ အရှင်ရဲ့. . "

"အို မျှစ်ချဉ်မစားချင်သေးပါဘူး"

"ချစ်ခင်စုံမက်နေပါပြီလို့ ပြောတာပါရှင်၊ ဒီတော့ နှမတော်နဲ့လက်ထပ်ဖို့ ခမည်းတော်ဆီမှာ တောင်းပါ"

မောင်ထီးရိုးသည် ခဏမျှတွေသွား၏။

"ဖြစ်ပါ့မလား. . ဘုရင့်သမီးတော်ကို ယူရင် ကျုပ်ကိုချည်းဖိနိုင်နေမှာပေါ့ဗျ"

"သားကိုသခင်၊ လင်ကိုဘုရားပါတဲ့မောင်တော်၊ နှမတော်ဟာ



ကောင်းမွန်သောမျိုးရိုးက ဆင်းသက်သူမို့လင့်အပေါ် မဆောတ်မာတတ်ပါဘူးရှင်"

"ဒါဖြင့် ကီးလေဗျောင်း. . ကီးလေဗျောင်း"

"အဲဒါက ဘာဘာသာပါလဲ"

"ကောင်းလေပြီ. . ကောင်းလေပြီလို့ ပြောတဲ့စကားလိမ်လေ ဘာသာလေ"

မယ်သီမာသည် မျက်စောင်းထိုးလိုက်ရာ မောင်ထီးရိုးသည် ကုပ်ကုပ် ကုပ်ကုပ်နှင့် ထွက်သွားလေတော့၏။

ညနေစောင်းဖက်သို့ရောက်သောအခါ ဘုရင်ကြီးသည် စစ်သူကြီး၊ မှူးမတ်များနှင့်အတူ နန်းဆောင်သစ်သို့ရောက်လာ၏။ အလ္လာပ သလ္လာပစကားများ အတော်ကြာကြာ ပြောပြီးသောအခါတွင် ရှင်ဘုရင်ကြီးက ရယူလိုသည့်ဆုလာဘ်ကိုမေး၏။ ထိုအခါ မောင်ထီးရိုးက သမီးတော်မယ်သီမာကိုလိုချင်ကြောင်း လျှောက်တင်ရာ ဘုရင်ကြီးမှာ အံ့အားသင့်သွား၏။

ထိုအခိုက်တွင် မှောင်လာပြီဖြစ်၍ နန်းတော်မှပို့ထားသော မီးရှူးတိုင်ကိုထွန်းညှိရန် မောင်ထီးရိုးသည် ငွေရောင်ခေါင်းကလေးနှင့် "ဖြိုးဖြိုးဖြက်ဖြက် မောင်အရောင်ထွက်"မီးခြစ်ဆံကို ခြစ်လိုက်၏။ မီးခြစ်ဆံ၏ မီးရောင်တွင် မောင်ထီးရိုး၏ပုံပန်းသဏ္ဌာန်မှာ အရောင်တွေထွက်၍ နတ်သားလေးပမာ ရှုမြင်ကြရတော့သည်။

ဤတွင် ဘုရင်ကြီးမှာ ကျေနပ်နှစ်သိမ့်သွား၍ သမီးတော်နှင့် ထိမ်မြားပါမည်ဟု ကတိပြုကာ နက်ဖြန်ညနေတွင် နန်းတော်သို့ အခစားဝင်ရန် မိန့်ကြားသွား၏။ ထိုနေ့ညတစ်ညလုံး စစ်သူကြီးမှာ အိပ်မပျော်တော့ချေ။ ဘုရင့်သမီးတော်မယ်သီမာနှင့် သူ၏

သားဖြစ်သူ မောင်သုက္ခတို့ကိုပေးစားမည်ဟု ကြံရွယ်ထားသော ကြောင့်ဖြစ်၏။ ယခုတော့ ဒုက္ခဖြစ်ပေပြီ။

နောက်တစ်နေ့ ညီလာခံတွင် စစ်သူကြီးက ဘုရင့်သမီးတော်သည် တောတွင်းသားနှင့်မတန်ကြောင်း၊ တောတွင်းသားကို အိမ်ရှေ့ဥပရာဇာပေးလျှင် စစ်မတိုက်တတ်သဖြင့် ရန်သူတို့အောင်မြင်သွားမည်ဖြစ်ကြောင်း၊ မိမိ၏သားသည် မိမိကဲ့သို့ပင် တိုက်ရည်ခိုက်ရည်ကောင်းသဖြင့် မိမိသားနှင့်သာ ပေးစားသင့်ကြောင်းများကို လျှောက်တင်သည်။ ဘုရင်ကြီးစိတ်ထဲတွင် နဝေတိမ်တောင်နှင့် စစ်သူကြီးပြောတာ ဟုတ်သလိုလို ထင်သွားမိသော်လည်း ကတိပေးထားပြီဖြစ်၍ မယုတ်မလွန်ပင် ညနေဖက်တွင် မောင်သုက္ခကိုရှေ့တော်သွင်းခဲ့ရန်အကြောင်း၊ မိမိရော မိဖုရားကြီးသာမက သမီးတော်ကိုပါ ရှိနေစေပြီး ဤပြဿနာကို ကြည့်ရှုဖြေရှင်းမည်ဖြစ်ကြောင်း ပြောပြ၏။

ထိုသတင်းကို ကြားသောအခါ မယ်သီမာသည် နေ့လယ်ဘက်တွင် အပျိုတော်တစ်ဦးနှင့်အတူ ယောကျ်ားယောင်ဆောင်၍ မောင်ထီးရိုးထံရောက်လာခဲ့၏။ နံနက်ညီလာခံက သတင်းများကိုပြောပြရာ မောင်ထီးရိုးက တစ်ဆံတည်းကျန်သည့် မီးခြစ်ဖာကလေးကိုပေးကာ ညနေဖက်လူစုံလျှင် ပရိယာယ်ဖြင့် အထဲကမီးခြစ်ဆံကို မောင်သုက္ခအား ခြစ်ခိုင်းရန် မှာကြားလိုက်သည်။

ညနေဘက်သို့ရောက်သောအခါ ဘုရင်ကြီး၏ရှေ့တော်မှောက်တွင် ဘာတစ်ခွန်းမျှ မစရခင် မယ်သီမာက မောင်သုက္ခအား ဤရွှေရောင်မီးခြစ်ဆံသည် ဘုန်းရှိသူက ခြစ်၍ မီးတောက်ကြောင်းပြော၍ပေးရာ မောင်သုက္ခမှာ မခံချင်၍ "ယောင်ယောင်ပေါင်ပေါင် မောင်ကြောင်တောင်"ကို ကောက်ကာငင်ကာ ခြစ်လိုက်၏။ မီးကား တောက်သည်။ ပြီးတော့ ခဏကြာ ငြိမ်ငြိမ်းသွားသည်။ မောင်သုက္ခတွင် ဘာထူးခြားမှုမှမမြင်သဖြင့် မယ်သီမာသည် စိတ်ပျက်အားငယ်စွာနှင့် မောင်ထီးရိုးကိုကြည့်လိုက်သည်။ မောင်ထီးရိုးကလည်း ဘာမှမတွေးတတ်သဖြင့် ငေးကြည့်၍သာ နေရသည်။

"ယောင်ယောင်ပေါင်ပေါင် မောင်ကြောင်တောင်"သည် အခြားသောမီးခြစ်ဆံများနှင့်မတူ တမူထူးခြား၏။ တစိမ့်စိမ့်နှင့် နည်းနည်းကလေးကြာမှ သူ၏သတ္တိထူးကိုပြတတ်သည်ကို အဘွားအိုသည် အသေစော၍ မမှာကြားခဲ့ရခြင်းဖြစ်ပေသည်။

ဤတွင် ဘုရင်ကြီးက ညီလာခံစ၍ မောင်သုက္ခကိုမေးလိုက်၏။

"မောင်သုက္ခ. . မင်း၏အရည်အသွေးကိုစမ်းချင်တယ်၊ ငါဘုရင်၏ဘုန်းတော်ဘွဲ့ကို တစ်ခွန်းလောက်နှုတ်ထဲရှိရာ လျှောက်တင်စမ်း"

မီးခြစ်ဆံကလေး၏အစွမ်းသည် ပြလေပြီ၊ မောင်သုက္ခသည် ပြုံးတုံးပြတဲကြောင်တောင်တောင်ဖြစ်လာ၍ လွှတ်ခနဲပြောလိုက်၏။

"တိန်နောင်နောင်. . တိန်နောင်နောင် စပ်ဖြဲ. . "

ဘုရင်ကြီးမှာ အံ့အားသင့်၍ မျက်လုံးပြူးသွားသည်။ အနားတဖခင်စစ်သူကြီးမှာ ဆတ်ခနဲမဲ့သွား၏။

"ကိုင်း. . မောင်မင်း ရှိပါစေတော့၊ မိဖုရားကြီးရဲ့ အလှဘွဲ့ကလေးတစ်ပိုက်လောက် လျှောက်စမ်းပါအုံး"

မောင်သုက္ခသည် ယောင်ယောင်ပေါင်ပေါင်နှင့် ကြောင်

တောင်တောင်လျှောက်တင်ပြန်၏။

"ကန်ပေါင်ရိုးက ကန်စွန်းရွက်၊ မျက်နှာမဲ့ခွက်ခွက်"

"ကိုင်းကွာ သမီးတော်ကို မင်း ဘယ်လိုထင်သလဲ"

"ဗလရွတ်တ ဒိုင်းတာမ. ."

"ကဲကွာ. . ကဲ. ."

ဘုရင်ကြီးက ထ၍ ကန်လေတော့၏။ စစ်သူကြီးမှာ ပါးစပ်ကြီး ပို၍ပို၍မဲ့လိုက်သည်တွင် အမယ်လေးလေး၊ လုပ်ကြပါအုံး၊ လုပ်ကြပါအုံး၊ ပါးကြောကြီးတင်းသွားပြီဗျ"ဟု အော်မိသည်။

ဘုရင်ကြီးကား စိတ်ဆိုးမာန်ဆိုးနှင့်ပင် "သမီးတော်ကို ကတိအတိုင်း မောင်ထီးရိုးနှင့်ပေးစားမည်၊ အိမ်တော်ဝန်က လက်ထပ်မင်္ဂလာပွဲကို စီစဉ်ရမည်"ဟု အမိန့်တော်ချမှတ်ကာ ညီလာခံကို ဆောင့်ကြီးအောင့်ကြီးနှင့် ရုတ်သိမ်းသွားတော့၏။

သို့သော်. . .

ထိုနေ့ညဖက်တွင် စစ်သူကြီးသည် သူ၏သားဖြစ်သူ မောင်သုကွနှင့်တကွ လက်ရွေးစင်တပည့်ကျော်ဆယ်ယောက်တို့နှင့်တိုင်ပင်နေကြသည်။ သူတို့ကားနန်းဆောင်သစ်ထဲတွင် အိပ်မောကျနေလိမ့်မည်ဖြစ်သော တောတွင်းသားမောင်ထီးရိုးကို ဝင်ရောက်လုပ်ကြံကြရန် တိုင်ပင်နေခြင်းဖြစ်ပေ၏။ သူတို့လို တိုက်ရည်ခိုက်ရည်ပြည့်ဝ၍ စစ်အတတ်ကျွမ်းကျင်သူများကို ဖါးပင်လောက်သာ ခုတ်တတ်သည့် တောတွင်းသားသည် ဘယ်လိုမှမပြိုင်နိုင်ဟု ယူဆ၍ သွေးများတက်ကြွနေကြလေသည်။

သန်းခေါင်ယံသို့ရောက်သော် သူတို့ဆယ့်နှစ်ယောက်သည် ဓားလွတ်များကိုင်၍ နန်းဆောင်သစ်သို့ တိတ်တဆိတ်ဝင်ရောက်လာကြ၏။ သို့သော် မောင်ထီးရိုးမှာ မီးမထွန်းဘဲအိပ်သဖြင့် သူတို့မှာမှောင်ကြီးထဲတွင် ရမ်းသမ်းလာကြရ၏။ ထို့နောက် စစ်သူကြီးသည် မောင်ထီးရိုးအိပ်ရာကိုမှန်း၍ "သေပေရော့တောတွင်းသား"ဟုဆိုကာ ဓားနှင့်လွှဲ၍ခုတ်ပိုင်းလိုက်သည်။

ဘာကိုမှမခုတ်မိချေ။ စင်စစ်တွင် မောင်ထီးရိုးသည် အခန်းထောင့်တွင်အိပ်သည်ဖြစ်၍ ယခုအခါတွင်နိုးလာသည်။ ရန်သူတွေ မှန်းသိသဖြင့် တောင်ဝှေးနှင့် မဲမဲမြင်တိုင်း တဖုန်းဖုန်းရိုက်လေတော့သည်။

"အာပါပါ. . ခါးရိုးကျိုးပါပြီ. ."

"ဟယ်. . ငါ့အုပ်ဆက် ကွဲပဟ"

"ဟော့. . မီးထွန်းကြပါ။ တို့အချင်းချင်း ခုတ်မိပါ့မယ်"

ထိုအခိုက် စစ်သူကြီး၏ငယ်သားအချို့က မီးထွန်းကြ၏။ မီးများလင်းထိန်သွားသောအခါ မောင်ထီးရိုးသည် ရန်သူတစ်ယောက်ထံမှ ဓားရှည်ကို ရပြီးဖြစ်သည်။ တောတွင်းသားကား သူတို့ထင်သလို တိုက်ခိုက်ရမလွယ်ကူချေ။ တိုက်ရင်းခိုက်ရင်းကပင် စစ်သူကြီးခေါင်းပြုတ်သွား၏။ မောင်သုကွ ခေါင်းပြုတ်သွား၏။ ထိုအခါတွင် ငယ်သားတို့ လက်နက်ချကြတော့သည်။

နောက်တစ်နေ့တွင် ဘုရင်ကြီးသည် ဤသတင်းကိုကြားသောအခါ အားရကျေနပ်စွာနှင့် မောင်ထီးရိုးကို သမီးတော်နှင့် ထိမ်းမြားပြီး အိမ်ရှေ့ဥပရာဇာရာထူးပေးရန် အမိန့်ထုတ်လိုက်ပေတော့သတည်း။

ကလေးတို့ ရွှင်လန်းကြပါစေ။

❑



# တစ်ခါတစ်လှည့်

နတ်ပုကလေးကိုပုကောက်သည် အိပ်ရာမှ ပျော်ပျော်ရွှင်ရွှင်နိုးလာသည်။ နွေဦးပေါက်ပြီမို့ ရာသီဥတုက သာယာလာသောကြောင့် ဖြစ်၏။

နတ်ပုကလေးဖြစ်၍ အရပ်ပုသည်မှာ မဆန်းပါ။ သူ့တစ်ကိုယ်လုံးတွင် ဆန်းသည်ကတော့ နှာခေါင်းဖြစ်သည်။ သူ့နှာခေါင်းသည် တော်တော်ရှည်၏။ ရှည်ရုံရှည်လျှင်လည်း မဆန်းလှသေး။ ကွေ့ကောက်နေသည်က ဆန်းသည်။ သူ့မျက်နှာကို တည့်တည့်ကြည့်လျှင် သူ့နှာခေါင်းသည် မျက်မှောင်ဆီမှစတင်၍ ပါးစပ်ဆီသို့ စီးဝင်မည်ပြုနေသော မြစ်ကြောင်းကဲ့သို့ လိမ်ရစ်ကောက်နေသည်။

ထို့ကြောင့် သူ့အမည်သည် ကိုပုကောက်..။

သူနေနေသည်မှာ မှိုပွင့်ထဲတွင်ဖြစ်သည်။ မှို၏ရိုးတံသည် သူ့အိမ်ဆီသို့ တက်သည့်လှေကားဖြစ်၏။ စွင့်စွင့်ကားကား မှိုပွင့်ကြီးကား သူ့ဗိမာန်နေအိမ်ကြီးဖြစ်သည်။

သူသည် အိပ်ရာမှ ခပ်သုတ်သုတ်ဖင်ထလာခဲ့ပြီး ပြတင်းတံခါးတစ်ချပ်ကိုဖွင့်လိုက်သည်။ နွေဦးသဘာဝအလှကို သူသည် မှိုး

တွင်းတစ်တွင်းလုံး တောင့်တလာခဲ့၏။ ဟော. . ယခုတော့ နွေဦးရာသီရောက်ခဲ့ပြီ။

ကောင်းကင်ပြင်ကြီးသည် ထွက်သစ်စနေရောင်ခြည်တွင် ပြာလဲ့လဲ့အရောင်ကိုဆောင်နေမည်။ မိုးတွင်းကထွက်ပြူခဲ့သော ရွက်သစ်ကလေးများသည် နံနက်လေကိုရှူ၍ နွေဦး၏နေရောင်ခြည်ကို ရေကဲ့သို့ချိုးနေကြရော့မည်။ မိုးဒဏ် လေဒဏ်ကကင်းပြီမို့ ငှက်ကလေးများလည်း သစ်ကိုင်းလေးများပေါ်တွင် ရဲရဲဝံ့ဝံ့နား၍ နွေဦးတေးသီချင်းများကို သီဆိုကြရော့မည်။ ပန်းပွင့်ကလေးများလည်း လှပ၍ အရောင်စုံသောအဝတ်သစ်အစားသစ်များဖြင့် ငှက်ကလေးများကို ကြွားဝါကြမည်။ အကျီစားသန်သော လေရူးသည် ပန်းပွင့်ကလေးတိုင်းကို နောက်ချင်စချင်စိတ်ဖြင့် မထိတထိ ဝင်ရောက်တိုက်သွားပေတော့မည်။

"ဟယ် အလှအပကိုကြည့်ဖို့ ငါနောက်တောင်ကျနေမှာလား"

ဤသို့တွေး၍ ကိုပုကောက်သည် တံခါးကိုဖွင့်ပြီးလျှင်ပြီးချင်း ခေါင်းကို ပြူထွက်ကြည့်လိုက်သည်။ တံခါးများကို ပိတ်ထားသဖြင့် ခပ်မှောင်မှောင်ဖြစ်နေသောနေရာမှ ရုတ်တရက်အလင်းရောင်ကိုမြင်လိုက်သောအခါ ကိုပုကောက်သည် မျက်စိများကျိန်းသွားကာ နှာချေတော့သည်။

"ဟပ်ချိုး. . ဟပ်ချိုး. . ဟပ်ချိုး"

သူများတွေချေလျှင် "ဟပ်ချိုး"ဟုချေကြ၏။ သူ့နှာတံကမူ နှာခေါင်းရှည်တစ်လျှောက် ကွေ့ကောက်လာခဲ့ရသည်ဖြစ်၍ "ဟပ်ချိုး" ဟုသာ အသံထွက်သည်။

ဖားပြုတ်ကြီးကိုအုန်းအမ်သည် မိုးတွင်းကိုချစ်၏။ နေပူကို



မကြိုက်။ ထို့ကြောင့် နေပူရှိန်ကို တစထက်တစ အတင့်ရဲလာအောင် ချော့မြူခေါ်ငင်တတ်သော နွေဦးကာလကို တော်တော်မလိုလားသူဖြစ်သည်။

နေပူလျှင် သူ့ကျောပြင်ကြီး ပူလာမည်။ မိုးရေဖျန်းထားလျှင် ကျောပြင်စို၍ သူ့အသံတွေ ကျယ်လောင်ကောင်းမွန်၏။ နေပူရှိန်ကား သူ့ကို ကောင်းကျိုးမပြု။ ကျောပြင်ခြောက်၍ အသံတွေကွဲအက်သည်။ သူချစ်နေသော ဖားပြုပ်မလေးခင်ခင်အမ်အတွက် သီချင်းဆိုပြ၍မရ။

ဟော. . နွေဦးကတော့ ရောက်လာပြီ။ အိုအုန်းအမ်ကြီးတားဆီး၍မရနိုင်ပါ။ ဖွတ်အတင်းပင် ရောက်လာပါပြီ။

ကိုအုန်းအမ်သည်မှုန်တေတေနှင့် ကိုပုကောက်၏အိမ်ဖြစ်သော မှိုပွင့်ကြီး၏အရိပ်အောက်တွင် နားခိုနေ၏။ တဖြည်းဖြည်းနှင့် မြင့်တက်လာမည့်နေမင်းကြီးကို မျက်စောင်းတထိုးထိုး အံတခဲခဲနှင့် ဒေါသတွေထွက်နေ၏။

အို . . အလိုက်မသိသော ကိုပုကောက်ပါကလား။ ဘာမပြောညာမပြောနှင့် တံခါးကို ဖတ်ခနဲဖွင့်၍ "ဟပ်ချိုး"ပစ်လိုက်ပါပကော။ သူ၏နှာရည်နှာမှုန်တို့သည် ဒေါသထွက်ရင်းတန်းလန်းဖြစ်နေသော အိုအုန်းအမ်၏ မျက်လုံးကြီးများနှင့် တိုတောင်းလှသော လည်ကုပ်ပေါ်သို့ တဖွားဖွားကျလာတော့၏။

"အဲ. . ဟဲ့. . ဟဲ့"

ရယ်သံမဟုတ်ပါ။ ကိုအုန်းအမ်ကြီးဒေါသပေါက်ကွဲသံသာဖြစ်သည်။ စောစောက နေမင်းကိုခုန်၍ ဒူးနှင့်တိုက်ချင်နေ၏။ မဖြစ်နိုင်သဖြင့် အောင့်အည်းပြီးသာ ဒေါသတွေ ကျိတ်ထွက်နေသည်။

ယခု ကိုပုကောက်ဆိုသည့် နတ်ပုကလေးကတော့ နေမင်းကြီး လောက်မမြင့်ပါ။ သူ့ခေါင်းမလွတ်တလွတ်ဖြစ်နေသည့် မှိုပွင့်ထဲတွင်သာ ရှိသည်။ ထို့ကြောင့် သူ့ဒေါသများသည်လည်း ကျိတ်နေစရာ မလိုတော့ပဲ လွတ်လွတ်လပ်လပ် ပေါက်ကွဲလာ၏။

"ဟဲ့. . ငါ့အိမ်အောက်က တဟဲဟဲနဲ့ ဘယ်အကောင်က ဒီကိုလာပြီး တူလဲမတူပဲနဲ့ နွားလိုအော်နေတာလဲကွ. . ဟေ"

"ဟော့. . ငါ ကိုအုန်းအမ်"

"အောင်မယ်လေး. . အုန်းအမ်ကများ သူ့ကိုယ်သူ ဗုံးဆံမှတ်နေသလား။ အယ်. . ဟပ်-ဟပ်-ဟပ်ချိုး"

တချီတမောင်း ချေပြန်ပါလေပြီ။ စာစာက မသိလို့ပါဟုဖြေသော် ဖြေစရာရှိကောင်းပါ၏။ ယခုတော့ ထင်ထင်ရှားရှားပင် နှာ ရည်မိုးဖွဲ၍ နှာမှုန်တွေကိုသဒ္ဒါဒေးယျနှင့် ကြဲချပြန်ပါပြီ။

"ကဲကွာ. . မောက်မာအုံး. . ကဲကွာ မောက်မာအုံး"

ဖားပြုပ်ကြီး ကိုအုန်းအန့်သည် စိတ်လိုက်မာန်ပါနှင့်ပင် ရှေ့ လက်နှစ်ဖက်ကို ကွေးချည်ဆန့်ချည်လုပ်အပြီး အားယူကာ နောက်ခြေများကိုပင် ကြွလိုက်လေတော့၏။ ထိုအခါတွင် သူ၏ကျောကုန်းဘုကြီးမှာ ခုံးထလာပြီးသော် မှိုပွင့်၏ အောက်နုတ်ခမ်းကို ပင့်တင်လိုက်သလို ဖြစ်သွားရာက မှိုပွင့်ကြီးသည် ရုံးတံမှပြုတ်ကာ ပက်လက်လန် ကျိုးကျသွားလေ၏။

အိမ်၏ခေါင်းမိုးဖြစ်သော မှိုပွင့်၏အထက်ပိုင်းသည် မြေကြီးနှင့်ထိနေပြီး ရိုးစားပြတ်ကလေးမှာ မိုးသို့ထောင်နေတော့သည်။

ဟင်-ကိုပုကောက်တစ်ယောက် ဘယ်လိုများဖြစ်နေပါသနည်း။ ပြောပြပါမည်။



ကိုပုကောက်သည် နှာချေလိုက်ရသဖြင့် မျက်စိများ ရီဝေသွားစဉ်တွင်ပင် လျှောင်ကြီးပြင်းထန်စွာလှုပ်လိုက်သလို တစ်ချက်ခံစားရပြီး ဝုန်းခနဲမြည်သံနှင့်အတူ သူ့မှာလည်း အင့်ခနဲမြည်ကာ အခန်းဒေါင့်တွင် ဖင်ထိုင်လျက်သား ကျနေသည်။ အခန်းဒေါင့်ဆိုသည်မှာ စောစောကသူရပ်နေခဲ့သော ပြတင်းပေါက်နှင့် အဝေးဆုံးနေရာပင်ဖြစ်သည်။

"ဟ. . ဘယ်လိုဖြစ်"

သူ့ကိုယ်သူပြောသော စကားပင်မဆုံးသေးချ။ ပြတင်းပေါက်ကလေးဘေးက ခုံကလေးသည် သူ့မျက်နှာဆီသို့ ဝမ်းလျားထိုးပြေးဝင်လာလေရာ လက်ဖြင့်ပုတ်ချလိုက်ရ၏။ ရေနံဆီနံ့ ထောင်းခနဲထွက်လာပြီး သူ့ပါးမှာ ရွှဲခနဲဖြစ်သွား၍ ဦးခေါင်းကို ငုံ့ကြည့်လိုက်သည်။ လသာမှန်အိမ်သည် သူ့မျက်နှာနားတွင် ဇောက်ထိုးကြီးဖြစ်လျက်က လွှဲရမ်းကာ ဖန်အိုးသည် သူ့နှာရင်းကို ပိတ်ရိုက်၍ ကွဲအက်သွားသည်။

သူကိုယ်တိုင်မှာလည်း ခြေနှစ်ချောင်းထောင်နေသဖြင့် မတ်တပ်ရပ်ရန် အတင်းကြိုးစားသည်။ သို့သော် သူ့မျက်စိအောက်တွင်မြင်နေရသော ကြမ်းပြင်ပေါ်သို့ ခြေထောက်များကို ချ၍မရ။ ခြေထောက်ကို လှမ်းချလိုက်တိုင်း သူ့ဒူးကြီးမှာ ကွေးကောက်သွားကာ သူ့မျက်နှာဆီသို့ ရောက်ရောက်လာသည်။

"ဟယ်. . ဘယ် နတ်ပျက်က ကျိန်စာတိုက်ထားလို့ ငါ့ဒူးက ငါ့မျက်ခွက်ကို ပြေးဆောင့်ဖို့ကြိုးစားရတာပါလိမ့်"

သူတွေးတောနေဆဲမှာပင် 'ဂလွမ်. . ခွပ်'ဟူသောအသံနှင့်အတူ တလောကလုံး မှောင်ကျသွား၏။ သူ့လက်နှစ်ဖက်က ကပျာ

ကယာ သူ့ခေါင်းကိုလာ၍ စွပ်သောပစ္စည်းကို ဆွဲချွတ်လိုက်သည်။

"ဟယ် -ထွေးခံကြီးပါကလား"

ကိုပုကောက်သည် စိတ်ဆိုးဆိုးနှင့် ထွေးခံကြီးကို ကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်၏။ သူ့အိမ်ဇောက်ထိုးကြီးဖြစ်နေသည်ကို သူ မသိပါ။ ထို့ကြောင့်ပင် သူ့အံ့ဩရတော့သည်။ သူပစ်ပေါက်လိုက်သော ထွေးခံသည် ကြမ်းပြင်နှင့်ထိပြီးသည်နှင့်တစ်ပြိုင်နက် သူ့ဆီသို့ပင် သစ္စာရှိစွာ ပြန်ပြေးလာကာ 'ခွပ်'ခနဲခေါင်းကို ပြန်စွပ်ပြန်သည်။

"အယ်. . "

သူ့ဒေါသသံမှာ လိုဏ်သံထွက်နေသည်။ ဤတစ်ချီတွင်တော့ မလွယ်ပါ။ ထွေးခံသည် အရှိန်နှင့်စွပ်နေသည်ဖြစ်၍ တော်တော်ပင် ချွတ်ရခက်နေ၏။

"ခွန်းမန့်သန်း ထွိန်းဂိန်. . နိန်ဒေါင့်နိန်နိန်နဲ့အုန်းကွိန့်"

ထွေးခံကြီးခေါင်းစွပ်၍ စကားပြောလျှင် 'ခွေးမသားထွေးခံ၊ နင်တော့ နေနှင့်အုံးကွ"ဟူသော စကားမှာ ဤသို့ပင်ဖြစ်ရမည်။

အတင်းရုန်းကန်ချွန်တော့မှ သူ့ပါးစပ်က အုန်းခနဲမြည်၍ ထွေးခံကျွတ်သွား၏။ ညကတစ်ညလုံး ထွေးခံထဲသို့ တံထွေးထွေးမထား ခဲ့၍တော်သေးတော့သည်။ ထွေးခံမှာ ခြောက်ခြောက်သွေ့သွေ့နှင့် အလွတ်ဖြစ်နေခြင်းကိုပင် ကျေးဇူးတင်ရတော့မည်။

ကိုပုကောက်သည် မတ်တပ်ရပ်ရန် ကြိုးစားပြန်သည်။

မမြင်ရသော လူတစ်ယောက်က သူ့ရင်ဘတ်ကို ဖိထားသလို ဖြစ်ပြီး ကြွလိုက်တိုင်း ကြွလိုက်တိုင်း သူ့ခြေထောက်များသည် ကြမ်းပြင်ပေါ်သို့ မရောက်ဘဲ သူ့ဦးခေါင်းပေါ်တွင်သာ လမ်းလျှောက်



ရန် ဆန္ဒတွေပြနေ၏။

နောက်ဆုံးတွင် ကိုပုကောက်သည် ဖြစ်သလို ကုတ်ကပ်ထ၍ ပြတင်းပေါက်ဆီသို့သွားကာ ပြန်စေ့သွားသောတံခါးရွက်များကို ဖွင့်၍ ကောင်းကင်ပြင်ကြီးကို မျှော်ကြည့်လိုက်လေသည်။

"အလို. . မြတ်စွာဘုရား"

သူသည် လွှတ်ခနဲအော်လိုက်မိ၏။ ကောင်းကင်ပြင်ကြီးသည် မဲမှောင်၍ အမျှင်အမျှင်နှင့် အရွက်ရှည်ကြီးများသည် ကောင်းကင်မှ တွဲလောင်းကျကာ ပြတင်းဝနားတွင် ရောက်နေသည်။

"ဘာတွေဖြစ်ကုန်ပါလိမ့်"

သူသည် ခဲခဲယဉ်းယဉ်းပင် ကုတ်ကပ်လျှောက်ခဲ့ပြီး အဝင်တံခါးကြီးကိုဖွင့်ကာ ရိုးတံကိုဖက်၍ ကြိုးစားပန်းစားဆင်းလိုက်၏။ ရိုးတံမှာ တစ်ဝက်မရှိတရှိတွင် ပြတ်နေသဖြင့် အံ့အားသင့်သွား၏။ ပို၍ဆိုးသည်ကား ကောင်းကင်ပြင်ကြီးသည် ရိုးတံအောက်တွင် ရောက်နေသည်ကို သူမြင်ရလေသည်။

"ကဲ. . မထူးဘူးကွာ"

သူသည် မြက်ပင်များအကြား မြေကြီးပေါ်ခုန်လိုက်သည်။ ဤတွင်မှ သူ့တွင် မှန်ကန်သောအမြင်ကို ရသွားသည်။ သူ့အိမ်ကြီးမှာ ဇောက်ထိုးမိုးမျှော်ဖြစ်နေပြီး စောစောက ပြတင်းဝနားတွင် သူမြင်ရသည်မှာ ဇောက်ထိုးဖြစ်နေသော မြက်ပင်များသာဖြစ်ကြောင်းကို သိရလေတော့သည်။

ထိုမျှမကသေး။ သူမြတ်နိုးလှသည့် ရာသီအလိုက် သူ့စံနန်းတော်ဖြစ်သည့် မှိုပွင့်ကြီးမှာ ရိုးတံမှ ပြတ်၍ကျနေလေပြီတကား။

"ဒါ. . အုန်းအမ်ရဲ့လက်ချက်ပဲဖြစ်ရမယ်"

ချက်ချင်းပင် သူ၏ဦးခေါင်းထဲသို့ ထိုအသိတရားသည် ဝင်ရောက်လာခဲ့သည်။ သူ အဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။

မှိုပွင့်အိမ်ကြီးပြိုကျသွားကတည်းက ထွက်ပြေးလေပြီဖြစ်သော ကိုအုန်းအမ်ကို တော်တော်ဝေးကွာသောအရပ်တွင် မြင်နေရသည်။ သူသည် ခုန်ဆွခုန်ဆွနှင့်ထွက်ပြေးဆဲပင်ဖြစ်သည်။

နတ်ပုသည် ဖားထက် အပြေးသန်သည်။ ထို့ကြောင့် ဤမျှလောက်ဝေးကွာသည်ကို ကိုပုကောက်မကြောက်ပါ။ အုပ်မိလျှင် နာနာကလေး ဆုံးမလိုက်မည်ဟုကြံ၍ သစ်ကိုင်းခြောက် မာမာတစ်ချောင်းကို ရှာဖွေကောက်ယူကာ ကိုပုကောက်သည် ကိုအုန်းအမ်ကြီး၏နောက်သို့ ဒုန်းစိုင်း၍ ပြေးလိုက်လေတော့သည်။

ကိုအုန်းအမ်ကြီးသည် ပြေးရင်းကပင် တစ်ချက်တစ်ချက် နောက်သို့လှည့်ကြည့်တတ်လေရာ မကြာမီပင် သူ့နောက်က ကိုပုကောက်တစ်ယောက် တုတ်တစ်ချောင်း မြှောက်ကိုင်၍ ပြေးလိုက်လာသည်ကို မြင်ရလေ၏။ ထိုအခါတွင် ကိုအုန်းအမ်သည် ပို၍လျှင် မြန်စွာပြေးလေတော့သည်။

သို့သော် နတ်ပုသည် ဖားထက်အပြေးမြန်ကြောင်းကို ကိုအုန်းအမ်ကလည်းသိ၏။ ဤအတိုင်းဆိုလျှင် ကြာသော် အမိခံရမည်မှာ သေချာ၏။ သို့သော် သူမကြောက်ပါ။ ရှေ့တကွေ့ဆိုလျှင် ပန်းဝတ်မှုံဘုရင်မဖြစ်သော ဝိဇယာဒေဝီ၏ ဥယျာဉ်တော်သို့ ရောက်တော့မည်မဟုတ်ပါလား။

အရပ်ပုသလောက် စိတ်မြန်သော ကိုပုကောက်သည် ဇွတ်အတင်းလိုက်နေ၏။ သူ့ရှေ့က ကိုအုန်းအမ်သည် အကွေ့ကလေးကို ကွေ့လိုက်ပြီးဖြစ်ရာ မြန်မြန်မလိုက်လျှင် အကွေ့ကလေး၌ မျက်ခြေ



ပြတ်သွားနိုင်၏။ ထို့ကြောင့် ပို၍ လျင်မြန်စွာပင် ပြေးသည့်အရှိန်အဟုန်ကို မြှင့်တင်လိုက်ပြီး အကွေ့ကလေးသို့ ရောက်သောအခါ မလျှော့သောအရှိန်ဖြင့်ပင် ထိုးကွေ့လိုက်၏။ သူသည် ဇွေ့ခနဲ လေထဲသို့ ဝေ့ပျံသွားပြီး မြေကြီးပေါ်သို့ ဖုတ်ခနဲကျသွားသည်။ မြေကြီးပေါ်တွင် လေးဘက်ကလေးဖြစ်လျက်က သမင်လည်ပြန် လှည့်ကြည့်လိုက်၏။

"အိမ်း. . အစားမတော်တစ်လုပ်၊ အသွားမတော် တစ်လှမ်းဆိုပေမယ့် အပြေးမတော်ရင်လည်း တကွေ့ပါပဲကလား၊ အရမ်းကြီးပြေးတော့လည်း အရမ်းကြီးမှောက်ခုန်ကျရောပေါ့လေ၊ အိမ်း. . အနိစ္စ-အနိစ္စ၊ ဒုက္ခ-ဒုက္ခ၊ အနတ္တ-အနတ္တ"

ကိုရွှေလိပ်ကြီးသည် သူ့ဘာသာသူပြောသလို တတွတ်တွတ်နှင့် လေးကန်စွာပြောရင်းဖြည်းညင်းစွာပင် ကွေ့ကိုကွေ့၍ ထွက်သွားနေသည်။

"တောက်. . သောက်ရေးထဲ လိပ်ပုပ်ကို ခလုတ်လိုက်နေရသေးတယ်ဗျာ"

ကိုပုကောက်သည် မကျေမချမ်းရေရွတ်ပြီး ကိုအုန်းအမ်၏ နောက်သာ ဆက်၍လိုက်ပြန်သည်။

သူ့မျက်စိရှေ့က ကိုအုန်းအမ်သည် ဥယျာဉ်တော်ထဲသို့ ကွေ့ဝင်သွားသည်ကို သူသည် မျက်ဝါးထင်ထင်မြင်ရ၏။ သူသည်လည်း ထိုအတွင်းသို့လိုက်ဝင်သည်။ သို့သော် နွေဦး၏လေရူးတွင် လှုပ်ရှားယိမ်းထိုးနေသော ခေါင်းလောင်းပန်း၏အခွက်တွင်ထိုင်၍ ဒန်းစီးနေသော ပန်းဝတ်မှုန်နတ်သမီးဘုရင်မ ဝိဇယာဒေဝီ၏ရှေ့သို့ ပြန်းခနဲရောက်ကြောင်း သိရသည်နှင့် ကိုပုကောက်သည် ကမန်းကတမ်း

ကိုယ်ရှိန်ကိုသတ်ရသဖြင့် သူ့ခြေထောက်တစ်ဝိုက်တွင် ဖုန်တွေ တထောင်းထောင်းထကုန်တော့သည်။

နတ်ပုကလေးများသည် ပန်းဝတ်မှုန်နတ်သမီး နတ်သားတို့၏ အစေအပါး၊ အလုပ်သမားသာ ဖြစ်ကြလေရာ ကိုပုကောက်သည် ဝိဇယာဒေဝီကိုကြောက်ရ၏။ ရှိသေရ၏။ ထို့ကြောင့်ပင် ဘုရင်မ မရိပ်မိရအောင် ကိုယ်ရှိန်သတ်ရခြင်းဖြစ်သည်။

သို့သော် သူ့မျက်လုံးများကား ဖားပြုပ်ကိုပင် ရှာဖွေကြည့်ရှု လိုက်သည်။ ထိုအခိုက်တွင် ဘုရင်မ၏သမီးတော် သော်ကမာလာ သည် ကိုအုန်းအမ်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ဝမ်းသာအယ်လဲ ဖြစ်သွားကာ

"အောင်မယ်လေး. . အုန်းကြီးရယ်၊ ဘယ်ပျောက်သွားနေရ တာလဲ၊ သမီးတော် ပန်းရနံ့ပျောက်ရှုမလို့. . လာပါ၊ သွားကြရ အောင်"ဟုဆိုပြီး ကိုအုန်းအမ်၏ကျောပေါ်သို့ ခုန်တက်လိုက်လေ ၏။

နတ်ပုကလေး ကိုပုကောက်မှာ ကိုအုန်းအမ်ကြီးသည် သမီး တော်သော်ကမာလာ၏ စီးတော်ယာဉ်ဖြစ်ကြောင်းကို သိရသည် တွင် တော်တော်ပင် စိတ်ပျက်သွားမိ၏။ ထို့ပြင် ဤနေရာတွင် ကိုအုန်းအမ်ကို လက်ဖျားနှင့်ပင် တို့၍မရကြောင်းကို သူသိရှိနား လည်သွားရတော့သည်။

ထိုအခိုက်တွင် ဝိဇယာဒေဝီသည် မျက်စိအောက်သို့ ဝင်ရောက် လာခဲ့သော ကိုပုကောက်ကို လှမ်းပြောလိုက်၏။

"မောင်ပုကောက်၊ သခင်မကို ဒီနေ့ ဘယ်လိုမြင်သလဲဟင်"

"ဖား. . ဖား"



"ဘယ့်နှယ်ကွဲ့"

"မှန်လှပါ၊ ဖားဂမုန်းနဲ့ ပြဒါးလုံးကိုနိုင်လှတဲ့ ဝိဇ္ဇာဇော်ဂျီများ မြင်မိကြရင် သူယောင်မယ်ကလေးပေလားလို့ ထင်သွားကြမယ် ထင်တာပဲ. . ဟူး"

"ဟူး-ဆိုတာ ဘာတုံး"

"မောလို့ လေထွက်သွားတာပါ သခင်မ"

"ဟဲ့. . သခင်မထံ ခစားဝင်ရတာ မောရသလား"

ဝိဇယာဒေဝီ၏အကြိုက်ကို ကြံဖန်လှည့်ပတ်၍ ဖြေထားရသော ကိုပုကောက်၏ဒုက္ခမှာ မငယ်လှချေ။

"မှန်လှပါ၊ သခင်မ ဒီမှာ စံမြန်းနေကြောင်း သတင်းကြား ကြားချင်း သွားချင်တာနဲ့ ဒုန်းစိုင်းလာရလို့ မောရကြောင်းပါ"

"အဟတ်. . ဟား. . ဟား"

ခပ်လှမ်းလှမ်းမှ ကိုအုန်းအမ်က အော်ရယ်လိုက်သဖြင့် ကိုပု ကောက်သည် မျက်စောင်းထိုးကြည့်လိုက်၏။ ဝိဇယာဒေဝီကလည်း ဖားပြုပ်ကြီးကိုအုန်းအမ်ထံတစ်ချက်ကြည့်လိုက်ပြီး ကိုပုကောက် ဖက်သို့ ပြန်လှည့်သည်။ ကိုအုန်းအမ်၏ကျောပေါ်မှ သော်ကမာလာ က "ဟိုပန်းခြုံကို တစ်ပတ်လှည့်ခုန်စမ်းပါ၊ စီးရတာပျော်လို့" ဟု ပြောလိုက်သဖြင့် အိုအုန်းအမ်သည် မျက်နှာပိုးသတ်၍ ခုန်ဆွခုန် ဆွနှင့် ပန်းခြုံကို စတင်၍ပတ်လိုက်၏။

ပန်းဝတ်မှုန်နတ်သမီးဘုရင်မသည် ကိုပုကောက်ကို မေးပြန် သည်။

"အလို၊ မောင်ပုကောက် လက်ထဲမှာလည်းတုတ်နဲ့ပါကလား၊ ဘာလုပ်ဖို့တုန်း"

ကိုပုကောက်သည် လက်ထဲမှတုတ်တံကိုမြှောက်၍ ယောင်ကန်းကန်းဖြစ်နေတော့သည်။

"အား၊ ဟိုဟာ၊ အာ အည်း"

"ဘာတွေ တင်လျှောက်နေတာလဲ"

"အော်. . သခင်မ၊ ဒါက တုတ်တံလေ"

"ဟဲ့ ငါမြင်သားပဲ၊ အဲဒီတုတ်တံပေါ့. . ငါမေးတာက ဘာလုပ်ဖို့လဲလို့မေးတာ"

"ဒီလိုပါသခင်မ၊ သခင်မဆီ ဒုန်းစိုင်းပြေးလာတော့ ခေါင်းနဲ့တိုက်မိတဲ့သစ်ကိုင်းခြောက် ပြုတ်ကျတာနဲ့ အပြန်မှာတပ်ပေးမယ်လို့ ကောက်လာခဲ့တာပဲ"

ကိုပုကောက်၏စကားကိုကြားရသောအခါ ဝိဇယာဒေဝီသည် အားရပါးရရယ်မောလေတော့၏။

"ကြံကြံဖန်ဖန်မောင်ပုကောက်ရယ်၊ ကျိုးသွားတဲ့သစ်ကိုင်းများ ပြန်တပ်လို့ရပါ့မလား"

"အဟက် ဟား ဟား"

ဟားပြုံကြီးကိုအုန်းအမ်ထံမှ ရယ်သံထွက်ပေါ်လာပြန်သဖြင့် ကိုပုကောက်သည် ဒေါသထွက်စွာနှင့် မျက်စောင်းထိုးလိုက်၏။ သို့သော်ဟားပြုံကြီးမှာ ယခင်နေရာတွင်မရှိတော့ဘဲ အခြားတစ်နေရာတွင်သာ ရောက်နေ၏။ ကိုပုကောက်မျက်စောင်းထိုးလိုက်သောနေရာတွင် နတ်စစ်သူကြီးမဟာပုက္ကု ထိုင်နေလေရာ သူကလည်း မော့အကြည့်လိုက်နှင့် ကိုပုကောက်ကလည်း မျက်စောင်းအထိုးလိုက်မှာ ဆုံစည်းသွားလေသည်။

စစ်သူကြီးမဟာပုက္ကုမှာ ခပ်အေးအေးပင်ထိုင်၍ ဘုရင်မကို



ခစားနေသည်ဖြစ်ရကား ကိုပုကောက်၏မျက်စောင်းကြီးတို့ မြင်လိုက်သည်တွင် "ဟယ်. . ဒီကောင်က ငါ့ကို ဘာဖြစ်လို့ ရွှသိုးသိုးနဲ့ကြည့်ရတာပါလိမ့်"ဟူသော အတွေးဖြင့် မျက်လုံးကြီးများကိုပြူး၍ ပြန်ကြည့်သည်။

ကိုပုကောက်သည် မဟာပုကောက် စိတ်ဆိုးသွားမှာကိုကြောက်၏။ ထို့ကြောင့်ပင် မျက်နှာထားကိုပြင်ကာ ပြုံးပြလိုက်သည်။ မဟာပုက္ကုက "ဒီကောင် ဘယ်သူ့ကိုပြုံးပြပြန်ပါလိမ့်" ဟူသောသဘောဖြင့် နောက်သို့လှည့်ကြည့်၏။ ထိုအခါတွင် ကိုပုကောက်က "ကျွန်တော်ပြုံးပြတာ ခင်ဗျားကိုပြုံးပြတာပါဗျာ" ဟုပြောချင်သကဲ့သို့ လက်ညှိုးနှင့်မသိမသာလှမ်းထိုးပြစဉ် မဟာပုက္ကုကလည်း ချက်ချင်းပြန်မလှည့်သဖြင့် လက်ညှိုးတန်းလန်းကြီးဖြစ်နေ၏။

ထိုအခိုက် ဝိဇယာဒေဝီသည် တစ်ဖက်တွင်ခစားနေသော အမှိုတော်မယ်ရင်ကပ်ကို မေးခွန်းတစ်ခု လှမ်းမေးလိုက်၏။

"ဟဲ့. . ရင်ကပ်၊ မနေ့က နင့်ဝတ်လဲပျောက်တာ သူခိုးတွေ့ပလား"

ဘုရင်မအသံထွက်လာသဖြင့် မဟာပုက္ကုပြန်အလှည့်တွင် ကိုပုကောက်က သူ့ကို လက်ညှိုးထိုးပြနေသည်ကိုတွေ့ရ၏။ သူသည် ချက်ချင်းပင် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ဘုရင်မထံမှလက်အုပ်ချီ၍ ကမန်းကတမ်းအငန်းမရ လျှောက်တင်ပါလေတော့သည်။

"ဟာ. . ကျွန်တော်မျိုး မခိုးဘူး၊ ကျွန်တော်မျိုး မခိုးဘူး"

အဖြစ်ကို ဘာမျှမသိသော ဘုရင်မသည် စစ်သူကြီးကို ချာခနဲလှည့်ကြည့်မိ၏။

"အို စစ်သူကြီး. . ဘာဖြစ်တာလဲ၊ သခင်မသိတာပေါ့။ စစ်သူ

ကြီးတန်မဲ့နဲ့ အပျိုတော်ထမီကို ခိုးပါ့မလားကွဲ့၊ ကြံကြံဖန်ဖန်"

"နို့. . သူက"

စစ်သူကြီးက မကျေမချမ်းပြန်လျှောက်ရင်းက ကိုပုကောက်ကို လှည့်ကြည့်ရာ ဘုရင်မကလည်း ရောယောင်၍လိုက်ကြည့်၏။ ကိုပုကောက်မှာ မကြာသာတော့ဘဲ ပါးစပ်ထဲရှိရာတွေ ပြောရတော့သည်။

"ကျွန်တော် မောင်ပုကောက်ပါ။ လက်ထဲမှာ တုတ်တံကြီးကိုင်လို့"

ကိုပုကောက်၏စကားကို စစ်သူကြီးမကျေနပ်ပါ။

"မဟုတ်ပါဘူးလေ"

"ဟုတ်ပါတယ်လေ"

"မဟုတ်ပါဘူးဆိုမှ"

"သိပ်သေချာတာပေါ့"

"ဇော်၊ မဟုတ်ရေးချ မဟုတ်"

"အို. . ဟုတ်လုံးကြီးတင် ဟုတ်"

ဝိဇယာဒေဝီက ကြားကဝင်တော့သည်။

"ဟဲ့. . မဟာပုက္ခ၊ ဘာဖြစ်နေတာတုံး၊ မောင်ပုကောက်ပြောတာတွေအားလုံးဟာ ဟုတ်တယ်၊ ငါသိတာပေါ့၊ သူဟာ မောင်ပုကောက်ဆိုတာလည်း ဟုတ်တာပဲ၊ သူ့လက်ထဲမှာ တုတ်တံကြီးကိုင်ထားတာကလည်း ဟုတ်တာပဲ"

စစ်သူကြီးက တစ်စုံတစ်ခုကို တင်လျှောက်ရန်ကြံသေး၏။ သို့သော် အထောက်တော်တစ်ယောက်ရောက်လာကာ မြေလျှောက်ပန်းပွင့်တန်းများပွင့်လာပြီဖြစ်ကြောင်း တင်လျှောက်လာသည်။



ပန်းဝတ်မှုံနတ်သမီးတွေအားလုံး ပျော်ရွှင်သွားကြ၏။ သူတို့သည် မြေလျှောက်ပန်းများကို ဝိုင်းရံပတ်လှည့်၍ ကပွဲကြီး ဆင်ယင်ရတော့မည်။ ဘုရင်မက ဦးဆောင်ရသည့်ထုံးစံရှိသဖြင့် ဝိဇယာဒေဝီသည် ပိုးပုဝါကဲ့သို့ပါးလွှာသောတောင်ပံကလေးများကို ဖြန့်လိုက်ကာ ခေါင်းလောင်းပွင့်ပေါ်မှ ဝဲပျံ၍ဆင်းလာလေသည်။

ထို့နောက် ပန်းဝတ်မှုန်နတ်သမီးများစုဝေး၍ ချီတက်သွားကြလေရာ သူတို့ကိုစောင့်ရှောက်ရန် နတ်ပုစစ်သူကြီးနှင့် စစ်သည်တော်များလည်း လိုက်ပါသွားကြရလေတော့၏။ ထိုနည်းတူစွာပင် သမီးတော်သော်ကမာလာသည် စီးတော်ယာဉ်နှင့်သွားလေရာ ဖားပြုပ်ကြီးကိုအုန်းအမ်သည်လည်း လိုက်ပါသွားရသည်။

သို့ဖြစ်ရကား မောင်ပုကောက်မှာ ပြန်လာခဲ့ရတော့၏။

သူ့တွင် မှိုပွင့်အိမ်မရှိတော့ပြီ။ အခြားသောမှိုပွင့်များသည်လည်း အိမ်နေသူအသီးသီးနှင့် မအားမလပ်ဖြစ်နေလေရာ သစ်ခွေးတုံးကြီးထဲမှ သေးငယ်သောအပေါက်ထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ် နေရလေတော့၏။

"နေပေဦးတော့ အုန်းအမ်ရယ်၊ တစ်ခါတစ်လှည့်တော့ ရောက်လာလိမ့်အုံးမှာပေါ့၊ ဒီတော့မှ ငါ့အပေါ် မင်းလုပ်သွားတဲ့အကြွေးကို ပြန်ဆပ်ရမှာပေါ့လေ"

ထို့နောက်တွင် သူသည် တော်တော်ဝေးဝေးတွင် တည်ရှိသော ရွာကလေးဆီသို့ လှည့်ပတ်၍အရိပ်အခြေကိုကြည့်သည်။

ရက်များမကြာမီပင် သူရှာဖွေနေသောအိမ်ကို တွေ့ရ၏။

ထိုအိမ်သည်ကား သမားတော်ကြီးဦးကုပျောက်၏အိမ်ပင်ဖြစ်လေတော့သည်။ ထိုအခါတွင် ကိုပုကောက်သည် အိမ်သားအားလုံး

တို့ အိပ်မောကျစဉ် အိမ်တွင်းသို့ဝင်၍ ထောင်းစရာရှိသောဆေးများကို ထောင်းထားပေးခြင်း၊ လုံးစရာရှိသောဆေးများကို လုံးထားပေးခြင်း စသည်ဖြင့် အလုပ်များ လုပ်ပေး၏။

ဦးကုပျောက်သည် တစ်ရက်လည်း သတိမထားမိ၊ နှစ်ရက်လည်း သတိမထားမိနှင့် နေလာခဲ့ရာ ကိုပုကောက်သည် သုံးလနီးပါးခန့် ညတိုင်းအလုပ်လာ၍ လုပ်ပေးနေရသည်။

ထိုအခါတွင် ဦးကုပျောက်သည် သူ၏လုပ်ငန်းများ နံနက်ခင်းတွင် ပြီးပြီးနေကြောင်းကို သတိပြုမိလာသည်တွင် ညဘက်တွင် ချောင်း၍ဖမ်းရာ တစ်ညတွင် အလုပ်လုပ်ပေးသော ကိုပုကောက်နှင့် ရင်ဆိုင်တွေ့ရတော့၏။

ဆရာကြီးဦးကုပျောက်သည် ကိုပုကောက်ကို သေသေချာချာ ကြည့်သည်။

"အလို မင်းက ဘယ်သူတုံး"

"ပုကောက်ပါ"

"အဲဒါက ဘာလဲ"

"ကျွန်တော့်နာမည်ပါခင်ဗျ"

"မင်းနာမည်က ဘယ့်နှယ်"

"ပုကောက်"

"ဟယ်"

"ဟယ်မဟုတ်ပါဘူး၊ ပုကောက်ပါ ပုကောက်"

"ငါ နားကြားပါတယ်ကွ. . ၊ကောင်းကောင်းပြောပါ"

"ဒါနဲ့ စောစောက ဟယ်ဆို"

"ဒါက ငါ့သာသာငါ ဟယ်ချင်လို့ဟယ်တာ၊ ဒါထက် မင်းနာ



မည်က"

"ပုကောက်"

"မင်းဟာ ငါ့ညီမဟုတ်ပါဘူး"

"မဟုတ်ပါဘူး"

"ငါ့အစ်ကိုလည်း မဟုတ်နိုင်ပါဘူးလေ"

"ဝေးလိုက်တာမှ"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ ပုကောက်ဖြစ်နေရသလဲ"

"ပုပြီး ကောက်နေလို့ပေါ့ဗျ၊ ဒါ ဘာဖြစ်သလဲ"

"ဟ-ငါက ကုပျောက်"

"ဒါကလည်း ကုပြီးပျောက်နေလို့ဖြစ်မှာပေါ့"

"မဟုတ်သေးပါဘူးလေ၊ နာမည်ဆင်တူဆိုတော့ ကဲပါလေ ရှိပါစေတော့။ ဒါထက် ညညမှာ ငါ့အလုပ်တွေကို လာဝိုင်းလုပ်ပေးတာ မင်းလား"

"ဟုတ်ပါတယ်ဆရာကြီး"

"ကောင်းလိုက်လေ မောင်ကုပျောက်ရယ်"

"ကျွန်တော်က ပုကောက်ပါ၊ ကုပျောက်က ဆရာကြီးပဲ"

"အေး-ဟုတ်သားပဲ၊ အဲဒါကို ငါ သိပ်ကျေးဇူးတင်တယ်။ ဒါကြောင့် ငါ စောင့်တွေ့တာ၊ ကဲ ဒီမှာမောင် ပုပျောက်"

"မှားပြန်ပြီဆရာကြီး၊ ကျွန်တော့်နာမည်က မောင်ပုကောက်ပါ"

"ဟဲ့-အဲဒါ ငါ့နာမည်မဟုတ်ဘူးလား၊ အို. . မဟုတ်သေးပါဘူးလကွာ၊ ငါ့နာမည်က ပြုကောက်ပဲ"

"မဟုတ်ပါဘူးဆရာကြီး။ ဆရာကြီးရဲ့နာမည်က ကုပေါက်

မဟုတ်ဘူးလား"

"ထွတ် မဟုတ်ပါဘူးလေ၊ ဟာ မင်းနာမည်နဲ့ ငါ့နာမည်တွေ ရောပြီး ရှုပ်ကုန်ပြီကွာ၊ ကဲ ဘာနာမည်မှ မခေါ်စတမ်း၊ ခေါ်နေ သမျှကာလပတ်လုံးတော့ ရှုပ်သထက်ရှုပ်ကုန်တော့မှာပဲ။ မင်းကို ငါ ကျေးဇူးတင်တယ်။ ဒီတော့ မင်းကို ငါဆုချမယ်. . မင်း ဘာလို ချင်သလဲ"

"ကျွန်တော် ဝမ်းချုပ်နေပါတယ်"

"အော်. . ပို့ပြီးချုပ်တဲ့ဆေးကို လိုချင်လို့ဆိုပါတော့"

"ဟာ မြန်မြန်သေတော့မှာပဲ၊ ဒီဆေးသာပေးရင် ဆရာကြီးနာ မည် ဦးပေါက်ပြုမဖြစ်တော့ဘဲ"

"ဟိတ် နာမည်မခေါ်စတမ်းလကွာ"

"ဟုတ်ကဲ့ ကျွန်တော် မေ့သွားလို့ပါ။ ကျွန်တော့်ကို ကျေးဇူးပြု ၍ ဝမ်းဖောဖောသီသီအရမ်းကာရောသွားတဲ့ ဆေးကို ပေးသနား ပါဆရာကြီး"

ဆရာကြီးသည် ပုကောက်ကို တစ်ချက်ချိန်ဆသလို ကြည့်လိုက် ၏။

"ဝမ်းအရစ်ခံနိုင်သလား"

"ရစ်လေ ကြိုက်လေပေါ့ခင်ဗျာ"

"မင်း တော်တော်ထူးဆန်းတဲ့ကောင်ပဲ၊ ကဲပါလေ. . ရော့၊ ဒီကနခိုကဲလေးယူသွားချေ"

"ကနခိုခဲသာဆိုတယ် ဆေးက အခဲလည်းမဟုတ်ဘူး၊ အမှုန့် တွေပါလား"

"ဟ-ကနခိုကဲလို့ခေါ်တယ်၊ ဒီဆေးထဲမှာ တခြားဆေးအမယ်



တွေထက်ကို ကနခိုဆိုတဲ့ဆေးက ပိုကဲပြီးပါနေလို့ ဒီဆေးကို ကနခို ကဲဆေးလို့ခေါ်တာဟ မောင်ကောက်ပြုရာ"

"နံမယ်. . နံမယ်"

"သိပ်မနံလှပါဘူး မောင်ကောက်ပုရဲ့"

"ဟာ နာမည်တွေ မရွတ်စတမ်း"

"အေး ငါမေ့သွားသကွ"

"ဒါထက် ဒီဆေးက ရေနဲ့ဖျော်သောက်ရင် ရသလား"

"သိပ်ရတာပေါ့ကွာ၊ အဲဒါ ခွက်ငါးဆယ်စာနော်"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီး"

ထို့နောက် ကိုပုကောက်သည် သူ့အိမ်သို့ ဝမ်းသာစွာပြန်လာ ခဲ့လေ၏။

ရာသီဥတုသည်ကား နွေဥတုကုန်ဆုံးလေပြီ။ သို့သော် ရှေ့မြေး မိုးကလေးကား တစ်စက်မျှမကျသေး။ ထို့ကြောင့် ကိုအုန်းအိမ်မှာ မိုးကို မျှော်လှလေပြီ။ ထိုသို့မျှော်ခြင်းကား နှစ်စဉ်နှစ်တိုင်း သူလုပ် နေကျဖြစ်၏။ သို့သော် ယခုနှစ်တွင်တော့ တမူထူးခြားကာ ကိုပု ကောက်ကပါ မိုးကို မျှော်နေလေတော့သည်။

မိုးသည် နောက်ကျချင်သာ နောက်ကျမည်၊ မလာဘူးဟူ၍ တော့ မရှိပါချေ။

ထို့ကြောင့် မကြာမြင့်မီပင် ဝသန်ဦးမိုးသည် အလုံးကြီးကြီး နှင့် ခပ်ကျဲကျဲရွာသွန်းချလာလေတော့သည်။ ဤတွင် တစ်ခါတစ် လှည့်ကို စောင့်နေသော ကိုပုကောက်သည် ရေကန်ဆီသို့ ပြေး ကာ ကနခိုကဲဆေးကို အားလုံးသွန်ထည့်လိုက်ပြီး ပိန်းပင်အုပ် အောက်က မိုးခိုရင်း စောင့်ကြည့်နေလိုက်သည်၊

မကြာပါပြီ။

ကိုအုန်းအမ်သည် ခုန်ဆွခုန်ဆွနှင့် ကန်ဘောင်ပေါ် တက်လာ၏။ ရွှင်လန်းမြူးတူးစွာနှင့် မိုးကိုဒေါ်နှုတ်ဆက်လိုက်ပြီးသော် ရေကန်ထဲသို့ လွှားခနဲခြေပစ်လက်ပစ် ခုန်ချလိုက်လေသည်။

"ဗွမ်း ဗုတ် ဗတ် ဗွမ်း ဗုတ် ဗတ်"

ဖားပြုပ်ကြီး ကိုအုန်းအမ်သည် ကူး-ကူး-ကူးခတ်လျက်ရှိသည်။ ထိုအခိုက်တွင် ခင်ခင်အမ်သည်လည်း ကန်ဘောင်ရိုးပေါ် သို့ ဘွားခနဲတက်လျက်လာခဲ့လေ၏။ ရေထဲက ကိုအုန်းအမ်သည် ကန်ဘောင်ပေါ်က ခင်ခင်အမ်ကို မြင်တော့သည်။

ကိုအုန်းအမ်သည် ခင်ခင်အမ်ကို အလွန်ချစ်ခင်၏။ ထို့ကြောင့် ယခုကဲ့သို့ ကန်ဘောင်ပေါ်က ခင်ခင်အမ်ကိုမြင်လျှင် ကိုအုန်းအမ်သည် အစွမ်းပြတော့၏။

ရေထဲတွင် သူအဘယ်မျှကျွမ်းကျင်သူဖြစ်ကြောင်းကို ရေငုပ်ပြ၏။ နီးရာ ကြာရွက်ပေါ်ကနေပြီး ရေထဲသို့ ဂျွမ်းထိုးချပြ၏။ ဤသို့ တတ်စွမ်းသမျှတွေကိုပြသလေရာ ကန်ရေများစွာသည် သူ၏ ပါးစပ်မှတစ်ဆင့် ဝမ်းထဲသို့ ရောက်၏။ ကန်ရေများနှင့်အတူပင် ဝမ်းနှုတ်ဆေးများလည်း သူ၏ဝမ်းထဲသို့ တစ်ပါတည်းရောက်တော့သည်။

"ဟင်. . တကတည်း နံလိုက်တာတော်"

"ခင်ခင်အမ်သည် မျက်နှာရှုံ့မဲ့၍ ခုန်ပြေးလေသည်။ ကိုအုန်းအမ်သည် ခင်ခင်အမ်၏နောက်သို့ပြေးလိုက်ရန် ကြိုးစား၏။ သို့သော် သူ့ခမျာ ဝမ်းတွေသွားရလွန်းသဖြင့် နုံးချည့်နေပါပြီ။ နောက်ခြေထောက်များကိုပင် ပြည့်ပြည့်ဝဝ မဆန့်နိုင်ရှာတော့ပါ။ မျက်လုံး



ကြီးများလည်း စင်းနေ၏။

"ဟားဟားဟား၊ တစ်ခါတလှည့်တော့လည်း မင်း ခံရှေးအုံးပေါ့ကွာ၊ ငါတုန်းကလည်း ဒီလိုပဲ ကျိတ်မှိတ်ခံခဲ့ရတာပဲဟေ့"

ကိုပုကောက်သည် အားရပါးရ ရယ်မော၍ ထိုကန်ဆီမှ ခပ်သုတ်သုတ်ပြေးသွားလေတော့သည်။ နောင်မကြာမီသော ကာလတွင် ပေါက်လာမည့် မိုးပွင့်အိမ်ကြီးတွင် ဤတချီတော့ သူသည် စိတ်တိုင်းကျ နေရပါတော့မည်။

ကလေးတို့ ရွှင်လန်းကြပါစေ။

❑